
ကြယ်စင်မျိုးဝေ
မှန်ကန်သောသစ္စာ
ကြင်နာသောချစ်ခြင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၅၉၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၈၄၁၂၁၀

**ထုတ်ဝေသူ**
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

**အဖုံးပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း (ကာလာဝုန်ပုံနှိပ်တိုက်)
အမှတ် (၁၈၄)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

**အတွင်းပုံနှိပ်သူ**
ဒေါ်ချစ် (စန္ဒာမိုးပုံနှိပ်တိုက်)
အမှတ် (၂၀၀)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀။

၈၉၆.၈၃
ကြယ်စင်မှူးဝေ
မှန်ကန်သောသစ္စာ ကြင်နာသောချစ်ခြင်း / ကြယ်စင်မှူးဝေ ။ - ရန်ကုန် ၊
စိန်သရဖူစာပေ ၊ ၂၀၁၁ ။
၂၇၀ - စ ၊ ၁၂.၅ x ၁၇.၅ စင်တီ။
(၁) မှန်ကန်သောသစ္စာ ကြင်နာသောချစ်ခြင်း



ခက်ထန် ...

နွေရာသီ နေ့လယ်ခင်းမို့ ပူပြင်းလှသည့် အညာရှုခင်းကို ကြည့်ရင်း လေအေးစက် တပ်ထားသည့်ကားထဲမှာပင် ... မွန်းအိုက်လာသလို ခံစားမိရသဖြင့် ခပ်လှမ်းလှမ်း ကားလမ်းဘေးမှာ မြင်နေရသည့် ထန်းတောထဲသို့ ကားကို မောင်းဆင်းသွားလိုက်သည်။

ယခုည နားနားနေနေပေါ့။ ပြန်ရောက်မှာပဲ။

ကိစ္စတစ်ခုကြောင့် ခရီးသွားနေရတာ ... တစ်ယောက်ထဲမို့ ခက်ထန် စိတ်ကြောင်နေမိသည်။

ကိုယ့်ဘဝကိုယ်လည်း အားမရ။ ဘဝရဲ့အဓိပ္ပာယ်။ ဘဝရဲ့ အနှစ်သာရတွေ ပျောက်ဆုံးနေသလိုလို။

ဘဝဆိုတာ ဘာလဲ။

လှိုင်းထန်တဲ့ မြစ်ပြင်မှာ လေဆန်၊ ရေဆန်လည်း အားမာန်အပြည့်နှင့် လှော်ခတ်ခဲ့ဖူးပါရဲ့။

ရွှေစကားစာပေ

သို့ပေမယ့် ယခုကျတော့ သူ့ဘဝကား ကန်ရေသေမှ
မျောပါနေရသည့် အပျော်စီးလှေတစ်စင်းလား။

သို့မဟုတ် လေသင့်၊ လှိုင်းသင့်မှာ အလိုက်သင့် ရွက်လွှ
နေရသည့် လှေကြီးလား။

"အင်း ... "

ခက်ထန် သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်ရမ
ကားပေါ်မှ ဆင်း၏ ... ထန်းတောထဲသို့ ထန်းရည်သောက်
အောင် ဖြည်းဖြည်းချင်း လျှောက်သွားမိပါ၏။

ဘီယာတွေ၊ ရမ်တွေ၊ ဝီစကီတွေ ကောင်းတာကတစ်မျိုး
ပင်ကျရေ ကောင်းတာကတစ်မျိုးပေါ့။ ယခုအချိန်မှာ သူ့ရှေ
ဦးခက်ထန်ရယ်လို့ ဖြစ်ပြောက်နေရပေမယ့် တစ်ချိန်က သူဟ
ကာလသားဘဝ ထန်းရေသောက်ဖူးခဲ့ပါသည်။

ထန်းရည်ခါးနှင့် လယ်ကြွက်ကင်။ ဘယ်လောက်များလိုက်
ဖက်လိုက်သလဲ။ ယခုအခါ အသက်သုံးဆယ်ပြည့်သွားခဲ့ပေမယ
ဆယ်ကျော်သက်ဘဝက အတွေ့အကြုံကို သူမမေ့။

လှမ်းမြင်နေရသည့် ထန်းလက်မိုး ထန်းလက်ကာ ...
ထန်းရည်ဆိုင်ထဲသို့ သူလှမ်းဝင်သွားလိုက်လျှင် ‥ နေ့လည်
မယ့် သောက်သုံးသူ ‥ ၄–၅ဦးနှင့် စည်ကားနေသည့်တဲထဲမှ
ထန်းရေရောင်းသည့် ဦးကြီးက သူ့ကိုပျူငှာစွာ ဆီးကြိုခဲ့သည်

"လာဟေ့ ‥ မောင်ရင်၊ လယ်ကြွက်ကြော်နဲ့ ပုရစ်ကြော
တွေလည်းရှိတယ်၊ ထန်းရေကတော့ စစ်သလားမမေးနဲ့"





သူ့ရှေ့သို့ ဦးကြီးက ကြွက်ကြော်ပန်းကန်နှင့် ပုရစ်ကြော်
ပန်းကန်ထိုးပေးပြီး ထန်းရည်ကို မြူအိုးလိုက် ချပေးခဲ့၏။

ခက်ထန် ... မြူအိုးကို ငုံ့ကြည့်လိုက်သည်။ ယခုမှ
အပင်ပေါ်က ချခါစမို့ ပုဖွန်ဆိတ်ကလေးတွေခုန်လို့။ ကောင်း
လိုက်မည့်ဖြစ်ခြင်း။ ငယ်ဘဝကို သတိရလိုက်မိပြီး သူထန်းရည်
ကို အုံးမှုတ်ခွက်နှင့် တစ်ခွက် ခပ်မြည်းလိုက်သည်။

နောက် ‥ ကြွက်ကြော်တစ်ဖက်။ ပုရစ်ကြော်တစ်ကောင်။

ခက်ထန် ဦးနှောက်ထဲမှာ အိမ်က အဒေါ် ဒေါ်မမသီနိုင်
နှင့် မောင် ... ကျော်ထက်နိုင်၊ သူ့သမီး ပေရှုပါနိုင်တို့ အား
လုံးကို မေ့သွားသည်။

စိတ်ညစ်စရာတွေ အားလုံး ပပျောက်သွားပြီး ခက်ထန်
ထန်းရည်မူးအောင် သောက်နေမိတော့သည်။

အဲ ... ထန်းရည်မူးပေမယ့် ကျွဲခိုးတော့မပေါ်။ သူ့မှာ
ပေါ်စရာ ကျွဲခိုးမှုမရှိ။ ပြောလို့သာ ပြောရပါသည်။ ရန်ကုန်သို့
ညအရောက် ပြန်ရမည်မို့ ... သိပ်မူးလို့လည်း မဖြစ်ရပါ။

စိတ်အေး လက်အေးနှင့် ထန်းတဲမှာ သူတစ်နာရီလောက်
ကြာတော့ အညာဆံတောက်ဖားဖားလေးနှင့်၊ သနပ်ခါးပါးကွက်
ကြားလေးနှင့် လုံမငယ်တစ်ယောက်။ ထန်းရည်ရောင်းသည့်
ဦးကြီးထံသို့ ရွာဖက်မှ ခပ်သုတ်သုတ် ရောက်လာခဲ့သည်။

ဘာတော်ပါလိမ့်။ သမီးလား မြေးလား။ ဦးကြီးက အသား
ညိုညို ဝဝတုတ်တုတ်ပေမယ် လုံမကတော့ ခပ်ဖြူဖြူ အဝါနော

သည့်အဖြူ။

မြို့သူချောချောတွေလို မှုန်ဥနေအောင် မချောပေမယ့် မျက်လုံး၊ မျက်ဖန်၊ နှာတံတို့နှင့် အတော်ကြည့်ကောင်းသည့် တောဓါးသမီးပျိုလေးပါ။

သူကလေးက ထန်းရည်သောက်သမားတွေနှင့် ဆူညံနေသည့် ဦးကြီး၏ ထန်းတဲထဲသို့ ကိုယ်လေးရိုကာ ဝင်လာခဲ့သည်။

နောက် ... ဦးကြီးကို စကားခပ်တိုးတိုးပြောပေမယ့် ခက်ထန်ကြားနေရပါသည်။

"အဖေ ... မနက်က အဖေထားခဲ့တဲ့ လမ်းစရိတ်၊ အဖေ့မိန်းမ ရဲပုလိုးပစ်လိုက်ပြီ၊ ဒေါ်မြသွင်ကလည်း လမ်းစရိတ် မစိုက်နိုင်ဘူးတဲ့"

"ဟာ ... ဒီမိန်းမ၊ တယ်ခက်တာပဲ၊ မိတွေးပီပီ ရက်စက်တယ်၊ ဘာမှမဟုတ်ဘူး။ သူမောင်နဲ့ နင့်ကိုပေးစားချင်လို့ ကလီကမာတွေ များနေတာ ... တောက် ... "

"အဖေရယ် ... တောက်ခေါက်မနေပါနဲ့၊ အဖေ့မိန်းမ အဖေလည်း မနိုင်ပါဘူး။ ကဲ ... အခု ပန်းအိ၊ ဘယ်လိုလုပ်ရမလဲ"

"နေဦး သမီးရယ် ... အဖေ လမ်းစရိတ်ရအောင် စုလိုက်ဦးမယ် ... တစ်ပတ်လောက်တော့ စောင့်ပါဦး"

"ဟာ ... အဖေ အရီး ပုံစံက မဟုန်ဘူးနော်၊ ပန်းအိကို မြို့လွှတ်ချင်တာမဟုတ်ဘူး။ သူမောင် မုဆိုးဖိုကြီးနဲ့၊ ခေါင်းချုပ်





ရိုက်နေတယ်၊ သမီးတော့ သူတို့လက်မှာ မကျဆုံးချင်ဘူးနော်"

"ခက်တာပဲကွာ၊ လူကြီးကောင်းကောင်းကလည်း ရှားလိုက်တာ၊ ငါကလည်း ဒီမှာဆိုင်ထွက်နေရတာ"

ရောင်းရသည့် ထန်းရည်ဖိုးများကို ရေတွက်ရင်း ဦးကြီး အကြံအိုက်နေတော့ ခက်ထန် စပ်စုမိသည်။

"ဘာဖြစ်ကြလို့လဲ၊ ဘယ်ကိုသွားကြမှာလဲ၊ ရန်ကုန်ဆိုရင်တော့ ကျွန်တော့်ကားကြုံတယ်၊ ဘယ်နှစ်ယောက်လိုက်ကြမှာလဲ"

ပန်းအိဆိုသည့် အညာသူမလေး ... သူ့ကို ဝမ်းသာအားရကြည့်သလို၊ ဦးကြီးကလည်း အားတုံ့အားနာနှင့် ကြည့်သည်။

"နှစ်ယောက်ထဲပါရှင့်၊ ဟို ... အထုပ်အပိုး နည်းနည်းတော့ပါတာပေါ့နော်၊ ပန်းအိနဲ့ ဒေါ်မြသွင်နဲ့ နှစ်ယောက်၊ အဲ ဟိုဘက်ရွာက မိန်းကလေးနှစ်ယောက်လည်းပါဦးမယ်"

"မိန်းကလေးတွေ ဟုတ်လား။ ဘာသွားလုပ်ကြမှာလဲ"

"မြို့မှာ အလုပ်သွားလုပ်ကြမှာပါ၊ ဒေါ်မြသွင်က စတိုးဆိုင်မှာ အရောင်းစာရေးမ လုပ်ရမယ်တဲ့၊ တစ်လကို စရိတ်ငြိမ်း ငါးသောင်းရမယ်ဆိုလို့ ရွာထဲက ကောင်မလေးတွေ လိုက်ချင်နေကြတာ"

"သူက ချောတဲ့လူပဲ ရွေးခေါ်တယ်၊ ဦးကြီးသမီးက ဒီရွာရဲ့ ကွမ်းတောင်ကိုင်ကို မောင်ရင်ရဲ့"

ရိုးသားသည့် သားအဖ၏ စကားများကို နားထောင်ပြီး

ခက်ထန် ရင်ပူလာမိ၏။ ဒီသားအဖ အညာခံရတော့မှာလား။

ပန်းအိဆိုတာ မိထွေးနှင့်နေရသူ။ မိထွေးက သူမောင်ဂုဆိုးဖိုလက်ကို အပ်ချင်နေသည်။

သည်တော့ လွတ်ပြီးရောပေါ့။ ဒါပေမယ့် ဆိပ္ပကိုကြောက်လို့ မီးပုံထဲခုန်ချနေသလိုများ ဖြစ်နေရှာမလား။

''ကဲ ... ကဲ ... အဲဒီ (၄)ယောက်လုံး ကားက ဆန့်ပါတယ်၊ သွားပြောလိုက် _ ရွာထိပ်ကစောင့်နေလို့ ကားအလကားစီးရမယ်၊ ကားခမကုန်တော့ဘူးပေါ့''

''အားနာစရာ မောင်ရယ်''

''ဒါဆို ... ဦးကြီးကလည်း ထန်းရည်ဖိုး မယူပါရစေနဲ့''

''မဆိုင်တာ ဦးကြီးရယ် ... ထန်းရည်ဖိုးက ထန်းရည်ဖိုးပေါ့။ ကျွန်တော်တစ်ယောက်တည်းပြန်လည်း ဒီကားနဲ့ပဲ၊ လူတွေတင်ခေါ်သွားတော့ ကုသိုလ်တောင်ရသေးတယ်''

ကောင်မလေး ဝမ်းသာအားရနှင့် ရွာဘက်သို့ ပြန်သွားစဉ် ခက်ထန် အစားအသောက်တွေကို လက်စသတ်လိုက်သည်။

''ကဲ ... ကျွန်တော် သွားပြီ၊ ဦးကြီးရဲ့အဖွဲ့ကို တင်ခေါ်သွားလိုက်မယ်၊ စိတ်ချပါ ... သူတို့သွားလိုရာထိ ပို့ပေးလိုက်မယ်''

''အေးကွာ _ ကျေးဇူးအများကြီးတင်ပါတယ် ငါ့တူရယ်''

ဦးကြီးက ဆုတွေ၊ ဘာတွေပေးပြီး ထန်းတဲမှာကျန်ခဲ့သည်။





သူကတော့ ကားကို ဖြည်းညင်းစွာလိမ့်ရင်း ရွာထိပ်ရှိ ပန်းအိတို့အဖွဲ့ကို စောင့်ဆိုင်းနေမိသည်။

ဒေါ်မြသွင်နှင့် မိန်းကလေး(၃)ယောက်ကို အထုပ်အပိုးတွေနှင့် ခက်ထန် တွေ့လိုက်ရသည်။

ဒေါ်မြသွင်၏ရုပ်က ဇာတ်ပွဲထဲမှ မိန်းမလည်ရုပ်မျိုး။ ဇီလိန်ရုပ်ကို သကြားအုပ်ထားသည့်ပုံစံ။

"ကျုပ်တို့တော့ သွားရေး လာရေး အဆင်ပြေတာပဲ၊ လိုင်းကားတွေနဲ့ သွားရင် မလွယ်ဘူး"

"ဘာဖြစ်လို့လဲ အဒေါ် ..."

"ခုခေတ်က မိန်းကလေးတွေ တစ်ပြုံကြီးနဲ့သွားရင် တင်မျိုးထင်ကြတာလေ၊ လူကို မဟုတ်တာ လုပ်စားသလိုလို ထင်တတ်ကြတာ"

"ကိုယ်မဟုတ်လည်း ပြီးရောပေါ့ အဒေါ်ရယ်၊ ကဲ ... တက်ကြ ... တက်ကြ"

ကားက ခဲရောင် လင့်ခရူဆာ ကားကြီးမို့ လူများများ





ကာပါသည်။ နောက်ဖက်မှာ စုပြုံကြီးနေရာယူကြစဉ် ဒေါ်မြသွင်က ကားရှေ့ခန်းသို့ နေရာယူချင်ပုံနှင့် ကပ်လာခဲ့သည်။

အသားဖြူဖြူ မျက်ခုံးမွေး တစ်ပင်တန်းနှင့် အသက်လေးဆယ်ကျော်အရွယ် ဒေါ်မြသွင်မှာ နှုတ်ခမ်းနီ၊ မိတ်ကပ်နှင့်။ သူက ရန်ကုန်မှ။ ဒီလိုပဲ နယ်တွေသို့ အလုပ်သမား လာရှာပုံရသည်။

အကြောင်းသိချင်သည်နှင့် ခက်ထန် ဒေါ်မြသွင်ကို ကားရှေ့ခန်းသို့ ခေါ်တင်လိုက်သည်။

ကားနောက်ထဲမှာတော့ သူစားခဲ့ရသည့် လယ်ကြွက်တွေလို၊ ပုရစ်လေးတွေလို ကောင်မလေး(၃)ယောက်ပုံစံက ခပ်ပြုံးပြုံး။

တစ်ခါမှ ဒီလိုကားမျိုး စီးဖူးပုံမရ။ ဒီလို ခရီးမျိုးလည်း ထွက်ဖူးပုံမရချေ။

ကားစထွက်သည်နှင့် ဒေါ်မြသွင်က သူ့ကိုအကဲခတ်လာခဲ့သည်။ ခက်ထန် ရူးသလို၊ ပေါသလို ပုံစံမျိုး နေပြရ၏။

"ဒီကောင်မလေးတွေပုံစံနဲ့ စတိုးဆိုင်တွေက စာရေးမခန့်ပါ့မလား ... ပုံစံတွေက ပုံတုံးကြီး"

"မင်းက ဘယ်ကလဲ၊ ရန်ကုန်ကလား"

"မဟုတ်ပါဘူး။ ကျွန်တော် ရောင်းသာကပါ၊ ငါးခြောက်ကုန်သည် ... မန္တလေးကို ငါးခြောက်သွားပို့တာ"

"ဒီကားကြီးနဲ့ ငါးခြောက်ရောင်းတာလား။ ငါးခြောက်နဲ့

လည်း မနံ့ပါလား"

"ဒီကားနဲ့တော့ ဘယ်ဟုတ်မလဲဗျာ၊ ငါးခြောက်က ကုန်ကားနဲ့သွား ... လူက ဒီကားနဲ့ပေါ့"

"ဒါဆို ငွေထောလာမှာပေါ့ ..."

ဘုရားရေ၊ ပုံစံကြည့်ရတာ မိန်းမ စားပြအဖွဲ့များ။ သူ တင်လာမိလေသလား။

"ငွေမချေလိုက်ဘူးဗျ ... ငွေက ပိုင်ရှင်ကိုယ်တိုင် လိုက်သိမ်းလိမ့်မယ်"

"ပိုင်ရှင်က ဘယ်သူလဲ"

"ကျွန်တော့်အဘွားကြီးလေ ..."

ဒေါ်မြသွင် ပေါ့ပေါ့ပါးပါး ရယ်လိုက်သလို သူလည်း လိုက်ရယ်ရပါသည်။ ခက်ထန် နောက်မှ ကောင်မလေးတွေကို နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းအကဲခတ်မိ၏။

ပန်းအိဆိုသည့် ဦးကြီးသမီးကတော့ သူ့ကိုလှမ်းလှမ်းနိုး ကြည့်နေပြီး၊ ကျန်ကောင်မလေးနှစ်ယောက်ကတော့ အရှင်လတ်လတ် နတ်ပြည်ရောက်နေသည့်နှယ်။ ဒါမှမဟုတ် မြူးထဲက ငါးတွေလို အပူအပင်မရှိ။ ရယ်မောတွတ်ထိုးလာခဲ့ကြသည်။

ဝတ်ပုံ၊ စားပုံတွေကလည်း၊ ပန်းအိကသာ မြန်မာဆန်ဆန် ပင်နီအင်္ကျီ ယောထဘီဖြစ်နေပေမယ့် ကျန်နှစ်ယောက်ကတော့ ဆံပင်တိုတွေ၊ စကတ်တွေနှင့်။

တောသားမြို့ရောက် ပုံစံ။





"စတိုးဆိုင်တွေမရလည်း စားသောက်ဆိုင်တွေကတော့ ...သူလိုနေတာပဲလေ၊ အဒေါ်လည်း ကြည့်လုပ်ရမှာပဲ"

"ဗျာ ... စားသောက်ဆိုင် စားပွဲထိုးဆိုတာ တကယ့် ...ဟာ့ရှော့တွေလေ၊ အဒေါ်လူတွေလည်း ကြည့်ဦး ... ရှေးခေတ် ...ဘိုးတော်ဘုရားခေတ်က ပုံစံတွေ ..."

"ဒါကရပါတယ်ကွယ်၊ အသွင်ပြောင်းပေးလိုက်တာပေါ့၊ ...င်ကိုယ်ရုပ်တွေက မဆိုးပါဘူး"

"သူတို့ကရော သဘောတူရဲ့လား၊ စားသောက်ဆိုင်တွေ ...မှာ လုပ်ချင်ပါ့မလား"

ဒေါ်မြသွင်ဟာ ... မကောင်းတာလုပ်စားသည့် ပုံစံတော့ ...ဟုတ်လောက်။ ကျေးဇူး ပွဲခယူသည့် အိမ်ဖော်ပွဲစား၊ အလုပ် ...သမားပွဲစားလောက်ပင် ဖြစ်ရမည်။

စကားတွေအမျိုးမျိုး စမ်းကြည့်လည်း ဒီအဖြေ။ သို့သော် ...က်ထန် ... ပန်းအိအတွက် ရင်ထဲမှာ ပူမိ၏။

အဖြစ်ဆိုးလှသည့် ကောင်မလေးဟာ ... ဘဝကို မထူး ...တ်နှင့်ကြုံရာအလုပ်ကို လုပ်တော့မှာလား။ ဒီကောင်မလေးတွေ ...ကို သူဘယ်လိုကူညီနိုင်မလဲ။

သည်လိုနှင့် ည ၉ နာရီလောက်မှာ သူတို့အဖွဲ့ ရန်ကုန် ...သို့ ပြန်ဝင်ခဲ့ကြသည်။

ဒေါ်မြသွင်က မိန်းမပါး။ သူနေသည့် နေရာထိ၊ သူ့ကို ...ခေါ်ပို့ခွင့်မပြု။ ရန်ကုန်နယ်နိမိတ်ဝင်သည်နှင့် ကားပေါ်မှ ဆင်းဖို့

ကားငှားဖို့ လုပ်တော့သည်။

"ကိုခက်ထန်ကို အားနာလှပါပြီကွယ်၊ အဒေါ်တို့ဘာသာ ရှေ့ဆက်ပါ့မယ်၊ နေရာကအဝေးကြီးကွဲ့၊ ချောင်းသာရောက်ရင် ဝင်မယ်နော်"

"ဟုတ်ကဲ့ ... ဝင်ပါ အဒေါ်၊ ကဲ ... ကားငှားချင်လည်း ငှား"

ဒေါ်မြသွင် ကားဆင်းငှားနေတုန်း သူနောက်ခန်းမှ ကောင်မလေးများကို စကားပြောရသည်။ တစ်လမ်းလုံး ဒေါ်မြသွင် အလွတ်မပေးခဲ့လို့ ပန်းအိကိုပင် စကားမပြောရချေ။

"ဒေါ်မြသွင်က မင်းတို့သဘောမတူတဲ့ အလုပ်တစ်ခုခု ကို လုပ်ခိုင်းမယ်ဆိုရင် ငါ့ကိုအကူအညီတောင်းနိုင်တယ်၊ ရော့ ဒီဖုန်းနံပါတ်အတိုင်း ဆက်သွယ်လိုက်နော်၊ မင်းတို့ရွာကို ပြန်ပို့ ပေးပါ့မယ်"

လိပ်စာကဒ်ကို ကောင်မလေး(၃)ယောက်သို့ ဝေပေးလိုက် ပြီး သူ ... ကားရှေ့သို့ ပြန်လှည့်စဉ် ဒေါ်မြသွင်ကြီး ပြန်ရောက် လာခဲ့သည်။

"ကဲ ... ဆင်းကြ၊ ဆင်းကြ၊ အန်တီ့အိမ်ဆက်သွားကြ မယ်၊ မောင်ခက်ထန်ကိုလည်း ကျေးဇူးအများကြီး တင်ပါတယ် ကွယ်"

အိမ်နံပါတ်လည်း မပြော၊ လိပ်စာမပြောဘဲ ပါးစပ်မှ ပေါ့ပေါ့ ပြောဆိုနေသည့် ဒေါ်မြသွင်သို့ ခက်ထန် ဦးညွှတ်နှုတ်





ဆက်လိုက်ပါသည်။

မကြာမီ ... သူတို့အဖွဲ့ တက်စီတစ်စီးနှင့် ပါသွားကြပြီး ...ကို ပန်းအိတစ်ယောက်သာ သမင်လည်ပြန်အကြည့်နှင့် ကြည့် ...င်း ဒေါ်မြသွင်နောက်သို့ လိုက်ပါသွားခဲ့သည်။

ခလုတ်မထိ၊ ဆူးမငြိပါစေနဲ့ တောသူမလေးရယ်။

● ● ●

ပန်းအိနန္ဒာ ...

အဖေ့နာမည်က ဦးနန္ဒာ ပန်းအိနာမည် အပြည့်အစုံက

ပန်းအိနန္ဒာ။

နာမည်ကသာလှပေမယ့် ပန်းအိဘဝက မလှပခဲ့ပါ။ အ

လေ ... ပန်းအိ ဆယ်နှစ်သမီးအရွယ်။ အဖေ နောက်မိန်း

ယူကတည်းက ပန်းအိဘဝ အဖြစ်ဆိုးခဲ့သည်။

အဖေ့နောက်မိန်းမ ဒေါ်စိုးယုက စိတ်သဘောထား ဆို

ယုတ်ရသည့်ကြားထဲ သူ့မောင်လူပျင်းကြီး ဖြိုးတင့်တို့ လင်မယား

ကိုလည်း ထောက်ပံ့ရသေးသည်။

အဖေသိအောင် တစ်မျိုး၊ အဖေမသိအောင် တစ်မျိုး

သူ့မောင်ကို ပေးကမ်းရသည်။

နောက်ဆုံး ... ပန်းအိ အသက်(၁၆)နှစ် အရွယ်။ ရွာ

တွဲဖက်အထက်တန်းကျောင်းမှ ဆယ်တန်းအောင်သည့်နှစ်မှာ





သော့ ဒေါ်စိုးယု၏မောင် ဦးဖြိုးတင့်ကြီး သူ့မိန်းမဆုံးလို့ အိမ်ပေါ်တက်လာသည့်အခါ ပန်းအိအတွက် ကမ္ဘာပေါ်မှာနေစရာမရှိတော့သလို။

အဖေက ထန်းတဲမှာ ထန်းရည်ရောင်းနေပြီး ဒေါ်စိုးယုက ရွာထဲ ဈေးရောင်းထွက်သည့်အခါ အိမ်မှာကျန်ခဲ့ရသည့် ပန်းအိအတွက် ဘဝက မလုံခြုံတော့။

မုဆိုးဖို ပုပ္ပနွေးနွေး။ အရက်သမား ဦးဖြိုးတင့်က အလုပ်သာလက်ကြောတင်းအောင် မလုပ်ချင်ပေမယ့် မိန်းမကျ ယူချင်သိုက်တာ တစ်ပိုင်းသေမတတ်။

သည်တော့ ပန်းအိနန္ဒာ ကိုယ့်ဘဝလုံခြုံရေးအတွက်၊ ရပ်တည်ရေးအတွက် ကိုယ့်အိမ်မှ ခွာဖို့ပဲ ပြင်ရတော့သည်။

သည်အခါ မြို့မှာနေထိုင်သည့် သူတို့နယ်သား ဒေါ်မြသွင်နှင့် ဆက်မိသွားတော့၏။ ဒေါ်မြသွင် ပြောသည့် ရန်ကုန်တရားနှင့် ကြီးပွားရေး၊ စီးပွားရေး တရားတို့ကို ပန်းအိနန္ဒာ သဘောကျသွားခဲ့သည်။

"ဟော့ ... ဒီမှာ အလုပ်လုပ်လို့ နင်တို့ တစ်နေ့ အလွန်ဆုံးရ တစ်ထောင်၊ နှစ်ထောင်ပေါ့၊ ပြီး ... နေပူစပ်ခါးမှာ ခေါင်းနှုတ်ရ၊ ပဲကောက်ရ၊ ရေတ်ဆွတ်ရတာ၊ အသားလည်းမည်းသေး။ အလှပျက်ပါတယ်အေ"

"မြို့မှာတော့ တိုက်ထဲမှာ နေ၊ ကား"အကောင်းစားကြီးစီးပြီး စားတော့လည်း အကောင်းစားရတယ်၊ လစာလည်း တစ်

လကို တစ်သိန်းလောက် အနည်းဆုံးရမှာ၊ အပိုကြေးတွေ၊ ဘာတွေနဲ့ဆို တစ်လ တစ်သိန်းခွဲ၊ နှစ်သိန်း အသာလေးပဲ"

"ဘာတွေလုပ်ရမှာလဲ"

"စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်လည်းရတယ်"

"အမယ် ... လူတွေအများကြီး။ မလုပ်ရဲပါဘူး"

"ဒါဆိုလည်း စတိုးဆိုင်တွေမှာ ဝင်လုပ်၊ မလုပ်ချင်လည်း သူဌေးအိမ်တွေမှာ ကလေးထိန်း၊ ထမင်းချက်ဝင်လုပ် ... "

"ကလေးထိန်း၊ ထမင်းချက်တာ တစ်သိန်း၊ နှစ်သိန်း ရလို့လား"

"ရတယ် ... ရတဲ့နေရာပို့ပေးမှာပေါ့၊ ဘာမှ စိတ်မပူနဲ့ အရီးက အဆက်အသွယ်ကောင်းတယ် ... "

ဒီလိုနှင့် ရွာကမိန်းကလေးများကို ဒေါ်မြသွင် တစ်သုတ်ပြီးတစ်သုတ် ပို့ပေးခဲ့သည် မဟုတ်ပါလား။

ယခု ... ပန်းအိတို့အလှည့်။ ပန်းအိတို့ သူငယ်ချင်း(၃)ယောက် ဒေါ်မြသွင်၏နောက်သို့ မျှော်လင့်ချက်များဖြင့် လိုက်လာခဲ့ကြပေပြီ။

မြို့မှာ အလုပ်ကောင်း၊ အကိုင်ကောင်းရလို့ ငွေစုမိရင်တော့ ရွာမှာပဲပြန်ပြီး ဈေးဆိုင်ဖွင့်မယ်။ လောလောဆည် တစ်နှစ်တန်သည် နှစ်နှစ်တန်သည် အလုပ်လုပ်ပြီး ငွေစုမယ်ဟူသော အတွေးများနှင့်ပေါ့။

"သူ့အိမ်ကလည်း ဝေးလိုက်တာနော်"





တက္ကစီပေါ်မှာ (၃)ယောက်သား ဘေးဘီဝဲယာကို ကြည့်ရင်း ယုန်တွေလို ထိတ်လန့်နေခဲ့ကြသည်။

ပန်းအိရယ် ...

ထွေးနုရယ် ...

မိုးစပယ်ရယ် ...

ထွေးနုနှင့် မိုးစပယ်က မြို့ကိုသွားရတော့ မြို့ပုံပေါက်အောင်ဆိုပြီး ဆံပင်တွေဖြတ်၊ စကတ်တွေဝတ်လို့။ နောက် မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနှင့်။ ပန်းအိတစ်ယောက်ပဲ နဂိုပုံစံ။

ပန်းအိအသွင်က ရှေးရှေးတုန်းကပုံစံ။ ဆံပင်ရှည်ဆိုတာ ဒီဘက်ခေတ်မှာ တော်တော်ရှားသွားပြီ ဖြစ်ပေမယ့် — ပန်းအိတို့ အညာဒေသတွေမှာတော့ ရှိတတ်သေးတာပါပဲ။

ခါးကျော်အထိ ရှည်သည့် ဆံနွယ်တွေကပျော့ပျောင်းလှပပြီး ပိတုန်းရောင် ဆံကေသာ။ ရှေ့ဘက်မှ ဆံနွယ်တွေကလည်း လှပစွာ ဝေ့ဝဲလို့။ ထုံးဖွဲ့ထားသည့်ကြားမှပင် ဘယ်လိုတွေလှပနေသည်မသိသည့်ဆံပင်။

"ရောက်ပြီဟေ့ ... ဆင်းကြ ... ဆင်းကြ ... "

ဒေါ်မြသွင် အသံကြောင့် သူတို့ အလန့်တကြား ကြည့်လိုက်တော့ မီးရောင်တွေနှင့် ထိန်လင်းလှပနေသည့် အဆောက်အဦကြီးတစ်ခုကို တွေ့လိုက်ရသည်။

ဒါ — စားသောက်ဆိုင်လား။ ဟိုတယ်လား။ ဒါမှမဟုတ် ဘာလဲ။

ဆိုင်ထဲသို့ လှမ်းကြည့်လိုက်တော့ စားပွဲဝိုင်းတွေမှာ လူ
တွေအများအပြားတွေ့ရပြီး ရှေ့က စင်ပေါ်မှာလည်း ကောင်မ
လေးတွေကလို့၊ ဆိုလို့၊ ဆူညံနေ၏။

"ဟင် ... ကျွန်မတို့က ဒီမှာအလုပ်ဝင်ရမှာလား။ လူ
တွေအများကြီး၊ အရက်သောက်နေကြတာလား"

"ဘာဖြစ်လဲ ... ကဲ ... ဝင် ... ဝင် နောက်ဘက်က
ဝင်၊ ပိုင်ရှင်နဲ့တွေ့ရဦးမယ်"

ပန်းအိတို့ (၃)ယောက် တွန့်ဆုတ်၊ တွန့်ဆုတ်နှင့် ကားပေါ်
မှဆင်းလိုက်ကြရသည်။ ကားသမားက သူမတို့၏အထုပ်အပိုး
များကို ပလက်ဖောင်းပေါ်မှာ ချပေးခဲ့၏။

ဒေါ်မြသွင်၏ ရုပ်က အရင်လိုမဟုတ်တော့။ မျက်နှာလုံး
ပြောင်းတစ်လိုက်သလို တည်တည်တင်းတင်း။ ပန်းအိ မျက်မှောင်
ကျုံ့သွားရသည်။ ရွာမှာ ပြောခေါ်လာတုန်းကတော့ အလုပ်တစ်
မဟုတ် တစ်ခု။ သူမတို့ ကြိုက်ရာအလုပ်ကို သွင်းပေးမည်တဲ့

ယခုကျ ... ဒီအလုပ်ကိုပဲ ဖွတ်လုပ်နိုင်းတော့မည်
သည်စဉ် အဆောက်အဦထဲမှ လူနှစ်ယောက် အပြင်သို့ထွက်
လာပြီး သူမတို့၏ အထုပ်အပိုးများကို သယ်ဆောင်သွားကြ
သည်။

"လိုက်ခဲ့ ... အထဲမှာ ဆရာကြီးစောင့်နေတယ်"

ထိုလူနှစ်ယောက်ပုံစံက ပြတ်တီး၊ ပြယ်တယ်တယ်။ မှိုင်
ထဲက လူကြမ်းရုပ်တွေနှင့်။ ဒေါ်မြသွင်နှင့်အတူ သူမတို့





ယောက်လည်း နောက်မှ တွန့်ဆုတ်၊ တွန့်ဆုတ်နှင့် လိုက်ရသည်။

အဆောက်အဦ၏ဘေးပေါက်မှနေပြီး နောက်ဘက်သို့
သိုက်သွားကြရသည်။ (၃)ယောက်လုံး ရင်တွေတုန်နေပါကြသည်။

"ဒုက္ခပဲ ... ငါတို့ကို ဘာတွေလုပ်နိုင်းမှာလဲ မသိဘူး"

"ဘုရား ... ဘုရား ... ဟိုကောင်မလေးတွေကြည့်ပါဦး"

လှမ်းမြင်နေရသည့် အထဲသို့ လက်ညှိုးထိုးပြလျှင် ပန်းအိ
တို့ မြင်ရတာ ... စကတ်တိုတိုနှင့် ကောင်မလေးတွေ။ ပေါင်
ဖွေးဖွေးလေးတွေနှင့် အမူးသမားတွေကြားထဲ လျှောက်သွားနေရ
တာ။

"ဟဲ့ ... ပလုတ်တုတ် ... "

ငေးလွန်းသဖြင့် ပန်းအိုးများကို ခလုတ်တိုက်ပြီး မိုးစပယ်
သဲလျှင် ဒေါ်မြသွင်က သူမတို့ကို လှည့်ပြီး ကြိမ်းမောင်းလိုက်
သည်။

"ကောင်မတွေ ကောင်းကောင်းလာ၊ တော်ကြာ ဆရာ
ကြီးက နင်တို့ကို အလုပ်မပေးဘဲ နေလိမ့်မယ်"

"ဒီအလုပ်တော့ မလုပ်ချင်ဘူး။ ကလေးထိန်းတို့ ထမင်း
ချက်တို့ပဲ လုပ်ပါရစေ ... အန်တီ"

အန်တီခေါ်မှ သဘောကျမည်မို့ ပန်းအိ ဒေါ်မြသွင်ကို
အန်တီလို့ ပစ်ခေါ်လိုက်လည်း အကြောင်းကမထူး။

"အလုပ်ကရှားတယ်၊ နင်တို့လာစာကောင်းကောင်းလိုချင်
တယ် မဟုတ်လား။ ဒီအလုပ်က တစ်လကို တစ်သိန်းခွဲရမှာ"

"တစ်သိန်းခွဲ"

"အေး ... ဟုတ်တယ်၊ ဆရာကြီး သဘောကျ

သာနေ"

ဘာတွေပြောမှန်းလည်းမသိ။ (၃)ယောက်သား စိတ်

ထွေးစွာနှင့် လိုက်သွားရပေမယ့် နောက်ကြောင်းပြန်လှည့်

ချင်နေမိသည်။

နောက်ကြောင်းပြန်လှည့်တော့လည်း ဦးဖြိုးတင့်က

နေမှာပဲ။ ယခုမှ ရှေ့မတိုးသာ နောက်မဆုတ်သာ။

"ဒီအခန်းထဲမှာ ဆရာကြီး စောင့်နေတယ် ခင်ဗျာ

ကောင်မလေးတွေ ဒီမှာစောင့်"

ယမမင်းလို လူနှစ်ယောက်က စီစဉ်ပေးလိုက်လျှင်

တို့ (၃)ယောက် ရောက်ရှိနေသည့် အခန်းထဲမှာ ထိုင်စောင့်

ကြရပြီး ဒေါ်မြသွင်ကတော့ အခန်းတစ်ခုထဲသို့ ဝင်သွားခဲ့သ

ဒေါ်မြသွင် ဝင်သွားသည်နှင့် ယမမင်းနှစ်ယောက်က

တို့ အနားသို့ကပ်လာပြီး ဖြီတီတီရယ်တွေနှင့်။

"ညီမလေးတို့ ဘယ်ကလာကြတာလဲ"

"ရေနံချောင်း"

"ဩော် ... ရေနံချောင်းက ပေါက်ကောင်းတို့ပေါ့"

"ဘာ ... "

ပန်းအိ လိပ်ပြာလွင့်အောင် အော်ထည့်လိုက်လျှင်

နှစ်ယောက်က တမင်ပင် လိပ်ပြာလွင့်သည့်ပုံစံနှင့်။



"ဆောရီး ... ဆောရီး အစ်ကိုက စကားမပီလို့ပါ"

"မှာတ်တယ် ... ဟုတ်တယ် ... သူငယ်ငယ်က နွတ်ခမ်းကွဲ၊ ကြီးမှချုပ်ထားရတာ၊ ခုထိ စကားမပီဘူး။ စကားပြောရင် နှာနဲ့"

"အဟား ... ဟား ... ဟား ... "

"ရေနံချောင်းက ပေါက်ကောင်းဆိုတာ လူရွှင်တော်တွေရဲ့ ပြက်လုံးလေ၊ ညီမ မကြားဖူးဘူးလား"

ပုံစံတွေ မဟန်သဖြင့် နောက်လှည့်ပြန်ပြေးဖို့ ပန်းအိတို့ ကြံစားလိုက်လျှင် ထိုလူနှစ်ယောက်က သူမတို့ရှိနေသည့် အခန်းတံခါးကို ဂျက်ချပိတ်လိုက်သည်။

"ဟင် ... ရှင် ... ရှင်တို့ ဘာလုပ်ကြတာလဲ"

"ဘာမှ မလုပ်ပါဘူး။ အထဲမှာ စကားတွေ အကြိတ်အနယ်ပြောနေကြတာလည်း၊ စောင့်ဦးမှပေါ့"

"အဆင်မှပြေရဲ့လားကွာ၊ ဒီမိန်းမကြီးက သိပ်လောဘကြီးတာ၊ တစ်ယောက်ကို သိန်းနှစ်ဆယ်လောက်များ တောင်းနေသလား မသိဘူး"

ဘာတွေလဲ။ ဘာတွေလဲ။ သူတို့ပြောနေကြတာ ဘာတွေလဲ။ မြန်မာပြည်ထဲမှာပဲ လူလူချင်း ခေါင်းပုံဖြတ်နေကြသလား။ ရောင်းစားနေကြသလား။

လူကုန်ကူးတယ်ဆိုတာ တိုင်းတစ်ပါးမှာတင် မဟုတ်ဘဲ ကိုယ့်မြန်မာပြည်ထဲမှာလည်း ရှိသလား။

အောင်မယ် ... သူက ဘာမို့လဲ။ ဒေါ်မြသွင့်မှာ ဘာမို့လို့ ငါတို့ကို ကြက်၊ ငှက်၊ ဝက်တွေလို ရောင်းစားရမှာလဲ။

ပန်းအိ အတွေးနှင့် ဒေါသတွေ တအားထွက်လာရသည်။ ပုံစံကြည့်ရတာ ငါတို့ကို ရောင်းစားနေပြီ ထင်ပါတယ်။

သည်စဉ် ... အထဲမှ ဒေါ်မြသွင်ကြီး ရယ်ရယ်မောမော နှင့် ထွက်လာသလို သူနောက်မှ နဖူးပြောင်ပြောင်၊ ဗိုက်ရွဲရွဲ သွေးရုပ်နှင့် လူကြီးတစ်ယောက်လည်း ထွက်လာခဲ့သည်။

"ကဲ ... ကျွန်မ မပြောလား။ တစ်ယောက်က ထူးထူး ခြားခြားကိုချောပါတယ် ... လို့ ကျွန်မ တောင်းတာ မပိုပါဘူး နော်၊ ဟိုနှစ်ယောက်က တစ်ယောက်ဆယ်သိန်းနဲ့ရမယ့် ဟို ကောင်မလေးကိုတော့ နှစ်ဆယ်ပေး ... "

ပြိတ္တာကြီးလို လူက ... ပန်းအိကို သေသေချာချာ စူးစူးရဲရဲကြည့်ပြီးမှ ဒေါ်မြသွင်ဘက်သို့ တဟဲဟဲ လှည့်ရယ်ပြလိုက် သည်။

"ပေးရတော့မှာပေါ့ဗျာ၊ တကာယ့်ကိုရှားပါး သူတ္တဝါလေး တွေပဲ၊ ကိုယ့်အတွက် စပါယ်ရှယ်ပေါ့"

သူမတို့ကို လူတွေလို့ သဘောမထားဘဲ ပမာမခန့်နှင့် ရှေ့တွင်ပင် ဈေးစကားတွေပြောနေကြလျှင် ပန်းအိတို့(၃)ယောက် လုံး အလန့်တကြား ထရပ်လိုက်မိကြသည်။

"အန်တီ ... ရှင် ... ရှင်ကြီး ... "

"ဘာ ... ရှင်ပြောတုန်းက စားပွဲထိုးဆို၊ စတိုးဆိုင်





စာရေးမဆို ... "

"ရှင် ... ရှင်ကြီး ကျွန်မတို့ကို ရောင်းစားနေတာလား။ ရှင့်ကို ရဲတိုင်မယ်"

"ဟဲ ... ဟဲ ... ဟဲ ရောင်းစားတာ မဟုတ်ပါဘူးကွယ်၊ ဒီမှာ စားပွဲထိုးလုပ်နိုင်းဖို့ပါ၊ ညည်းတို့လည်း တစ်လတစ်သိန်းခွဲ ရမယ်၊ ငါ့ကိုလည်း အလုပ်သမားချောချောလေးတွေ ရှာပေးတဲ့ အတွက် ဦးကျော်က ဆုချတာပါ"

"အို ... မလိုချင်ဘူး။ ကျွန်မတို့ ဒီမှာ လုံးဝ စားပွဲထိုး မလုပ်ဘူး။ ပြန်မယ် ... ပြန်မယ် ... "

"ခုမှတော့ ဘယ်ရတော့မလဲကွယ်၊ စိတ်ချ ... ညီမလေး တို့ကို အစ်ကိုကြီးက ပင်ပင်ပန်းပန်း မခိုင်းရက်ပါဘူး။ သက်သာ တဲ့ အလုပ်ပဲ ခိုင်းမှာပါ၊ ဆယ့်နှစ်ရာသီ အိပ်နေရမယ့် အလုပ် မျိုးပဲ ခိုင်းမှာပါ"

"ဟား ... ဟား ... ဟား ... ဟား ... "

ငရဲပြည်မှ ငရဲသားတွေနှယ် တဏှာရူးရုပ်တွေနှင့် ဗိုင်း ငန်းရယ်မောနေကြလျှင် ထွေးနုနှင့် မိုးစပယ်က ဒူးတွေမခိုင်ကြ တော့ဘဲ တဆတ်ဆတ်တုန်နေပြီ။ ပန်းအိကတော့ မခံမရပ်နိုင် သည့် ဒေါသတွေနှင့်အတူ ... ဒီလူတွေကို တိုက်ခိုက်သတ်ပုတ် ပြီး လွတ်ရာထွက်ပြေးဖို့သာ စိတ်ကူးလိုက်သည်။

သူမ၏ မခံမရပ်နိုင်မှုတွေက အထွတ်အထိပ်ရောက်နေပြီး သူမ လူစိတ်ပျောက်နေတော့၏။

အထူးသဖြင့် မိန်းမသားအချင်းချင်း ဒုက္ခတွင်းထဲ ဆွဲ
နေသည့် ဒေါ်မြသွင်ကြီးဟာ သူမအတွက် အဓိက ပစ်မှတ်
ဦးကျော်ပေးသည့် ငွေများဖြင့် ဖောင်းကားနေသည့် အိ
ကြီးကိုလွယ်ရင်း တဟင်းဟင်း ရယ်နေသည့် လူသားစား ဖြို
မကြီးအား သူမ စားပွဲပေါ်မှာရှိသည့် ဖိးနပ်စ် စကျင်ကျော
ရုပ်တုနှင့် ဖျတ်ခနဲ ကောက်ရိုက်ထည့်လိုက်သည်။ ကျောက်ရုပ်
၁ ပေလောက် အရှည်။

"ခွပ် ..."

"အား ..."

ဒေါ်မြသွင်၏ ဦးခေါင်းမှ သွေးတွေ ဖြာခနဲ ထွက်သွ
ပြီး လဲကျသွားခဲ့သလို ... ကျောက်ရုပ်တုလည်း ခေါင်းက
ထွက်သွားသည်။

"ဟာ ..."

ဘယ်လိုမှ ထင်မထားကြသည်မို့ အားလုံး ရုတ်ရုတ်
သဲနှင့် ကြောင်နေကြစဉ် ပန်းအိတို့ (၃)ယောက် အပေါက်ရှိသည်
ဘက်သို့ စွတ်ပြေးကြသည်။

"ဟော့ ... ဟော့ ... ဟော့ ..."

ဒေါ်မြသွင် ကိုယ်မှ ပန်းထွက်သည့် သွေးတွေနှင့်မို့ ပန်း
အင်္ကျီ အဖြူလေးမှာ သွေးသံရဲရဲ။ သူမတို့ ပြေးထွက်သည်
အပေါက်မှာ ခန်းမထဲသို့ ရောက်သဖြင့် လူတွေအားလုံး အထ
တကြား ဖြစ်ကုန်ကြသည်။





"ဟာ ... ဟာ ဘာတွေဖြစ်ကြတာလဲ"

ပန်းအိတို့ (၃)ယောက်က ရှေ့မှ စားပွဲတွေကို ပတ်ကွေ့
ပြေးသလို နောက်ဘက်မှ လူနှစ်ယောက်က လိုက်ဖမ်းကြသည်။
သို့သော် လာရောက်ကြသည့်အထဲမှာ ဂုဏ်သရေရှိ လူကြီးလူ
ကောင်းတွေလည်း ပါသည်မို့ အခြေအနေက ဦးကျော်တို့ ထင်
သိုင်းကြလို့ မရတော့။

"ကယ်ကြပါ ... ကယ်ကြပါရှင့်၊ ကျွန်မတို့ကို သူတို့
ရောင်းစားနေကြပါတယ်"

"ကျွန်မ လူသတ်လာခဲ့ပါတယ်၊ နောက်ဘက်မှာ သွား
ကြည့်ကြပါ"

"ကျွန်မတို့ကို နီးရာရဲစခန်းပဲ ပို့ပေါ့ရှင်၊ ရဲစခန်းပဲ ပို့
ကြပါ၊ ကျွန်မတို့ ရောင်းစားခံရပါတော့မယ်၊ ရဲစခန်းကို
အကြောင်းကြားကြပါ"

လူတွေကြားမှာ သူမတို့ အော်ဟစ်နေကြလျှင် ထိုရက်
တော့ရင့်လည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီ။ သူမတို့ပြောသည့်
အတိုင်း ရဲဌာနသို့ အကြောင်းကြားကြ၊ နောက်ဘက်သို့ သွား
ကြည့်ကြနှင့် ထိုညသည် ရေပွက်သည့် ညဖြစ်သွားခဲ့သည်။

❀ ❀ ❀

ရဲဌာနမှာ စစ်ချက်ယူပြီး သူမတို့ (၃)ယောက်ကို ခေ
ချုပ်နှောင်ထားကြသည်။

ကံကောင်းထောက်မသဖြင့် ဒေါ်မြသွင်မှာ မသေ။ ခေါ
ကွဲသည့် ဒဏ်ရာကတော့ တော်တော်ပြင်းထန်သည်။ အချိန်မီ
ဆေးရုံရောက်သဖြင့် မသေတာလား။ ဒါမှမဟုတ် အကုသိုလ
ကြီးသည့် တစ်ဘဝစံမို့လားတော့ မသိ။

အမှုကတော့ ရှုပ်ရှုပ်ထွေးထွေး။

ပန်းအိတို့က အမှန်အတိုင်း သူမတို့ကို ရောင်းစား
အရောင်းအဝယ်လုပ်နေကြစဉ် ခေါင်းကိုရိုက်ပြီး ထွက်ပြေးလာ
ကြသည် ဆိုပေမယ့် ...

ပိုင်ရှင် ဦးကျော်က တကယ့်ဘော့စ်မို့ ရှေ့နေတွေ ရှေ့ရ
တွေနှင့် အမှုကို ရှုပ်ထွေးစေသည်။

ဦးကျော်က သူတပည့်နှစ်ယောက်ကိုသာ လ...ညှိုး





အကောင်အထည်ပြပေးထားပြီး ပန်းအိတို့ (၃)ယောက်ကို
ကောင်းတာ လုပ်စားသည့် မိန်းကလေး (၃)ယောက် အလုပ်
ဘာလုပ်သည့်ပုံစံ။ နောက် ... ဒေါ်မြသွင်ထံမှ ငွေတွေကို
နှိုက်လုပြေးသည့်ပုံစံသို့ ချိုးလိုက်သည်။

ငွေတွေ ဖောဖောသီသီနှင့် မတရားသက်သေတွေ ဖန်တီး
ထားသည့်အပြင် ထွေးနုနှင့် မိုးစပယ်ကလည်း နုံနုံအအတွေမို့
သူတို့ရှေ့နေတွေ၏ ခြောက်လုံး၊ လှန့်လုံးတွေအောက်မှာ စကား
ဘွက အိုးနင်းခွက်နင်း။

ပန်းအိတို့အဖြစ်က အမှုမှန်ပေမယ့် တစ်ဖက်မှ ငွေအား၊
သူအား၊ ပညာအားတွေနှင့် အလုံးအရင်း ဖိနှိပ် ... နှိပ်ကွက်
နေသဖြင့် နိုင်ရာမှ ရှုံးတော့မည့်အခြေ။

သူမတို့ကို အချုပ်မှ အာမခံ ထုတ်မည့်သူလည်း မရှိ။
ရာမဲ့ ကယ်ရာမဲ့ဘဝနှင့် ခါးသီးသွေးပျက်နေကြဆဲ တစ်ဖက်
လည်း လျော်ကြေးပေးမည် ဘယ်လိုထွက်ဆိုပါ။ ညာလိုထွက်
ဆိုပါနှင့်လာပြီး နှောင့်ယှက်ကြသေးသည်။

ပန်းအိက (၃)ယောက်ထဲမှ ဆရာကြီးပါပေ။

"နင်တို့ သူတို့ပြောတိုင်း နားမယောင်နဲ့နော်၊ အမှန်
အတိုင်းပဲ ထွက်ကြ၊ တော်ကြာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်း
စွပ်မိပြီး (၃)ယောက်လုံး သူတို့ဆင်တဲ့အတိုင်း ပြည့်တန်ဆာမှုနဲ့
ထောင်ကျကုန်ဦးမယ်"

"အေးပါ ... ငါတို့ သိပါတယ်၊ လူတွေကိုလည်း တော်

တော်လန့်သွားပါပြီဟာ၊ လုံးဝ မှန်ကန်တဲ့စကားတွေကို ရှုပ် တည်ကြီးတွေနဲ့ ထွက်ဆိုရဲကြတယ်နော်''

''ဒါပဲလေ ... ဒီလိုလူစားမျိုးတွေမှာ ဘာအရှက်မှရှိကြ တာ မဟုတ်ဘူး။ ဘယ်လောက်ခံပြင်းဖို့ ကောင်းသလဲ၊ ငါတို့ကို ပဲ ပြည့်တန်ဆာတွေ စွပ်စွဲပြီး၊ သူတို့ငွေတွေ ရိုက်လုပြေးပါတယ် တဲ့''

''ငါတော့ လုံးဝကြောက်သွားပြီဟာ၊ ဒီအမှုပြီးရင် ကိုယ့် ရွာကိုယ်ပြန်ပြီး ကောက်စိုက်၊ ပဲကောက်ပဲ လုပ်စားတော့မယ်''

''ကောင်းတာပေါ့၊ ဒါပေမယ့် အခုတော့ ဒီအမှုပဲ ပြီး အောင် ရင်ဆိုင်လိုက်ပါဦး။ သူခွေးတွေရဲ့ ကလိကမာ ဇာတ်လမ်း ကြီးထဲ မျောပါမသွားဖို့ သမာဓိ ခိုင်ခိုင်ထားပြီး ငါတို့ သက်လုံ ကောင်းကြရမယ်''

''အဲ ... နေဦး။ ငါတို့ကို ကားနဲ့တင်ခေါ်လာတဲ့ ဦးခက် ထန်ရဲ့လိပ်စာ၊ ပန်းအိဆီမှာရှိတယ် မဟုတ်လား။ သူ့ဆီကို ငါတို့ အကူအညီတောင်းကြရအောင်လေ၊ သူ အမှန်အတိုင်း ထွက်ပေးရင် ငါတို့ လွတ်မယ်''

ထွေးနု၏ စကားကို မိုးစပယ်ကလည်း ထောက်ခံ၏။

''ဟုတ်တယ်ဟယ် ... ငါတို့ အဲဒီ ဦးခက်ထန်ဆီ အကျိုးအကြောင်းပြောကြရအောင်၊ မဟုတ်ရင် ငါတို့ ခုက္ခရောက် တော့မယ်၊ တို့ပုံစံ မအူမလည်တွေနဲ့ တစ်ဖက်က ရှေ့နေက လည်း၊ အလှည့်အပတ်၊ အကောက်အကွေ့၊ အဟောက်





အခြောက်တွေနဲ့ မေးနေတာ၊ ကြာရင် ငါတို့ နလန်ထူမှာ မဟုတ် တော့ဘူး''

ပန်းအိ ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းနေမိသည်။

''မြို့သားတွေဟာ ပါးစပ်က လောကွတ်ပြောကြတာပါဟာ ငါတို့ကို သိတောင်သိမှာ မဟုတ်တော့ပါဘူး။ ကားကြုံတင်လာ တဲ့ကိစ္စ၊ သူမေ့ရောပေါ့''

''ဟာ ... ငါတို့အတွက်တော့ ဦးခက်ထန်ဟာ ကောက်ရိုး မျှင်ပဲ၊ အခု ငါတို့ ရေနစ်နေပြီလေ၊ စုံစုံမြုပ်တော့မယ်၊ ငါတို့ ကို မမှတ်မိလည်း နေပါစေ၊ ဖုန်းတော့ ဆက်ခွင့်တောင်းဟာ၊ အရာရှိကြီးကို အကျိုးအကြောင်းပြောပြပြီး ဖုန်းဆက်ကြရ အောင်၊ သူမမှတ်မိလည်း ကိစ္စမရှိဘူး။ မှတ်မိပြီး ကူညီမယ်ဆို ရင်း အမြတ်ပေါ့''

''ကံစမ်းမဲနှိုက်သလို သဘောထားပြီး ငါတို့ သူ့ဆီဖုန်း ဆက်ကြမယ်ဟယ် ... လုပ်ပါ ပန်းအိရဲ့၊ တစ်ဖက်က ငွေအား၊ လူအား ပညာအားတွေနဲ့ ငါတို့သေလိမ့်မယ်''

''ဟုတ်တယ် ... အခုပွဲက ဘက်မမျှဘူး။ ကျားနဲ့ယုန်နဲ့ ပွဲတင်နေရသလိုပဲ၊ သူ့လိပ်စာကဒ်ထဲမှာ သူ့ဟန်းဖုန်းနံပါတ်ပါ တယ်၊ ငါတို့ဆက်ကြည့်ကြမယ်''

နောက်ဆုံး ပန်းအိနန္ဒာတို့(၃)ယောက် ဦးခက်ထန်ဆီ ဖုန်းဆက်ကြဖို့ ရဲအရာရှိကြီးထံ အကူအညီတောင်းလိုက်ကြ သည်။

သူမတို့ဘဝက အာမခံမည့်သူလည်း မရှိ။ ကူမယ့်သူ လည်း မရှိသည့်အဖြစ်မို့။

● ● ●

၈

မေ...သူ့ပ...ဒလေးတွေမို့ ဖုန်းမဆက်...ဝ...တဲ့ကြ။ ဖုန်းမပြော ...တ်ကြရသည့်ကြားထဲ ကိုယ့်ဒုက္ခကို အကူအညီတောင်းကြရ ...ည့်ပါရွမို့ ပန်းအိ ရင်တွေ တဒိုင်းဒိုင်း ခုန်နေမိသည်။

ရဲအရာရှိကြီးရှေ့မှာ (၃)ယောက်သား မတ်တပ်ရပ်နေကြ ...င်း ဒူးတွေလည်း တဆတ်ဆတ်တုန်နေကြသေးပါ။

တွေးနေ... ...ဒမိုး...။

''ငါတော့ အကြောက်လွန်ပြီး သေးတောင်ပါချင်ပြီ''

''အားတင်းစမ်းပါ။ သူကူညီလည်း အမြတ်၊ သူ မကူညီ ...င်လည်း အရင်းပေါ့ဟာ ...''

တစ်ဖက်သို့ ဖုန်းခေါ်လိုက်ကြပြီ ... သူမတို့ စောင့်နေကြ ...ည့် တစ်ဖက်မှ ဖုန်းပြန်ထူးသဖြင့် ရဲအရာရှိက ပန်းအိသို့ ဖုန်း ...င်းပေးလိုက်သည်။

''ကြီးပါတဲ့ဖက်က စကားပြော၊ ပြောင်းပြန်ဖြစ်နေပြီ''

''ဟုတ် ... ဟုတ်ကဲ့''



ရွှေကောင်းစာပေ

ဖုန်းခွက်မှားနေသဖြင့် ပြန်တည့်လိုက်ပြီ။ သူမနားထော
လိုက်ရာ တစ်ဖက်မှအသံကိုကြားလိုက်ရသည်။ ဖုန်းထဲမှ အသ
လည်း မမှတ်မိချေ။

"ဟဲလို ... ကျွန်တော် ခက်ထန်ပါ"

"ဟုတ် ... ဟုတ်ကဲ့ ဟိုလေ ... ဟိုညစ္စာ ... "

ပန်းအိမှာ ဖုန်းမပြောဘူးသဖြင့် ထစ်အနေလျှင် ဘေ
ရဲ့အရာရှိက ပြုံးပြီးထောက်ပေးသည်။

"ညည်း နာမည်ပြောလိုက်လေ"

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်မ ပန်းအိနန္ဒာပါ"

"ဪ ... ပန်းအိနန္ဒာ ဘယ်သူပါလိမ့်"

တစ်ဖက်မှ ဇဝေဇဝါ ဖြစ်နေလျှင် ပန်းအိ စိတ်ဓာတ်
ချုံးကျသွားပြီး ဖုန်းခွက်ပင် လက်ကမကိုင်နိုင်တော့ချေ။ ခြေမ
ချင်၊ လက်မဆွဲချင်နှင့် ဖုန်းခွက် လက်မှ လွတ်ကျမလိုဖြစ်သွာ
လျှင် သည်တစ်ခါ မိုးစပယ်က ဖုန်းခွက်ကိုဆွဲယူပြီး တုန်တုန်
ရီနှင့် တောင်းပန်လိုက်သည်။

"ဦးခက်ထန် ... ကျွန်မတို့ ဦးခက်ထန်ရဲ့ ကားကို စီ
လာခဲ့ကြတဲ့ တောသူမလေးတွေပါ၊ အခု ဒုက္ခရောက်နေပါပြီ
ကျွန်မတို့ကို စမ်းချောင်း ရဲဌာနမှာလာကယ်ပါ"

"ဟော ... ဪ ... ဟိုကောင်မလေး (၃)ယောက်လာ
ဟုတ်ပြီ၊ ခုပဲ လာခဲ့မယ်၊ ဘာမှမကြောက်နဲ့နော်"

တစ်ဖက်မှအားပေးလိုက်လျှင် မိုးစပယ် ဝမ်းသာအားရနှင့်





န်းချလိုက်ပြီး အကျိုးအကြောင်း ပြန်ပြောပြလိုက်သည်။

"ဦးခက်ထန်က လာခဲ့မယ် ... တဲ့၊ ငါတို့ကို သူက နာ
ည်တွေမသိတာပါ၊ လူတွေကို မှတ်မိပါတယ်၊ ဘာမှမကြောက်နဲ့
က်ချင်းလာခဲ့မယ် ... တဲ့"

(၃)ယောက်သား ရုံးခန်းထဲတွင် မျှော်လင့်ချက်များနှင့်
ိုင်စောင့်နေကြစဉ် ... ၁၅မိနစ်မျှ ကြာလျှင် ခက်ထန်
ောက်ရှိလာတော့သည်။ ပန်းအိတို့ (၃)ယောက်သား သူ့ကိုမြင်
ည်နှင့် မျက်ရည်များအလိုလိုကျလာကြတော့သည်။

"ဦးခက်ထန် ... "

"ဘယ်လိုတွေဖြစ်ကြတာလဲကွာ ... ကဲ ပြောကြပါဦး"

ခက်ထန် သူတို့ကို နာမည်တွေ မမှတ်မိပေမယ့် လူတွေ
ကို မှတ်မိပါသည်။ အထူးသဖြင့် ... ဟိုဆံပင်ရှည်နှင့် ကောင်
လေးပေါ့။

ဘာတွေ ဘယ်လိုဖြစ်မည်ဆိုတာ သူကြိုပြီး တွေးမိပါ
ည်။ အခြေအနေ အရမ်းဆိုးသလား။ နည်းနည်းဆိုသလား။

"ပြောပါဦး ... "

သူမေးလျှင် ကောင်မလေး(၃)ယောက် တစ်ယောက်တစ်
ပေါက်နှင့် ဝိုင်းပြောကြသဖြင့် ခက်ထန် ဇာတ်ရည်လည်သွား
ည်။ ကိုယ့်ညီမလေးတွေလို စာနာမိသဖြင့် သူ ... လက်သီး
ဆုပ်မိ၊ တောက်ခေါက်မိသည်။

"တောက် ... ကံကောင်းလို့ ရောင်းစားမခံရတာပါလား။

ပန်းအိ တော်တယ်၊ ဒီမိန်းမကြီးကို ခေါင်းရိုက်ခွဲပစ်တာ ချီးကျ
တယ် ... ''

ထို့နောက် ခက်ထန် ဒီကောင်မလေး (၃)ယောက်နှင့်အ
ဒေါ်မြသွင်ကိုပါ လွှန်းသည့် (၂)ပတ်ခန့်က သူကားကြီးနှင့် တ
လာခဲ့ရသည့်အကြောင်း၊ ဒေါ်မြသွင်၏ပုံစံကို မသင်္ကာသ
အတွက် သူ့လိပ်စာကဒ်ကို ပေးခဲ့ကြောင်းများအား နိုင်နိုင်လ
စစ်ချက်ပေးလျှင် တစ်ဖက်မှ စွပ်စွဲချက်များအားလုံးကို ပယ်ဖျ
ပြီး ဖြစ်သွားခဲ့သည်။

အမှုတွေက ချက်ချင်းမပြီးပြတ်သေးသော်လည်း ခက်ထ
ပန်းအိတို့ (၃)ယောက်ကို အာမခံနှင့် ခေါ်ထုတ်လာနိုင်ခဲ့သည
ခက်ထန်၏ကားပေါ်မှာ ပန်းအိတို့(၃)ယောက်၏အသ
ပွေက နှမ်းဖတ်ကျိုးကြေလျက်။

ခက်ထန်ကတော့ သူတို့(၃)ယောက်၏ ကယ်တင်ရှ
သွေးသောက်အစ်ကိုတော်ဖြစ်သွားခဲ့ပေပြီ။ မောင်နှမချင်း တွေ
ချင်းတွေ့သည့်နှယ်။ စကားတွေ ရင်ဖွင့်လျက်။

''အစ်ကိုတို့မြို့ကိုတော့ တကယ်ကြောက်သွားပြီ ကျွန်မ
ကံကောင်းလွန်းလို့ ဘဝမပျက်တာ''

''ဒါတောင် တကယ့်ဟိုက်ဘော့စ်တွေနဲ့ ရင်ဆိုင်ရတေ
ကျွန်မတို့မှာ ခံလည်းခံရသေး။ အမှုလည်း ရှုံးတော့မလို ဖြစ်
ရတယ်''

''အစ်ကိုကိုတော့ တကယ်ကျေးဇူးတင်တယ်၊ ပန်းအိ





အလိုဆို ဘာတွေဆက်ဖြစ်မယ်မသိဘူး။ သူတို့က ငွေနဲ့ပေါက်
ပြီး မတရားသက်သေတွေ၊ ရှေ့နေကောင်းကောင်းတွေနဲ့ အမှုကို
ချေဖျက်နေကြတာ''

''ဟုတ်ပါပြီ၊ အခု ... အစ်ကိုကို နိုင်မာမှန်ကန်တဲ့
သက်သေနဲ့ကျတော့ သူတို့ နာပြီလေ၊ နောက် ... တရားရုံးမှာ
တွေ့ကြသေးတာပေါ့ကွာ၊ ကဲ ... မင်းတို့ဘာဆက်လုပ်ကြမယ်
စိတ်ကူးလဲ''

''လောလောဆယ် အမှုမပြီးသေးလို့ ပြန်မရသေးဘူး။
ပြန်လို့ရလည်း ပန်းအိကတော့ မပြန်ချင်ပါဘူး။ ဒီမှာ ရှိရိုးသား
သား အလုပ်တစ်ခုခုပဲ လုပ်ချင်ပါတယ်၊ ထမင်းချက်ဖြစ်ဖြစ်၊
ကလေးထိန်းဖြစ်ဖြစ်ပေါ့၊ ပန်းအိက ရွာပြန်ရင် မုဆိုးဖိုကို ယူရ
မှာ''

''ငါတို့လည်း မပြန်ချင်ပါဘူး။ ဦးခက်ထန် ကျွန်မတို့ကို
အလုပ်တစ်ခုခုရှာပေးပါလား။ ကုမ္ပဏီမှာ တံမြက်စည်းပဲ လှည်းရ
လှည်းရ ... ''

သူမတို့၏ ဆန္ဒများကို ပြောပြကြလျှင် ခက်ထန် ခေါင်း
ညိတ်ရပါသည်။

''လောလောဆယ် မင်းတို့ကို ငါ့အိမ်ခေါ်သွားပေးမယ်၊
ပြီးမှ သင့်တော်တဲ့ အလုပ်တွေ ရှာပေးမယ်''

''ဟုတ်ကဲ့ ... ဦးခက်ထန်ကို ကျေးဇူးတင်ပါတယ်''

ပန်းအိတို့ (၃)ယောက်သား ခက်ထန်၏ အိမ်သို့ တစ်အုပ်

ကြီးပါသွားကြလေသည်။

ပျော်လို့တော့ မဟုတ်ပါ။ ဒုက္ခတွေ ရောက်လွန်းလို့ မှု
နေသည့် ရုပ်ကလေးများနှင့်ပါ။

● ● ●



"ဟာ ... နည်းတဲ့အိမ်ကြီးလား။ ဦးခက်ထန်က သူဌေးမှ
ဘကယ့်သူဌေးကြီးနော်"

ထွေးနုက ရင်သပ်ရှုမောနှင့်ဝမ်းသာအားရ ရေရွတ်နေ
သလို ပန်းအိနှင့်မိုးစပယ်ကတော့ ပုဇွန်မျက်လုံးတွေနှင့် ဘွားခနဲ
မြင်လိုက်ရသည့်ခြံဝန်းနှင့် နှစ်ထပ်တိုက်လှလှကြီးကို ပြူးကြည့်
နေမိကြသည်။

ဝမ်းတော့မသာပါဘူး။ သူ့အိမ်ကြီးတာ လှတာ ကိုယ်နှင့်
ဆိုင်တာမှတ်လို့။ ရေကူးကန်တွေ၊ မြက်ခင်းတွေ၊ ပန်းအလှတွေ
နှင့်မို့ အံ့ဩချီးဘနန်းတော့ ဖြစ်သွားတာပါပဲ။

ဒီလိုအိမ်မျိုးတွေကို ကိုရီးယားကားတွေထဲမှာပဲ မြင်ဖူး
သည်မို့ အပြင်လောကမှာ ယခုလို အရှင်လတ်လတ်ကြီး မြင်
လိုက်ရသည့်အခါ အံ့ဩသွားသည်။

ဒါပါပဲ။

"ဟဲ ... ဆင်းကြ၊ ဆင်းကြ၊ အဲ ... ငါ့အဒေါ်နဲ့ သူ
မောင်၊ သူတို့မတွေကတော့ သူဌေးပါဝါပြချင်ကြတယ် နည်း
နည်းသည်းခံ"

"ဟာ ... ရပါတယ်၊ ကျွန်မတို့ဘဝကလည်း ကံကောင်း
လို့ အစိစိ ရောက်မသွားတာလေ၊ ဦးခက်ထန်က ကျွန်မတို့ကို
လောကငရဲကနေ ဆွဲဆုတ်ကယ်တင်ခဲ့တာမို့ ဦးခက်ထန်နဲ့ ပတ်
သက်လာရင် အားလုံး သည်းခံပါ့မယ်"

"ဟုတ်ပါတယ် ... ဦးခက်ထန်က ကျွန်မတို့ရဲ့ ကျေးဇူး
ရှင်အစစ်ကြီးပါ၊ နောက်လည်း သင့်တော်တဲ့ အလုပ်တွေရှာပေး
ဦးမှာ မဟုတ်လား"

ကောင်မလေး(၃)ယောက် ကိုယ့်ဝန်စည်စလယ် အထုပ်
ကလေးတွေဆွဲပြီး ခက်ထန် နောက်မှ ကုတ်ချောင်းချောင်းနှင့်
လိုက်သွားကြရသည်။

ဧည့်ခန်းထဲသို့ ဝင်လိုက်တော့လည်း မျက်စိပသာဒ ဖြစ်
စရာတွေချည်းပါ။ ခမ်းနားလှပသည့် ဆိုဖာတွေ၊ စားပွဲနှင့်ပန်း
အိုးလှလှများ။ နောက်ပန်းချီကားချပ်များ။ ကြမ်းခင်းကအစ
ကော်ဇောလှလှများနှင့်မို့ ခြေပင်မချရဲစရာ။

ပန်းအိုးတို့(၃)ယောက် ကိုယ့်ခြေထောက်တွေ ကိုယ်ပြန်
ကြည့်ဖြစ်ကြသည်။ တော်မှာ ကောက်စိုက်၊ ပျိုးနုတ်ခဲ့ကြရသည့်





မို့ ခြေထောက်တွေက ခပ်ကြမ်းကြမ်း။

"လာ ... ထိုင်ကြ၊ ငါ အိမ်သားတွေခေါ်လိုက်ဦးမယ်"

ဦးခက်ထန်က ဆိုဖာများသို့ လက်ညှိုးညွှန်ပြပြီး သူလည်း
ဆိုဖာတစ်ခုပေါ်မှာ ထိုင်ချလိုက်သည်။ နေ့လည် ၁၂နာရီလောက်
ရှိပြီမို့ သူမတို့ အားလုံးဆာလောင်နေကြပေပြီ။

မျက်လုံးလေးတွေကတော့ အသစ်အဆန်းတွေကို လိုက်
ကြည့်နေမိ၏။ ခက်ထန် အိမ်တွင်းဖုန်းနှင့် ခေါ်လိုက်သဖြင့်
ဒေါ်မမသီရိုင်အပေါ်ထပ် လှေကား လှလှကြီးမှ ဆင်းသက်လာခဲ့
သည်။

အသက်သုံးဆယ်ကျော်ခန့် ပြည့်သူမိန်းမလှတစ်ဦး၏အလှ
ကို တောသူမလေးများ မျက်တောင်မခတ်စတမ်း ငေးကြည့်မိကြ
ပြန်သည်။ အကြည့်ရိုင်းတာတွေ၊ ယဉ်တာတွေမသိ။ သူတို့မှာ
ရိုးသားမှုတွေပဲရှိသည်။ အဒေါ်ကလည်း ငယ်ငယ်လေးပါလား။

ဖြူဖွေးသောအသားနှင့် ခပ်သွယ်သွယ် ကိုယ်လုံးမှာ ကိုရီး
ယားမင်းသမီးတွေလို ... ပေါ်ဂေတ်၊ ရယ်ဒီမိ၊ ဒ်အင်္ကျီလှလှလေး
က အဝါနုရောင်လေးတွေ။ မျက်နှာခပ်ပါးပါးလေးမှာ ရှပ်ရှ
င်းသမီးတစ်ယောက်လို မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ ကာလာ
ရောင်စုံတွေနှင့်။

နောက် ... လက်ဝင်ကောက်ကားအပြစ် မဟုတ်
တွနှင့် ပြုလုပ်ထားသည့် လက်ဝတ်လက်စားပုံဆန်းဆန်းလှလှ

တွေကို ဝတ်ထားသည်။

သူမတို့ ဦးခက်ထန်ကို ပြန်ကြည့်လိုက်ကြပြန်သည်။ သူ ကလည်း ကိုရီးယားမင်းသားတစ်ယောက်လို မြင့်မြင့်ထွားထွားနှင့် ချောတာပါပဲ။

အသားကတော့ ဖြူဖွေးမနေ။ အသားလတ်ပြီး အသား အရည်က စိုပြည်သဖြင့် ကြည့်ကောင်းသည်။ နောက် ... မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတွေက မင်းသားတစ်ယောက် လို ကြည့်ကောင်းသည်။

ဦးခက်ထန်က ခပ်ကြွမ်းကြွမ်းနှင့်ချောပြီး သူ့အဒေါ်က တော့ နူနူနဲ့နဲ့ ခေတ်ဆန်ဆန်နှင့် လှပါသည်။ သူတို့ တူဝရီးက ရုပ်ချင်းလည်း မဆင်။

ပန်းအိတို့ ငေးမောနေကြဆဲ ဒေါ်မမသီနိုင်က သူမတို့ (၃)ယောက်ကို မျက်မှောင်ကျုံ့ပြီး ကြည့်တော့သည်။

ဟင်း ... ရုပ်တွေက တောသူမပုံစံတွေနဲ့။ ဘယ်က ခေါ်လာတာပါလိမ့်။ ခက်ထန်ဟာလေ တောသားရယ်လို့ မပြော ရဘူး။ သူ့မှာ ပေါလိုက်ရတဲ့ တောကမိတ်ဆွေတွေ၊ အမျိုးတွေ ငါ ဘယ်လောက်ပညာပြပြ သူကလည်း သူ့လူတွေကို ခေါ်လာမြဲ ကူညီမြဲပဲ။

သူတို့၏ ဘေးမှာ ခပ်တည်တည်ဝင်ထိုင်လိုက်ပြီး ကောင် မလေး(၃)ယောက်ကို မမသီနိုင် ခပ်တင်းတင်းနှင့်အပေါ်စီးမှ





ကြည့်ထည့်လိုက်သည်။ ကိုယ်မလိုလားတာ သိပါစေ။

ခက်ထန်ကတော့ သူ့အဒေါ်ကို ပြုံးရွှင်သည့်မျက်နှာနှင့် အကျိုးအကြောင်းတွေ ပြောပြနေလေသည်။

"ဒါ ‒ ရေနံချောင်းဘက်က ကျွန်တော့်ရဲ့ ဆွေမျိုးနီးစပ် မလေးတွေပါ၊ ရန်ကုန်ကို အလုပ်ရှာရအောင် လာတာလေ၊ ကြီးက လိပ်စာပေးလိုက်တာနဲ့ ကုမ္ပဏီကို လိုက်လာကြတာ"

"ဪ ... အဲဒါ အန်တီက ဘာလုပ်ပေးရမှာလဲ"

"ပြောပြတာပါ၊ အန်တီ့ကို ဘာမှ မလုပ်နိုင်းပါဘူး။ လော လောဆယ် အလုပ်မရခင် အိမ်မှာခဏနေကြမယ်လေ၊ ကုမ္ပဏီ လည်း အလုပ်ကြည့်လိုက်ဦးမယ်"

"အလုပ်သမားတွေက ပြည့်နေပြီမဟုတ်လား။ နေစမ်းပါ ... သူတို့ကရော ဘာဘွဲ့တွေရထားလို့လဲ၊ ကွန်ပျူတာရော တတ်သလား။ နိုင်ငံခြားဘာသာရော ဘယ်နှစ်မျိုးတတ်သလဲ"

"ရှင်"

ဒေါ်မမသီနိုင် တမင်ပင် ပညာပေးနေလေသလားမသိ။ အရွယ်လေးတွေကို ဘွဲ့ရပြီလား။ ကွန်ပျူတာတတ်သလားနှင့် မေးရက်သည်။

ခက်ထန်ပြုံးရပြန်ပါသည်။ ကိုယ်က ကူညီချင်သူကိုး။ ဒေါ်အပေါ် စိတ်ရှုပ်ရပြန်ပေါ့။

"မဟုတ်ဘူးလေ အန်တီရဲ့၊ ဘွဲ့တော့ဘယ်ရဦးမလဲ၊ ခုမှ

အသက်နှစ်ဆယ်တောင် မပြည့်သေးတဲ့ဟာ၊ ဟိုကောင်မလေး ဘယ်သူ ..."

ပန်းအိကို လက်ညှိုးထိုးပြလျှင် သူမ ဖြေရသည်။

"ပန်းအိပါ"

"အဲ ... သူကတော့ ဆယ်တန်းအောင်တယ်၊ ကျန်တဲ့ ကောင်မလေးတွေကတော့ မအောင်ဘူး။ သူတို့အလုပ်လိုချင်တယ်ဆိုတာကလည်း ဘာအလုပ်ဖြစ်ဖြစ်ပါ၊ ဟိုဒင်း _ အောက်ခြေဝန်ထမ်းဖြစ်ဖြစ်ပေါ့"

"အဟက်ဟက် _ ဒါဆို မင်းက အိမ်ဖော်ပွဲစားကြီးပေါ့။ ပွဲခ ဘယ်လောက်ရသလဲ"

မမသီနိုင် လှောင်လိုက်လျှင် ခက်ထန် မျက်နှာပျက်သွားပြီး ပန်းအိတို့(၃)ယောက်လည်း မျက်နှာလေးတွေ ငယ်သွားကြသည်။

ငါတို့အတွက်နဲ့ သူ့ခမျာ မျက်နှာပျက်ရရှာတယ်။ ဒါကောင် ငါတို့အကြောင်း အမှန်တွေပြောသေးတာ မဟုတ်ဘူး။ အမှန်သာ သိရင် ရှုပ်ရှုပ်ယှက်ယှက်ဆိုပြီး နှင်တောင်လွှတ်လောက်တယ်။

ခက်ထန် မျက်နှာကိုပြန်တင်းလိုက်ပြီး ပန်းအိတို့ရှေ့မှ ကာကွယ်ရပြန်သည်။

"စကားကို ပြီးစလွယ်မပြောပါနဲ့ အန်တီ၊ ဘာပဲပြောပြော ကျွန်တော့်ဘကြီးက ယုံကြည်လို့ လွှတ်လိုက်တာမို့ ကျွန်တော့်မှာ





တာဝန်ရှိတယ်၊ သူတို့ကို အလုပ်ရှာပေးရမယ် ... ပြောသလို အိမ်ဖော်တော့ အလုပ်မခိုင်းနိုင်ပါဘူး။ အောက်ကျတယ်၊ ပြီး ဆယ်တန်းတော့အောင်ထားကြတာပဲလေ၊ ကုမ္ပဏီအောက်ခြေဝန်ထမ်းလေး ဘာလေးနိုင်းပေးလို့ ကြည့်လိုက်ဦးမယ်"

မမသီနိုင်၏အပြုံးက လှောင်ပြုံး။

"ဒါဆိုလည်း ပြီးတာပဲလေ၊ ငါကတော့ အိမ်မှာ တစ်ယောက်လောက် ခေါ်ထားမလားလို့ပါ၊ ဒါပေမဲ့ မင်းရဲ့ဆွေတော်မျိုးတော်ကြီးတွေကို ကုမ္ပဏီတံမြက်လှည်းပဲ နိုင်းမယ်ဆိုလည်း ပေါ်တယ်၊ နေစမ်းပါဦး။ ကုမ္ပဏီမှာ တံမြက်လှည်းတာကရော ဘယ်လောက်ဂုဏ်သရေရှိသွားလို့လဲ၊ တစ်ရုံးလုံးက နိုင်းဖတ်ဟာ ပဲ ပိုတောင်ဆိုးဦးမယ်"

ခက်ထန်တွေဝေသွားပြီး ပန်းအိတို့(၃)ယောက်ကို လှမ်းအကဲခတ်မိသည်။ ဟုတ်တော့ ဟုတ်ပါသည်။ ကုမ္ပဏီမှာ အောက်ဆုံးအဆင့် တံမြက်လှည်းတစ်ယောက်ဟာ ဘာဂုဏ်ရှိမှာ တဲ့လဲ။

ပန်းအိကို သူလှမ်းကြည့်လိုက်မိသည်။ နဖတ်ချောမွေ့နေပြီး ရုပ်ကဖြူစင်နုနယ်လွန်းလှသဖြင့် ကုမ္ပဏီကကောင်တွေ အကုန် သူမဆီ အာရုံရောက်ကုန်လိမ့်မည်။ ကျန်နှစ်ယောက်မှ တော်ဦးမည်။

သို့သော် အိမ်မှာနိုင်းဖို့လည်း ခက်ထန်မနိုင်းရက်ပါ။ မမ

သိနိုင် မောက်မာတာတွေလည်း သူမြင်နေရလိမ့်မည်။ နောက် သူထက်ပိုဆိုးတာက သူမ၏မောင် ကျော်ထက်နိုင်။

အို ... ကျော်ထက်နိုင်တင်မက သူ့သမီးမေရှုပါနိုင်က လည်း အဒေါ်ဦးစားပေးလွန်းသဖြင့် ဆောင့်ကြွားကြွားနှင့်ပါ။ သူမ၏ အသက်(၈)နှစ်အရွယ်နှင့် မလျှော်အောင်ပင် ကြီးကျယ်လွန်း ပါသည်။ သည်စဉ် သူမ၏မောင်သားအဖ ကားနှင့်တစ်နေရာမှ ပြန်ရောက်လာကြသည်။

ကျော်ထက်နိုင်မှာ တစ်ခုလပ်၊ ကလေးတစ်ယောက်အဖေ နှင့်မတူဘဲ ရှိုးကခပ်များများ။ သားအဖနှစ်ယောက် တကယ့် သူဌေးစတိုင်။ တကယ်ကျ ခက်ထန်ကိုလာရောက်ပြီး မှီခိုနေကြ သူတွေပါ။

အစ်မမျက်နှာကို အခွင့်ကောင်းယူပြီး စတိုင်များနေ ကြသည်။

"မေမေသီ ... "

မေရှုပါနိုင်မှာ ဂါဝန်လှလှ၊ အသားကပ်ဘောင်းဘီအနက် နှင့် အရုပ်ကလေးလိုလှနေပြီး ဒေါ်မမသီနိုင်၏ အပေါ်သို့ ပြေး ထိုင်လိုက်သည်။ သားသမီးမရှိသည့် မမသီနိုင်အတွက် မေရှုပါ နိုင်ဟာ အသည်းကျော်။

ကျော်ထက်နိုင်ကတော့ ပန်းအိအနီးမှ ဆိုဖာတွင်ဝင်ထိုင် ပြီး အားလုံးကို အကဲခတ်လိုက်သည်။ မမသီနိုင်က သူ့မောင်





ပေါ်ကျော့ကို အရေးတယူပင် ရှင်းပြနေလေ၏။

"ဒီမှာလေ ... ခက်ထန် နယ်ကကောင်မလေးတွေ ဒီ အလုပ်ရှာရအောင် တက်လာကြတယ်၊ ဆယ်တန်းအောင်ရုံ လေးနဲ့ သူတို့က စာရေး၊ စာချီတွေများ လုပ်ချင်နေသလားပဲ"

"မဟုတ်ပါဘူးရှင်၊ ပန်းအိတို့က အောက်ခြေအလုပ် သမားဆိုလည်း လုပ်နိုင်ပါတယ်"

ကျော်ထက်နိုင် ပန်းအိကို မျက်စိစိုက်မိသွားသည်။ တော ပေမယ့် တော်တော်ချောတဲ့ ကောင်မလေးပဲ။ ဒီကောင်မလေး အိမ်မှာအလုပ်လုပ်ရင် ငါ့အတွက် အပိုင်ပဲ။ ကျော်ထက်နိုင် က်ခနဲ ရယ်လိုက်သည်။

"ကုမ္ပဏီမှာ အောက်ခြေအလုပ်လုပ်တော့ လစာက ယ်လောက်ရမှာတဲ့လဲ၊ လွန်ရ ၃-၄ သောင်းပေါ့၊ မင်းတို့ ွက် အဆောင်ခ၊ စားစရိတ်တွေနဲ့ ဘယ်လောက်မလဲ"

"ဒါကတော့ ... "

"တို့က အကောင်းပြောတာပါ၊ အိမ်မှာ အိမ်ဖော်လုပ်တယ် ဘာကမှ ငွေအသားတင်စုမိတာ၊ နေဖို့၊ စားဖို့လည်း မပူရ း လစာလည်းရမယ်၊ မမအိမ်က အလုပ်သမားတွေကို တစ်လ ယ်လောက်ပေးရလဲ"

"သုံးသောင်း"

"ကဲ ... တွေ့လား။ အဲဒီသုံးသောင်းက အသားတင်ရ

တာ၊ နေဖို့ စားဖို့ မပူရတော့ဘူး။ မင်းတို့ကုမ္ပဏီမှာလုပ်
စားလောက်မှာ မဟုတ်ဘူး''

''ဒါပေမယ့်''

''ဒါပေမဲ့နဲ့လေ၊ ကုမ္ပဏီအောက်ခြေ ဝန်ထမ်းဆို
လည်း ဘာဂုဏ်မှရှိတာမဟုတ်ဘူး။ လူတိုင်းကို မော့ကြည့်
တာပဲ၊ အိမ်မှာလုပ်တာကမှ အိမ်သား(၃)ယောက်ရှိရင်
ယောက်မျက်နှာပဲ ကြည့်ရမှာ''

''ဟုတ်ပါပြီ၊ ကျွန်မတို့ သဘောပေါက်ပါပြီ၊ ဆယ်တ
အောင်ရုံလောက်နဲ့ အလုပ်ကောင်းကောင်းမရမှန်းတော့ သိ
တယ်၊ ဒါပေမဲ့ အိမ်ဖော်လုပ်ရမှာတော့ အောက်ကျလွန်း
တယ်''

''ဒါဆိုလည်း သဘောလေ၊ စတိုးဆိုင်တွေမှာ ဈေးအ
ရောင်းလည်း ပိုင်ရှင်က မျက်နှာကြောတင်းတာပါပဲကွာ၊ လု
ကြည့်ပေါ့ ... ''

ဆွေးနွေးပွဲက အီလည်လည်ဖြစ်နေစဉ် ထွေးနုက ဆ
ခနဲဝင်ပြောလိုက်ပါ၏။

''စိတ်ချရတဲ့ အိမ်ဆိုလုပ်မယ်၊ မိန်းမတွေပဲရှိတဲ့အိမ်
အဖိုးကြီး အဖွားကြီးတွေပဲရှိတဲ့ အိမ်တို့ဆို လုပ်မယ်''

ကျော်ထက်နိုင်က မင်းသားတစ်ယောက်လို ပခုံးတွန့်လို
ပြီး ...





''မိန်းမအချင်းချင်းမှ ပိုပြီးဒုက္ခပေးတာ၊ မိန်းမချင်းချင်း
ရောင်းစားကြတာတွေ မတွေ့ဖူးဘူးလား''

''အင် ... ''

သူပြောတာ ကွက်တိဖြစ်နေသဖြင့် ပန်းအိတို့(၃)ယောက်
မျက်လုံးပြူးသွားကြစဉ် ဒေါ်မမသီနိုင်က သူမတို့(၃)ယောက်ကို
အမိန့်ပေးလိုက်သည်။

''မင်းတို့ကြည့်ရတာ ရိုးသားမယ့်ပုံပဲ၊ ဒီတော့ ...
ဒါစီစဉ်ပေးမယ်၊ ဒီအိမ်မှာ လောလောဆယ် အလုပ်သမားနှစ်
ယောက်ထွက်သွားတယ်၊ မင်းတို့အထဲက နှစ်ယောက်ဝင်လုပ်၊
တစ်ယောက်ကိုတော့ ကုမ္ပဏီမှာ ပေးလိုက်ပေါ့''

သူမပြောလိုက်လျှင် ပန်းအိတို့ (၃)ယောက်တစ်ယောက်
မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး ခေါင်းချင်းဆိုင်လိုက်ကြ
သည်။

''ပန်းအိ ... နင်က ကုမ္ပဏီမှာ လုပ်ပေါ့၊ ငါတို့နှစ်ယောက်
ဒီမှာအလုပ်လုပ်ပါ့မယ်''

''ငါနေတော့ ဘယ်သွားနေမလဲ ... ကုမ္ပဏီက နေစရာ
ပေးလို့လား''

''နင်က ရုပ်ချောချောလေးဆိုတော့ ကုမ္ပဏီမှာလုပ်၊ အိမ်
ဖော်အလုပ်က အောက်ပါတယ်ဟာ၊ ငါတို့လို ရုပ်ကြမ်းကြီးတွေ
နဲ့ပဲ တန်ပါတယ်''

(၃)ယောက်သား မခွဲချင်သဖြင့် တီးတိုး၊ တီးတိုးနှင့် တိုင်ပင်ရင်း စိတ်ဆင်းရဲနေကြလျှင် ကျော်ထက်ခိုင်ကပင် ဝင်ပြီး အကြံပေးလေ၏။

"နေတာတော့ နင်တို့(၃)ယောက် အတူတူနေကြပေါ့။ စားတာတော့ ငါတို့အလုပ်သမားပဲ ငါတို့ကျွေးမှာ"

"ရပါတယ် ... ကျွန်မတို့ ရွာပြန်ရရင် တော်ပါပြီ၊ ရွာတော့ မပြန်ချင်ဘူး။ ဒီမှာပဲ အဆင်ပြေအောင်နေပါ့မယ်"

နောက်ဆုံး(၃)ယောက် အတူနေကြရမည်ဆိုလို့ ပန်းအိတို့ (၃)ယောက် စိတ်ချမ်းသာသွားကြရသည်။

သူမတို့(၃)ယောက် အောက်ထပ် ထမင်းစားခန်း အနီးရှိ ထောင့်ခန်းမှာ နေခွင့်ရလိုက်ကြသည်။

❀ ❀ ❀



ကုမ္ပဏီမှာဆိုတော့ ပန်းအိ ယူနီဖောင်းဝတ်ရသည်။ သူမ ဘို့ ယူနီဖောင်းက ပန်းနုရောင်၊ စကတ်နှင့်ကိုယ်ကြပ်ကုတ်လက် တို။ နောက် အတွင်းက အဖြူ။ စကတ်က ဒူးအုပ်လို့တော်သေး သည်။

အောက်ခြေဝန်ထမ်းဆိုပေမယ့် ပန်းအိကို ခက်ထန် ဘဲမြင့်ကလှည်း မခိုင်းရက်၊ အောက်ကျလွန်းလို့၊ ဒီတော့အရောင်း ဌာနသို့ပို့ပြီး အကူအရောင်းစာရေးပဲ လုပ်ခိုင်းလိုက်သည်။

ထွေးနုနှင့်မိုးစပယ်ကတော့ မမသီခိုင်၏ လက်အောက်မှာ ပြားပြားဝပ်နေကြရပေပြီ။ နှစ်ယောက်လုံး အသားညိုညို၊ တုတ် ဘုတ်နှင့် ရွက်ကြမ်းရေကျိုရုပ်လေးတွေမို့ ကျော်ထက်ခိုင်၏ လက် မှတ်လည်း လွတ်နေကြသည်။

သူငယ်ချင်းကောင်းတွေပီပီ ... **သူတို့နှစ်ယောက်က** ပန်းအိကို ထမင်းခိုးကျွေးကြသည်။

"အလကားဟာ ... ထမင်းတွေ ဟင်းတွေပိုပါတယ်၊ သိတဲ့အတိုင်း သူတို့က အပြင်မှာ အကောင်းစားတွေ စားနေကြတာ၊ အိမ်ထဲက ထမင်းဟင်းကို ကုန်အောင်မစားနိုင်ပါဘူး၊ ထမင်းနဲ့ ... ဟင်းအကျန်တွေ ငါတို့ပဲ မျှစားကြတာပေါ့၊ လွှင့်ပစ်ရမယ့်အတူတူ"

"ကောင်းပျိုမလားဟယ်၊ တော်ကြာ ငါ့ကိုထမင်းခိုးစားနေတယ်ဆိုပြီး အိမ်ပေါ်က နှင်ချနေပါဦးမယ်"

"မပူနဲ့ ... သူမေးရင် ဖြေလိုက်မယ်၊ ကျွန်မတို့ အကြွင်းအကျန်တွေကို ဝေမျှစားကြတာပါလို့"

"ငါ့ကိုမျှကျွေးရလို့ နင်တို့မဝဘဲလည်း နေပါဦးမယ်ဟယ်"

"ဝတယ် ... ကိစ္စမရှိဘူး၊ ပြောကြေးဆို ငါတို့ဒီလိုအဆင်ပြေနေတာကိုက နင့်ကြောင့်ပါ"

"ဒီလိုလည်း မဟုတ်ပါဘူးဟယ်၊ ငါ နင်တို့ကို ကျေးဇူးတင်ပါတယ်"

"အေးပါ ... အဲ နင်က အပြင်ထွက်ရတဲ့လူဆိုတော့ သွားရင်း လာရင်းနဲ့များ သူဌေးနဲ့တွေ့လို့ သူဌေးကတော်ဖြစ်သွားမယ်ဆိုရင်သာ ငါတို့ကိုမမေ့ပါနဲ့၊ တို့ကိုလည်း ဆင်းရဲတွင်းထဲက ဆွဲခေါ်သွားပါနော်"

"ဟာ ... နင်တို့ကလည်း၊ ငါ့ပန်းတိုင်က သူဌေးကတော်ဖြစ်ဖို့ မဟုတ်ဘူး၊ ကိုယ့်ဘဝကိုယ်တိုးတက်အောင်ကြိုးစားမှာ၊ ငါ ကွန်ပျူတာတွေ၊ ဘာတွေလည်း တတ်အောင်လုပ်မယ်၊





...သင်နဲ့ဖြစ်ဖြစ် ဘွဲ့ရအောင်လုပ်မယ်၊ ရွာတော့မပြန်ချင်ဘူး ... အဲ ... ဟိုလူကြီးမိန်းမရသွားပြီဆိုရင်တော့ တစ်မျိုးပေါ့"

ညဘက် အလုပ်နားချိန်များမှာ ရှေ့ရေးအတွက် စကား...ည်တွေပြောကြရင်း ... (၃)ယောက်သား ညီအစ်မတွေလို ...င်းနီးချစ်ခင်မိကြသည်။

❖ ❖ ❖

ပန်းအိရဲ့ရုံးချိန်က နံနက် (၉)နာရီမှ ညနေ(၄)နာရီ
ဖြစ်ပြီး ဘတ်(စ်)တိုးစီးရသဖြင့် ယူနီဖောင်းကို ရုံးကျမှလဲရသည်
ခက်ထန်လည်း ကုမ္ပဏီသွားရပေမယ့် ပန်းအိ ကား
စောင့်စီးဖို့ စိတ်မကူးပါ။ အိမ်မှာနေခွင့်ပြုထားတာပင် ကျေ
တင်လှပေပြီ။

ပြီး ... သူတို့ တူဝရီး၏ဆက်ဆံရေးက ဘယ်လိုမှန်းမ
တူဝရီးဆိုပေမယ့် ခက်ထန်နှင့်ဒေါ်မမသီနိုင်က ဒီလောက်အသ
မကွာ။ ခက်ထန် အသက်က သုံးဆယ်မပြည့်လောက်ဘူးထ
ဒေါ်မမသီနိုင်က သူ့ထက်(၂)နှစ်လောက်ပဲ အလွန်ဆုံးကြီးလော
သည်။

ပြီး ... တစ်ယောက်နှင့်တစ်ယောက် သိပ်ရဲရဲတင်းတ
မရှိသလိုကြီး။ ရှိုးတိုးရှန့်တန်းလိုလို။ ဘယ်လိုတော်တဲ့ အဒေ
လိမ့်။ အိမ်မှာမေးစရာလူမရှိသည်မို့ သူမတို့ မည်သူ့ကိုမှ
လို့မရ။





အဒေါ်၏မောင် ကျော်ထက်နိုင်ဆိုတာလည်း ခက်ထန်နှင့်
ဘာမှတော်ပုံမရ။ တစ်ယောက်နှင့်တစ်ယောက် ခပ်စောင်စောင်။
ဘကာယ်ဆို ဒါအမျိုးတွေ မဟုတ်ပါလား။ ဘယ်လိုတော်စပ်ပုံ
ကြီးပါလိမ့်။

မည်သို့ပင်ဖြစ်စေ ဦးခက်ထန်က ဒေါ်မမသီနိုင်ကို အလေး
သား လေးစားသဖြင့် သည်အိမ်၏ အဓိပတိက ဒေါ်မမသီနိုင်
ဖြစ်နေသည်။ နောက် ... သူမောင်နှင့် သူ့သမီးငယ်။ ခက်ထန်
က သဘောအကောင်းဆုံးမို့ သည်အိမ်မှာ အရေးမပါသလို။
ကြားက်စရာလည်း မလိုသလို။

ဦးခက်ထန်ကလည်း ပန်းအိတို့(၃)ယောက်ကို စေတနာ
ကောင်းနှင့်ကယ်တင်ကူညီထားသော်လည်း တကယ်ကျ အရေး
က်သည်မဟုတ်။

သူ့အလုပ်တွေနှင့် သူရှုပ်နေပြီး အိမ်အကျယ်ကြီးထဲမှာ
တစ်နေ့လုံးနေလို့လည်း တစ်ခါတွေ့ရသည်မဟုတ်ပါ။ သူမတို့
င်ဆိုင်နေရသည်မှာ ဒေါ်မမသီနိုင်တို့ အုပ်စုနှင့်သာ။

ပန်းအိတို့လည်း သူတို့အိမ်မှာနေသဖြင့် ထွေးနုတို့၊ မိုး
ငယ်တို့နှင့် တစ်တန်းတည်း ဆက်ဆံသည်။ သူမအဖြစ်က
သည်း သူငယ်ချင်းများနှင့်အတူ နေခွင့်ရသဖြင့် သူတို့အနည်း
အပါးနိုင်းသည်ကို လုပ်ပေးရပါသည်။

''ပန်းအိ လောလောဆယ် တို့အိမ်မှာ မာလီမရှိဘူး။
မြက်ခင်းရေလောင်းတာ၊ ပန်းပင်ရေဖျန်းတာလောက်တော့ နင်

လုပ်ပေးနိုင်တယ်မလား။ မနက်စောစောထပြီး ရေဖျန်းပေး"

"ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ"

"အောင်မာ ... ငါ့ကိုများ ... အန်တီခေါ်စရာလား"

"ဟို ... ဦးခက်ထန်ခေါ်သလို လိုက်ခေါ်တာပါရှင်"

"မလိုဘူး ... သူက ငါ့တူမို့ အန်တီခေါ်တာ၊ နင်တို့က ငါ့ကိုမမလို့ပဲ ခေါ်ရမယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ ... မမ"

"အေး _ နင့်ကို ငါတို့က စနေစရာလည်းပေးထားတယ်၊ စားတာလည်း ငါတို့ဆီမှာပဲ စားလိုက်တော့၊ အဲဒီအတွက် ခြံထဲမှာ ရေဖျန်းပေး၊ ပိုင်းလုပ်ပေးပေါ့"

"ဟုတ် ... ဟုတ်ကဲ့ပါ"

သူမ ထမင်းနိုးစားနေတာကိုသိလို့ တရားဝင်ကျွေးပြီး အလုပ်ပါနိုင်းတာဖြစ်ရမည်။ ဘာပဲဖြစ်ဖြစ် ကောင်းတာပါပဲ။

ထိုနေ့မှစ၍ မနက်(၅)နာရီလောက်ထပြီး တစ်နာရီလောက် ခြံထဲမှာ ရေဖျန်းသည့်အလုပ်ကို ပန်းအိလုပ်ရသည်။ ပိုက်နှင့် လောင်းရသည်မို့ အပန်းမကြီးလှပါ။

သည်နေ့လည်း မနက်(၅)နာရီမှာ ပန်းအိတို့(၃)ယောက်လုံး အိပ်ရာမှ ထကြရသည်။ ထွေးနုနှင့်မိုးစပယ်က မီးဖိုသို့ဝင်ကြရ ပြီး ပန်းအိကတော့ ခြံထဲသို့ ဆင်းခဲ့ရသည်။

"အင်း ... သူဆန်စားလို့ ရဲရတော့မှာပဲလေ၊ ရန်ကုန်မြို့ ကြီးမှာ ကျောချစရာတစ်နေရာဆိုတာ မလွယ်ဘူး။ အဆောင်မှာ





နေရင် သူငယ်ချင်းတွေနဲ့လည်း ခွဲရမယ်၊ လစာလည်းမလောက် မဟုတ်ဘူး။ အိုလေ ... ရွာမှာဆို အလုပ်နဲ့လက်ပြတ်ရတာ မဟုတ်တာ၊ ခေါ်မမသီနိုင် အထက်စီးဆန်တာလေးလည်း ...ွှတ်လိုက်၊ ငါ့မိထွေးကြီးလောက်တော့ မဆိုးပါဘူး"

ကိုယ့်ကိုယ်ကိုယ် တရားချပြီး ... ပန်းအိခြံထဲသို့ဆင်းခါ ...ိုက်ကိုဖွင့်ရင်း လုပ်ငန်းစတင်ပါတော့သည်။

ခြံရှေ့မှာ မြက်ခင်း။ ခြံဘေးမှာ ပန်းအိုးတွေနှင့်ခြံနောက် ... ရေကူးကန်ရှိသည်။ သူမ ရေလောင်းရမှာ ခြံရှေ့နှင့်ခြံဘေး ...။ မနက်(၅)နာရီမို့ နှင်းတွေနှင့်ဝေလီဝေလင်းပေမယ့် မီးဖို ...ာ ကိုယ့်ဘော်ဒါတွေ အလုပ်လုပ်နေကြရာ ပန်းအိ မကြောက်

ကျော်ထက်နိုင်ဆိုတဲ့ လူကြီးက နာဘူးကြီး။ သူ့အကြည့် ...ွက မီးတောက်မတတ်ဘဲ။ ငါ သူ့ကိုသတိထားရမယ်။ ရွာက ...မြဲ ပြောဖူးတယ်၊ လူပျိုတွေထက် မုဆိုးဖို၊ တစ်ခုလပ်တွေ ...ိုကြောက်ဖို့ကောင်းတယ်တဲ့။ ဟုတ်မယ်။

ရေလောင်းနေပေမယ့် ကိုယ့်အနားကို ကျော်ထက်နိုင် ...ာ်တဆိတ်ရောက်လာမှာ စိုးသဖြင့် ပန်းအိနားစွင့်ထားရသည်။

ငါ ရေလောင်းတာ စောများနေသလား။ မနက်(၆)နာရီ ...အလုပ်ပြီးတော့ သူမ မိုးစပယ်တို့ကို ကူညီရသေးသည်။ ...ာရီခွဲလောက်မှ နံနက်စာ ထမင်းကြော်လေးနည်းနည်းစား ...ကျွေးသွားဖို့ ပြင်ရသည်။ (၈)နာရီမထိုးခင် အိမ်ကထွက်

နိုင်မှ (၉)နာရီမထိုးမီ ကုမ္ပဏီကိုရောက်မှာ မဟုတ်ပါလား။

အတွေးနှင့် သူမ ရေလောင်းနေစဉ် သူမ၏မျက်လုံး ဖက်ကို နောက်မှ ဖျတ်ခနဲ ပိတ်ထားတာခံလိုက်ရ၏။ သွာ ငါ သတိလစ်သွားတယ်။

"ဘယ်သူလဲ၊ ကျွန်မကိုလွှတ်၊ ရေလောင်းနေတယ်"

"အဟတ် ... ဟတ် ... ဘယ်သူလဲ ပြောကြည့်ေ

ဒီအိမ်မှာ ဒီလိုမျက်နှာရှူးတာ သူ့အပြင်ဘယ်သူရှိဦးမ သို့ပေမယ့် ပန်းအိ မပြောချင်။ ဒေါသတွေသာ လွှတ်ထွက် မိ၏။

"လွှတ်နော် ... ကျွန်မ ရေနဲ့ပက်လိုက်မယ်"

"ပက်လေ _ စောစောစီးစီး ရေချိုးရတာပေါ့၊ ဒါပေ ကိုယ်လည်းလန်းပြီး ဖက်ထားမိမှာနော်"

တောက် ... စောစောစီးစီး ကျက်သရေတုံးလိုက် ပန်းအိ ဘာလုပ်ရမှန်းမသိလို့ ခေတ္တကြောင်စဉ်းစားနေမိ ကျော်ထက်နိုင်က တဆင့်တက်လေ၏။

ပန်းအိ၏မျက်နှာကို လက်နှင့်တရှုရှုအုပ်ထားရာမှ လူ ရယ်ရယ်မောမောနှင့် သူ့ရင်ခွင်ဖက်သို့ ဆွဲကပ်လိုက်ခြင်းပါ

"ဟာ ... ဒီလူ ... "

ဒေါ်မမသီနိုင်၏မောင်မို့ ကြမ်းတမ်းစွာ မဆက်ဆံရဲပေ ပန်းအိပညာပေးရပေဦးမည်။ ကဲလေ ... ပန်းအိ သူ့ဘက် ဆတ်ခနဲလှည့်ရုန်းထွက်လိုက်ပြီး ဗိုက်မှရေနှင့်ပက်ထည့်ပစ်





ည်။

"ဟာ ... ဟာ ခွေးမလေး ... ကြည့်စမ်း ... ကိုယ့် တကယ်ပက်တယ်"

သူက တကယ်ပင် ပန်းအိကို အကြမ်းဖက်တော့မည့်ဟန် င်လျှင် ဗိုက်ကိုလွှတ်ချခဲ့ပြီး ပန်းအိ မီးဖိုဘက်သို့ လှည့်ပြေးခဲ့ သည်။

မီးဖိုဘက်တော့ သူမလိုက်ရဲပါ။ မီးဖိုထဲမှာ ပန်းအိ၏ ဘော်နှစ်ယောက်ရှိသည် မဟုတ်ပါလား။

"တောက် ... "

နောက်ဘက်မှ တောက်ခေါက်သံကို (၃)ယောက်သား းထောင်ကြပြီး ထွေးနုနှင့်မိုးစပယ်က ကြောက်ဒူးတုန်နေကြ ည်။

"ပန်းအိ ... နင်တော့ ကျားမြီးသွားဆွဲမိပြီ"

"ငါဆွဲတာမဟုတ်ဘူး၊ သူက ငါ့အမြီးလာဆွဲတာ"

"နင့်ဘိုးအေ ... သူ့ကိုရန်စမိပြီလို့ပြောတာဟ"

"နောက်နေ့ ငါ့နေရာမှာ ထွေးနုဝင်ဟာ၊ နင်က ဗလ ာင်းတော့ လူရှိန်တယ်"

"အမယ် ... အမယ် ကျုပ် ခါးခုတ်ရာဝင်ပြီး လက်မ ပါရစေနဲ့တော်၊ တော့်ပြဿနာ တော်ရှင်းပါ"

"နင်က ဒီလိုကြေးလား။ ဒါဆို မိုးစပယ် ရေလောင်း။ ... ဒီမီးဖိုထဲမှာ အလုပ်လုပ်မယ်"

''အင်း ... အေးပါ ... ဒါပေမဲ့ ငါတို့အပေါ် ပြသ
ရှာနေလိမ့်မယ်ထင်တယ်''

''ရှာလည်း (၃)ယောက်ဝိုင်းပြီး ဖြေရှင်းကြတာပေါ့
ကဲ ... လောလောဆယ် ငါခြံထဲပြန်ဆင်းပြီး ရေလောင်းလို
ဦးမယ်''

''ဖြစ်ပါ့မလား ... ''

''ဖြစ်မှာပါ၊ ပိုက်ကရေလှွတ်ပစ်ခဲ့တာဟ၊ မွက်တွေပေါ်
ကုန်လို့ ဒေါ်မမသိနိုင်နဲ့ ဖြေရှင်းနေရဦးမယ်၊ ဒီမှာနေရတာလ
မဟာနိပါဘူးဟာ၊ ဆပ်ကပ်ထဲက ခြသေ့ပါးစပ်ထဲ ခေါင်းထိုး
တာမှ သက်သာဦးမယ်''

''ပြောတတ်တယ်''

ခြံထဲမှာ ကျော်ထက်နိုင်မရှိတော့။ နေလည်းမွှန်ထ
အိမ်သားတွေလည်း နိုးလာကြပြီမို့ ပန်းအိ ခြံထဲမှာ ရေဖျန်းသ
အလုပ်ကို ဆက်လုပ်ရသည်။

❀ ❀ ❀



ရေလောင်းပြီး ပန်းအိ အိမ်ပေါ်သို့ တက်လာတော့ ကျော်
ထက်နိုင်တို့သားအဖနှင့် ညှေ့ခန်းမှာ တွေ့ရသည်။ မေရှုပါနိုင်က
သူမကို မေးလိုက်သည်။

''အန့်တီက ဆယ်တန်းအောင်ပြီးသားဆို''

''ဘာဖြစ်လို့လဲ''

''ရှုပါ့ကို စာကူရေးပေးပါ၊ အန့်တို့လက်ရေးလှလား''

''ကူလိုက်ပါ ပန်းအိရယ်၊ ခုခေတ်က စာတွေများတယ်၊
ကလေးနဲ့မလိုက်ဘူး။ ကျူရှင်စာက တစ်မျိုး၊ ကျောင်းစာက
တစ်မျိုးနဲ့ သမီးကြည့်ရတာ အရမ်းသနားဖို့ကောင်းတယ်၊ ကြည့်
လေ။ လူလေးကိုသေးညှက်နေတာပဲ''

''သမီးက သိတတ်ပါတယ် အန့်တီရဲ့၊ အန့်တို့အတွက်
စိတ်နာစေရပါဘူး''

ကလေးဖြစ်ပြီး စကားကြီးစကားကျယ်တွေ ပြောနေသည့်
ပါအား ပန်းအိ အပြစ်ကတ်ချင်ပေမယ့် မတော်လှုနိုင်ခဲ့ပါ။ ဘာ

ပဲဖြစ်ဖြစ် ကိုယ်က သူတို့အိမ်မှာ ကပ်နေရသည်မို့ ချော့တော့
ပြောရသည်။

"ကိုယ့်အိမ်စာကိုယ်တိုင်လုပ်တော့ စာတော်တာပေါ့ ရှ
ရဲ့"

"ဟာ ... အန်တီ မသိပါဘူး။ စာတွေက အရမ်းမျာ
တာ၊ သူများတွေလည်း သူတို့မေမေတွေ၊ အန်တီတွေက ကူ
ပေးတာပဲ"

"ဒါဆိုလည်း ရေးပေးရမှာပေါ့ကွယ်"

"ဒါဆို ... လာ ရှုပ့် စာကြည့်ခန်းထဲသွားမယ်"

"နေဦး ရှုပ ... အန်တီ အဝတ်လဲလိုက်ဦးမယ်၊ 
နေလို့"

"မြန်မြန်လုပ်နော်၊ ရှုပ့်ဖယ်ရီက (၈)နာရီလာမှာ၊ စာ
က အများကြီး"

ရှုပ့်အလိုကျ ပန်းအိ အမြန်ဆုံးအဝတ်လဲပြီး သူ
စာကြည့်ခန်းထဲသို့ လိုက်သွားရသည်။ စာကြည့်စားပွဲမှာ 
ထက်နိုင်ပါ ဝင်ထိုင်နေလျှင် ပန်းအိ တွန့်သွားရသည်။

ဒါ သဘောရိုးမှ ဟုတ်ရဲ့လား။ သူတို့သားအဖရဲ့ 
ကြံစည်မှုလား။ အားနာရင်တော့ ခါးပါလိမ့်မယ်ထင်တယ်။

သူတို့စားပွဲနားမှာ ပန်းအိ တောင့်တောင့်ကြီးရပ်နေမိ
ကျော်ထက်နိုင်က ပြီတီတီရုပ်နှင့် လှမ်းခေါ်သည်။

"လာလေ ... ပန်းအိ၊ ဘာလဲ ကိုယ်ရှိနေလို့လား"





"ဟုတ်တယ် ... ကျွန်မ ရှုပ့်ကို ကူစေချင်ရင် ရှင်ရှိနေ
လို့ဘူးလေ"

"ပြတ်သားတယ်ကွာ၊ တို့ပန်းအိကတော့ ကဲ ... ကဲ
ကောင်းပါပြီ၊ ကိုယ်ထွက်ပေးပါ့မယ်၊ သမီးရေ ... အန်တီ ကူ
ပေးမယ်နော်"

မင်းသားဟန်နှင့် သူ ပခုံးတွန့်ပြီး ထွက်သွားလေမှ ပန်းအိ
ကျောင်းစာများကို ကူလုပ်ပေးမိသည်။

မြွေပူရာကင်းမှောင့်။ ငါ့အဖြစ်ကလည်း အားလုံးကို
ကြောက်နေရတယ်။

* * *

ရှုပ်ဝေယျာဝစ္စများကို အစက ဘယ်သူကလုပ်ပေးသ
မသိပေမယ့် ယခုတော့ ရှုပ်ကိစ္စများအားလုံး ပန်းအိ ခေါင်း
သို့ ပုံကျလာခဲ့သည်။

ရှုပ်ဟာ (၈)နှစ်သမီးအရွယ်၊ တတိယတန်းကျောင်းသူ
ကျောင်းသွားဖို့ ပြင်ဆင်ပေးတာကအစ လုပ်ပေးနေရသည်။ ရှု
ကျောင်းသွားမှ ပန်းအိ ကမန်းကတန်း ကုမ္ပဏီသွားဖို့ ပြင်ဆ
ရသည်။

ပြင်တယ်ဆိုတာလည်း ရေအလျင်အမြန်ချိုးပြီး မျက်နှာ
မိတ်ကပ်အရည်လေး ခပ်ပါးပါးပွတ်လိမ်း၊ ခေါင်းဖြီး၊ ဆံပင်
ကျစ်ဆံမြီးတစ်ချောင်း ကျယ်လိုက်ရုံသာ။ ပြင်စရာမလိုသည့်အ
ဗို့ နဂိုရုပ်အတိုင်း။

သင့်တင့်ရာ အဝတ်တစ်စုံဝတ်ပြီး ထွေးနုလုပ်ပေးသည့်
ထမင်းချိုင့်ယူကာ အိမ်မှအပြေးအလွှား ထွက်ရသည်။ ဘတ်(





ီးစီးဖို့ မှတ်တိုင်သို့ လျှောက်သွားနေဆဲ နောက်မှကပ်ရပ်လိုက်
ည့် ကားသံကြောင့် ပန်းအိ အလန့်တကြား ကြည့်မိလျှင်
ားထဲမှ ကျော်ထက်နိုင်က အပြုံးနှင့် ကားတံခါးဖွင့်ပေးခဲ့သည်။

"လာ ... တက်လေ၊ ပန်းအိ ... ရှုပ်ကို စာကူလုပ်
းနေရလို့ အလုပ်ချိန် နောက်ကျနေပြီ၊ ကိုယ့်မှာ တာဝန်ရှိ
ယ်၊ ကိုယ်လိုက်ပို့မယ်"

"နေပါစေရှင် ... ရပါတယ်၊ အချိန်မီပါတယ်"

"လာပါ ... အားနာစရာမရှိပါဘူး။ ကိုယ်လည်း ကုမ္ပဏီ
ားမလို့ပါ၊ မမက ကိုခက်ထန့်ဆီ ငွေသွားထုတ်ခိုင်းလို့လေ"

"အိမ်မှာ တောင်းလည်းရသားနဲ့"

"ဩော် ... ကိုခက်ထန်က အရမ်းစနစ်ကြီးတယ်လေ၊
ိမ်ကို ငွေတွေသယ်လာလေ့မရှိဘူး။ ငွေကို ကုမ္ပဏီမှာထားရင်
ား မထားရင် ဘဏ်မှာထားတာ"

ကုမ္ပဏီထိရောက်တယ်ဆိုတော့ ပန်းအိ တစ်ချက် စဉ်း
ကြည့်လိုက်ပြီး ကားထဲသို့ဝင်ထိုင်လိုက်၏။ သူဘေးမှာ ကား
လျှာခနဲ ထွက်လာ၏။

"ပန်းအိတို့ ရောက်တာတောင် တစ်လပြည့်တော့မယ်နော်
ယ်တို့အိမ်လည်း ပန်းအိတို့ရောက်မှ အသက်ဝင်လာတယ်"

"ရှင် ... "

"ဩော် ... ဒီလိုပါ၊ အစက အိမ်မှာခြောက်သွေ့နေတာ
လေ၊ သမီးကလည်း မိုးလင်းမိုးချုပ် ကျောင်းတက်၊ ကျူရှင်

တက်၊ ဂိုက်တက်ရနဲ့၊ မမကလည်း သူ့အလုပ်အပေါ်မှာအတွေ
ကာယအလုပ်သွားရတာနဲ့၊ အလုပ်ပြင်ဆိုင်သွားရတာနဲ့၊ ရှေ
ထွက်ရတာနဲ့ ... ကိုယ်ကလည်း ဖျင်းတော့ လျှောက်သွားနေ
တယ်''

ကျော်ထက်နိုင်၏ အသွေးအမွေးက သူဌေးတစ်ယော
လို ပြောင်ပါသည်။ စတိုင်လည်း ကျပါ၏။ သို့သော် ပန်း
သူ့ကိုအထင်မကြီးပါ။ ကိုယ်ပိုင်အစွမ်းအစ ဘာမှမရှိဘဲ လူ
တစ်ယောက်လို ပေါ့ပေါ့နေပေါ့ပေါ့စားကြီး။

''ဒါထက် ... ဒေါ်မမသီနိုင်က ငယ်ငယ်နုနုချော
လေးနော်၊ ဦးခက်ထန်ထက်တောင် ငယ်မယ်ထင်ရတယ်၊ ဘ
လိုလုပ်ပြီး အဒေါ်ဖြစ်နေတာလဲ''

ပန်းအိ ... မသိမသာပုံစံနှင့် ကျော်ထက်နိုင်ကိုမေးကြ
လိုက်၏။

''ဦးခက်ထန် ... ငယ်ငယ်က အရမ်းဆင်းရဲတယ်၊
ဦးလေးက ကျောင်းထားပေး၊ ကြည့်ရှုစောင့်ရှောက်ပေးခဲ့ရတ
တဲ့၊ အဲ ... နောက် သူနိုင်ငံခြား သင်္ဘောလိုက်သွားပြီး (၅)
လောက်ကြာတော့ ဘယ်လိုပွလာတယ်မသိဘူး။ ဒီမှာ ကုမ္ပ
ထောင်၊ အဆင်တွေပြေနေတဲ့အချိန်၊ သူ့ဦးလေးက စီးပွား
ကျပြီး လူလည်းရောဂါကပ်၊ ဒုက္ခတွေရောက်နေတယ်''

''အဲဒီဦးလေးက အခု ဒေါ်မမသီနိုင်ရဲ့ ယောကျ်ားပေ

''ဟုတ်တယ် ... သူ့ဦးလေးဆုံးတော့ မမကို သူလက်





ခဲ့တယ်၊ မမရဲ့တိုက်ကို ရောင်းပြီး သူ့ကုမ္ပဏီမှာ ရှယ်ယာဝင်ပေး
ထားတယ်၊ ဒီနေ့ အမြတ်သွားထုတ်မှာ''

''ဪ ... ဦးခက်ထန်က ကျေးဇူးသိတတ်သားပဲနော်၊
ကိုယ့်ဦးလေးမိန်းမကို ကိုယ့်မိဘလိုစောင့်ရှောက်ဖော်ရတယ်''

ထိုအခါ ကျော်ထက်နိုင် နှုတ်ခမ်းကိုမဲ့လိုက်၏။

''အလကားပါ၊ လူကြားကောင်းအောင်ပါ၊ သူ့အိမ်မှာနေ
ပြီး သူ့ထမင်းစားနေရတော့ သူ့မျက်နှာကြည့်နေရတာပဲ''

''ဟင် ... ကျွန်မမြင်နေရတာတော့ ရှင်တို့အုပ်စုက ဒီ
အိမ်မှာဗိုလ်ပါ''

''အဲဒါ ... ပန်းအိ မကြည့်တတ်လို့ပါ၊ ကိုယ်တို့အုပ်စုက
ပန်းအိတို့ကိုသာ ဗိုလ်လုပ်နေရတာ၊ သူ့ကိုမကျော်နိုင်ပါဘူး။
ကဲပါ ဒီကောင့်အကြောင်းထားစမ်းပါ၊ ပန်းအိနဲ့ကိုယ် တစ်ခုခု
စားရအောင်နော်၊ မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်ပေါ့''

''ဟာ ... မဖြစ်ဘူး။ ကျွန်မ အရမ်းနောက်ကျနေလိမ့်
မယ်၊ နောက်မှပေါ့၊ တော်ကြာ အလုပ်ပြုတ်သွားလို့ ကျွန်မ
ဒုက္ခရောက်နေပါ့မယ်''

''ဒါများ ပန်းအိရယ် ... ဘာပူစရာလိုလဲ၊ ကဲ ...
ပန်းအိ လစာ ဘယ်လောက်ရသလဲ၊ လေးသောင်းလား၊ ငါး
သောင်းလား''

''လေးသောင်းပါ''

''မပူနဲ့ ကိုယ်ပေးမယ်၊ ပန်းအိ ရှုပ်ပါ့ကိုပဲ ဂိုက်လုပ်ပေး

တော့''

''ရှင်က ဘာမှလည်းအလုပ်မလုပ်ဘဲ ဘယ်ကပိုက်ဆံရ
လဲ''

''လူကိုအထင်မသေးပါနဲ့ကွာ၊ ဒီကားတစ်စီးတော့ ကိုယ်
ပိုင်ပါတယ်၊ ကားဆွဲတယ်လေ၊ တစ်နေ့ ၄-၅ သောင်းထိရ
တယ်''

''နေပါဦး၊ ကျွန်မကို ကုမ္ပဏီရောက်အောင်သာ မြန်မြ
ပို့ပေးပါ''

ဒီနေ့ထဲ သူ့အရမ်းလွန်နေမှာစိုးလို့၊ ပန်းအိကို ကုမ္ပ
သို့ပဲ ကျော်ထက်နိုင် ပို့ပေးလိုက်သည်။ ဒါမှလည်း နော
သူ့ကို ပန်းအိ ယုံမည်မဟုတ်ပါလား။

❦ ❦ ❦



ပန်းအိ ကိုယ့်ယူနီဖောင်းကို အဝတ်လဲခန်းမှာ အလျင်
အမြန်သွားလဲဖို့ ပြေးလွှားနေမိစဉ် အခန်းထောင့်မှာ လူတစ်
ယောက်နှင့်တိုက်လေ၏။

''ဘုတ် ... ''

''အင့် ... ''

တစ်ဖက်လူ့ကို မော့မကြည့်အား။ ကိုယ့်အိတ်ကလေး
ပြုတ်ကျသွားတာ လှမ်းကောက်နေစဉ် ...

''ဘာဖြစ်လို့ နောက်ကျရတာလဲ ကျော်ထက်နိုင်ကို ဘာ
အောက်မေ့နေသလဲ''

''ရှင် ... ဦးခက်ထန်''

သူမတိုက်မိသူဟာ ဦးခက်ထန်ဖြစ်နေသဖြင့် ပန်းအိ
ငြန်လှုပ်သွားရသည်။ ဦးခက်ထန်ဟာ သူမတို့အဖွဲ့ကို ကယ်တင်
ထားခဲ့ပေမယ့် ရုပ်ကတည်တင်းလွန်းပါသည်။ အိမ်မှာဆိုလည်း
သူ့ကိုနေ့တိုင်းတောင် မမြင်ရ။

အလုပ်ရှုပ်လွန်းသည့်သူမို့ ဖြစ်မှာပေ။ သို့သော် သူမ
အပေါ် ဖော်ဖော်ရွေရွေ မဆက်ဆံ။ ဒါလည်း သဘာဝကျ
သည်။ ယခုကျ သူက အိမ်ကြီးရှင်၊ အလုပ်ရှင် ကုမ္ပဏီသူဌေး
ကြီး မဟုတ်ပါလား။ သူမတို့က ဘာမှမဟုတ်သည့် သာ
တောသူမလေးတွေပါ။ အညတြထက်တောင် နိမ့်ကျဦးမည့်
အောက်တန်းစားလေးတွေ။

သို့ပေမယ့် ပန်းအိ ဦးခက်ထန် မျက်နှာကြောကြီး
ခက်ထန်နေလျှင် အတူးပင် ဝမ်းနည်းရသည်။

သူဟာ သူမတို့ရဲ့ လူစွမ်းကောင်းကြီးမို့ပါ။ ချောမော
ညားသည့် သူ့အသွင်ကို မော့ကြည့်ပြီး ပန်းအိ ကြောင်နေလျှင်
သူက ထပ်မံပြီး ဟိန်းဟောက်လိုက်၏။

"ကျော်ထက်နိုင်အကြောင်း မင်းဘာသိလဲ၊ တကယ်
ရှုပ်၊ လူပွေ၊ သူ့ကားနောက် ကျပ်ကျပ်လိုက်၊ စမ်းချောင်းရဲ့
လိုက်ကယ်ရတာထက်ဆိုးသွားမယ်"

ပြောပြီး ဦးခက်ထန် ဒေါသတကြီးထွက်သွားလျှင် ပန်း
ရုက်ရွံ့အားငယ်စွာ ကျန်ခဲ့ရသည်။ ပြီးမှ အဝတ်သွားလဲပြီး ကို
ကောင်တာသို့ ပန်းအိ ပြန်လျှောက်လာခဲ့ရသည်။

ရင်ထဲမှာ ဝမ်းနည်းနေသည်မို့ ပန်းအိမျက်နှာလေး ည
နေစဉ် သူမ၏ကောင်တာသို့ ကောင်လေး ၄-၅ယောက် ရော
လာပြီး စနေးဝယ်ကြသည်။

သူတို့ပြန်သွားပြီး ခဏကြာလျှင် ပန်းအိကို ရုံးခ





လာခေါ်ခဲ့သည်။

"ပန်းအိနေရာ ... ဘော့စ် ခေါ်နေပါတယ်"

ပန်းအိ ဆတ်ခနဲ တုန်လှုပ်သွားသည်ကို မြင်လိုက်ကြရ
လျှင် သူမ၏ လုပ်ဖော်ကိုင်ဖက်များက ဩဘာပေးကြသည်။

"ပန်းအိတော့ အလုပ်ပြုတ်ခံရတော့မယ်ထင်တယ်"

"ဘော့စ်က တစ်ခါဆူရင် တစ်သက်လုံးနော်"

"မကြောက်ပါနဲ့ မပန်းအိရယ် ... အခြေအနေက
သေရှုပါပဲ"

ပန်းအိ ရင်တထိတ်ထိတ်နှင့် သူ့ရုံးခန်းထဲသို့ ဝင်သွားရ
သည်။ ငါတော့ ငြိုဟ်ဝင်နေပြီ။ ဒီနေ့တစ်နေ့လုံး ပြဿနာတွေ
ချည်း တိုးနေရတယ်။

ဦးခက်ထန်က သူမကို မထိုင်နိုင်းပါ။ သူ့ရှေ့တွင် ရပ်နေ
သည့် ပန်းအိကိုမော့တောင်မကြည့်။

"စောစောက ဘာလဲ၊ ငါ ဆူလို့အရွဲ့တိုက်တာလား"

"ရှင် ... "

သူ့စကားကို ပန်းအိ နားမလည်။ စောစောက ဘာလုပ်
မိလို့လဲ။

"ခုမှ အူကြောင်ကြောင်လုပ်မနေပါနဲ့ ... စောစောက
ကောင်လေးတွေနဲ့ ရယ်မောနေတာလေ"

"ရှင် ... "

"ခုမှ တရှင်ရှင်နဲ့၊ မခုတ်တတ်တဲ့ကြောင်လုပ်နေတယ်၊

ဝိန်းကလေးဖြစ်ပြီး ဒီလောက်ရယ်ရသလား။ တော်ပြီ ... မင်း
ကို ငါအလုပ်ထုတ်တယ်၊ သွား ... သွားတော့''

ဒီတစ်ခါ ပန်းအိ မရှင်နိုင်တော့ပါ။ ချက်ချင်းပင် ဒူးကျိုးကျ
သွားပြီး သူမမျက်လုံးထဲမှာ ဦးဖြိုးတင့်၏ အရက်သီပြန်နေသည့်
မျက်နှာပွပွကြီးကို မြင်ယောင်လိုက်ရာ ပန်းအိ ရင်ထဲ အလုံး
ကြီးဆို့တက်၊ သတိလစ်သွားတော့သည်။

● ● ●



''အင့် ... အင့် ... ''

''ဟော ... သတိရလာပြီ ... ပန်းအိ ... ပန်းအိ''

ပန်းအိ လှုးလဲထလိုက်တော့ သူမ ဦးခက်ထန်ရုံးခန်းထဲမှ
ခုံးဘက်ပေါ် ရောက်နေသည်ကို တွေ့ရ၏။

''ကျွန်မ ... ကျွန်မ ... ''

''အေး ... မင်းသတိလစ်သွားတာ၊ ကံကောင်းလို့ ငါ
လူသတ်တရားခံမဖြစ်တယ်၊ မင်းကွာ ဒီလောက်ပျော့ရသလား''

''ကျွန်မကို အလုပ်ဖြုတ်မပစ်ပါနဲ့ ဦးခက်ထန်ရယ်၊
အရောင်းကောင်တာမှာ မခိုင်းချင်လည်း တံမျက်လှဲတာဖြစ်ဖြစ်
ဘာဖြစ်ဖြစ်ခိုင်းပါနော်၊ ကျွန်မ အိမ်မပြန်ချင်လို့ပါ၊ ဟိုလူကြီးကို
ကြောက်လို့ပါ''

''ကောင်းပြီ ... မင်းကို ငါ့ရဲ့လက်တိုလက်တောင်းအဖြစ်ပဲ
ခိုင်းမယ်''

''အဲဒါ ... ဘာလဲဟင်၊ ဘာတွေလုပ်ရမှာလဲ''

"ငါအစည်းအဝေးသွားရင် နောက်ကဖိုင်ကိုင်ရမယ်၊ ညောင်းရင်နှိပ်ပေးရမယ်၊ နောက် ... ကော်ဖီဖျော်ရ အခါအားလျော်စွာ ခိုင်းတဲ့အလုပ်ကို လုပ်ပေးရမယ်"

"ဒါပဲလား"

"ဘယ်ကမလဲ၊ ငါ့နောက်က ခွေးလေးလို တကော ကောက်လျှောက်လိုက်ပြီး ကြို့ရဆိုရမယ်"

ဒါတော့ ဦးခက်ထန် ရွဲ့ပြောနေတာဖြစ်မည်။ အဖြစ် တတ်တဲ့လူရဲ့လက်အောက်မှာ အလုပ်လုပ်ရတာ လွယ်က မလား။

ခြသေ့်ကြီးနဲ့ယှဉ်လိုများ ဖြစ်နေဦးမလား။ ပန်းအိ စဉ်း နေလျှင် ဦးခက်ထန်က ပိတ်ဟောက်လေ၏။

"ဘာတွေစဉ်းစားနေစရာလိုသလဲ၊ အလကား ဘာ မပင်ပန်းတဲ့အလုပ်ကို"

"ဟုတ် ... ဟုတ်ကဲ့ ကျွန်မ ... လုပ်ပါ့မယ်"

"ကောင်းပြီ ... နောက် ကွန်ပျူတာသင်ရမယ်၊ ပီအေလုပ်နိုင်အောင် သင်တန်းတွေ တစ်ခုပြီးတစ်ခု လျှော တက်ရမယ် ကြားလား"

"ဟုတ်ကဲ့ ... "

"ဒါပေမဲ့ ငါ့စည်းကမ်းတွေ လိုက်နာရမယ်၊ စည်းကမ်း (၃)ချက်ထဲပါ"

"ဟုတ် ... ပြောပါရှင်"





"တစ် ... ကျော်ထက်နိုင်နဲ့ မဆက်ဆံရဘူး။ သူကား ည်း လိုက်မစီးရဘူး"

"နှစ် ... ယောကျ်ားတွေနဲ့ အရောတဝင်မနေရဘူး။ ယ်ရယ်မောမောလုပ်စရာမလိုဘူး"

သူနှင့်ဘာဆိုင်လို့လဲ။ သို့သော် ကိုယ်ကအလုပ်ပြုတ်မခံနိုင် ည်မို့ ပန်းအိ ခေါင်းညိတ်နေရသည်။

"သုံး ... မေရှုပါနိုင်ကို အရောတဝင်လုပ်စရာမလိုဘူး။ ဲ ... ဒီစည်းကမ်း(၃)ချက်ကို မင်းလိုက်နာရမယ်"

"ဟာ _ ဒါတော့ ဦးခက်ထန် ကျွန်မကို အထင်လွဲတာ မေရှုပါကို ကျွန်မ အရောတဝင် လုပ်တာမဟုတ်ဘူး။ သူတို့ ကြောက်လို့သာ သူတို့ခိုင်းတာလုပ်ပေးရတာ"

"ကြောက်စရာမလိုဘူး။ သူတို့က ကိုယ့်ရဲ့မှီခိုသူတွေပါ။ ပါကိုအကြောင်းပြပြီး မင်းတို့နှစ်ယောက် နီးစပ်သွားမယ်၊ ကျော် က်နိုင်က လူလည်၊ ဘယ်မိန်းကလေးကိုမှ အတည်ယူချင် ာမဟုတ်ဘူး"

သူများအကြောင်း မကောင်းပြောနေသည့် ဦးခက်ထန်ကို န်းအိ နားမလည်။ တကယ်တော့ ကျော်ထက်နိုင် မကောင်းတာ ည်း သူမသိပြီးပါပြီ။ မနက်ကတင် ခံစားပြီး မဟုတ်ပါလား။

"ဦးခက်ထန် ပြောပေးပါလား ရှုပ်ကို ... "

"ငါပြောလို့ကောင်းမလား။ မင်းဘာသာ ဒီလောက်မှ မပြောရဲဘူးလား။ တော်ကြာ ဦးဖြိုးတင့်ယူရတာထက် အဖြစ်ဆိုး

နေမှာစိုးလို့ သတိပေးနေတာ''

''ဟုတ် ... ကောင်းပါပြီ၊ ဒီနေ့ ကျွန်မ ဘာလုပ်ရမလဲ''

''ခုကစပြီး ငါ့ရဲ့ဖြုတ်စဗျင်းတောင်း ရာထူးတာဝန်ကို ထမ်းဆောင်ပေတော့၊ ကဲ ... ကော်ဖီ သွားဖျော်''

ဦးခက်ထန် ခိုင်းသည့်အတိုင်း အခန်းနောက်မှာ သူမ ကော်ဖီသွားဖျော်ရပါသည်။ ရင်ထဲမှာလည်း အတွေးတွေက အများကြီး။

ငါ ... ရာထူးတက်တာလား။ ကျတာလား။ သူ့တောက် တိုမယ်ရဆိုတော့ အောက်ကျလိုက်တာ။ အေးလေ ... ထွေး တို့ စပယ်တို့လည်း အောက်ကျတာပဲ။ ငွေရှာရတာ တယ်လွယ်ပါလား။

ဒါပေမဲ့ သင်တန်းတွေ လျှောက်တက်ရမယ်ဆိုတော့ ပညာတိုးပါတယ်လေ။

ကော်ဖီဖျော်လိုက်၊ မြည်းလိုက်နှင့်တစ်ခွက်ကုန်သွားလျှင် ပန်းအိ နောက်တစ်ခွက် ထပ်ဖျော်ရသည်။

အင်း ... ဒီတစ်ခါတော့ မြည်းလို့မဖြစ်ဘူး။ ငါအဆူခံ ရလိမ့်မယ်။ ဦးခက်ထန်ရဲ့အကြိုက်ဟာ ဘယ်လိုပါလိမ့်။ မမေး ခဲ့ရဘူး။

သူမ ... ဖျော်ပြီးသွားပို့တော့ ဦးခက်ထန် ကျီးမများယိ

''အာဂ တောက်တိုမယ်ရပဲ၊ ကဲ ... ငါ့အခန်းရှေ့မှာ နေရာလုပ်ခိုင်းထားတယ်၊ အဲဒီမှာနေ ငါ ... ဘဲလ်ကို တစ်ချက်





ရင် မင်းကိုခေါ်တာ၊ နှစ်ချက်နှိပ်ရင် ဦးသင် လာလိမ့်မယ်''

''ဟုတ်ကဲ့ ... ''

''အလကား ထိုင်မနေနဲ့၊ ရော့ ... ဒီစာအုပ်ဖတ်နေ''

သူပေးသည့်စာအုပ်ကို တာဝန်တစ်ရပ်နှယ်ယူပြီး သူညွှန် သည့်အတိုင်း ပန်းအိသွားနေရသည်။

''ဟော့ ... ကွန်ပျူတာက ညနေ ၃နာရီကနေ ၅နာရီထိ က်ရမယ်၊ ဒီရုံးနဲ့မဝေးဘူး။ လင်း ... ကွန်ပျူတာမှာ သင်ရ ယ်၊ ငါလှမ်းပြီး ဖုန်းဆက်ထားတယ်''

''ဟုတ် ... ''

''ဒါပဲ ... သွားတော့၊ အိပ်ငိုက်မနေနဲ့၊ ငါခေါ်ရင် ချက် င်းလာမှ ကြိုက်တယ်''

''ဟုတ် ... ''

❦ ❦ ❦

ညနေ ၅နာရီ ကွန်ပျူတာခန်းမှ ထွက်လာတော့ ပန်း... ကားမှတ်တိုင်သို့ လျှောက်ခဲ့သည်။ ကုမ္ပဏီ ယူနီဖောင်းလဲပြီ... ပြီမို့ သူမ ဝတ်ထားတာ နိုးရိုးရှင်းရှင်းလေး။ ချည်ထည်ဝတ်... လေးပေမယ့် ပန်းနုရောင် အဆင်လေးက ချစ်စရာ။

ပန်းအိ ကိုယ်လုံးလေးအတိုင်း ချပ်ချပ်ရပ်ရပ်။ အင်္ကျီ... ကလည်း ရင်ဖုံးပုံဆန်း လက်မောင်းတစ်ဝက်မို့ တကယ့်မော်ဒ... လေးတစ်ယောက်ပမာ။

တောသူမို့ ဘတ်(စ)စီးရတာ မကျွမ်းကျင်သည့်အပြ... သူမ မှာတွန့်ဆုတ်ဆုတ်။ သည်အခါ မိန်းကလေးချင်းထ... ယောက်ျား လေးများက ပိုပြီးကူညီတတ်ရာ ...

"လာ ... လိုက်မလို့လား ... တက်လေ"

စပယ်ယာ၏ လက်သွက်၊ ခြေသွက် တွန်းတင်၊ ဆွဲ... ခြင်းကို ပန်းအိ စိတ်ပျက်စွာ ခံယူနေရမြဲ။

"သွားပါပြီတော်၊ ကိုယ့်ဘာသာတက်မှာပေါ့"





"နှမြောမနေနဲ့၊ အစ်မပုံစံက ဒီနေ့လည်း တက်ဖြစ်မှာကို ...တ်ဘူး"

"တိုး ... တိုး ... ဟိုဘက်တိုး၊ နေရာလွတ်တွေရှိတယ်"

စပယ်ယာ၏ စကားအတိုင်း ပန်းအိ လဲလုလု ... ပြိုလု ...င့် အတွင်းပိုင်းသို့ တိုးပေမယ့် နေရာလွတ်က မဒတွေ့။

"လာ ... ထိုင်"

လူတစ်ယောက်က နေရာမှထပေးသဖြင့် ပန်းအိ အားတုံ့ ...ဘာနှင့်။

"နေပါစေရှင် ... ထိုင်ပါ"

"ရတယ် ... ထိုင်"

"ကျေးဇူး"

နေရာမှာဝင်ထိုင်ပြီး နေရာပေးသူကို ပြုံးပြဖို့ မော့အကြည့်။

"ဟင် ... "

ဦးခက်ထန်။ ဘယ်လိုလုပ်ပြီး ကိုယ်ပိုင်ကားပေါ်ကနေ ...(စ)အပေါ် ရောက်လာပါလိမ့်။ သူ့ကားပျက်လို့လား။ ဒါဆို ... တက်စီ ငှားစီးမှာပေါ့။

တွေးလို့မရသဖြင့် ပန်းအိ အံ့သြစွာ ပါးစပ်လေး ဟနေပုံ အကြာကြီး။

"ဘာဖြစ်လို့လဲ ... ဒါ အံ့သြစရာလား"

"ဟို ... ဘော့စ်ရဲ့ကား ... "

"ပျက်နေလို့ ... တက်စီလည်း မစီးချင်ဘူး"

"ဩော် ... ဒါဆို လာထိုင်ပါ ... "

သူမ နေရာမှထပေးမည်ပြင်တော့ သူက ပန်းအိပခုံ ဖိချခဲ့သည်။

"ရတယ် ... မင်းပဲထိုင် ... "

ပန်းအိ အားတုံ့အားနာနှင့်ပင် သူပေးသည့် နေရာ ထိုင်နေရစဉ် ဘေးမှကောင်မလေး ဆင်းသွားသဖြင့် သူ ဖျတ် ဝင်ထိုင်လေသည်။

"လျှင်သားပဲ"

"စီးနေကြပါ၊ မဆန်းပါဘူး။ မွေးကတည်းက ရွှေဖွန်း ရတာမဟုတ်ဘူး"

"ခုမှ ကိုက်တာပေါ့"

"ဘာ ... "

"ဩော် ... ရွှေဖွန်းကို ခုမှကိုက်ရတာလားလို့ မေး ပါ"

"မင်း ... ငါ့ကိုလှောင်တာလား"

"မလှောင်ရဲပါဘူး ... ဘော့စ်ရယ်၊ ကျွန်မတို့ တည်းတည်းလေးပါ"

"ဘာလို့လဲ"

"ဘော့စ်မကျေနပ်ရင် ချက်ချင်းအလုပ်ဖြုတ်ခံရမှာ"

"ငါ့ကို ဘာလို့ ဘော့စ်လို့ခေါ်တာလဲ"

"တစ်ရုံးလုံးခေါ်လို့ လိုက်ခေါ်တာပါရှင်၊ စိတ်မရှိ



"ဦးခက်ထန်လို့ပဲခေါ်၊ ဒါထက် ပြောထားရဦးမယ် ... အိမ်ရောက်ရင် ငါ့အခေါ်ရှေ့မှာ ငါ့ကိုအရေးမလုပ်သလိုနေ"

"အဲဒါ ဦးခက်ထန်ရဲ့အခေါ်မဟုတ်ဘူးဆို၊ ဦးလေးရဲ့မိန်းမ ကိုဘာလို့ ဒီလောက်ကြောက်နေရတာလဲဟင်"

"ကြောက်တာမဟုတ်ပါဘူး။ ဒါပေမယ့် သူက ငါအခြား န်းကလေးတွေနဲ့ အရောတဝင်နေရင် မကြိုက်ဘူး။ မင်းတို့ကို ြဿနာရှာမှာစိုးလို့ပါ"

"ဟုတ်ကဲ့ ... မှတ်ထားပါ့မယ်"

ဦးခက်ထန်နှင့်အတူ ဘတ်(စ)စီးလာရင်း ပန်းအိ နား လည်ဖြစ်ရသည်။ သူဟာ သဘောကောင်းသလိုလိုနဲ့ ချုပ်ချယ် ဲ့က်တာ။ စည်းကမ်းတွေကလည်း များတယ်။ ရုပ်ကလည်း ချာရဲ့သားနဲ့ ရုပ်တည်ကြီးဆိုတော့ ကြောက်စရာကောင်းတယ်။

"ဟော့ ... ရောက်ပြီ ... ဆင်း။ ဒါပေမယ့် မင်းအရင် အိမ်ပြန်နှင့်၊ ငါလိမ်းထိပ်မှာ စာအုပ်ဝင်ရွေးဦးမယ်"

"ဟုတ်"

ကောင်း ... ဒေါ်မမသိနိုင်ကို ကြောက်လို့ဖြစ်ရမည်။ န်းအိ တစ်ယောက်တည်း လျှောက်လာစဉ် တစ်နေရာမှပြန်လာ ာန်တူသည့် ကျော်ထက်နိုင်ကို လမ်းမှာတွေ့လိုက်ရသည်။ သူ့ ံပံကလည်း ပန်းအိ နောက်ကျနေသည့်အတွက် အပြစ်တင်ချင် သည့်ရုပ်နှင့်။

"ပန်းအိ နောက်ကျလှချည်လား။ ဘယ်တွေဝင်နေတာလဲ

မအူမလည်နဲ့ ဒုက္ခရောက်သွားမယ်''

''ကျွန်မ ကွန်ပျူတာ သင်တန်းတက်နေလို့ပါ''

''သင်တန်းက ဘယ်အချိန်တွေလဲ၊ မင်းမှာ သင်တန်း တက်စရာ ပိုက်ဆံရောရှိလို့လား''

သူ့အသွင်က ပန်းအိကို အထင်သေး အမြင်သေး။

''ပိုက်ဆံက ခွဲသွင်းလို့ရတယ်လေ၊ ကျွန်မဘာသာ ဘယ် အချိန်ပြီးပြီး ရှင်နဲ့ဘာဆိုင်လို့လဲ''

ကိုယ့်ကိုအထင်သေးစွာနှင့် မာန်မဲနေသည်မို့ ပန်းအိ ပြ စွာပစ်လိုက်သည်။ ဟုတ်တယ်။ ငြိမ်ခံနေရင် တစ်အိမ်လုံး အောက်မှာ ပြားပြားဝပ်နေရလိမ့်မယ်။

''ဆိုင်တာပေါ့၊ မင်းနေတာ ငါ့အိမ်မှာလေ၊ မင်းအပြ မှာ ဘာပဲဖြစ်လာလာ ငါတို့မှာ တာဝန်ရှိတာပေါ့''

''မလိုပါဘူး''

''လိုတယ် ... လိုတယ် ... ဥပမာ မင်းအနေအထိ မတတ်လို့ ကိုယ်ဝန်တွေ၊ ဘာတွေရှိလာရင်တောင် ငါတို့ လူတွေက ယုန်ထင်ကြောင်ထင် ထင်လိမ့်မယ်၊ ဒီထင်မခံနိ ဘူး''

''ဘာ ... ''

သူမ တစ်ကိုယ်လုံး ရှက်ဒေါသတွေနှင့် ပူထူလောင်မြို သွားပြီး ကျော်ထက်နိုင်ကိုလည်း အရမ်းအံ့ဩသွားရ၏။

ချူဟာပြောင်းတာလား။





သံကို မီးဖုတ်ပြီး လိုရာပုံသွင်းသလို သူဟာ ကိုယ့်ကို ော့လိုက်၊ ဒေါသဖြစ်အောင် ဆွလိုက်နှင့် လိုရာပုံသွင်းမလို့လား။

ပန်းအိ ကျော်ထက်နိုင်ကို တွန်းဖယ်ပြီး အိမ်သို့အမြန်ဆုံး ရောက်လာခဲ့လျှင် သူလည်း နောက်မှလိုက်လာခဲ့သည်သာ။

ပွင့်နေသည့် ခြံတံခါးမှ လျှင်မြန်စွာ ဝင်လိုက်ပြီး သူမ ကိုယ့်အခန်းသို့ အမြန်သွားခါ အိမ်နေရင်း အဝတ်လဲလိုက် သည်။

နောက် ... ချက်ချင်းပင် ထွေးနှတို့ရှိရာ မီးဖိုဆောင်သို့ သွားလိုက်၏။

မီးဖိုထဲမှာ ချွေးတလုံးလုံးနှင့် ချက်ပြုတ်နေကြသည့် သူ ယ်ချင်းနှစ်ယောက်ကို သူမတွေ့ရသည်။

''လာဟေ့ ... ငါတို့ကို ကူပါဦး။ ဒီနေ့ ချက်စရာများ ယ်''

''ဧည့်သည်လာမှာမို့လား''

''မလာပါဘူး။ ဒါပေမယ့် ဟင်း ၄-၅မျိုး ချက်နိုင်းတယ် ''

''ကောင်းတယ် ... ကဲ ငါဘာလုပ်ရမလဲ ပြော ... ''

''၇ နာရီမှာ ညစာ စားနိုင်ဖို့အတွက် ပန်းကန်ဆေးပေ ာ့''

''နင့်ကို ပညာပိုင်း နိုင်းလို့မရဘူး။ နင်နဲ့တော်တဲ့ ပန်းကန် ။ အိုးဆေးပဲ နိုင်းမယ်''

''ရတယ် ... ရတယ် ငါဟင်းချက်နိုင်ရင် ဟင်းတွေ နိုးစားမှာစိုးလို့မလား''

''ဟုတ်တယ် ... ဟုတ်တယ် ... ဒါ အမှန်ပဲ''

''အေးပါ ... ညကျမှ ငါဒီနေ့ ဘယ်လောက်ခံစားလာခဲ့ ရတယ်ဆိုတာတွေ ပြောပြမယ်''

''နင်က ရုပ်ချောတဲ့ သူဆိုတော့ နင့်ခံစားချက်က လှမှာ ပါ''

''မထင်နဲ့ ယောက်မရေ နင်တို့ဘဝက ရိုးရှင်းတယ် ငါ့ဘဝကမှ တကယ့် သပွတ်အူလို ရှုပ်ထွေးတာ၊ အတိုက်အခိုက် အဖိအနှိပ်တွေများတယ်၊ မလိုတဲ့သူများတယ်၊ ငါတော့ နင်တို့ အလုပ်ကိုပဲ အားကျတယ်''

''ဒါဆိုလဲမလား။ ငါတို့က နင်နဲ့ယှုနီဖောင်းလေးနဲ့လှတဲ့ နင့်လိုဝတ်ချင်နေတာ''

ထွေးနုကပြောလျှင် စပယ်က ပြုံးစစနှင့်ပြောလေ၏။

''အမယ် ... အမယ် နင့်ခြေသလုံးက ဝဲတွေနဲ့ ပန်းအိလို စကတ်ဝတ်လို့ ဘယ်လှမလဲ''

''အဟဲ ... ပြောကြည့်တာပါ၊ ကဲ ... ကဲ လုပ်ကြ ဖနာရီကျော်နေပြီ ... ဒင်နာချိန်ရောက်တော့မယ်၊ ပြင်ဆင်ပြီး ရင် ရေပြေးချိုးရဦးမယ်''

''သူတို့ ထမင်းစားပြီးမှ ရေချိုးတာ အေးပါတယ်''

''အမယ် ... ဆောင်းတွင်းကြီး၊ အအေးပတ်နေဦးမယ်''





''အအေးပတ်တာထက် ဟိုနေ့က ငါထမင်းပွဲမှာ ရပ်လုပ် ...ိုင်ပေးရတော့ ဟိုကျော်ထက်နိုင်ဆိုတဲ့ လူကြီးက နှာခေါင်းရှုံ့ ...ယ်ဟာ၊ ချွေးစော်နံလို့တဲ့''

''ဒါဆိုလည်း သူနဲ့ဝေးဝေးနေ၊ ဒါမှမဟုတ် ပန်းအိကိုပဲ ...ပွဲထိုးခိုင်း''

''အေး ... အဲဒါကောင်းတယ်၊ ပန်းအိ သွား နင်အရင် ...ချိုး၊ ကျန်တာ ငါတို့လုပ်မယ်''

''အမယ်လေး ... ငါ့ကို တရားဝင်အလုပ်သမား မလုပ် ...ပါနဲ့ဟာ၊ ခုတောင် သူတို့အုပ်စု ဗိုလ်စွန်းလို့ ပြားနေပြီ၊ တရား ...သာဆို ဘယ်လောက်များ ဆိုးလိုက်မလဲ''

''ကဲ ... ဒါဆိုလည်း ထွေးနု ရေသွားချိုး၊ စားပွဲထိုးဖို့''

နောက်ဆုံး ... ထွေးနုပဲ ရေသွားချိုးရသည်။ ထွေးနု ...ည်း မြို့ရောက်တော့ တသွေးတမွေးဖြစ်ပြီး အသားတွေ ...ဲလာ၊ အရောင်အသွေးစိုလာခဲ့သည်။ ညိုချောလေးပေါ့။

ဒါ ... အန္တရာယ်ပဲ။ ကျော်ထက်နိုင် မျက်စိကျသွားလျှင် ...ယ်။ သတိပေးရဦးမယ်။

နှစ်ယောက်သား ချက်ပြုတ်ပြင်ဆင်ပြီးချိန်မှာ ထွေးနု ...က်လာ၏။ သူတို့နှစ်ယောက်နှင့် ဂျူတီချိန်းကြသည်။

''ကဲဟေ့ ... နင်တို့ရေသွားချိုးကြပေတော့၊ ရနာရီလည်း ...ပြီ အိမ်ကြီးရှင်တွေကို ပြုစုလိုက်ဦးမယ်''

''ကြည့်လည်းပြုစု၊ ကျော်ထက်နိုင်ကြီးတော့ သွားမပြုစု

လေနဲ့ နာသွားမယ်''

''သိပါတယ်လေ၊ ဒါကြီးတော့ ကြောက်လွန်းလို့''

''မကြောက်ရင်လည်း နင်ပြားသွားမယ် ... ဟီဟိ''

''ဘာလဲ ... ကောင်မတွေနော်၊ ဘာပြားတာလဲ''

''ဩော် ... ဆင်မကြောက်ရင် ဖိနပ်ဖြစ်သွားမယ်ဆို စကားလေးကို သွားသတိရလို့ပါ၊ ကဲ ... ယောက်မရေ ရေသွားချိုးလိုက်ဦးမယ်''

ပန်းအိနှင့်စပယ်တို့ ကိုယ့်အခန်းသို့ ကိုယ်ပြန်လာကြ ရေချိုးကြသည်။ နောက် ... အရိုးရှင်းဆုံး ပြင်ဆင်မှုအ ခေါင်းဖြီး။ သနပ်ခါး လိမ်း။ သင့်တင့်သည့်အဝတ်လေးမျာ ကြသည်။ အားလုံး ၂၅ မိနစ်လောက်ပဲ ကြာသည်။

သည်အချိန် ထမင်းစားခန်းထဲမှ ဆူသံ၊ ပွသံများကြ လိုက်ရသဖြင့် သူမတို့နှစ်ယောက် အပြေးရောက်သွားကြ ထွေးနုခမျာ၊ မျက်နှာငယ်လေးနှင့်။ ဒေါ်မမသီနိုင် ပြသနာ နေခြင်းပါပေ။

''နင့်ကို ဘယ်နှစ်ခါပြောထားရမလဲ၊ ထမင်းထည့်ရ ထမင်းလုံးဝပဖိတ်စေနဲ့ဆိုတာ၊ အောက်တန်းစားမတွေ၊ မနေ မစားဘူးတော့ လုပ်လိုက်ရင် တလွဲချည်းပဲ''

ထမင်းထည့်ပေးရင်း ထမင်းဖိတ်သွားသဖြင့် အဆူခံရ ခြင်းဖြစ်သည်။ ထွေးနုခမျာ ငိုတော့မည့်ရုပ်။

စားပွဲမှာ အားလုံးလူစုံနေကြပေပြီ။ ပန်းအိ ဒေါ်မမသီ





ကိုဝင်ဖြီး တောင်းပန်လိုက်သည်။

''အန်တီရယ် ... သူလက်တုန်သွားလို့ပါ၊ နောက်မဖြစ် စေရပါဘူးရှင်၊ ပန်းအိ တောင်းပန်ပါတယ်''

''နင်လည်း ကျပ်ကျပ်သတိထား၊ လူလည်မ၊ မလည်ဘဲ ချုပ်ရင်တော့ နင်သေမယ်သာမှတ် ... ''

စက်ကွင်းမလွတ်ပါလား။ ပန်းအိ ဇက်ပုသွားရသည်။ သို့ သော် ဘာပဲဖြစ်ဖြစ် ထွေးနု လွတ်သွားပြီး သူ့ဘက် ရောက်လာပြီ နဲ့ အဆူခံရကျိုးနပ်ပါသည်။

''နင့်ကိုယ်နင် ကုမ္ပဏီမှာလုပ်တယ်ဆိုပြီး ဘဝင်လေဟပ် မနေနဲ့၊ နင်နေတာ၊ စားတာ ဒီအိမ်မှာဆိုတာလည်း သတိရ''

''ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ ... ''

(၃)ယောက်သား မျက်နှာငယ်လေးတွေနှင့် ရှိနေကြရာ ဘက်ထန် မနေသာတော့ချေ။ ဒေါ်မမသီနိုင် အာဏာပြတာလည်း သွန်လွန်းနေပြီ မဟုတ်ပါလား။

''အန်တီ ... တော်လောက်ပြီ၊ ထမင်းစားခါနီးဆူပူနေ ချင် ကျွန်တော် လုံးဝထမင်းစားချင်စိတ်မရှိဘူး''

''ဩော် ... ဆောရီးပါ မောင်ခက်ထန် ... အန်တီ တောင်းပန်ပါတယ်၊ သူတို့ကို အချိုးမပြေလွန်းလို့ပါ''

သည်တော့မှ (၄)ယောက်သား ထမင်းစပြီး စားတော်မူ ကြသည်။ ခါတိုင်းလို ဟင်းများကို ပေါ့သည်၊ ငန်သည်၊ ချဉ် သည်ဆိုပြီး ဂျီးများဦးမလားလို့ ပန်းအိတို့အဖွဲ့ စိုးရိမ်နေကြပေ

မယ့် ဒေါ်မမသီနိုင် မဆူပူတော့ပါ။ မျက်စောင်းခဲခြင်းလောက်နှင့် သာ ကိစ္စက ပြီးသွားခဲ့သည်။

ကျော်ထက်နိုင်ကလည်း အစ်မ ကွယ်ရာမှာသာ မိန်းက လေးတွေနှင့် ပရောပရီနေချင်ပေမယ့် အစ်မရှေ့ကျ မခုတ်တတ် သည့် ကြောင်ပုံစံမျိုးနှင့်။ ဒါ ... သဘာဝတရားလားမသိ။

ဦးခက်ထန်လည်း ဘာထူးလဲ။ အင်းလေ .. သူကတော့ ဒေါ်မမသီနိုင်ရဲ့ ကွယ်ရာမှာလည်း ဂရုမစိုက်ဘူး။ ရှေ့မှာဆို ပိုဆိုးတယ်။ ဘာဖြစ်လို့ ဒီလောက်ကြောက်နေကြရတာလဲ။

ပန်းအိတို့နှစ်ယောက် အိမ်ကြီးရှင်များကို စားပွဲထိုးနေရ စဉ် ဟင်းနံ့ချေးနံ့များကြောင့် စပယ့်ဗိုက်ထဲမှ ဂွီခနဲ အသံမြည် သွားလျှင် ရှုပါ အားရပါးရ ရယ်တော့သည်။ လက်ခုပ်လက်ဝါး များပင် တီးလို့။

"မမ ဗိုက်ထဲမှာ သံစုံတီးဝိုင်းရှိတယ် ဟုတ်လား။ ရှုပါတို့ စားပြီးရင် ကျန်တာ စားရမှာပါ မမရဲ့၊ မပူပါနဲ့"

စပယ်မှာ အပျိုလေးပီပီ မျက်စိ၊ မျက်နှာတွေပျက်ပြီး နောက်ဖေးဘက်သို့ ဝင်ပြေးလေတော့သည်။ ကျော်ထက်နိုင်က လည်း ရယ်နေလိုက်တာ မပြီးမစီး။ အားမနာကြဘူးလားမသိ။

ပန်းအိကတော့ ခပ်တည်တည်နှင့်ပင် အနားမှာလိုတာ လုပ်ပေးဖို့ ရပ်နေရသည်။ ဒေါ်မမသီနိုင်ကတော့ ပန်းအိကို မလိုတမာ မျက်ဝန်းများနှင့်။ ဘုရားရေ ... ငါ ဘာများအမှား လုပ်မိပါလိမ့်။





ဦးခက်ထန်နဲ့ ကျော်ထက်နိုင်ကိုလည်း ငါရင်းရင်းနှီးနှီး နေပါဘူး။

"ပန်းအိ ... ရှုပါ့ကို ဂိုက်လုပ်ပေးပါလား။ ကလေးမှာ ချင်ပြေးရ ဂိုက်ပြေးရနဲ့ အိမ်မှာတင် စာကျက်ရရင် ကလေး က်သာမှာပေါ့"

နေ့လယ်က ဦးခက်ထန် စည်းကမ်းတွေ ချထားသည်မို့ န်းအိ ဦးခက်ထန်ကို လှမ်းကြည့်မိသည်။ ဒါကို မိန်းမပါး မမသီနိုင် မြင်သည်သာ။

"ပြောလေ ... ရှုပါအတွက် မင်းလုပ်ကိုပေးရမယ်၊ ဒီ မ်မှာနေခွင့်ရတဲ့အတွက် ဒီလောက်တော့ လုပ်ပေးသင့်တယ်၊ ပိုက်ဆံပေးမှာပါ"

"ဟို ... ဟို ကျွန်မ စဉ်းစားပါဦးမယ်ရှင့်"

"အောင်မာ .. နင့်အဆင့်က စဉ်းစားရမယ့်အဆင့်လား။ င်းတာလုပ်ရမယ့်သူကများ ကြီးကြီးကျယ်ကျယ်၊ နင်က ဘယ် ူနဲ့တိုင်ပင်ချင်သေးလို့လဲ၊ မလိုချင်ဘူး။ နင် ... ရှုပါ့ကို ဂိုက် ုပ်ပေးရမယ်၊ မလုပ်ရင် ဒီအိမ်မှာမနေနဲ့ ... ဒါပဲ"

ပန်းအိ ... ဦးခက်ထန်ကို စစ်ကူကြည့်ကြည့်ပေမယ့် ူက နည်းနည်းမှပြန်မကြည့်လျှင် ပန်းအိ ခေါင်းညိတ်လိုက်ရ သည်။

"ဟုတ်ကဲ့ ... လုပ်ပါ့မယ်"

"အေး ... ပြီးရော ဒါဆို ... ရှုပါ့ကို မနက်ကျူရှင်နဲ့

ညနေကျူရှင်တက်၊ ညဘက်ကျမှ ပန်းအိက ဂိုက်လုပ်ပေး အခုထမင်းစားပြီးတဲ့အချိန်ကစပြီး ည၉နာရီအထိလုပ်ပေးရမယ်

''ကလေးက အိပ်ချင်ရင်ရော''

''အိပ်ချင်လည်း နှိုးသင်၊ ရိုက်ဖို့တော့ လုံးဝစိတ်မကူး နော် ... ဒါပဲ''

''ဟို ... ဘယ်အခန်းမှာ သင်ရမှာလဲ၊ သူတို့သားအ အိပ်တဲ့ အခန်းမှာတော့ မသင်ချင်ဘူး''

''အောင်မယ် ... ရာရာစစ နင်ကများ ငါ့မောင်ကို မတူသလို မတန်သလို အချိုးနဲ့၊ ဒီမှာ ငါ့မောင်က မုဆိုးဖို မယ့် ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူးဆိုတာ မှတ်ထားလိုက် ဟင်း ... သူကများ ကိန်းကြီးခန်းကြီးလုပ်လို့''

မပြီးနိုင်၊ မစီးနိုင်ဆူပြီးမှ ...

''ဧည့်ခန်းဘေးက ငါ့စာကြည့်ခန်းမှာ သင်ရမှာ၊ ကျေနပ် ပြီလား''

''ဟုတ် ... ဟုတ်ကဲ့ ကျေနပ်ပါပြီ''

''တယ်လေ ... ငါ ... ထရိုက်လိုက်ရ ... ''

သည်တစ်ခါ ပြေးအလှည့်ကတော့ ပန်းအိအလှည့်ဖြစ်ခဲ့ သည်။ ခြသေ့်မကြီး၏ အဟောက်အဟိန်းတွေကြားမှာ ထွေး တစ်ယောက်ပဲ မျက်နှာငယ်လေးနှင့် ကျန်ရစ်ခဲ့လေသည်။

❦ ❦ ❦



ညကျတော့ ပန်းအိ ရှုပ်ကို မလွဲမသွေ စာသင်ရတော့ ...။ စိတ်ညစ်လိုက်တာ။ လောလောဆယ် ထမင်းစားရဖို့တောင် ...ကမဖြောင့်။

ဟင်းအကျန်လေးများကို စုလိုက်ကြပြီး (၃)ယောက်သား ...ခြမ်းစားကြဖို့ ဟိုကြည့် သည်ကြည့် ကြည့်နေကြစဉ် ဒေါ်မမ ...နိုင်ကြီး ဝင်လာပြန်၏။

''ဟော့ ... ပုဇွန်ထုပ်က ချန်ထားလိုက်၊ ဗာလချောင် ...ကြော်လည်း ချန်ထား ... နင်တို့က ကျန်တာစား''

ကျန်တာက ချဉ်ရေဟင်းနှင့် ကန်စွန်းရွက်ကြော်။ ကြက် ...ားဟင်းကလည်း ကုန်ပြီ။ အစကတည်းက နည်းနည်းစီပဲ ...်နိုင်းသည်မို့ ဘာမှ ဟုတ်တိပက်တိ မကျန်။

ဒါ ခုရက်ပိုင်းမှလုပ်တဲ့ အစီအစဉ်။ တမင် ပညာပြနေတာ ...။ မသဒ္ဓါလို့လား။ သူမက ဟင်းနှစ်ခွက်ကိုယူသိမ်းသွားလျှင်

ပန်းအိတို့(၃)ယောက် မျက်နှာငယ်လေးတွေနှင့် ကျန်တာပဲ စား
ကြစဉ် မီးဖိုထဲသို့ ကျော်ထက်နိုင် ဝင်လာပြန်၏။

''ဟာ ... ကလေးတွေကို ဒါပဲ ကျွေးသလား၊ ဟင်း
တာ လတ်လတ်ဆတ်ဆတ် ချက်စားတာပဲ ကောင်းပါတ
မမရယ်၊ ဗိုတာတွေ ကျွေးလိုက်ပါ''

''အောင်မာ ... ဘာလဲ မယားတရှူး၊ နင်က နောက်
မတွေ့ ဘာတွေယူချင်ပြီလား''

''ဟာ ... မမကလည်း မဟုတ်ပါဘူး၊ မမပဲ စဉ်းစားကြ
လေ၊ ညကျန်ဟင်းတွေ မနက်မှ စားတော့ ဘယ်ကောင်းမ
အထင်မလွဲပါနဲ့၊ အစ်မတော်ဘုရားရယ်၊ နောက်မိန်းမလ
မယူချင်ပါဘူး။ စိတ်ကုန်လွန်းလို့''

ဒေါ်မမသီနိုင်တို့ မောင်နှမမှာ အောက်ခြေကလာသူများ
စကားပြောတာ ခပ်ရိုင်းရိုင်း။ သို့ပေမယ့် သူမောင်ပြောသည့်
အတိုင်း စောစောက သိမ်းထားသည့် ဟင်းခွက်များကို ပြ
ပေးခဲ့သည်။

(၃)ယောက်သား လျင်မြန်စွာ စားသောက်ကြပြီး တွေ
နှင့် စပယ်က မီးဖိုထဲမှာ ဆက်အလုပ်လုပ်ရသလို၊ ပန်းအိ
လည်း ရှုပ်ကို စာသင်ဖို့ သူမရှိရာ အခန်းသို့ သွားရသည်။

စာကြည့်ခန်းထဲမှာ မှန့်ထုပ်တွေ တစ်ခုပြီးတစ်ခုဖောက်
ရင်း ရှုပ် သူမကို စောင့်နေ၏။ အင်း ... လွယ်တော့မလွ
ဘူး၊ ဆရာမနိုင်၊ နှစ်ဆောင်ပြိုင်မယ့်ဟာလေ။





ပန်းအိ ထိုင်လိုက်သည်နှင့် သူမကပင် ဆီးပြီး ဂိုက်လုပ်
လေတော့သည်။

''အန်တီ ... ရှုပ်မှာ အိမ်စာတွေ အများကြီးပဲ၊ ကျောင်း
ကပေးလိုက်တာတွေက တစ်မျိုး၊ ကျူရှင်ကပေးတာတွေက တစ်
မျိုး။ ကူရေးပေးဦး''

''အန်တီ သင်ပေးမှာပေါ့၊ ရှုပ်ဘာသာလုပ်လေ၊ ဒါမှ
ရှုပ်စာတော်လာမှာ''

''သိပါတယ် အန်တီရဲ့၊ ဒါပေမယ့် ရှုပ်ဒေရှင်ကတက်
ဘဲ့ ဂိုက်ကလည်း ရှုပ်ကို စာကူလုပ်ပေးတာပဲ၊ စာကျက်တာ
တော့ ကိုယ့်ဘာသာကျက်မှာပေါ့၊ ရေးတာတွေတော့ အန်တီ
ကူပေါ့၊ ရေးရင်းနဲ့ ရှင်းပြသွား''

''ကောင်းပါပြီ ... ကောင်းပါပြီ''

စိတ်ညစ်ညစ်နှင့်ပင် ပန်းအိ ... ရှုပ်ကို စာရှင်းပြရင်း
ကူတွက်ပေးရ၊ ရေးပေးရသည်။ တစ်ခုတော်သေးသည်က
ပန်းအိ ရှင်းပြတာကို နားထောင်ဖော်၊ စိတ်ဝင်စားဖော်ရလို့ပါ
ပင်။

သည်စဉ် ... သူမတို့ စာကြည့်ခန်းထဲသို့ ဒေါ်မမသီနိုင်
ဝင်လာပြီး ... ပန်းအိကို သဘောကျဟန်နှင့် ကြည့်လျှင်
ပန်းအိ လန့်ပင်သွားလေ၏။

ဒေါ်မမသီနိုင် ဝတ်ထားပုံလည်း ကြည့်ပါဦး။ အပေါ်က
ရင်ပြတ်အင်္ကျီ ပန်းရောင်ကျပ်ကျပ်လေးနှင့်။ အောက်ပိုင်းက

ကွာတားဘောင်းဘီအကျပ် အဝါနုလေးနှင့်။ ဆံပင်က ဖယောင်း သွင်းထား။ ပြောင့်ထားပြီး ခေါင်းအညီဖြီးထား။ ရွှေရောင်ဖောက် ထားသည်။

ပခုံးသာသာလေးနှင့်။ သူမတို့ထက်ပင် ငယ်နုသေးဟန်။

"ပန်းအိရေ ... ရှုပါက မွေးရာပါ နှလုံးရောဂါလည်းပါ လာတော့ လက်တွေ၊ ခြေတွေက သိပ်မကောင်းဘူး။ စာတွေ အများကြီးရေးရရင် လက်ကလေးတွေ ညောင်းတယ်၊ စာတော က အန်တီ ခပ်မာမာပြောမိတာ ခွင့်လွှတ်နော်၊ ဟိုနှစ်ယောက် ကမလွှယ်ဘူး။ ...ကသူတွေဆိုတော့ မသိတတ်ဘူး"

"ကျ...မလည်း တောသူပါ အန်တီ၊ တစ်ရွာထဲသားတွေ ပါ"

"ဒါပေမယ့် ပန်းအိက စာတော်တယ်လေ၊ ဆယ်တန်း တုန်းက ဂုဏ်ထူးတွေနဲ့အောင်တာ မဟုတ်လား။ ဟိုနှစ်ယောက် က ဆယ်တန်းတောင်မအောင်ဘူး"

"ဆယ်တန်းအောင်တာနဲ့ မအောင်တာ ဘာမှသိပ်မကွာ ပါဘူး အန်တီရယ်"

"ထား ... သူတို့ကိုတော့ အန်တီမျက်နှာသာ မပေးချင် ဘူး၊ ပြောရရင် သူတို့က အိမ်ဖော်၊ ပန်းအိက သမီးရဲ့ဂိုက်"

အချင်းချင်း သွေးခွဲစနစ်နှင့် အုပ်ချုပ်နေတာလား။ ဒါမှ မဟုတ် အိမ်ကြက်ချင်း အိုးမည်းသုတ်ပြီး တိုက်ချင်နေတာလား။ ပန်းအိကလည်း မခံ။





"အတူတူပါပဲ အန်တီ၊ ကျွန်မတို့အားလုံး အန်တီရဲ့ အလုပ်သမားတွေပါ၊ အန်တီ့ကို မှီခိုနေကြရတဲ့သူတွေချည်းပါပဲ၊ ပါတယ်၊ အန်တီရဲ့အလုပ်သမားတွေပါ၊ အန်တီကို မှီခိုနေကြရ တဲ့သူတွေချည်းပါပဲ၊ ရပါတယ် အန်တီ ကြိုက်သလိုဆက်ဆံပါ"

"အေးကွယ် ... ဘာပဲဖြစ်ဖြစ်၊ ရှုပါလေးက အန်တီ့ရဲ့ ...မဆိုပေမယ့် အန်တီ့မှာ သားသမီးမရှိတဲ့အတွက် သူလေးကို သားသမီးလိုပဲ ချစ်မိတယ်၊ ဒါကြောင့် ဒီကလေးဟာ အန်တီ့ အတွက် အရမ်းကိုအရေးပါတယ်၊ အန်တီ့ရဲ့ မျိုးဆက်ကလေး ပေါ့"

"ဟုတ်ကဲ့ပါ အန်တီ ... ကျွန်မသိပါတယ်"

"ဒီတော့ ရှုပါလေး အဆင်ပြေဖို့သာ အန်တီ့အတွက် အဓိကပဲ၊ ပန်းအိ သူလေးအဆင်ပြေအောင် အစစအရာရာ ...ရှိုက်ပေးပါနော်၊ အဲဒီအတွက် အန်တီလစာ သုံးသောင်းနှုန်း ပေးပါတယ်"

"ရှင် ... "

ကလေးတစ်ယောက်ကို ဂိုက်လုပ်ပေးရုံနှင့် ၃-သောင်း ...ဘောင်ရသတဲ့လား။ သူမတို့ တောမှာဆို တစ်ယောက် ၂ထောင်၊ ၃-ထောင်ထက် ပိုမပေးရ။ အေးလေ ဒါက မြို့ဖြစ်ရတဲ့ကြားထဲ ...စ်ယောက်တည်း ရှယ်လုပ်ပေးရလို့ထင်တယ်။

ပန်းအိ ဝမ်းသာရမည့်အစား စိတ်ညစ်နေရသည်။ ဦးခက် ...နေက ရှုပါကို အရေးတယူမလုပ်ရဘူးတဲ့။ ဒေါ်မမသီနိုင်က

တော့ ရှုပ်ဝိုက်အဖြစ် ငှားနေခဲ့သည်။ သည်အိမ်က စည်း
ဥပဒေတွေဟာ ဆန့်ကျင်ဘက်ကြီးပဲ။

ဘာပဲဖြစ်ဖြစ် သူမကတော့ အားလုံးနှင့် အဆင်ပြေအော
နေရမည်ထင်သည်။ လစာ မမက်ပေမယ့် သူမ ရှုပ်ဝိုက် လ
လုပ်ကိုင်ပေးရလိမ့်မည်သာ။

နီးရာဓားကို ပိုကြောက်ရမည်။ ဦးခက်ထန်က ဒီအိမ်
အရုပ်ကြီး။ ဒီအိမ်ရဲ့ အဓိပတိက ဒေါ်မမသီနိုင်။

"ကဲ … ကဲ … ရှုပ်ဝိုက် အပ်ခဲ့ပြီနော်၊ အဆင်ပြေအော
သာလုပ်ပေးပါကွယ်၊ အန့်တီ … သိတတ်ပါတယ်"

"ဟုတ် … ဟုတ်ကဲ့ … "

ရှုပ်ဝိုက်မှာ မွေးရာပါ နှလုံးရောဂါရှိသည်မို့ ယခုတော့ ပ
ကလေးအဆင်ပြေအောင် စာကူလုပ်ပေးရ၊ ကျွက်ပေးရ
သည်။

နောင်ခါလာ … နောင်ခါဈေး …

ဦးခက်ထန်နှင့်တွေ့မှ ကြုံသလိုရှင်းရတော့မည်သာ။

● ● ●



"မနက်ပိုင်း … ပန်းပင်ရေလောင်း နောက် …
မွေးဆီမှာ အလုပ်ဆင်း။ ညကျတော့ ရှုပ်ဝိုက်စာသင် … ဟူး
င်းအစား မောလိုက်တာဟာ"

ထွေးနုစကားကို စပယ်က ပယ်ဖျက်သည်။

"အမယ် … နင်တို့ ငါတို့ရော သက်သာလို့လား။ မိုး
င်းကနေ မိုးချုပ် အလုပ်နဲ့လက် ပြတ်ရလို့လား"

"မပြတ်ပေမယ့် ငါတို့က အလုပ်တစ်မျိုးထဲ ဖောက်ချလုပ်
တာ၊ ကားတွေ ဘာတွေလည်း တိုးစီးစရာမလိုဘူး။ အိမ်ထဲမှာ
တကုတ်ကုတ်လုပ်ရတာ"

"အေးလေ … ဒါပေမယ့် ပန်းအိက ငါတို့ထက် ဝင်ငွေ
တာပေါ့၊ ကုမ္ပဏီလစာက တစ်မျိုး။ ဂိုက်လုပ်ရတာကတစ်
မျိုး နှစ်မျိုးပေါင်း … တစ်သိန်းလောက်ရှိမယ်"

သုံးယောက်သား နံနက်စာ စားနေကြရင်း စကားနည်း

နည်းပြောနေကြခြင်း ဖြစ်သည်။ အိမ်ကြီးရှင်တွေကတော့ ... သောက်ပြီးသွားပေပြီ၊ သူမတို့ရဲ့ နံနက်စာကတော့ ထမင်းကြော် ... ပဲပြုတ်တောင်မပါသည့် ပလိန်းကြော်။

သူငယ်ချင်းတွေ အထင်လွဲမှာ၊ သွေးကွဲမှာစိုးလို့ ... အလျှင်အမြန် ဖြေရှင်းရပါသည်။

''မထင်ပါနဲ့ သူငယ်ချင်းတို့ရယ်၊ ငါက လမ်းစရိတ်ရှိ... လေ၊ ကုမ္ပဏီကလည်း အောက်ဆုံးအဆင့်ဝန်ထမ်းပါ၊ ငါ့အော... မှာ မြေကြီးပဲရှိတော့တာ၊ အဲဒီလစာက ၄–သောင်း။ ... ၃–သောင်းဆိုပေမယ့် ငါ့ခရီးစရိတ်က တစ်လကို ၃–သော... လောက်ချောမယ်လေ၊ နင်တို့နဲ့အတူတူပါပဲဟာယ်၊ စိတ်... တာပဲ မြတ်ပါတယ်''

''ဘာဖြစ်လို့လဲ ... ''

''ဟာ ... ဦးခက်ထန်နဲ့ နေ့တိုင်း မျက်နှာချင်းဆို... သူ့အဆူ၊ အဟောက်ခံရတာနဲ့တင် လစာ ၄–သောင်းက ပြီ... ပြီ၊ အလုပ်လုပ်ရတာက အပိုဒုက္ခပေါ့''

''အင်း ‥ ဒီလိုဆိုတော့လည်း ငါတို့ကမှ တော်သေး... ပေါ့နော်''

''အေးပေါ့ ... စိတ်ချ ... ငါနင်တို့နဲ့ ဘာမှမထူး... ဘူး။ ဘိန်းစားချင်း အတူတူပါပဲဟာ ... ''

''ကဲ ‥ ဘိန်းစားတို့ ထမင်းကြော်ပလိန်းလေး ဆွဲလို... ကြဦးစို့''





''ဩော် ‥ ဒုက္ခ၊ ဒုက္ခ၊ ငါတို့လည်း စားကောင်းသောက် ...တွေကို မြင်သာမြင်ရ၊ မစားရတဲ့ ပြိတ္တာတွေဖြစ်နေရတယ်''

''ညည်းမနေနဲ့ နိုးစားပါလား''

''အမလေး ... ကြောက်လွန်းလို့ပါနော် ... ''

စားသောက်ပြီးတော့ သူမတို့ (၃)ယောက်သား အလုပ် ... ဆက်လုပ်ကြရသည်။ (၈)နာရီထိုးခါနီးမှ ပန်းအိ အလုပ် ...သို့ ပြင်ဆင်ရတော့သည်။

❦ ❦ ❦

ကုမ္ပဏီတစ်ခုထဲသို့ သွားရမှာပေမယ့် ဦးခက်ထန်၊ ပန်း
ကို ကားနှင့်တစ်ခါမှ တင်မခေါ်ပါ။ သူမက ထုံးစံအတိုင်း လိုင်း
ကားတိုးစီးရသည်။

"ခြော် ... သူဌေးတွေဆိုတော့ အဆင့်အတန်းခွဲတာ
လေ၊ သူ့ကားနဲ့ ငါ့ကိုဘယ်ခေါ်မလဲ၊ ဦးကျော်ထက်ခိုင်ကျတော့
လည်း စိတ်မချရတော့ မစီးရဲဘူး။ လိုင်းကားစီးရတာကျတော့
လည်း အသက်ရှူကိုကျပ်နေတာပဲ၊ ငါကမလည်မဝယ်နဲ့ဆိုတော့
လိုင်းကားစီးရတာ ရောမ ခွန့်စားခန်းကြီး။ တောပြန်ပြီး ပဲခွတ်
ပဲနွှတ်တာကမှ သက်သာဦးမယ်၊ ဘုရားမလို့ ဦးဖြိုးတင့်ကြ
နောက်မိန်းမပြန်ပြန်ရသွားပါစေတော်"

ကားမှတ်တိုင်မှာ အတွေးတွေများနေခိုက် သူမရပ်
သည့်အနားသို့ ကားတစ်စီး ကပ်ရပ်လာခဲ့သည်။

ဦးကျော်ထက်ခိုင် ...

မလိုတစ်မျိုး၊ လိုတစ်မျိုးနှင့်။ ယောကျ်ားဖြစ်ပြီး တည





ည်ကြည်ကြည် စိတ်ဓာတ်မရှိ။

ပန်းအိ ... သူ့ကို မမြင်ချင်ယောင်ဆောင်နေရာ သူက
ည်းအမိန့်ပေးတော့သည်။

"ဟေ့ ... ကားပေါ်တက်လေ ..."

"မတက်ဘူး ... ကျွန်မဘာသာ လိုင်းကားနဲ့သွားမယ်"

"လိုင်းကားစီးရတာ ပျော်လို့လား။ ယောကျ်ားတွေထိတာ
ိင်တာခံချင်လို့ထင်တယ်"

"ဘာရှင့် ... ဦးကျော်ထက်ခိုင် စကားပြောတာ ကြည့်
ြ၊ ကျွန်မ မရှိင်းချင်ဘူး"

"မှန်တာပြောတာပဲ၊ မင်းလို မအူမလည်မိန်းမငယ်လေး
ခံယောက်လောက်များတော့ လိုင်းကားထဲမှာ ပြားသွားမယ်၊
ာမှတ်သလဲ"

"ဘာမမှတ်ဘူး။ ရတယ် ... ဦးလေး အနေသာကြီး"

"နင်ခေါင်းမမာနဲ့နော်၊ ငါက လမ်းသင့်လို့ စေတနာနဲ့
ေါ်ဘာ ... တက် ..."

ဒီလောက်ကြီးပြောနေတော့ ပန်းအိ သူ့ကိုအားနာလာ
ည်။ ပြီး ... ဘာပဲဖြစ်ဖြစ် တစ်အိမ်ထဲနေကြသူတွေ မဟုတ်
ာား။ အင်း ... လိုင်းကားစီးရတာလည်း သူပြောသလို
ာယ့်ရောမ ဒုက္ခကြီးပါလေ။

ဦးခက်ထန် ပညတ်ထားသည့် အချက်များကို သတိရ
ာ်လျှင် ပန်းအိ တစ်ချက်တော့ တွန့်သွား၏။ ပြီးမှ ကိုယ့်

ဆင်ခြေနှင့်ကိုယ် အားတင်းပစ်လိုက်သည်။

"အို ... သူတောင် လမ်းသင့်ရဲ့သားနဲ့ ငါ့ကိုမတွေ့သလို မတန်သလိုလုပ်ပြီး ကားနဲ့မခေါ်တာ"

ကျော်ထက်နိုင်ကလည်း မလိုက်မချင်းခေါ်နေသည်မို့ ပန်းအိ သူ့ဘေးမှာ ဝင်ထိုင်လိုက်ရသည်။

ကျော်ထက်နိုင်ပုံစံက လူငယ်တစ်ယောက်နှယ် လန်းဆန်း တက်ကြွလျှက်။ အေးလေ — တစ်ခုလပ်၊ ကလေးတစ်ယောက် အဖေဆိုပေမယ့် အသက် သုံးဆယ်လောက်ပဲဟာ။

ကားဆွဲသည်ဆိုပေမယ့်လည်း ကိုယ့်ကားကိုယ်မောင်းပြီး ကိုယ်ပဲ အကုန်သုံးပစ်နိုင်သူမို့ သူ့အသွင်က ထာဝစဉ် လန်းနေ သည်။ စင်ရော်ငှက်တစ်ကောင်လို မိုးပေါ်ပျံတက်တော့မတတ် ရှပ်နှင့် သူ့အနားမှာ ပန်းအိထိုင်တော့ သူ့ထံမှ ရနံ့တွေ မွှေးကြိုင် နေလိုက်သည်မှာ ရေမွှေးပုလင်း မှောက်ကျထားသည့်နှယ်။

သူ့အနားမှာ စိတ်တထင့်ထင့်နှင့်ရှိနေရစဉ် မီးပွိုင့်မှာ ကား တွေရပ်ထားတုန်း ... တစ်ဖက်မှ ကားတစ်စီးထဲ ခက်ထန်ကို သူမ မြင်လိုက်ရသည်။

"အဲ ... "

ရုံးခန်းထဲကျရင် ... ငါ့ကိုဆူတော့မှာပဲ။ မီးပွိုင့်လွတ်လို့ ကားမောင်းထွက်ခဲ့ရာ ကျော်ထက်နိုင် စတိုးဆိုင်ကြီးတစ်ဆိုင် ရှေ့မှာ ကားရပ်လိုက်မှ ပန်းအိ အငေးရပ်သွား၏။

"ဘာလုပ်မလို့လဲ ... ဦးကျော်ထက်နိုင် ကျွန်မ အလုပ်





နောက်ကျနေဦးမယ်"

"ခဏလေးပါ ... ဝယ်စရာလေးရှိလို့"

"ဒါဆို ကျွန်မ ... ဒီကစောင့်နေမယ်"

"လိုက်ခဲ့ ... ဒီဆိုင်က အရမ်းပစ္စည်းစုံတယ်၊ ဖက်ရှင် ပစ္စည်းတွေ အကုန်ရတယ်၊ ယောကျာ်းလေးတွေအတွက်ရော၊ မိန်းကလေးတွေအတွက်ပါ ရောင်းတယ်၊ ဈေးလည်းမှန်တယ်၊ ဈေးဆစ်စရာမလိုဘူး။ ပစ္စည်းမှန် ဈေးနှုန်းမှန် ... "

"နေစမ်းပါဦး။ ဘာဖြစ်လို့ အဲဒီလောက်ကြော်ငြာနေရတာ လဲ၊ ကျွန်မက ဝယ်နိုင်မှာမှမဟုတ်တာ၊ ရှင် — ပါးစပ်ညောင်းရုံ ရှိမှာပေါ့"

"ဒီလိုလဲ စကားကို အပြတ်ပြောလို့ ဘယ်ရမလဲ၊ ပန်းအိ ဘတွေ၊ ဘာတွေထုတ်တော့ ဝယ်စရာလေးတွေဝယ်နိုင်မှာ ပေါ့၊ နောင်တစ်ချိန် သူဌေးကတော်တွေ ဘာတွေဖြစ်ရင်လည်း ဝယ်နိုင်မှာပေါ့၊ ကဲပါ ... အခု ငါဝယ်စရာရှိတာ ဝယ်မလို့၊ ဖော့်လိုက်ရင်း ကြည့်စရာလေးတွေ လိုက်ကြည့်"

နောက်ဆုံး ... ဆိုင်ကလည်း အလှအပပစ္စည်း၊ အသုံး အဆောင်၊ အဝတ်အထည်တွေက ဆွဲဆောင်လွန်းသဖြင့် ပန်းအိ သူ့နောက်က လျှောက်ကြည့်မိလိုက်သည်။ နှစ်သက်သည်တော့ မှုတ်ပါ။

အဘယ်ကြောင့်ဆို အဲဒီပစ္စည်းများကို ပန်းအိ မသုံးဘူး ပတ်ဘူးသောကြောင့်ပေ။ ကြည့်လို့သာ ကြည့်ရသည်။ မမြင်ဘူး

တာတွေမို့သာ ကြည့်ရသည်။ ဘယ်ပစ္စည်းမှ လိုချင်စိတ်မဖြစ်မိ။

ကျော်ထက်နိုင်ကတော့ ဘာတွေလျှောက်ဝယ်သည်မသိ။ သူ့လက်ထဲမှာ ဆွဲအိတ်တွေနှင့်။ ပန်းအိမှာ နာရီတကြည့်ကြည့်။ ဟာ … နာရီဝက်လောက်ရှိနေပြီ။ ခုတောင် အမြန်ဆုံးမောင်းမှ အချိန်မီရောက်မယ်။ ပန်းအိ ကျော်ထက်နိုင်ကို သတိပေးလိုက်သည်။

"ဦးလေး … ဂနာရီခွဲကျော်နေပြီ၊ ၉-နာရီထိုးတော့မယ်၊ မြန်မြန်သွားမှ အချိန်မီမယ်၊ သွားစို့ … "

"ရပါတယ်ကွာ … ညနေမှာ ညှိခံပွဲတစ်ခုရှိလို့ လက်ဆောင်ဝယ်နေတာ"

"အပြန်ကျမှဝယ်ပါလား။ ကျွန်မ နောက်ကျတော့မယ်"

"ကိစ္စမရှိပါဘူး။ ခက်ထန်က ငါ့အဒေါ်ရဲ့တူပါ၊ လူရင်းချင်းတွေပဲ"

"ဒါပေမယ့် ဦးလေးတို့ချင်း သိပ်အဆင်မပြေပုံပါ"

"အေး … ဒါပေမယ့် ငါက ဂရုမစိုက်ပါဘူး။ သူနဲ့အစ်မ က ငယ်နိုင်တွေပဲ၊ အစ်မကို သူမလွှန်ဆန်ရဲသလို ငါ့ကိုလည်း အရေးထားရမှာပဲ"

"မြန်မြန်လုပ်ပါ ဦးလေးရဲ့ … ကျွန်မ ကြားထဲက အလုပ်ပြုတ်လိမ့်မယ်"

"ပြုတ်အောင်လုပ်မှာ"

"ရှင် … "





"ဪ … ဒီလိုလေ၊ ခုလည်း ရှုပ်ကို ဂိုက်လုပ်ပေးနေ ဘာ မမက ၃-သောင်းပေးတယ် မဟုတ်လား။ နေစရာ စား ရောလည်းရှိပြီးသား။ အိမ်မှာကူလုပ်ရုံပဲ၊ ပန်းအိက လောဘ ာက်နေတာကို။ ငါ့သဘောအရတော့ ခက်ထန်ဆီမှာ အလုပ် ဝင်ရတာ ပင်ပန်းတယ်ထင်တာပဲ၊ ကားတိုးစီးရ သူ့မျက်နှာကြည့် တောနဲ့ ရတဲ့လစာ တန်သေးရဲ့လား"

"ဒါတွေတွက်မနေနဲ့လေ၊ အလုပ်တစ်ခုရဖို့ဆိုတာ လွယ် တ်လို့"

ပြောပြီး ပန်းအိ ကားဆီသို့ သွားထိုင်နေတော့လျှင် ကျော် ာက်နိုင်လည်း သူမရှိရာ ကားဆီသို့ လိုက်ဖို့ပြင်ရသည်။

သည်စဉ် … သူ့ပုခုံးသို့ လာကိုင်သည့်လူတစ်ယောက် ကြောင့် ကျော်ထက်နိုင် လှည့်ကြည့်လိုက်သည်။

"မိုးဆွေ"

"မင်း ဘယ်လာတာလဲ၊ ဟိုကောင်မလေးက မင်းနဲ့ဘာ တော်သလဲ"

"ဘာမှမတော်ပါဘူး။ တောကရောက်လာကြတာ၊ ငါ့ အစ်မရဲ့ ကုမ္ပဏီမှာ အလုပ်ဝင်နေကြတယ်၊ ဘာလဲ မင်းက ်းကလေးချောချောမြင်ရင် စိတ်ဝင်စားလိုက်တာပဲလား၊ ကယ့်လူ … "

"မဟုတ်ဘူးကွ၊ သူတို့ကိုငါသိတယ်၊ ဟိုတလောက ငါ့ ဆရာ ဦးကျော်ရဲ့ ရက်စတောရင့်မှာ ပြဿနာဖြစ်သွားကြတဲ့

ကောင်မလေးတွေ၊ (၃)ယောက်လေ ... ဟုတ်တယ်မို့လား"

"ဟုတ်တယ် ... (၃)ယောက်၊ ဘာပြဿနာဖြစ်သွားကြ လို့လဲ"

ကျော်ထက်နိုင် စိတ်ထဲ ထင့်သွားရသည်။ မိုးဆွေရဲ့ဆရာ ဦးကျော်တို့ ရက်စတောရင့်က မကောင်းသည့်အလုပ်ဆို အကုန် လုပ်သည်။ အနှိပ်ခန်းဖွင့်ပြီး နောက်ကွယ်မှာ ပြည့်တန်ဆာလုပ် ငန်းနှင့် စီးပွားရှာနေသူ။

မိုးဆွေ ကျော်ထက်နိုင်၏ ရုပ်ကိုကြည့်ပြီး လှန့်ထုတ်လိုက် သည်။ မစားရသည့်အမဲ သဲနှင့်ပက်ပစ်လိုက်သည်။

"အဲဒီ(၃)ယောက်ပေါ့၊ ဦးကျော်ဝယ်ပြီးခါမှ ထွက်ပြေး သွားကြတာလေ၊ ရဲစခန်းတောင် သွားတိုင်ကြလို့၊ ငါ့ဘော့စ် မှာ ပြဿနာတွေရှင်းလိုက်ရတာ၊ မင်းလည်းသတိထားနော်၊ ငါ့ဆရာက ကျေတာမဟုတ်ဘူး။ သူတို့(၃)ယောက်ကို အသေရရ အရှင်ရရ ပြန်ဖမ်းပြီး လက်စားချေချင်နေတာ၊ သူတို့နဲ့ကင်းကင်း ရှင်းရှင်းနေတာ အကောင်းဆုံးပဲ၊ တော်ကြာ မင်းပါ ဒုက္ခရောက် သွားမယ်"

"ဟင် ... တကယ်ဟုတ်ရဲ့လားကွာ၊ သူတို့ပြောတော့"

"ဟ ... ဘယ်သူကတော့ အမှန်အတိုင်းပြောမလဲကွ၊ မှတ်ထား ကျော်ထက်နိုင်၊ အဲဒီ(၃)ယောက်လုံး ငါ့ဘော့စ်နဲ့အိပ် ပြီးသားချည်းပဲ၊ ဘော့စ် လက်ထဲမှာ ၂-ရက်ကြာမှ သူတို့ထွက် ပြေးခွင့်ရတာပါ၊ ငါ့ဘော့စ်အကြောင်းလည်း မင်းသိပြီးသားပါ၊





သူ့ဆိုင်ရောက်လာတဲ့ ကောင်မလေးတိုင်း သူအရင်အမြွတ်ထုတ် ...ိုက်တာပဲလေ ... "

မိုးဇွေ မစားရသည့်အမဲများကို သဲနှင့်နာနာပက်နေလျှင် ...ကျော်ထက်နိုင် အသက်ရှူတွေပင် ကျပ်လာ၏။

တောက် ... ငါကတော့ အဟုတ်ကြီးမှတ်လိုက်ရတာ။ ...သင်းက ဦးကျော်နဲ့ ဖြစ်ပျက်လာတာကို။ သည်စဉ် ကားကို ...န်းအိ လှမ်းပြီး ဟွန်းတီးလိုက်သဖြင့် ကျော်ထက်နိုင် မိုးဇွေ ...အနားမှ ခွာလိုက်သည်။ မိုးဆွေကတော့ သူ့ကိုခပ်လှောင်လှောင်။

"ဦးကျော်က သူ့ဟာတွေကို ပြန်ရအောင် ဖမ်းမှာနော်၊ ...င်း ... လွတ်အောင်နေ"

ကျော်ထက်နိုင် ကားပေါ်သို့တက်ပြီး ကားကိုခပ်ဆောင့် ...ဆောင့်ထွက်လျှင် ပန်းအိ နားမလည်ဖြစ်ရသည်။ ဒီလူ ဘာဖြစ် ...သာပါလိမ့်။

"စောစောက ငါနဲ့စကားရပ်ပြောနေတဲ့လူကို သိလား။ ...န်းအိ"

"ဟင့်အင်း ... ပန်းအိ မသိဘူး"

တကယ်လည်း မိုးဆွေကို ပန်းအိ မမှတ်မိ။ အဖြစ်အပျက် ...တွေက ကြမ်းရိုင်းခဲ့သည်မဟုတ်ပါလား။ သူမ သွေးပျက်ခဲ့ရ ...တတ်။ ဒါပေမယ့် ကျော်ထက်နိုင် မယုံ။

"ဘာလို့ မသိရမှာလဲ၊ သူက မင်းတို့ကိုသိတယ်"

"ဩော် ... ဟုတ်လား ... ဘယ်တုန်းကသိလိုက်ပါလိမ့်၊

သူက ဦးခက်ထန်ရဲ့ ကုမ္ပဏီကလူလား"

"မင်းတို့ မိန်းကလေးတွေ တော်တော်ဟန်ဆောင်ကော

တတ်ကြတာပဲ၊ အဲဒါ ဘယ်သူဆိုတာသာ သိလိုက်ရရင် မ

နေရာမှာတင် လဲသေနိုင်လောက်တယ်"

"ဘာရှင့် ... ရှင့်စကားက ဘာအဓိပ္ပာယ်လဲ သူ

ဘယ်သူမို့လဲ၊ ယမမင်းလား"

"ဟုတ်တယ် ... အဲဒါ မင်းတို့ယမမင်းပဲ"

ပန်းအိ ဒေါသတွေ အရမ်းထွက်သွားသည်။ ကျော်ထ

နိုင်ရုပ်ကလည်း အရင်ထက်ဆိုးသည်။ မဲ့မခန့်ရုပ်။ လှော

ပြောင်နေသည့်ရုပ်။

"ရှင် ... ဒီနေ့ ရန်စကားတွေချည်းပြောတယ်၊ တော်

နောက်ရှင့်ကားကို ဘယ်တော့မှ လိုက်မစီးဘူး။ ခုရပ် ...

"ငါ ကားရပ်ပေးလိုက်လို့ မင်းတစ်စီ စုတ်ပြတ်သွ

မယ်၊ သူ မင်းကို နောက်ယောင်ခံလိုက်လာတယ်"

"အောင်မာ ... ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်

ကျွန်မ ဘယ်သူ့မှမကြောက်ဘူး။ နေရာတိုင်းမှာ ရဲဌာနတွေ

တယ်"

"ဒါပေမယ့် မင်းတို့ သူ့ငွေယူပြီး ထွက်ပြေးလာကြတာ

ဘယ်လိုဖြေရှင်းမလဲ"

"ဘာ ... "

ပန်းအိအသွင်က အလှန့်တကြားမဟုတ်။ ဒေါသတကြ





ဒါဆို ဟိုလူဟာ ဒေါ်မြသွင်ရောင်းစားတုန်းကလူပေါ့။ ဘာလဲ

ဒေါ်မြသွင်ဆီက ပိုက်ဆံ ပြန်မရလို့လား။ သူတို့အချင်းချင်း

ငှင်းပေါ့။

ပန်းအိ ... ဒေါသနှင့်ခေတ္တကြောင်အသွားလျှင် ကျော်

ထက်နိုင် သဘောပေါက်လိုက်၏။ မိုးဆွေပြောသည့်အတိုင်း ငွေ

ယူပြီး ထွက်ပြေးလာပြီးမှ ခက်ထန်နှင့်ဘယ်လိုတွေ့လာသည်

သိ။

ခက်ထန်ခေါ်လာသည့် အကြံအဖန်တွေလား။ ဒါဆို သူ

တို့ဟာ ခက်ထန်ရဲ့အပျော်တွေလား။ တောက် ... တော်တော်

ရားလွန်တဲ့ကောင်။ (၃)ယောက်ကြီး။

ခက်ထန် တရားလွန်နေတာ အစ်မကတော့ သိမည်မ

သင်။ အင်းလေ ... သိလည်း တူနဲ့အဒေါ်နေရာပဲ။ ဘာတတ်

နိုင်မှာလဲ။

ကျော်ထက်နိုင် သိပါသည်။ သူ့အစ်မ ဒေါ်မသီနိုင်ဟာ

ခက်ထန်ကို မျှော်လင့်နေသည့်အကြောင်း။ မမဟာ ရုပ်ကလေး

ချောပေမယ့် အသက်ကလည်းကြီး။ ပြီး ... ခက်ထန်ဟာ

ကိုယ့်ဦးလေးရဲ့မိန်းမ တော်စပ်ခဲ့သူကို ဘယ်တော့မှလက်ထပ်

မှာမဟုတ်။

သည်ကြားထဲ ခက်ထန်ဟာ ပန်းအိတို့လို နာမည်ပျက်ခဲ့

သည့်မိန်းကလေး(၃)ယောက်ကို အိမ်သို့ခေါ်လာခဲ့တော့ ခက်ထန်

အတွက် မိန်းမဆိုတာ တရားဝင်ယူစရာပင်မလို။

ကားမောင်းရင်း ကျော်ထက်ခိုင် ဒေါသတွေအရမ်းထွ
နေရသဖြင့် 'တောက်' ခေါက်မိသွား၏။ မျက်နှာကြီးကလည်
ရှစ်ခေါက်ချိုးနှင့်။

ပန်းအိကလည်း လုံးဝမကျေနပ်။ သို့သော် အပျိုရွယ်လေ
မို့ ထိုစကားတွေကို သူမမေးဘဲ ဘယ်လိုရှင်းပြရမှာလဲ။

နှစ်ယောက်သား ထသတ်တော့မည့်ရုပ်တွေနှင့် ကုမ္ပ
သို့ ရောက်လာကြလျှင် ပန်းအိ ကားပေါ်မှ လျှင်မြန်စွာဆ
လိုက်သည်။ တော်ပြီ … နောက် ဒင်းကားကို ဘယ်တော့
မစီးတော့ဘူး။

သူမ ဆင်းသွားတော့ ကားထဲမှ ကျော်ထက်ခိုင်၏
လှောင်လှောင်ရယ်သံက ကပ်ပါလာသေး၏။

"အနာပေါ်တုတ်ကျသွားတာလား။ ဒါမှမဟုတ် ဖုံးထ
တာတွေ ပေါ်သွားလို့လား … "

ရှက်လွန်း။ ဒေါသဖြစ်လွန်းလို့ ပန်းအိ မျက်နှာရဲ
ပျက်နေလျှင် ကုမ္ပဏီထဲမှလူတွေ ပဟေဠိအကြည့်နှင့်။

သူမ ကိုယ့်နေရာမှာမထိုင်ရသေး။ သူမ တာဝန်
ဦးခက်ထန်၏ တောက်တိုမယ်ရ မဟုတ်ပါလား။ သူဘာလိုအ
မည်လဲ။ သွားကြည့်ရဦးမည်။ ရောက်တောင်ရောက်ဦးပဲ့မလာ
တံခါးကို တွန်းဖွင့်ဝင်လိုက်လျှင် သူမကို မျက်မှောင်ကြ
ကြည့်နေသည့် ဦးခက်ထန်ကို ဘွားခနဲ တွေ့လိုက်ရသဖြင့် ပန်း
လန့်သွား၏။ သူက အရင်ဆူလေ၏။





"ဘာတွေဖြစ်လာတာလဲ၊ လူမြင်လို့တောင်မကောင်းဘူး။
မိက ၈-နာရီထွက်ပြီ၊ အခု ၉-နာရီခွဲတော့မယ်၊ ဒီလူနဲ့လိုက်
ပါနဲ့လို့ ငါဘယ်နှစ်ခါပြောရမလဲ"

"ကျွန်မ … "

"ဘာလဲ _ ဘာတွေဆင်ခြေပေးဦးမလို့လဲ၊ မိန်းကလေး
များ နည်းနည်းလောက်အရေးပေးလိုက်ရင် ခေါင်းကမ်းပျက်
တော့တာပဲ"

"ရှင် … "

ဒီလောက်အော်ဟစ်၊ ဆူမာန်နေတာများ အရေးပေးသည်
ပန်းအိမှာ တစ်ပူပေါ်နှစ်ပူဆင့်နေရတော့သည်။ သည်အခါ
ရင်ထဲ မထွေးနိုင်၊ မအန်နိုင်နှင့် မျက်ရည်များကျလာမိ
တော့သည်။

သည်တော့လည်း သူ့လေသံပျော့သွားရသည်သာ။

"ဒါပြောတာနဲ့ ငိုစရာလား။ ဒါတောင် ရှုပ်ကိစ္စထည့်
ပြောသေးဘူး"

"မင်းမှာ ချိုးဖောက်မှုတွေ အများကြီးပဲ၊ ထုတ်ထားတဲ့
ည်းကမ်းတွေကို တစ်ခုပြီးတစ်ခု ဖျက်နေတယ်"

"ကျွန်မ မတတ်နိုင်တဲ့ကိစ္စတွေမို့ပါ၊ ရှုပ်ကိစ္စကလည်း
က်ထန်ကြားသားပဲ၊ ကျွန်မက အိမ်မှာကပ်နေရတဲ့သူပါ။
ကြီးရှင်တွေကို မျက်နှာပျက်အောင် မလုပ်ဝံ့ပါဘူး"

"ဟာ … မင်းကိုပြောပြီးသားပဲ၊ အိမ်ရှင်က ငါတစ်

ယောက်ထဲလေ''

''ဒါပေမယ့် ဦးခက်ထန်ထက် သူတို့ကိုပိုပြီး ကြောက်နေ ရပါတယ်၊ သူတို့က နီးရာခါးတွေပါ၊ ပြီး ... ဦးခက်ထန်က သူတို့ရှေ့ကျ မခုတ်တတ်တဲ့ကြောင်လေးလိုနေပြီး ကွယ်ရာကျမှ ကျွန်မကို ဖိပြောနေတာပဲ''

''အောင်မာ မင်းက ငါ့ကိုဝေဖန်နေတာလား။ မလောက် လေးမလောက်စားလေးကများ။ ကဲ ... ထား၊ ဒါဆို ကျော်ထက် နိုင်ကားကို ဘယ်တော့မှ မစီးနဲ့ဆိုတဲ့အချက်ကိုကျ ဘာဖြစ်လို့ ဖောက်ဖျက်ရသလဲ''

''ဒါလည်း သူကမလိုက်မချင်းခေါ်နေလို့ပါ၊ ပြီး ... လိုင်းကားတိုးစီးရတာလည်း ကျွန်မအတွက် အရမ်းခက်တယ် လေ''

''ပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ နောက် စည်းကမ်း ဖောက်ဖျက်ရင်သေမယ်၊ ကဲ ... အခု မျက်နှာပျက်နေတာ ဘာဖြစ်လာသလဲပြော၊ ဘာလဲ ... ကျော်ထက်နိုင်က ရည်းစား စကားပြောလိုက်သလား။ ဒီကောင်က ဒါမျိုးတွေ ကျွမ်းတယ်''

ယခုထိ ပန်းအိမှာ သူစားပွဲရှေ့တွင် မတ်တပ်ရပ်နေရ တုန်း။ ဆရာ့ရှေ့ရောက်နေသည့် တပည့်လေးလို။ သူရစ်နေတာ တွေကို ဖြေရှင်းနေရသည်။

ခက်ထန် မေးနေသည့်အတွက် အမှန်ကိုဖြေလိုက်ဖို့ သူမ ဆုံးဖြတ်လိုက်သည်။ သူမဘဝရဲ့ လုံခြုံမှုအတွက် ခက်ထန်၏





ဦးစောင့်ရှောက်မှုလိုအပ်သည်။

ကျော်ထက်နိုင်ကတော့ ကူမည့်သူမဟုတ်။ နှောင့်ယှက် သူသာဖြစ်မည်။

''သူကြောင့် မဟုတ်ပါဘူး''

''ဒါဆို ဘယ်သူကြောင့်လဲ ... ပြော ... ''

''ဟို ... ကျွန်မတို့ကို ဒေါ်မြသွင်ကြီးရောင်းစားတဲ့ စား က်ဆိုင်ကလူ ... ''

''ဘာ''

''အဲဒီလူနဲ့ ဘယ်လိုတွေ့လဲ ... ဘယ်တွေလျှောက်သွား ့ရတာလဲ၊ တောက် ... မင်းကိုအနေအထိုင်မတတ်ဘူး''

ခက်ထန် ဒေါသတွေ ထွက်နေလျှင် ပန်းအိ အမှန်အတိုင်း သည်။ အမှန်ကိုပြောသည့်ကြားမှပင် လောကကြီးက လွဲ ာတ်သေးသည် မဟုတ်ပါလား။

''ကျွန်မ ... သူကားနဲ့လမ်းကြုံလိုက်လာရင်း သူက ိုင်ကြီးတစ်ဆိုင်မှာ ဈေးဆင်းဝယ်တယ်၊ နောက် ဈေးဝယ် ျွန်မကားဆီအရင်ပြန်နှင့်တုန်း သူနဲ့လူတစ်ယောက် စကား နေတာတွေ့ရတယ်''

''နောက် ... ကားပေါ်မှာ သူရုပ်က ဒေါသတကြီးဖြစ် ယ်''

''အောင်မာ ... သူနဲ့ဘာဆိုင်လို့လဲ''

''နောက် ... ကျွန်မကို ရန်စကားတွေပြောတယ်၊

အထင်သေးစကားတွေပြောပြီး ကျွန်မကို ခြိမ်းခြောက်တ
စွပ်စွဲတယ်''

''လူပါးဝလိုက်တာ ... ဘာတွေဘယ်လိုပြောလဲ''

''ကျွန်မတို့က သူတို့ငွေယူပြီး ထွက်ပြေးတယ်တဲ့၊ သူတို့က ဒေါသတွေအရမ်းထွက်ပြီး လိုက်ရှာနေတယ်၊ လက် ချေမယ်တဲ့လေ''

''ဒါ ... မင်းမဲ့တိုင်းပြည်မှမဟုတ်ဘဲ၊ လူတွေထဲမှ နေ၊ ဘယ်သူမှမစော်ကားရဲဘူး။ ဒါပေမယ့် ဒီအကြောင်း ကျော်ထက်နိုင် သိသွားတာတော့ မကောင်းဘူး။ သူ့အ လီဆယ်ပြီး တိုင်ပြောနိုင်သလို ... မင်းတို့အပေါ်မှာထ ၁မထင်သေးနိုင်တယ်''

''ဟုတ်တယ် ... ကျွန်မကြောက်တယ်၊ ရှာပဲပြန်ရှ ပြီ၊ ဒီကြားထဲ ဦးခက်ထန်ကလည်း ကျွန်မကို အမြဲရန်လု တော့၊ ကျွန်မ နေရတာမပျော်တော့ဘူး။ ဒုက္ခတွေများလှပါ ရှင် ... ''

ပြောရင်းဆိုရင်းမှ ပန်းအိ ဝမ်းနည်းပမ်းနည်းငိုကြွေ လျှင် ခက်ထန် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ရသည်။

''ဟာ ... ဟိတ် မငိုနဲ့လေ၊ မင်းတို့ကို ငါကာကွယ် မှာပေါ့၊ ကဲ ... ကဲ နောက်ဆို ကိုယ့်ကားနဲ့ပဲအသွား လိုက်ပါ၊ တစ်ခုတော့ရှိတယ် ... ကိုယ့်မှာအလုပ်များတ မင်းအဆင်မပြေမှာတစ်ခုပဲ''





''နေပါစေ ... ဦးခက်ထန်က အနိုင်ကိုအရမ်းကြောက် ယ်မဟုတ်လား။ ကျွန်မကြောင့် ပြဿနာမတက်စေချင်ပါ ''

''အောင်မာ ... သူက ငါ့အဒေါ်အရင်းလည်း မဟုတ်ပါ ။ သူ့ကိုကြည့်ရတာမဟုတ်ဘူး။ ဝတ်တာစားတာ ကလက် ကတက်နဲ့၊ သူ့ကိုငါက စောင့်ရှောက်နေရတာမို့ စိတ်ချမ်းသာ ခင်ထားတာပါ၊ ပြီး ... သူက ငါကရှုစိုက်တဲ့သူဆိုရင် ငါ့ ယ်ရာမှာ ကောင်းကောင်းနှိပ်ကွပ်တတ်လို့ ငါကဆင်ခြင်တာ ကြောက်လို့မဟုတ်ဘူး။ နားလည်ပြီလား''

''ဟုတ်ကဲ့ ... ''

''ကဲ ... ကိုယ့်ဖို့ ကော်ဖီသွားဖျော်ချည်၊ တစ်ခုတော့ ချပ်တယ်၊ ဒီအကြောင်းတွေ ကျော်ထက်နိုင် သိသွားတော့ မှာ မင်းတို့အပေါ် အထင်သေး၊ အမြင်သေး၊ အထင်မှား၊ မြင်မှား မှာတော့စိုးတယ်၊ သတိထားနေပါ၊ တစ်ခုခုဆို ကိုယ့် ပြော ... ''

''ဟုတ်ကဲ့ပါ ... ကျွန်မတို့ကလည်း ဦးခက်ထန်ကို းကိုးပြီး နေကြရတာပါ''

သူမ ခက်ထန်အတွက် ကော်ဖီဖျော်လာပြီး ရှိသည့်မုန့် ပါ ယူပေးခဲ့သည်။ သူက ကော်ဖီသောက်၊ မုန့်စားရင်း မန်နေဂျာကို ညွှန်ကြားချက်တွေ ပေးနေ၏။

သူမန်နေဂျာထွက်သွားတော့ ပန်းအိကို ...

"ဒီနေ့ ငါ့ဆုလိုက်လို့ မင်းမျက်ရည်ကျရတယ်၊ အ
ပေးတဲ့အနေနဲ့ တစ်နေရာရာလိုက်ပို့မယ်၊ ဘယ်သွားမလဲ၊
ပင်ထွက်မလား၊ ဘုရားသွားမလား"

ပန်းအိ အံ့ဩရပါသည်။ သူဟာ ခြင်္သေ့ကြီးလို အငြ
တန့်ဟိန်းဟောက်နေရာမှ ဘယ်လိုဖြစ်ပြီး နူးညံ့သွားတာ

"ဘုရားသွားတာက လူစုံမှကောင်းတာပါ၊ ထွေ
စပယ်တို့လည်း သနားပါတယ်၊ သူတို့(၃)ယောက်နဲ့မှ
သွားချင်တာ"

"ဟုတ်ပြီလေ ... ရွှေ့ပင်ထွက်ကြမယ် ... "

"ဦးခက်ထန် ဒီနေ့အလုပ်တွေမရှိဘူးလား၊ စိတ်
လည်းမဟုတ်ဘဲနဲ့"

"ရတယ် ... ကိုယ်က လခစားမှမဟုတ်ဘဲ၊ စိတ်
ကျတော့ ပိုပြီးအလုပ်ရှုပ်ချင်ရှုပ်မှာကွ၊ ပြီး _ ဟိုနှစ်ယောက်
ကန့်လန့်၊ ကန့်လန့်နဲ့၊ ဒီနေ့ပဲ သွားကြရအောင်၊ ယုဇနပ
ဖြစ်ဖြစ်၊ ဂမုန်းပွင့်ဖြစ်ဖြစ်၊ နောက် ... အသစ်ထွက်တဲ့
ဇာတ်တစ်ခုဖြစ်ဖြစ် ... "

"ဟာ ... ဦးခက်ထန်ကလည်း ရွှေ့ပင်ထွက်ရ
ကျွန်မမှာ ပိုက်ဆံမရှိပါဘူး၊ လစာတောင်မရသေးဘဲနဲ့"

"ကြိုတင်လစာပေးမှာပေါ့"

"ပေးလည်း မဝယ်ချင်ဘူး၊ နမျောတယ်၊ မနက်က
လူကြီးဝယ်နေတုန်း လိုက်ကြည့်တာ၊ ဈေးတွေကလည်း





လိုက်တာ၊ တစ်ထည်ကို သောင်းကျော်နေတာကြီး"

"ဘာဖြစ်လဲကွာ _ ပန်းအိမှာ အဝတ်အစားမရှိဘူးလေ၊
နည်းနည်းပါးပါးတော့ဝယ်ပါ၊ နောက် ... ကိုယ့်နောက်ကို
အလျဉ်းသင့်သလို လိုက်ရတဲ့အခါ အဝတ်အစားကောင်းကောင်း
ရှိရမှာပေါ့"

"ကုမ္ပဏီ ယူနီဖောင်းနဲ့ဆို ပြီးတာပဲ မဟုတ်လား"

"နိုင်ငံခြားသားတွေ၊ ဘာတွေနဲ့ သွားတွေ့တဲ့အခါ၊ ညေ့
ကောင်း စောင်ကောင်းတွေနဲ့ သွားတွေ့တဲ့အခါ၊ မြန်မာဝတ်စုံ
လေးတွေ လိုတယ်လေ"

"ပြီးရော ... "

တကယ်က ဒီနေ့ ခက်ထန် စိတ်ရှုပ်ထွေးလွန်းလို့ပါ။
သူ ဖုံးထားသည့်ကိစ္စ ပေါ်သွားသည့်အတွက် ဘာအကျိုးဆက်
တွေဖြစ်လာဦးမလဲ။ သူက ဘာမှဖြစ်မသွားပေမယ့် ပန်းအိတို့
(၃)ယောက်အတွက် အလားအလာမကောင်း။

သူကရော ဘယ်လောက်ကာကွယ်ပေးနိုင်မလဲ။ သူကွယ်
ရာမှာ ဒေါ်မမသီနိုင် ဘယ်လောက်တောင် ပညာပြလိုက်မလဲ။

ဦးလေးရေ _ ဦးလေးကျေးဇူးတွေ ဆပ်ရတာ ကျွန်တော်
လည်း ထောင်ကျနေသလို ခံစားနေရပြီဗျာ။ ဦးလေးမိန်းမက
ကျွန်တော့်ကို တဖြည်းဖြည်း ပိုင်စိုးအုပ်ချုပ်လာလိုက်တာ ကျွန်
တော့်မှာ ဆုပ်လည်းစူး၊ စားလည်းရှူး ဖြစ်နေရပြီ။

ကိုယ့်တပ်လည်းကိုယ်မနိုင်တော့ဘူး။ သူက သူမောင်

သားအဖပါ အိမ်ပေါ်ခေါ်တင်ထားတော့ ကျွန်တော်စိတ်ဆင်း
နေရတယ်။

သူတို့အဖွဲ့ကို ဘယ်လိုလုပ်ပစ်ရမလဲဆိုတာ ဦးလေးအကြံ
ပေးပါဦး။ အိပ်မက်ပေးပါဦး။

သူ ... ဒေါ်မမသီနိုင်တို့အဖွဲ့ကို အိမ်ပေါ်မှ နှင်ချချင်
မယ့် သူတို့မှာ အိမ်မရှိတော့ဘူး မဟုတ်ပါလား။ သူတို့အိမ်
ရောင်းပြီး ကုမ္ပဏီမှာ ရှယ်ယာထည့်ပေါင်းထားသည့်အလုပ်
ရပ်တည်နေကြသူတွေ။

ကိုယ်က နေစရာပေး၊ ထမင်းကျွေးထားသည့်ကြား
ကိုယ့်အပေါ် ညှောင်ပင်လိုမျိုးချင်နေသည့်မှာ ဘာသဘော
ဘာပဲဖြစ်ဖြစ် အကြံဉာဏ်လေး ... လေးထွက်လိုထွက်
ပြော။ သူ စိတ်ပြေလက်ပျောက် သဘောနှင့် ပန်းအိကို ရေးဝယ်
ထွက်ပေးလိုက်ဦးမည်။

သနားစရာ တောသူမလေးဟာ သဘောဖြူ ဇာဝင်း
ရုပ်ကလေးကလည်း ပေယ်ပွင့်လို ဖြူစင်ပြီး သဇင်ပန်းလို တော်
ဝင်သည်။

ကညွှတ်ပျပ်ခနဲ့ ဆိုသည့်အတိုင်း ဒဿနလှ၊ အချင်းလှ
သည့်ကောင်မလေးကို သူနှစ်သက်မိပါသည်။ အခြေအနေကြည့်
ချင်သေးလို့သာ မျက်နှာသာမပေးဘဲ အနီးကပ်ကြည့်ရှုနေခြင်း
သာ။

ပြီး ... ဒေါ်မမသီနိုင် ဒုက္ခပေးမှာစိုးလို့ တိတ်တခိုး





ကြည့်နေရသည်။

"သွားစို့ ..."

အလုပ်ရှိလို့ သွားသလိုလိုနှင့် သူက ရှေ့မှခပ်တည်တည်
သွားသည့်အခါ ပန်းအိက သူ့အိတ်ကိုဆွဲပြီး နောက်မှလိုက်ရ
သည်။

သူကားအကောင်းစားကြီးပေါ်မှာ ပန်းအိ ... ဟိုကြည့်၊
ဒီကြည့်နှင့် ဗိုတိုဖြစ်နေလျှင် သူ ဟောက်ပစ်လိုက်၏။

"ဘာဖြစ်နေတာလဲ၊ ကားကိုသဘောကျနေတာလား။
ကားပါတဲ့ အဖိုးကြီးတွေဆို ယူမှာလား"

"မယူပါဘူး။ မကျပါဘူး၊ စီးရတုန်း စီးထားတာ၊
လောကကြီးထဲမှာ အားလုံးသခါရတွေချည်းပဲ၊ ဖြစ်ပြီးပျက်တာပဲ
ဘွား၊ ဘာတွေမက်မောနေရမှာလဲ၊ အဖိုးကြီးတော့ မယူသေး
ဘူး"

ပါးဖောင်းဖောင်းလေးနှင့် နှုတ်ခမ်းရဲရဲလေးစူထားပုံက
အလှဆုံး ဝက်ပေါက်လေးပေါ့။ သူ ရင်ထဲမှာ ချစ်စနိုးဖြစ်သွား
ပေမယ့် ခပ်တည်တည်ပင် ကားကိုမောင်းထွက်လိုက်သည်။

"ရှုပါဝမ်း သွားမယ်၊ အပေါ်ဆုံးမှာ ကစားကွင်းရှိတယ်"

"ကလေးတွေ ကစားရတာ၊ ကျွန်မတို့မှ ကစားမရတာပဲ
ချင်းစရာကြီး"

"ရောက်ဖူးလို့လား"

"ဟင့်အင်း ..."

"မင်း ပျော်သွားစေရမယ်၊ အပေါ်ဆုံးက ဆီးကြည့်ရ
ဖျူးလည်းလှတယ်၊ အဲဒီမှာ ကြိုက်တာမှာစားလို့ရတယ်၊ ကြို
တာလည်းဝယ်လို့ရပါတယ်"

"ပြီးရော"

ဒီအပြောလေးကို သဘောကျသွားပြီး ... သူတစ်ရ
ပြုံးမိသည်။ ရှုပါဝမ်းကိုရောက်တော့ နေ့လည် ၁၁–နာရီ ရှိပေ

● ● ●



ရှုပါဝမ်း အပေါ်ထပ်ရှိ စားပွဲ၊ ကုလားထိုင်လေးများမှာ လေတဟူးဟူးနှင့်နေရတာ အေးမြလှပါသည်။ အဲယားကွန်းအေးနည်းမျိုးမဟုတ်ဘဲ သဘာဝ လေပြည်တိုက်ခတ်မှုကြောင့် အေးမြခြင်းပါပေ။

စားပွဲတစ်ခုမှာနေရာယူပြီး ခက်ထန်အစားအသောက်သွားမှာယူလိုက်သည်။ ဟော်တယ်တွေလို ဈေးလည်းအများကြီးမကြီးပါ။

အစားအသောက်စားရင်း ကလေးတွေကစားသည်ကို လှမ်းကြည့်ရတာ ကြည်နူးစရာ။ ဒါတောင် ကိုယ့်ကလေးမပါလို့။ ကိုယ့်သားသမီးလေးများ ကစားနေတာသာကြည့်ရရင် ပိုပြီးကြည်နူးပေလိမ့်မည်။

ဦးနှောက်လည်း အပန်းပြေရ၏။ ကလေးကစားကွင်းဖက်မလှည့်ဘဲ ရှုခင်းဘက်လှည့်ပြီး ခက်ထန် တမေ့တမော ငေးနေ

မိသည်။ ပန်းအိကတော့ ကလေးတွေကစားနေသည်ကိုသာ ငေး
ကြည့်ဝမ်းသာနေမိ၏။

"ပန်းအိ ..."

"ရှင် ..."

"မင်းတို့ကိစ္စ ကျော်ထက်နိုင်သိသွားပြီ၊ သတိသာထား
ပေတော့"

"အာ ‒ ဦးခက်ထန်ကလည်း ပန်းအိကြောက်ပါတယ်ဆို
မှ သူသိတာက တကယ့်သတင်းဆိုး။ သူလူက ကျွန်မတို့ကပဲ
ငွေယူပြီးမှ ထွက်ပြေးသလိုလို၊ တကယ်က ဒေါ်မြသွင်ကြီး လူ
လည်လုပ် ရောင်းစားတာခံရတာပါ၊ အချိန်မီလည်း ထွက်ပြေး
နိုင်ခဲ့ကြပါတယ်၊ ဒါပေမယ့် ဟိုလူက သူ့ကိုဘယ်လိုကြပ်လိုက်
တယ်မသိဘူး။ ပြဿနာက အဆမတန်ကြီးထွားသွားတယ်"

"ဟုတ်တယ် ‒ ဒီပြဿနာကို ဘယ်လိုကိုင်တွယ်ရမလဲ
လို့ ကိုယ်စဉ်းစားနေတာ၊ မင်းတို့ကိုပဲ အိမ်ကနှင်ထုတ်ရမလား။
ဒေါ်မမသီနိုင်တို့အုပ်စုကိုပဲ အိမ်ကနှင်ထုတ်ရမလား။ ဖြစ်နိုင်တာ
တော့ သူတို့အုပ်စုထက် မင်းတို့အုပ်စုပဲ လွင့်ထွက်သွားမယ်
ထင်ပါတယ်"

"ဟုတ်တယ် ... ကျွန်မတို့ပဲ ပြေးရမှာ၊ သူတို့က ထန်း
ပင်ပေါ်ကတစ္ဆေ နတ်ပြည်ကလူတွေပါ၊ ကျွန်မတို့အတွက် ခေါင်း
ခြောက်ခံမနေပါနဲ့ရှင်၊ ဦးခက်ထန်တို့ မိသားစုတွေ အဆင်ပြေ
ရေးက ပိုပြီးအရေးကြီးပါတယ်၊ ကျွန်မတို့က ကလေကချေ အုတ်





ကြားမြောက်ပေါက်တွေပါ"

အသံနစ်ဝင်သွားပြီး ပန်းအိ မျက်လွှာချသွား။ ခေါင်းငုံ့
ပိုက်သွားလျှင် ခက်ထန် သူကလေး၏မျက်နှာလေးကို ကြင်နာ
စွာ ဆွဲမော့ကြည့်လိုက်သည်။

မျက်ရည်ပါးပါးလေး စီးကျလို့။

"မငိုပါနဲ့ကလေးရယ် ... ကိုယ်တစ်ယောက်လုံးရှိပါ
ဘယ်ကွယ်"

အချော့ခံချင်လို့ ငိုသည်ဟုအထင်မခံချင်သဖြင့် ပန်းအိ
သူမမျက်နှာလေးကို လွှဲလိုက်ခါ မျက်ရည်များကို ခပ်ကြမ်းကြမ်း
သုတ်ပစ်လိုက်သည်။

ဘဝဆိုတာ ဆူးခင်းလမ်းလည်းလျှောက်ရမယ်။ ချောက်
ထဲ မကျရင်ပြီးရော။

မသမာသူ၊ လူယုတ်မာတွေ မောင်းသွင်းမယ့် လှောင်ချိုင့်
ထဲမရောက်ရင် ပြီးရော။

အန္တရာယ်ကို ရှောင်တတ်ရမယ်။

ငါတို့အတွက် မှန်ကန်တဲ့ နားခိုရာကိုရှာရမယ်။ ပန်းအိ
မငိုတော့ပါ။ ရင်ပြင်တစ်ခုလုံး နာကျင်နေပေမယ့် သူမ မဲ့မဲ့လေး
ရယ်မိပါသည်။

"ရပါတယ် ဦးခက်ထန်၊ ဖြစ်လာသမျှ၊ ကြုံလာသမျှ
လောကဓံကို ကျွန်မတို့ သူငယ်ချင်း(၃)ယောက် ရင်ဆိုင်မှာပေါ့"

"အေးပါကွယ် ... ကိုယ်လည်း မင်းတို့အနားမှာရှိပေး

နေပျံ့မယ်၊ ကဲ ... စိတ်ချမ်းသာအောင်နေ၊ ဒီနေ့တော့ ပျော်မှ ဖြစ်မယ်''

''ဟုတ်တယ် ... မနက်ဖြန်ဆိုတာ ရေရာတာမဟုတ်ဘူး။ သေချာတဲ့ ဒီနေ့ကိုပဲ ကျွန်မတို့ ဆုပ်ကိုင်ထားရမယ်''

''ကဲ ... စားပြီး နားပြီးရင် အောက်ထပ်တွေဆင်းကြည့်ရအောင် ... ဈေးဝယ်ကြမယ်''

''ကျွန်မတော့ စိတ်တောင်မပါတော့ဘူး၊ ရှေ့လျှောက် ဘာတွေဖြစ်မယ်မှန်းမသိဘဲနဲ့ လစာတွေကြိုပြီး မသုံးချင်ဘူး''

ဩော် ... ပန်းအိလေးရယ်။ ခက်ထန် သူ့ကလေးရဲ့စိတ်ဓာတ်ကို တော်တော်သဘောကျမိသည်။ အခြားမိန်းကလေးတွေလို ပူဆာဖို့နေနေသာသာ၊ ကြိုတင်လစာရယ်လို့ ကြိုပေးသည့်ကြားကတောင် ငြင်းဆန်နေ၏။

''ရပါတယ် ... သုံးပါ၊ မင်း ပရမ်းပတာမဖြစ်ဖို့ ကိုယ်ကြိုတင်ပြီး အာမ ခံပါတယ်''

နှစ်ယောက်သား အောက်ထပ်များသို့ဆင်းပြီး ပန်းအိအတွက် ဝတ်စုံလေးများ၊ အလှပြင်ပစ္စည်းများနှင့် တိုလီ မိုလီလေးများဝယ်ကြသည်။

''ထွေးနုနဲ့ စပယ်အတွက်လည်း ဝယ်ပေးချင်တယ်''

''ဝယ်လေ၊ သူတို့က အပြင်သိပ်မထွက်ရတော့ တော်ရုံတန်ရုံလေးတွေဝယ်ပေါ့''

''အင်းပါ ... ''





ထွေးနုနှင့်စပယ်အတွက်လည်း ပန်းအိ ဝတ်စုံလေးတွေ ယ်လာခဲ့သည်။ ရဲဘော် (၃)ယောက် သွေးစည်းစွာနှင့် လောကဓံ ွေကို ဖြတ်သန်းရဦးမည် မဟုတ်ပါလား။

အထုပ်အပိုးများနှင့်မို့ ကုမ္ပဏီသို့ ပြန်မသွားတော့ဘဲ း်အိကို သူ့အိမ်သို့ ပြန်ပို့ပေးလိုက်သည်။ အိမ်မှာ ဒေါ်မမသီနိုင် ည်းမရှိ။ သူမတို့ (၃)ယောက်သာ။

''အချင်းချင်း တိုင်ပင်လိုက်ကြဦး။ သိပ်လည်းမကြောက် ့ကွာ၊ စိတ်ဓာတ်ကြံ့ကြံ့ခံပြီး အချင်းချင်း နားလည်မှုရှိဖို့ ည်းလုံးကြဖို့ပဲ လိုတယ်နော်''

''ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဦးခက်ထန်''

ဦးခက်ထန်ရဲ့ကား ပြန်ထွက်သွားပြီး ပန်းအိ အိမ်ထဲသို့ ထုပ်အပိုးများနှင့် ဝင်လာခဲ့တော့ ထွေးနုနှင့်စပယ်တို့ အံ့ဩ း်းသာနေကြသည်။

''ဟဲ့ ... နင် ဘာဖြစ်လို့ နေ့လည်ကြီးပြန်လာတာလဲ''

''ဘာလဲ ... ဦးခက်ထန် နင့်ကိုအလုပ်ဖြုတ်လိုက်ပြီလား''

''ဖွဟဲ့ ... မပြောကောင်း၊ မဆိုကောင်း ဘယ်ကအလုပ် ်ဲ့ရမလဲ၊ ငါတို့(၃)ယောက်အတွက် ပြဿနာတစ်ခုပေါ်နေလို့ ျင်းချင်းတိုင်ပင်နိုင်ကြဖို့ အိမ်ပြန်ပို့ပေးတာ၊ ဒီအထုပ်တွေက ့ို့(၃)ယောက်အတွက် ငါ့ကြိုတင်လစာနဲ့ဝယ်လာတာ''

''စိတ်ဆင်းရဲစရာကို နောက်မှပြောဟာ၊ လောလော ယ် စိတ်ချမ်းသာစရာလေးတွေ အရင်ကြည့်မယ်၊ ပြ ... ပြ

ငါတို့ဖို့ ဝယ်လာတာတွေရော၊ နင်ဝယ်လာတာတွေရော ကြည့်
အောင်''

မိန်းကလေးတွေပီပီ ဝယ်လာသည့်အထုပ်အပိုးလေးများ
ကိုအရင်ကြည့်ကြသည်။ သူငယ်ချင်းများ စိတ်ချမ်းသာပါစေ
ပန်းအိ အသာကြည့်နေပေးလိုက်၏။

အားရဝမ်းသာကြည့်ပြီးလေမှ ...

''ကဲ ... ပြော၊ ဘာပြဿနာတွေ ပေါ်လို့လဲ''

''ဟိုကိစ္စကို အိမ်သားတွေ သိသွားလို့လား''

သူမတို့မှာ လျှို့ဝှက်ထားတာဆိုလို့ ထိုကိစ္စပဲ ရှိလေ
တွေးနေက တန်းခနဲ ပြောနိုင်လေ၏။ ပန်းအိ ခေါင်းကိုလေး
စွာ ညိတ်ပြရသည်။

''ဟုတ်တယ် ... ငါတို့ကိစ္စကို ကျော်ထက်ခိုင် သိသွာ
တယ်၊ သိတာမှ အရင်းအတိုင်းမဟုတ်ဘဲ ချဲ့ကားပြီး မဟု
တန်းတရားတွေပါ ပါလာတာ''

''ဟေ ... ဟိုဘက်ကလူတွေနဲ့ တွေ့သွားတာလား''

''အေး ... မိုးဆွေဆိုတဲ့လူနဲ့ တွေ့သွားတာ၊ သူက
တို့ကို ပိုက်ဆံယူပြီးမှ ထွက်ပြေးတဲ့ပုံစံ၊ ပြဿနာလုပ်ပြီး
တိုင်တဲ့ပုံစံ ပြောပြတာ၊ ငါထင်တာတော့ ငါတို့ကို ပျက်
ထွက်ပြေးကြတဲ့ပုံစံပြောလိုက်တယ် ထင်ပါတယ်ဟာ၊ ငါ့ကို
ထက်ခိုင်ကြည့်တဲ့ပုံက အထင်သေး၊ အမြင်သေးနဲ့''

''ဟာ ... စည်းမပေါက်ဘဲနဲ့ ပေါက်တယ်အထင်ခံ





တို့ ဘယ်ပြေးကြပါ့မလဲ''

''တို့ကို မိုးဆွေတို့အဖွဲ့ကလည်း မကျေဘူးဟ၊ ဘာပဲဖြစ်
စံ၊ ဒေါ်မြသွင်ကြီးကိုပေးလိုက်ရတဲ့ ပိုက်ဆံကလည်း ရဲကသိမ်း
သွားတော့ သူတို့မှာ ငွေလည်းကုန်၊ တရားစရိတ်တွေလည်းကုန်၊
တို့ကို နောက်ယောင်ခံလိုက်နေကြတာ၊ အခုဆို ကျော်ထက်
အိမ်မှာရှိကြောင်း သိသွားကြပြီ''

''ငါတို့ထက် နင်ကပိုပြီးအရေးကြီးတယ်၊ နင်က အပြင်
လှုပ်ရှားနေရတာ''

''အင်း ... ဟုတ်တယ်၊ ပန်းအိ ... နင် ဦးခက်ထန်ကို
ကျိုးအကြောင်းပြောပြီး အလုပ်ထွက်လိုက်တော့ဟာ၊ အိမ်ထဲ
ပဲ ငါတို့(၃)ယောက် အတူတူအလုပ်လုပ်ကြရအောင်''

''အေး ... ကြည့်သေးတာပေါ့ဟာ''

''ကဲ ... ထမင်းစားကြမယ်၊ ဒီနေ့ ဒေါ်မမသီနိုင်လည်း
ယ်သွားတယ်မသိဘူး။ အိမ်မှာ ငါတို့မိုလ်''

(၃)ယောက်သား ချဉ်ရေဟင်း၊ ငါးပိကြော်နှင့် ထမင်းစား
ကြစဉ် တိုက်ရှေ့မှ ကားဟွန်းသံကြောင့် တွေးနေ တံခါးပြေး
သည်။ ဦးကျော်ထက်ခိုင် ပြန်လာခြင်းပါပေ။

''အိမ်မှာ နင်တို့နှစ်ယောက်ထဲလား''

''ပန်းအိပါ ပြန်ရောက်နေတယ် ... ''

''ခုမှ နေ့လည်ရှိသေးတယ်၊ ဘာလဲ သူ့အလုပ်ပြုတ်လာ
လား''

''နေမကောင်းလို့ ပြန်လာတာပါရှင်''

''ဘာမှမဟုတ်ဘူး။ ငါမနက်က မိုးဆွေနဲ့တွေ့တယ်၊ ဆွေကိုသိတယ်မဟုတ်လား။ ဦးကျော်ရဲ့ ရက်စတောရင့်က

တိုက်ထဲဝင်လာပြီး စကားတွေဆက်တိုက်ပြောနေသ ထွေးနုမှာရပ်ပြီး ဖြေကြားနေရသည်။ ဒီသတင်းကတော့ ပန် ထံမှရပြီးသားမို့ ထူးပြီး မတုန်လှုပ်တော့ပေ။

''သိပါတယ် ... ''

''သိရမှာပေါ့ ... နင်တို့လူလည်လုပ်သွားတာကို မို ပြန်ပြီး လက်စားချေချင်နေတယ်၊ သတိသာထား''

ထွေးနု ဒေါသတွေ ထောင်းခနဲ ထွက်သွားသည်။ သူ ကပဲ ပြောရတယ်ရှိသေး။

''ကျွန်မတို့က လူလည်လုပ်တာမဟုတ်ဘူး။ သူတို သူများသားပျို၊ သမီးပျိုကို မတရားဖျက်ဆီးချင်ကြတာ''

''နင်တို့ကို သူတို့ ဖျက်ဆီးလိုက်တယ် မဟုတ်လား

''အို ... မဟုတ်ဘူး။ ကျွန်မတို့ ထွက်ပြေးပြီး ရဲတိုင် လိုက်တာပဲ''

စကားတွေက မပြီးနိုင်အောင် ရစ်ပတ်ဖွဲ့နှောင်လာသ ထွေးနု ထမင်းစားခန်းဘက်သို့ ပြန်ပြေးလာခဲ့သည်။ သူမ ယောက်တည်း ရင်မဆိုင်ရဲတော့။ စကားတွေက ဘာအဓိပ္ ဆောင်လေမည်မသိ။

ကျော်ထက်နိုင် ညှိခန်းမှာ ခေတ္တထိုင်လိုက်ပြီး ဝ





ခဲ့သည်။ မိုးဆွေပြောတဲ့အတိုင်း သူတို့ဟာ ပျက်စီးပြီးသွားတဲ့ ကလေးတွေ။ သူတို့ ဝန်ခံသားပဲ။ ပိန်းကလေးဆိုတော့ ကိုယ့် ယ်ကို ကာကွယ်ပြီး ဖုံးတစ်ဝက်၊ ဖော်တစ်ဝက် ပြောနေကြ ာပေါ့။

အဆိုးထဲကအကောင်း။ ငါ ... သူတို့ကို တစ်နေ့တစ် ာက်အသုံးချစ်ပစ်ရမယ်။ ခက်ထန်လည်း ဒီလိုပဲ ခိုးစားနေ

ဒီကောင်မတွေကို မျက်နှာသာမပေးဘူး။ ငါ့အကျိုးစီးပွား ဘွက် အသုံးချရမယ်။

ထမင်းစားခန်းထဲမှာလည်း ထွေးနုတို့(၃)ယောက် ခေါင်း ်းနိုက်၊ အကြံအိုက်နေကြရသည်။

''ငါတို့ ရှေ့ဆက်ဘယ်လိုလုပ်ကြရမ့်ပါမလဲ၊ ကျော်ထက်နိုင် ာ့ ငါတို့ကို အချဉ်တွေ၊ အပဲတွေ မှတ်နေပြီ၊ တောက် ာလေးဘဝဟာ မလွယ်ပါလား။ ငါတို့ ဘာမှမဖြစ်ခဲ့ပေမယ့် ်ှပ်ထွေးထွေးရှိခဲ့တာကြောင့် အဖျားခတ်ခံနေရပြီ''

''ငါတို့သုံးယောက် စည်းလုံးပြီး တစ်ယောက်နဲ့တစ် ာက် ကာကွယ်စောင့်ရှောက်ရင် ဒီအခက်အခဲကို ကျော်နိုင် ''

''ကဲ ... ထမင်းဆက်စားကြ၊ ပြီးရင် သိမ်းကြရအောင်၊ ်တွေလည်း တစ်ပုံကြီး လျှော်ရဦးမယ်၊ စက်နဲ့လျှောက်ပေ လုန်းတာ၊ မီးပူတိုက်တာတွေ လုပ်ရဦးမယ်''

(၃)ယောက်သား ထမင်းကို စိတ်မပါ၊ လက်မပါနှင့် ထ
စသတ်လိုက်ကြပြီး စက်ရုပ်များလို အလုပ်တွေ ဆက်လုပ်
သည်။

ကိုယ်ကောင်းပေမယ့် ခေါင်းတွေမရှုပ်အောင်၊ မုန်တိုင်း
တိုက်ခတ်လာမည့် လောကဓံဆိုးများအား သူငယ်ချင်း(၃)ယော
ကြံကြံခံ ရင်ဆိုင်ကြဖို့ အားတွေ မွေးကြရပါဦးမည်။

❦ ❦ ❦



ည(၇)နာရီမှာ ညစာစားဖို့ ထမင်းစားပွဲသို့ အိမ်သားများ
ောက်ရှိလာကြသည်။ သူမတို့ စိတ်ထင်လို့လားမသိ။ အားလုံး
ျက်နှာများမှာ တစ်ခုခုဖြစ်ပျက်တော့မည့်နှယ်။

သေချာပါသည်။ ဒီသတင်းဟာ ဒေါ်မမသိနိုင်အထိ သိမ်
ဖြစ်ပေမည်။

စကားတစ်ခွန်းမျှမပြောကြဘဲ သူနေရာမှာသူထိုင်လိုက်
ြသည့်အခါ ထွေးနုနှင့်ပန်းအိ ပန်းကန်များထဲသို့ ထမင်းထည့်
းရသည်။

နောက်ဆုတ်ပြီး ခပ်လှမ်းလှမ်းမှာရပ်ကြည့်နေပေးစေ့
ဲ့ ထမင်းစတင်စားကြသည်။ ဟင်းနံ့များကတော့ မွှေးကြိုင်
င်းပျံ့လျှက်။ သို့သော် သူတို့ထမင်းစားကြတာ ဟက်ဟက်ပက်
ာ်မရှိ။

အင်းပေါ့လေ။ တစ်နေ့လုံး တစပ်စပ်စားသောက်ထားကြ

တာပဲ။ ဘယ်ဆာမလဲ။

ပေါက်ကွဲတော့မည် အစူမြူပုံးကိုကြည့်နေရသလို သူမ
(၃)ယောက် တထိတ်ထိတ်နှင့် ကြည့်နေကြရစဉ် ဦးခက်ထ
အရင်ဆုံး ထမင်းစားပြီးသွားခဲ့သည်။

"ဟင် ... ကိုထန် ထမင်းစားတာနည်းလှချည်လား"

"ရင်ပြည့်နေလို့ပါ အန်တီ"

ဒေါ်မမသီနိုင် သူမတို့ဘက်သို့ မျက်စောင်းဝင့်ဆဲ ဦးခ
ထန် ထမင်းစားခန်းထဲမှ ထွက်သွားလေသည်။ ရှုပါကတေ
လူကြီးတွေ စကားနည်းနေကြသည်ကို သတိမထားမိဘဲ ပန်း
ကိုလှမ်းပြီး ...

"အန်တီ ဒီနေ့စာတွေ အများကြီးပဲလုပ်ရမှာ၊ သမီး
တလည်းကူကျက်ပေးဦး"

"အေးပါကွယ် ... အေးပါ ... "

"ရှုပါ ... ထမင်းကိုကောင်းကောင်းစားစမ်း။ ထမင်းစာ
နေတုန်း စကားမများနဲ့၊ သူ့အချိန်နဲ့သူသင်မှာပေါ့၊ အပိုတွေ
မပြောနဲ့"

"ဟာ ... ဖေဖေကလည်း ဒါလိုအပ်လို့ပြောတာ
အန်တီ ကြိုသိရအောင်ပြောကာ၊ အန်တီက ရှုပ့်ဆရာမပဲ"

သားအဖနှစ်ယောက် စကားတွေများနေကြလျှင် ဒေါ်မ
သီနိုင် မနေသာ။ စိတ်ရှုပ်ခါမှ ရှုပ်ရော။ ရှုပါဟာ သူ့အသည်း
ကျော်။





"ကျော်ထက် ကလေးကို စကားပြောတာ ရင့်သီးလှ
ချည်လား၊ မင်း စိတ်မကြည်လင်တာနဲ့ ကလေးကို မဟန့်ပါနဲ့၊
ကလေးက မင်းထက်ပိုအရေးပါတယ်၊ ပိုလိမ္မာတယ်၊ မင်းသာ
ကားတစ်စီးနဲ့လျှောက်မွှေလိမ့်နေတာ၊ သတိလည်းထား၊ အေ
ကိုက်လာမှ ဘယ်သူမကယ်နိုင်ဘူး"

"မကိုက်ဘူး စိတ်ချ ... ကျော်ထက်တို့က လူပါး"

"အဲဒီလူပါးတွေပဲ ထိတာ၊ အချိုကြီးထိတာ ... "

"တော်ဗျာ _ မမနဲ့စကားပြောရတာ အဆင်ကိုမပြေဘူး"

စားရင်းမှ ဇွန်းခက်ရင်းကိုချပြီး ကျော်ထက်ပိုင် ထွက်သွား
လျှင် ဒေါ်မမသီနိုင်နှင့်ရှုပါ ပုခုံးတွန့်လိုက်ကြသည်။

"ကောင်းတယ် ... ဖေဖေက မီးဆို အမြဲမာန်ချင်တာ၊
မေမေသီပဲ မီးကိုချစ်တယ်၊ မီးကလည်း ဖေဖေ့ကိုမချစ်ဘူး။
မေမေ့သီကိုပဲ ချစ်တယ်"

ပြောရင်းမှ ရှုပါ သူမပန်းကန်ထဲရှိ ကြက်အသည်းဖတ်
လေးကို ဒေါ်မမသီနိုင် ပန်းကန်ထဲ လှမ်းထည့်ပေးလိုက်လျှင်
ဒေါ်မမသီနိုင် ကြည်နူးသွားရ၏။

"သမီးလေး ... စားပါ မေမေသီက အသည်းမကြိုက်
ဘူး"

"မေမေသီ ... စား၊ မီးက ကလေး၊ မေမေသီက ပိုပြီး
အားရှိဖို့လိုတယ်"

တွေဝရိုးတွေ အပြန်အလှန် ကြင်နာနေကြသည်ကြောင့်

ပန်းအိတို့ကို မေ့သွားကြလျှင် ပန်းအိတို့(၃)ယောက် ငြိမ်ကုတ်နေမိကြသည်။

''သမီးက ပိုပြီးအားရှိရမှာ၊ မေမေသီက သေဖို့နီးပြီ ကွယ်''

''အမယ် ... မေမေသီသေရင် မီးဘယ်သူနဲ့နေရမလဲ မီးပါလိုက်သေမှာ''

''မပြောကောင်းဘူး ကလေးရဲ့၊ ကဲ ... စား ... စား''

သူတို့နှစ်ယောက် ထမင်းစားပြီးသောအခါ အချိုပွဲဆက်စားကြပြန်သည်။

သစ်သီးများပေါ့။ သစ်သီးစားရင်းမှ ဒေါ်မမသီနိုင် ပန်းအိတို့(၃)ယောက်ကို ခပ်ထန်ထန်လှမ်းကြည့်လေလျှင် သူမတို့ ရင်ထဲတုန်သွားကြသည်။

''နင်တို့(၃)ယောက်ကို ပြောစရာတွေ၊ သတိပေးစရာတွေ ရှိတယ်၊ ကလေးရှေ့မှာ မပြောချင်ဘူး''

''ဟုတ်ကဲ့ ... ''

''ရှပ်ကို စာသင်ပြီးရင် (၃)ယောက်လုံး ငါ့အခန်းထဲလာခဲ့ကြ၊ အဲဒီမှာပြောမယ်''

''ဟုတ် ... ''

ဒေါ်မမသီနိုင်တို့ ထွက်သွားမှ (၃)ယောက်သားထမင်းဝိုင်းကို သိမ်းဆည်းလိုက်ကြပြီး နောက်ဘက်ထဲမှာ စားပွဲအနိမ့်လေးနှင့်ဖြစ်သလို စားလိုက်ကြရသည်။





''ငါတို့တွေလည်း ဘာဖြစ်လို့ ဒီလောက်ဒုက္ခရောက်နေရ ...သိမ့်နော် ... ကံကြမ္မာက ငါတို့ကို မျက်နှာသာမပေးပါ ...ား''

''ဒီအိမ်ကနေ ... အလုပ်ပြောင်းလိုက်ရင် ဒီဒုက္ခတွေ ...ငြိမ်းသွားမယ်လို့ထင်တာပဲ ... ငါတို့ ဦးခက်ထန်ကို ပြောကြ ...ယ်''

''ဒါပေမယ့် မိုးဆွေတို့အဖွဲ့ကလည်း ငါတို့ကို ကြည့်နေ ...ယ်ဆို၊ တို့(၃)ယောက်ခွဲကြလို့တော့ မဖြစ်ဘူး''

''အဝိက ... က ငါတို့စိတ်မပျက်ကြဖို့ပဲလေ၊ ရွာပြန် ...ကြရအောင်လည်း ပန်းအိက ဦးဖြိုးတင့်ရန် ကြောက်လို့၊ ငါက ...ည်း ငါ့မိဘရဲ့ကြွေးတွေ ဆပ်ပေးချင်တယ်၊ စပယ်ကရော ...အမေကို ဆေးကုပေးဖို့ ပိုက်ဆံလိုတာပဲ၊ ဒီမှာက တစ်လ ...-သောင်း အသားတင်ရတယ်၊ ရွာမှာ ပဲကောက်၊ ပေါင်းနုတ် ...ံ့ တစ်လ အသားတင် တစ်သောင်းတောင်မပိုဘူး။ စားလိုက် ...သောက်လိုက် ကြွေးတင်လိုက်နဲ့ သံသရာလည်နေရတယ်''

''ဦးခက်ထန်ကို အကျိုးအကြောင်းတွေ ပြောပြမှနဲ့တူတယ် ...ဒေါ်မမသီနိုင် ဘာတွေသတိပေးမလဲဆိုတာလည်း နားထောင်ရ ...ဦးမယ်''

''သူမောင် နှာဘူးကြီးကလည်း တစ်မျိုး၊ သူကတော့ ...င်ပြီး ဆွမ်းကြီးလောင်းချင်တာ ဖြစ်ရမယ်''

''ရှပ်ကိုက တစ်စက်မှကျက်သရေမရှိဘူး''

(၃)ယောက်သား တိုင်ပင်နှီးနှောကြရင်း ထမင်းစားပြီးသွားသည့်အခါ ပန်းအိကာ ရှုပ်ပါကို စာသင်ဖို့ သွားရပြီး ထွေးနုနှင့်ဝယယ်ကတော့ မီးဖိုထဲမှာ ဆက်အလုပ်လုပ်ကြရသည်။

● ● ●



ပန်းအိ … ရှုပ်ါအိမ်စာတွေ ကူလုပ်ပေးနေတုန်း ကျော်ဆက်နိုင် သူမတို့ဆီသို့ ရောက်လာခဲ့သည်။

''သမီး … ထမင်းစားခန်းထဲမှာ ဖေဖေ့ဖို့ အချိုရည်ဘစ်ဗူးသွားယူပေးစမ်း''

တကယ်က … သူ ကလေးကို ပထုတ်လိုက်ခြင်းပါပေ။

''ဟာ … ဖေဖေကလည်း … ရှုပါ ဒီမှာအိမ်စာလုပ်နေဘယ်လေ၊ မေမေသီနဲ့ တိုင်ပြောလိုက်မှာနော်''

''ထစ်ခနဲဆို ဖအေထက် အဒေါ်ကို အားကိုးတယ်၊ အဲဒါ ပေါ့၊ အမေကျော် ဒွေးတော်လွှမ်းဆိုတာ၊ သွားယူဆို သွားယူ''

''မယူဘူး … ဒီမှာ သမီးစာလုပ်နေတယ်''

''နင်လုပ်တာမှ မဟုတ်ဘဲ၊ ပန်းအိလုပ်ပေးနေတာ''

''ဒါပေမယ့် အန်တီကရှင်းပြပြီး ရှုပါကလိုက်ကြည့်နေတယ်လေ၊ လက်ဆစ်တွေနာလို့သာ လိုက်မရေးတာ၊ မျက်စိနဲ့ ားနဲ့ မှတ်နေတာပဲ''

ကလေးက ခေါင်းမာနေသဖြင့် ကလေးရော၊ ပန်းအိကို ပါ ခပ်ထန်ထန်တစ်ချက်ကြည့်ပြီး ကျော်ထက်နိုင် ထွက်ခွာသွားသည်။

သည်တော့မှ ပန်းအိ ရှုပ်ကို စာတွေဆက်ပြီးရှင်းပြရသည်။ ပန်းအိ ရင်ထဲမှာလည်း စိတ်ရှုပ်ထွေးနေရပါသည်။ ဘာတွေ ဘယ်လိုရှင်းရမှာပါလိမ့်။

၉–နာရီထိုးလို့ ရှုပ် စာလုပ်ပြီး၊ အိပ်ရာထဲဝင်သွားတော့မှ ပန်းအိတို့(၃)ယောက် ဒေါ်မမသီနိုင်၏ အခန်းထဲသို့ ခပ်ကုတ်ကုတ် ဝင်သွားကြရသည်။

သူမက ပန်းအိတို့ကို ထိုင်ခွင့်ပင်မပေး။ ခမ်းနားလှသည့် အခန်းကျယ်ကြီးထဲမှာ စပါယ်ရှယ်နေရသည့် ဒေါ်မမသီနိုင်ကို သူမတို့ရပ်ပြီး ကြည့်နေရပါသည်။

ဒေါ်မမသီနိုင်က ဆိုဖာအပြာပေါ်မှာ အကြော့သားထိုင်လျက်။

"ကဲ ... နင်တို့ကို ငါရှင်းရှင်းပဲမေးမယ်၊ နင်တို့နဲ့မောင်ခက်ထန်နဲ့ ဘာတွေစည်းဝါးရိုက်ပြီး အိမ်ထဲကိုဝင်လာကြတာလဲ"

"ရှင် ... "

"ခုမှမသိနိုးနပုံစံ မလုပ်ပါနဲ့၊ နင်တို့(၃)ယောက် ဘာတွေဆိုတာ ငါသိပြီးပြီ၊ ဒီတော့ ဘာရည်ရွယ်ချက်နဲ့ ဘာတွေလုပ်ချင်လို့ဝင်လာတယ်ဆိုတာပဲ ပြောပြ၊ နင်တို့(၃)ယောက် ခက်ထန်နဲ့ လွတ်ကင်းရဲ့လား"





"ဟာ ... "

ငြိမ်နေလေ၊ ဆိုးလေဖြစ်တော့မည်မို့ ပန်းအိကပဲ ရဲရဲတောက် ဖြေရှင်းရပါလေ၏။

"အန်တီ စကားပြောတာ ဘောင်လွတ်နေပြီ၊ ကျွန်မတို့ ရုပ်တွေက ကလိမ်ကကျစ်ရုပ်တွေ ထွက်နေလို့လား၊ ကျွန်မတို့ကို မယုံကြည်တောင် ဦးခက်ထန်ကိုတော့ ယုံကြည်ဖို့ကောင်းပါတယ်"

"မယုံကြည်နိုင်ဘူးအေ၊ လောကမှာ လူရိုးဆိုတာသချိုင်းမှာတောင် မရှိတော့ဘူး၊ အားလုံး မီးသဂြိုဟ်စက်ထဲမှာ ပြာဖြစ်ကုန်ကြပြီ"

"ဦးခက်ထန်က ကျွန်မတို့ကို ရိုးရိုးသားသားကူညီတာပါ၊ သူက စိတ်ကောင်းရှိတဲ့သူပါ"

"ဒါဆို ညည်းတို့မိန်းမချောင်တွေဆိုတာ သူမသိဘူးပေါ့"

သူမ အပြောကရက်စက်လွန်းသဖြင့် (၃)ယောက်လုံး မြွေဟောက်မတွေလို ပါးပျဉ်းထောင်မိမတတ်၊ နောက်မှ ဒေါသတွေကို ပြန်မျိုချရသည်။

"အန်တီ စကားပြောတာ ရင့်သီးလွန်းတယ်၊ တစ်ဖက်သားနဲ့တင် အဖြစ်အပျက်တွေကို မသုံးသပ်ပါနဲ့"

"ဒါဆို ငါနားလည်အောင် ရှင်းပြ"

"ရှင်းမယ် ... စိတ်ချ၊ ကျွန်မတို့ကို ရွာကနေ ဒေါ်မြသွင်ဆိုတဲ့ မိန်းမလည်မကြီးက ရန်ကုန်မှာ အလုပ်မယ်ဆိုပြီး ခေါ်

လာခဲ့တယ်''

''အင်း ... ဒီရောက်တော့ ရောင်းစားခံရရော မဟုတ်လား။ ဒီဇာတ်လမ်းမျိုးရှိနေပြီ၊ ညည်းတို့သာ နံ့အနေလို့ မသိကြတာ''

''ရောင်းစားခံရတယ်ဆိုပေမယ့် ကျွန်မတို့အချိန်မီရိပ်မိတယ်၊ သူတို့အရောင်းအဝယ်လုပ်နေကြတုန်း၊ ဒေါ်မြသွင်ကြီးခေါင်းကို ရိုက်ခွဲပြီး ထွက်ပြေးလာကြတာ၊ ဒါပေမယ့် ရဲစခန်းမှာ အားလုံးအဖမ်းခံရတယ်''

''နောက်တော့ သူတို့က သူဌေးတွေဆိုတော့ အမှုကို ရှုပ်ထွေးအောင် ပြောင်းပြန်ဖြစ်အောင် လီဆယ်ကြတယ်၊ ရှေ့နေတွေငှား။ မတရားသက်သေတွေဆင်နဲ့ ကျွန်မတို့ကို ဒုက္ခတွေ ပိုင်းပေးလို့ အလာတုန်းက ကားကြုံစီးခဲ့ရတဲ့ ဦးခက်ထန်ဆီလှမ်းပြီး အကူအညီတောင်းကြရတယ်''

''အဲဒါနဲ့ပဲ ဒီပါလာရော ဆိုပါတော့''

''ဟုတ်တယ် ... အဖြစ်အပျက်က ရှင်းရှင်းလေးပဲ''

''ဒါဖြင့် သူတူမတွေလို့ ဘာလို့ညာသလဲ''

''ဒါကတော့ အန်တီတို့ကို ပြောပြရမယ့်ဇာတ်လမ်းက မကောင်းလို့ ညာရတာပဲ''

''မယုံဘူး - ငါတို့သတင်းအတိအကျရပြီးသား၊ ညည်းတို့ ငွေတွေယူပြီးမှ၊ ၂-ရက်လောက် အဖျက်ဆီးခံရပြီးမှ ထွက်ပြေးလာခွင့်ရကြတာ''





''လုံးဝမဟုတ်ဘူး''

''ဟုတ်တယ် ... အဖျက်မတွေ ငါ့အိမ်ပေါ်က ခုဆင်း''

ဒေါ်မမသီခိုင် ပက်ပက်စက်စက်ပြောချလျှင် ပန်းအိတို့ (၃)ယောက် ပူထူရှက်ရွံ့သွားကြသဖြင့် တဒင် ကြောင်သွားရသည်။ နောက်မှ ပန်းအိက ...

''ရပါတယ် ... အန်တီမထားချင်လည်း သွားရုံပေါ့၊ ...မ်းလောက်စရာမရှိပါဘူး''

''သွား ... သွား နင်တို့ကို မိုးဆွေစောင့်နေလိမ့်မယ်၊ အဆင်သင့်ပဲ''

''ခုညတွင်းချင်းတော့ ဘယ်သွားနိုင်မလဲ၊ မနက်မှ သွားပေါ့၊ ဦးခက်ထန်ကိုလည်း နှုတ်ဆက်သွားရမယ်၊ သူက စိတ်ကောင်းရှိတယ်၊ ကျွန်မတို့ရဲ့ ကျေးဇူးရှင်''

''မလိုဘူး။ နင်တို့မျက်ရည်ခံထိုးရင် ဟိုကပျော့သွားဦးမယ်''

သူမတို့ (၃)ယောက် အကျပ်အတည်းတွေ့နေကြသည်။ နောက်ဆုံး ဆွေးနွေးပွဲမပြီးသေးပေမယ့် စေတနာဆိုးရှိသည့် ဒေါ်မမသီခိုင်၏ အခန်းထဲမှ ပန်းအိ ဦးဆောင်ပြီး ထွက်ခဲ့သည်။

''ဟော့ ... ငါစကားအတိုင်း ခုညနင်တို့ထွက်သွား''

''မသွားဘူး၊ မနက်ကျမှ သွားနိုင်မယ်''

''နင်တို့ကို ရဲခေါ်ပြီး ရဲလက်အပ်မယ်''

''ဘာမှုနဲ့လဲ''

"အိမ်ပေါ်ကို လှိမ်ညာပြီး တက်လာတဲ့အမှု"

သူ - ဘာပဲပြောပြော ပန်းအိတို့(၃)ယောက် ကိုယ့်အခ
ထဲသို့ပြန်ဝင်လာကြသည်။ တော်တော် စိတ်ဓာတ်မကောင်းသ
ဒေါ်မမသီနိုင်ပါလား။

မိန်းမငယ်လေးတွေကို ညတွင်းချင်းလမ်းပေါ် မောင်း
ရက်တယ်။

သူ ဘယ်လိုပဲ မောင်းချချ မသွားပါဘူး။ အရေးထဲ ကျေ
ဖူးရှင်ကြီးကလည်း ဘယ်ရောက်နေတယ်မသိဘူး။ သူကလည်
ဒေါ်မမသီနိုင်ဆို ဖိန့်ဖိန့်တုန်အောင် ကြောက်ရပါတယ်။

(၃)ယောက်သား တီးတိုးတိုင်ပင်လိုက်ကြပြီး နောက်
မျှော်လင့်ချက်အနေနှင့် ပန်းအိတို့(၃)ယောက် ကိုယ့်အခန်းထဲ
ထွက်ခါ ဦးခက်ထန်ရှိသည့်အပေါ်ထပ်သို့ တက်သွားဖို့ပြင်လို
ကြလျှင် ...

လှေကားထိပ်မှ ကျော်ထက်နိုင်နှင့် ဒေါ်မမသီနိုင်တို့
ထောက်ပြီး ဟန့်တားလိုက်ကြသည်။

"သွား ... နင်တို့ အပေါ်တက်မလာနဲ့"

"မိန်းမလည်မတွေ၊ အရှက်မရှိ၊ နင်တို့ထွက်သွားကြ

ပန်းအိတို့ (၃)ယောက် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်
ကြစဉ် အပြင်ဘက်မှ ကားနှင့်ပြန်ဝင်လာသည့် ဦးခက်ကို မြ
လိုက်ကြရသည်။

သိကြားမင်းကြီးကို မြင်လိုက်ရသည့်အတိုင်းပါပဲ။ ပန်း





တို့(၃)ယောက် ဝမ်းသာအားရဖြစ်သွားသည့် ရုပ်များကို မနည်း
ထားကြရသည်။

"ဘာဖြစ်နေကြတာလဲ"

လှေကားရင်းနှင့် လှေကားအပေါ် တိုက်ပွဲကပြင်းထန်
သည်။ အပေါ်က ရုပ်တွေကလည်း ဘီလူးသဘက်ရုပ်တွေနှင့်။
အောက်က (၃)ယောက်ကတော့ မျက်နှာငယ်လေးတွေနှင့်

ပန်းအိတို့က အရင်လုပြောခွင့်ရသည်။

"ကျွန်မတို့ကို ဟိုကိစ္စအတွက် ဦးခက်ထန်နဲ့ မတရားစွပ်
ပြီး ညတွင်းချင်း နှင်ထုတ်နေတယ်၊ အဲဒါကြောင့် ဦးခက်ထန်
ပေါ်မှာရှိတယ်မှတ်လို့ အကူအညီတောင်းမလို့ပါ"

"ဟုတ်လား ... အန်တီ၊ ကဲ ... အောက်ကိုဆင်းခဲ့ကြ
ဦး။ ဒီအခြေအနေရောက်မှတော့ မျက်နှာချင်းဆိုင်ပြီး ရှင်းကြ
ပါ၊ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲ၊ အမြင်လွဲနေရ
တာ မကောင်းပါဘူး"

စောစောက ထင်တိုင်းကြဲနေပြီး ဘယ်သူ့မှ လူမထင်ခဲ့
သည့် ဒေါ်မမသီနိုင်နှင့် ကျော်ထက်နိုင်တို့မှာ အခုကျတော့
ယဉ်ကျေးပုံစံတွေချိုးလို့။

ညှော်ခန်းထဲမှ ဝိုင်းထိုင်လိုက်ကြသည့်အခါ ထုံးစံအတိုင်း
ပန်းအိတို့(၃)ယောက်မှာ မတ်တပ်ရပ်လို့။ ဦးခက်ထန်က သူမတို့
ပါ ထိုင်နိုင်းလိုက်သည့်အခါ ဒေါ်မမသီနိုင်၏မျက်နှာကြီး မည်း

ခနဲပျက်ယွင်းသွားရသည်။

"ဒါက ဘာအချိုးလဲ၊ မောင်ခက်ထန်၊ အိမ်ကအလုပ်သမားတွေကို အိမ်ရှင်တွေနဲ့ တစ်တန်းတည်းထားလိုက်တာလား၊ ဒါမှမဟုတ် မင်းတို့ချင်း မကောင်းမရှင်းတွေမို့ မြှင့်တင်ပေးလိုက်တာလား"

"အန်တီ စကားပြောတာတွေ ရင့်သီးလိုက်တာ၊ အိမ်က အလုပ်သမားဆိုပေမယ့် သူတို့ဟာ လူတွေပါပဲ၊ ကျေးလက်က လာတဲ့ ရိုးသားသူလေးတွေပါ"

"သူတို့ကို အမွှန်းမတင်ပါနဲ့၊ သူတို့ အပျက်မတွေဆိုတာ ရော၊ မင်းသိရဲ့လား ... မင်းကို နားမရှုပ်ပိတ်ပြီး ... "

"အန်တီ ... "

ပန်းအိတို့(၃)ယောက် အလန့်တကြား အော်လိုက်ကြသည်မှာ အရှက်လွန်သွားလို့လည်းဖြစ်သည်။ သူမတို့ရဲ့ ရိုးသားသည့် ဆက်နွယ်မှုကို ဘယ်လိုတွေ ပြောချလိုက်ရက်တာလဲ။

ဦးခက်ထန် ဒေါ်မမသီနိုင်ကိုလက်ကာပြလိုက်ပြီး မြေးစရာရှိတာတွေပြောဖို့ ဆုံးဖြတ်လိုက်သည်။

ကိုယ်တင်တဲ့စစ်ကဲတွေ ကိုယ်မချနိုင်ဘဲ အမြဲစိတ်ညစ်ခဲ့ရသည့်ဘဝမှ ကြိုတုန်းလွတ်အောင် လုပ်တော့မည်။

"ကျွန်တော် ပြောတာ နားထောင်ပါဦး အန်တီ၊ အန်တီ စကားပြောတာတွေ မှောင်းဖြစ်နေပြီ"

ကျော်ထက်နိုင်ကလည်း ဝင်ပြီးစွက်ဖက်၏။





"ဘာမှောင်းဖြစ်ရမှာလဲ၊ မင်းက သူတို့(၃)ယောက်အကြောင်း ဘာတွေဘယ်လောက်သိလို့လဲ၊ သူတို့က အပျက်မ ... ပိုက်ဆံယူပြီးမှ ထွက်ပြေးကြတဲ့ ကောင်မတွေ"

"ဟင် ... ရှင် ... ရှင် မိုက်ရိုင်းလှချည်လား၊ နမောင်းချင်း မစား၊ မနာ"

"ကဲ ... အားလုံးနားထောင်ကြပါ၊ ဒေါ်မမသီနိုင်ရော ကျော်ထက်နိုင်ရော နားထောင်ပါ၊ ခင်ဗျားတို့နှစ်ယောက်ဟာ ...တော့်ကို ဘာဖြစ်လို့ မခန့်လေးစား ဆက်ဆံကြတာလဲ"

"မင်းကိုမလေးစားတာ မဟုတ်ပါဘူး၊ သူတို့ဘာဆိုတာ ...မှာစိုးလို့ရှင်းအောင်ပြောပြရတာပါ"

"ရှင်းပြမနေနဲ့ မမ၊ ဒါ ... သူ့ကိုပင်တွေနေမှာပေါ့"

"ဟဲ့ ... ကျော်ထက် စကားပြောတာ ကြည့်ပြောလေ၊ ...စရာရှိ မမပဲ ပြောမယ်"

မောင်နှမနှစ်ယောက် အချေအတင် ပြောနေကြစဉ်ပဲ ...ထန် ဆုံးဖြတ်ချက်ချလိုက်သည်။ သူတို့အုပ်စုဟာ သူ့ကို ...ပေးလှသည်။ သူတို့ကို တင်ကျွေးထားသည့် (၃)နှစ်အတွင်း ...ဘဝနှင့် စိတ်ဒုက္ခတွေ ပေးလာလိုက်တာ။ သူမှာ အသက်ရှူ...ပင် ကျပ်ကျပ်လာတော့သလို။

"ကဲ ... ပြောပါဦး ... အန်တီ၊ သူတို့(၃)ယောက်ကို ...င်းချင်း နှင်ချနေတယ်ဆို"

"ဟုတ်တယ် _ အစက သူတို့ဘာဆိုတာ မသိဘူးလေ၊

ခု သူတို့ကိုမကောင်းတဲ့ မိန်းကလေးတွေမှန်းသိလို့ သိသိ
နှင်ချတာ၊ အန်တီက စေတနာနဲ့ပါ၊ အိမ်မှာ မင်းရယ်၊
ထက်နိုင်ရယ်၊ အဖိုးတန် ယောကျ်ားတွေရှိတယ်၊ အငြိမ်
နိုင်ဘူး''

''ဦးခက်ထန် ကျွန်မတို့ အပျက်မတွေ မဟုတ်ရပါ
အချိန်မီထွက်ပြေးခွင့်ရခဲ့ကြပါတယ်''

''ငါသိပါတယ်၊ ကဲ ... ဒီ(၃)ယောက်ရဲ့ဖြစ်ကြောင်း
စင်ကို ကျွန်တော် အစအဆုံးသိတယ်၊ သူတို့ဟာ ပျက်စီး
မိန်းကလေးတွေ မဟုတ်ဘူး။ သူတို့ဘဝကို သူတို့ရိုးသာ
ချိတက်၊ ဖြတ်ကျော်နေတဲ့ မိန်းကလေးတွေပါ''

''မင်းတော့ အညာမိနေပြီ''

''အညာမမိပါဘူး။ ကျွန်တော်ကိုယ်တိုင် ရဲဌာနမှာ
ပြီး အာမခံခေါ်လာခဲ့ရတာ၊ သူတို့သန့်ရှင်းကြောင်း ကျွန်
သိတယ်၊ သူတို့ရိုးသားတာသိတယ်၊ ဒီတော့ သူတို့ကို
နှင်မချနိုင်ဘူး''

''ဘာကွဲ့ ... ဒါဆို မင်းက ငါလက်နဲ့ရေးတာကို
လိုက်ဖျက်တာပေါ့၊ ငါ့လိုအဒေါ်ရဲ့မျက်နှာထက် သူတို့မျက်
ကို ပိုကြည့်လိုက်တာပေါ့ ဟုတ်လား''

''သူတို့မှာ အပြစ်မရှိဘူးလေ၊ ပြီးတော့ လောလော
သူတို့မှာ အညီရှိခဲ့တဲ့အတွက် အန္တရာယ်ရှိနေတယ်၊ ကိုယ့်
သားချင်းတွေလို သဘောထားတဲ့အတွက် သူတို့လုံခြုံရေး





တယ်၊ ဒါကြောင့် အိမ်ကနေ နှင်မချနိုင်ဘူး။ ဒီမှာပဲ ဆက်နေ
ပြီမယ် ... ''

''ဒါဆို ငါ ... သူတို့နဲ့အတူတူဆက်ပြီး မနေနိုင်ဘူး။ ငါ့
မောင်ရှိတယ်၊ တူမငယ်ငယ်လေးရှိတယ်၊ မကောင်းတဲ့မိန်းမ
တွေနဲ့ တစ်အိမ်တည်းနေလို့မဖြစ်ဘူး''

တကယ်တော့ ဒေါ်မမသိနိုင် အညှာကိုင်လိုက်ခြင်းပါပေ။
မ ထင်ထားသည်က ခက်ထန်ဟာ သူမရဲ့အစ၊ အလှ၊ သမှ
တွေမှာ ငြိတွယ်ပြီး သူမကောင်းကောင်း ချုပ်ကိုင်မိနေပြီဟု
။

''ဒါဆိုလည်း ရပါတယ်၊ အန်တီတို့ မိသားစု(၃)ယောက်
ခွဲနေကြပေါ့၊ ဦးလေးဆုံးကတည်းက ကျွန်တော် တာဝန်ယူ
ခဲ့တာ၊ ခုလောက်ဆို အန်တီလည်း အခြေကျနေပါပြီ၊ ရှယ်
ကရတဲ့အမြတ်ငွေနဲ့ တိုက်ခန်းငှားပြီးနေလို့ရပြီ၊ ကျော်ထက်
ကလည်း ကားမောင်းသားပဲ၊ ဝင်ငွေတွေ မဆိုးပါဘူး။ နေလို့
ဘယ်''

''ဘာ ... မင်း ... မင်း ငါတို့ကိုနှင်ချနေတာလား။
အပျက်မတွေနဲ့ ပတ်သက်ပြီးတော့လေ''

''နှင်ချတယ်ဆိုတော့ ရင့်သီးပါတယ် အန်တီ၊ တကယ်
အန်တီတို့ဟာ ညှော်သည်တွေပါ၊ ကျွန်တော့်အိမ်မှာ တစ်သက်
နေလို့မရပါဘူး''

''ဘာ ... ဘာ ... ဘာ အမလေး ... ကိုကိုရေ ရှင်

တူ လိမ္မာလှချည်ရဲ့ဆို၊ ရှင့်တူလက်မှာ အပ်သွားလိုက်တော့ ကျွန်မမှာ နေစရာမရှိ၊ စားစရာမရှိတဲ့ဘဝကို ရော ပြီတော့ ... အဟော့ ... ဟော့''

''ဦးလေးကို လှမ်းမတပါနဲ့ အန်တီ၊ တိုက်ရော အလုပ်ထဲမှာ ရှယ်ယာဝင်စေတာလည်း ဦးလေးရဲ့အစီအ အဲဒီလို ရှယ်ယာဝင်ခဲ့တဲ့အတွက် (၃)နှစ်အတွင်း တိုက်ဖိုးဝေ ကျေလုအောင်အမြတ်ရခဲ့ပါပြီ၊ အန်တီ ဘာမှမစုဆောင်းထဲ ခွဲပစ်တာတော့ မတတ်နိုင်ဘူးလေ၊ ခုလည်း အန်တီ့ကို ကျွန် အသာလွတ် မလုပ်ပါဘူး။ ကျွန်တော့်တိုက်ခန်းတစ်ခန်းမှာ ပြီးမှ တိုက်ခန်းဖိုးကို ရှယ်ယာအမြတ်ထဲက လစဉ်ဖြတ်ပို

''အမလေး ... တကယ့်ကို အပီအပြင်ကြီး နှင်ချ ပြီတော့၊ သူများကို နှင်ချမိလို့ ... ချက်ချင်းပဲ ဝဋ်တွေ နေရပါပြီတော့ ... ''

''တိတ်ဗျာ – မမ ဒီကောင်လှူပါးဝလို့ သူနှင်ချချင် ရမလား၊ မဆင်းဘူးဗျာ၊ ဆင်းကိုမဆင်းဘူး။ အလကား အ မတွေနဲ့ သူနေချင်တိုင်းနေရအောင် ကျုပ်တို့ကိုနှင်ချတာ

ကျော်ထက်ခိုင်အသွင်က လက်သီးတပြင်ပြင်။ လျှင် လူပင်သတ်တော့မည့်ရုပ်နှင့်။ ခဲလေသမျှ သဲရေကျ။ တစ်ပွဲမှ နှပ်ပစ်ခံရဆိုသလို။

မခံမရပ်နိုင်လွန်းလို့ လူတွေက ဆွေ့ဆွေ့ခုန်လို့။ အစီအစဉ်က ခက်ထန်ဟာ လူမျိုလူလွတ်မို့ ခက်ထန်အ





သူတို့ပဲ ရရမည်ဟု၊ ဒါကြောင့် ခက်ထန်အိမ်ဆောင်မကူအောင် အပြင်းအထန် ကာကွယ်စောင့်ရှောက်ရင်း အချင်းသာသည့်အခါ တော်တဆ တစ်ခုခုနှင့်သေအောင် လုပ်ကြံမည့်အကြံ။

သို့သော် အခြေအနေတွေက ထင်သလိုဖြစ်မလာသည့် အခါ မောင်နှမ နှစ်ယောက်လုံး မျောက်မီးခဲကိုင်မိသလို ဆွေ့ ဆွေ့ခုန်။ ဒေါသတွေထန်လို့။

ခက်ထန် ကျော်ထက်ခိုင်ကို မျက်မှောင်ကျုံ့ကြည့်ရင်းမှ သူ့လောင်းကုတ်အင်္ကျီထဲသို့ လက်နှိုက်ပြီး ထုတ်လိုက်သည်။

သူ့လက်ထဲမှာ ပစ္စတိုတစ်လက်။

''မင်းစကားပြောတာ စည်းလွတ်တယ်၊ ကျော်ထက်ခိုင် ဒါ ငါ့အိမ်၊ မင်းအစ်မနဲ့ မင်းတို့သားအဖကို ငါ(၃)နှစ်တင်ပြီး ပြုစုစောင့်ရှောက်ပြီးပြီ၊ ဘာလဲ – တစ်သက်လုံး ထိုင်စားရမယ် တ်ရအောင် ငါ ... မင်းပဒေ့ မဟုတ်ဘူး''

သေနတ်နှင့်ထိုးချိန်ထားလို့သာ။ မချိန်လျှင် ကျော်ထက် ခိုင်အသွင်က လူသတ်တော့မည့်ရုပ်နှင့်။

''ကဲ – မထူးတော့ဘူး။ ဒီလောက် ပေါက်ကွဲပြီးမှတော့ ခင်များတို့ ညတွင်းချင်းပြောင်းပေတော့၊ ကျုပ် ကုမ္ပဏီကားတွေ ကို ဖုန်းဆက်လိုက်မယ်၊ တိုက်ခန်းသော့ပေးလိုက်မယ်၊ ခင်များ တို့ပစ္စည်းတွေ သိမ်းပေတော့''

တကယ်ပင် ခက်ထန် ကုမ္ပဏီကိုလှမ်းဖုန်းဆက်သည့်အခါ ဒါ်မမသီခိုင် စကားမပြောနိုင်တော့။ မောင်နှမနှစ်ယောက် တစ်

ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး မချိတင်ကဲ ဖြစ်နေကြ
သည်။

မကြာမီ ကားကြီးနှစ်စီးနှင့် အလုပ်သမား(၄)ယောက်ထ
လာကြပြီး ဒေါ်မမသီနိုင်တို့၏ ပစ္စည်းများကို ကူသိမ်းနေကြ
ပန်းအိတို့လည်း ကူလုပ်ပေးရမည်လား။ မလုပ်ရမည်လား
မသိတော့ချေ။

ခက်ထန်က သူမတို့ကို ဘာမှဝင်မကူနိုင်းချေ။

''ဘာမှလုပ်မပေးနဲ့၊ နေပါစေ ... ''

ဒေါ်မမသီနိုင်နှင့်ကျော်ထက်နိုင်ကတော့ ပန်းအိတို့
ယောက်ကို မကြားတကြား ကြိမ်းမောင်းရင်း ပစ္စည်းတွေ သိ
နေတော့သည်။

ဦးခက်ထန်က ညွှန်းမှ စောင့်ကြည့်နေခဲ့သည်။

တစ်နာရီမျှကြာလျှင် ဒေါ်မမသီနိုင်တို့အဖွဲ့ အိမ်ပေါ
ဒေါသတကြီး ဆင်းသွားကြလေတော့သည်။ ခက်ထန်ကိုလည်း
ပြောဆိုသွားလိုက်တာ။

''နင့်ကို ငါတစ်သက်မကျေဘူး။ ငါ့ကိုအိုးမဲ့၊ အိမ်မဲ့
အောင်လုပ်တဲ့ကောင်၊ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ဖြစ်အောင်လု
တဲ့ကောင်၊ တူသောအကျိုးပေးပါစေ''

စုန်းမကြီးလို ကျိန်စာတွေ အမျိုးမျိုးတိုက်၊ ခုန်ပေါက်
ထွက်သွားပုံမှာ တဒင်္ဂရူးသွပ်နေသည့်နှယ်။

ခက်ထန်၏ ခမ်းနားထည်ဝါလှသည့် တိုက်ကြီး





ဆင်းသွားရပြီမို့ ဒေါ်မမသီနိုင် ရူးမယ်ဆို ရူးလောက်ပါသည်။

လောဘ ... လောဘ ...

ကျော်ထက်နိုင်ကလည်း ရင်ထဲမှကြိမ်းဝါးသွားသေးသည်။

''ခက်ထန် ... ခက်ထန် မင်းတို့ကို ဒုက္ခမပေးရဘဲ ငါ
ဘယ်တော့မှ 'မသေဘူး။ ငါ့အသက်ကို လောင်းကြေးထပ်ပြီး
ကျိန်ဆိုလိုက်တယ်''

ခက်ထန်မကြားလိုက်ပေမယ့် ကျော်ထက်နိုင်၏ ခါးသီးနေ
သည့် ရုပ်ကြီးကိုကြည့်ပြီး စိတ်ထဲ ထင့်သွားရ၏။

''လူမိုက်မှာ ဆေးမရှိဘူး။ သူတို့မှာ ကျေးဇူးတရားဆိုတာ
မရှိဘူး။ (၃)နှစ်တင်ကျွေးထားလည်း ကျေးဇူးတင်ရမှန်းမသိဘူး။
သူတို့မောင်နှမဟာ ငါတို့ကို ဒုက္ခအမျိုးမျိုးလှည့်ပေးတော့မှာ
သေချာသလောက်ပဲ''

ဦးခက်ထန် ညည်းညူလိုက်လျှင် ပန်းအိတို့(၃)ယောက်
နေစရာမရှိတော့ချေ။

''ဒါဆို ... ကျွန်မတို့ ဘယ်လိုလုပ်ပါ့မလဲ၊ ဦးခက်ထန်
ဦးခက်ထန်လည်း ကျွန်မတို့အတွက် ဒုက္ခများလိုက်ရတာ၊ ကျွန်မ
တို့ဟာ ဦးခက်ထန်တို့အတွက် ကြိုးဟ်ကောင်တွေပါ၊ အခုဆို ဦးခက်
ထန်ရဲ့ မိသားစုလည်း ကျွန်မတို့ကြောင့် တကွဲတပြားစီဖြစ်သွား
ရရှာပြီ''

မျက်ရည်အဝဲသားနှင့် ပန်းအိစိတ်မကောင်းစွာပြောလိုက်
လျှင် ဦးခက်ထန် ခေါင်းကိုဖြည်းညင်းစွာခါလိုက်သည်။

"ဒါ ... ငါ့မိသားစု မဟုတ်ပါဘူး။ အပြင်ပန်းအရ ကြည့်ရင် မိသားစုလို့ထင်ရပေမယ့် ငါ့ကို စိတ်ဒုက္ခအမျိုးမျိုးပေး နေတဲ့ အုပ်စုပါ။ အခု မင်းတို့ကြောင့် ဒီဒုက္ခတွေက ငါလွှတ်ကာ သွားရတာ၊ မင်းတို့ကို ကျေးဇူးတောင်တင်ရဦးမယ်"

"ဒါဆိုလည်း ဝမ်းသာပါတယ် ဦးခက်ထန်"

"ဦးခက်ထန်မှာ မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေရော မရှိဘူးလား။ သူတို့က လာမနေကြဘူးလား"

"ရှိတယ် ... မြစ်ကြီးနားမြို့နယ်၊ စီထန်ရွာလေးမှာ"

"ဟင် _ ဒီကိုခေါ်မထားဘူးလား။ ဦးခက်ထန် ဒီလောက် ချမ်းသာနေတာတောင် မိဘကို ဒီခေါ်မထားဘူး ဟုတ်လား"

"ငါက မခေါ်တာမဟုတ်ပါဘူး။ အမေက မလိုက်တာပါ ပြီးခဲ့တဲ့ ၂နှစ်က တစ်ခါ အလည်လာသေးတယ်၊ သိတဲ့အတိုင်း ဒီက ဒေါ်မမသီနိုင်တို့ အုပ်စုနဲ့တွေ့သွားတာ အမေ၂ရက်ပဲနေ ပြီး ပြန်သွားတော့တာပဲ"

"ဦးခက်ထန်က ကိုယ့်အမေကို ဂရုမစိုက်ဘူးလား"

"စိုက်ပါတယ်၊ ဒါပေမယ့် ငါက အိမ်မှာအချိန်ပြည့်နေ နိုင်တာမဟုတ်ဘူးလေ၊ ဒေါ်မမသီနိုင်ကလည်း ငါ့ရှေ့တော့ နေတာပဲ၊ ကွယ်ရာမှာ ချဲလွှတ်လိုက်တာနေမှာပေါ့၊ ပညာရှိနည်း နဲ့ စိရင်လွှတ်လိုက်တာလေ၊ အမေ့ကို ဘယ်လိုမှခေါ်မရတော့ ဘူး"

"အခု သူတို့မှမရှိတော့ဘဲ၊ ခေါ်ပါလား ဦးခက်ထန်ရယ်





ကျွန်မတို့ ပြုစုမှာပေါ့"

"အမလေး ... ငါ့အမေက နင်တို့ထက်သန်မာတယ်၊ ငယ်ငယ်ထဲက မြို့စိုက်လာခဲ့တဲ့သူ၊ ကျန်းမာရေးက ဒေါင်ဒေါင် မြည်ပဲ၊ အသက်ကလည်း ခြောက်ဆယ်ကျော်ပဲ ရှိသေးတာ အဖွားကြီး မဖြစ်သေးဘူး"

ကိုယ့်မိခင်အကြောင်း ပြောရသည့်အခါ ခက်ထန်၏မျက် နှာမှာ ပျော့ပျောင်းနူးညံ့ပြီး ကြည်နူးရိပ်တွေနှင့်။ သြော် သူ့အမေ ကို သူချစ်ရှာသားပဲ။

"ဦးခက်ထန်က အမေအကြောင်းပဲပြောတယ်၊ အဖေ အကြောင်းမပြောဘူး။ အဖေ မရှိတော့ဘူးလား"

"ရှိတယ်၊ အဖေက နောက်မိန်းမနဲ့"

"ဟင် ..."

"ဘာလဲ ..., ငါတို့မျိုးကို သစ္စာမရှိဘူးလို့ စွပ်စွဲမလို့ လား။ အဖေက အမေ့ကို ချစ်ပါတယ်၊ ဒါပေမယ့် ဘာတွေဖြစ် ကြသလဲတော့ မသိဘူး။ ငါသဘော်လိုက်ရာက ပြန်လာတော့ အဖေနဲ့အမေ ကွဲနေကြပြီး အဖေ နောက်မိန်းမ ယူထားတာတွေ့ ရတယ်"

"မြစ်ကြီးနားမှာပဲလား ... "

"မဟုတ်ဘူး ... အဖေက ကျောက်မဲမှာ ... "

"ဟန် ... ဦးခက်ထန်ရဲ့မိဘတွေက တိုင်းရင်းသားတွေ လား"

"တိုင်းရင်းသားတွေတော့ မဟုတ်ပါဘူး။ အမေက ကချင် ကပြား။ အဖေကတော့ ဗမာ၊ ငါ့ကိုလည်း သူမိတ်ဆွေရဲ့သမီး ကချင်မနဲ့ပေးစားမလို့ ... တဲ့"

"ကောင်းသားပဲ ... တိုင်းရင်းသူဆိုတော့ ရိုးတာပေါ့ ယောကျ်ားဘယ်လိုလှည့်လှည့် ရမှာပေါ့"

ညည့်ခန်းထဲမှာ ခက်ထန် စိတ်ပြေလက်ပျောက် စကား တွေပြောနေမိပါသည်။ ထွေးနုနှင့်စပယ်က ထိုင်နားထောင်သမား တွေဖြစ်ပြီး ပန်းအိတစ်ယောက်သာ သူ့ကို စကားတွေအလိုက် အထိုက်ပြောပေးနိုင်ခဲ့သည်။

ထွေးနုကတော့ နာရီတကြည့်ကြည့်။ ၁၁-နာရီလောက်ရှိ ပြီမို့ သူမ အိပ်ချင်လှပေပြီ။ ခက်ထန်ကတော့ ဒီနေ့ အထူးပျော် ရွှင်နေမိသည်။ သူ့စိတ်ထဲမှာ ထောင်ကလွတ်လာသူတစ်ယောက် နှယ်။

ငါ့စိတ်နဲ့ငါ့ကိုယ် ... လွတ်လပ်စွာ ပျံသန်းရတော့မယ်။ ငါ့အတွက် စိတ်အနှောင့်အယှက်တွေ မရှိတော့ဘူး။

သူ ... ပန်းအိနှင့် စကားတွေ အကြာကြီးပြောနေချင်မိ တာလည်း ဘာကြောင့်မသိ။

အင်း ... ငါ့အသက်က သုံးဆယ်။

ပန်းအိအသက်က လွန်ရှိ ... ၁၇၊ ၁၈။

အေးလေ ... ငါဘာတွေ တွေးမိနေပါလိမ့်။ အမေ အတင်းပေးစားမယ့် ကချင်မထက်တော့ သာမှာပဲ။ ဟိုကချင်မ





က တိုင်းရင်းသူဆိုပေမယ့် ခရစ်ယာန်မလေးမို့ အသက်လွန်နေ သည်။ သွက်တာရယ်၊ ပွင့်လင်းတာရယ်ကြောင့် သူမ ကြည့် ရတာ ကလေးမရှိသလို၊ ရိုင်းသလိုလို။

ယောကျ်ားလေးတွေနှင့် ရင်းရင်းနှီးနှီးရှိတာလည်း မကြိုက် ပါဘူး။

သူကတော့ အဖေ့ညီ၊ ဦးလေး၏ ရန်ကုန်မှာ ကြီးပြင်းရ သူမို့ တိုင်းရင်းသူလေးတွေ ပွင့်လင်းလွန်းတာကို မကြိုက်။ ယောကျ်ား၊ မိန်းမ ရင်းနှီးလွန်းတာကို မကြိုက်။

မြန်မာမလေး တစ်ချို့လို ကလေးကြီးတာ၊ ရှက်ရွံ့တတ် တာကိုပဲ ကြိုက်ပါသည်။ မိန်းကလေးဆိုတာ ရှက်ကိုးရှက်ကန်း လေးမှ ချစ်စရာကောင်းမှာပေါ့။ အချစ်နှင့်ပျော်ဝင်ညွတ်နူးနေမှ မိန်းမတစ်ယောက်ရဲ့အလှဟာ ပြီးပြည့်စုံမှာပေါ့။

သူ့ရှေ့မှ မိန်းကလေးများ တဝါးဝါးသမ်းပြနေကြလျှင် သူ အတွေးရေယဉ်ကြောမှ နိုးထပြီး ပြုံးရသည်။

"ကဲ ... သွားအိပ်ကြတော့၊ နင်တို့ကို ဆူမဲ့၊ ပူမဲ့ ဒုက္ခ ပေးမဲ့လူမရှိတော့ဘူး။ မနက် _ ထမင်းစားခန်းကျမှ အစီအစဉ် တွေ ပြောပြမယ် ... ဂွဒ်နိုက် ... "

"ဟုတ်ကဲ့ ... "

သူ့လိုပြန်ဂွဒ်မနိုက်ဘဲ _ တောသူတွေပီပီ၊ ဟုတ်ကဲ့လိုက် ကြလျှင် ခက်ထန် ... ရင်ထဲမှ အော်မိသည်။

"သေဟဲ့ ... နန္ဒိယ ... "

ဘာပဲဖြစ်ဖြစ် သူမျော်ရှင်စွာ အိပ်ရာဝင်မိသည်။

သူ့အိမ်ထဲမှာ သူနှင့်မိန်းကလေး(၃)ယောက်။

မချောသုံးယောက်ကိုယ်တစ်ယောက်ပေါ့။

သူ့ရဲ့ သက်တော်စောင့် (၃)ယောက်ဟာ မိန်းကလေးတွေ ဖြစ်ပေမယ့် သူ့ရဲ့ကျေးဇူးသစ္စာကို အသက်နှင့်လဲပြီး ကာကွယ်မည့်သူတွေလို့ ခက်ထန် ယုံကြည်မိပါသည်။

❖ ❖ ❖



အိပ်ရာထ နောက်ကျသည့်မို့ ပန်းအိ ခြံထဲမှာ ရေဖျန်းနေရတာ ကမန်းကတန်း။

နောက် ... ဦးခက်ထန်လည်း အိပ်ရာမှ မနိုးသေးတာမို့ သူ့ကားကို သူ့လိုပဲ ရေဆေးထားပေးဖို့ သထားပေးဖို့ ပန်းအိ ဘိတ်ကူးထားသည်။

သူဟာ ... ကိုယ်တွေလို သာမန်မိန်းကလေး(၃)ယောက် ကို အဒေါ်နှင့်ပင် အတိုက်အခံလုပ်ပြီး ကာကွယ်စောင့်ရှောက် ပေးထားသူမို့ သူ့ကျေးဇူးတွေကို အားကြီးမာန်တက် ဆပ်ချင်ပါသည်။

ခုလို ... လုပ်အားများနှင့်ပေါ့။

ပန်းအိမှာ ခါတိုင်းလို နှောင့်ယှက်မည့် ကျော်ထက်နိုင် ရှိတော့သဖြင့် ရေလောင်းရတာလည်း အားပါးတရ။

တောသူပီပီ ဂါဝန်တွေ၊ စကတ်တွေ၊ ဘောင်းဘီတွေ

မရှိသည့်မို့ လုံချည်လေး၊ တိုတိုဝတ်ထားပုံက ခြေသလုံးဝင်းဝင်း
လေးတွေ ပေါ်နေရသည်။ အားစိုက်လောင်းနေသည့်မို့ သူမကိုယ်
မှာ ရေတွေစင်လျှက်။

ခြံထဲ ရေဖျန်းပြီးတော့ ကားရေဆေးသည်။ နောက်က
ကို တယုတယ ရေသုတ်သည်။ ဦးခက်ထန် ကိုယ်တိုင်လုပ်
တုန်းက ပန်းအိ ခိုးကြည့်၊ မှတ်သားဖူးပါသည်။

"တယ်ဟုတ်ပါလားဟေ့ ... ငါ့လူက တယ်အားကိုးရ
လား"

"အမေ့ ... "

သူမနောက်မှ အသံကြောင့် ပန်းအိ လန့်သွားရစဉ်
ထန် ကားဆီသို့ လျှောက်လာခဲ့သည်။

"မင်းကို ဘာလုပ်ခိုင်းရပါ့မလဲ စဉ်းစားနေတာ၊ အ
အလုပ်စဉ်းစားလို့ရတယ်၊ မင်းက မာလီနဲ့ဒရိုင်ဘာလုပ်ရမယ်
အသက်ရော ၁၈နှစ် ပြည့်ပြီလား"

"ဟုတ် ... အဲ မနေ့ကမှ ပြည့်တယ်၊ ဒါပေမဲ့
ကျွန်မမှ ကားမမောင်းတတ်တာ"

"ရတယ် ... ကားမောင်းသင်တာ အလွယ်လေး
လိုင်စက်လျှောက်ရမယ်၊ ညနေကစပြီး ကားမောင်းသင်ပေးမ
ငါကိုယ်တိုင်သင်ပေးမှာ"

"ခဏလေးနော် ဘယ်တတ်မလဲ၊ ကားအကောင်းစား
တစ်ခုခုဖြစ်မှာ၊ နောက်ပြီး ... "





"ဆင်ခြေတွေ ထူလိုက်တာ၊ ဒါဆို မင်းကို ငါဘာခိုင်းရ
လဲ၊ ဘာမှမခိုင်းဘဲ အလကြည့်နေရမှာလား။ ဒါမှမဟုတ်
ပြန်ပြီး ဟိုမှာဆိုးဖိုကြီးယူမှာလား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ပြောချင်တာက ဟို ... ဟို
က်ရှိအလုပ် ... "

"ရတယ် ... ငါ အဲဒီအလုပ်ကို ဖြုတ်တယ်"

"ရှင် ... "

"မရှင်နဲ့၊ အိမ်မှာပဲနေ၊ မာလီလုပ် ... "

"ကွန်ပျူတာ သင်တဲ့ကိစ္စကရော ... "

"ထားလိုက် ... "

"ပိုက်ဆံတွေ နှမြောစရာရှင်၊ ပြီး ... ကျွန်မက အလုပ်
စ်ခုခုကို ပြီးဆုံးအောင် လုပ်ချင်တယ်"

"ဒါဆို ... ကားရေဆေးတာနဲ့ ဒရိုင်ဘာမလုပ်တော့ဘူး
ား အောက်ကျတယ်ထင်လို့ ငြင်းနေတာလား။ မင်းက ပညာ
ယ်လောက်တတ်လို့လဲ၊ ဘာဝမြင့်စရာ ဘာလိုလဲ"

စောစောစီးစီး မျက်နှာချိုချိုနှင့် လာစကားပြောနေရာမှ
ာ်ချင်းပင် ရာသီဥတု ပြောင်းလဲပြီး မာကျောခက်ထန်သွား
ည့် ခက်ထန်ကို ပန်းအိ ထိတ်လန့်စွာ ငေးကြည့်မိပါသည်။

ဘယ်လိုလူကြီးလဲ။ ခုတစ်မျိုး၊ ခုတစ်မျိုး စိတ်ကြီးနဲ့။
ာ်ကြာ ဖြူလိုက်၊ တော်ကြာ မည်းလိုက်နဲ့။

"မင်းက ငါ့အရေးပေးလို့ ဆင်ခြေတွေ ပြန်တက်နေတာ

လာ။ ဒီမှာ မင်းအဆင့်က ဘာလဲ၊ ကိုယ့်ကိုယ်ကို အမြဲသတိ ဘဝင်မမြင့်နဲ့၊ အောက်ခြေမလွတ်နဲ့၊ ငါပြောတဲ့အတိုင်း လိုက်မှ ငါ့အိမ်မှာ ဆက်ထားနိုင်မယ်၊ ဟိုကောင်မလေးနှစ်ယောက် ဘယ်လောက်ကျိုးနွံလိုက်သလဲ၊ ငါ့ကို ဘာမှ အာမခံဘူး။ တဲ့အတိုင်းလုပ်လိုက်တာပဲ''

သူပြောတာလည်း ဟုတ်ပါသည်။ ပန်းအိ ‒ ကိုယ့်ကို ကို အပြစ်တင်မိသည်။ သူက တကယ့်သူဌေးကြီးပဲ။ ငါ့ လည်း ကယ်ဘင်ထားသေးတယ်။ ဒီကြားထဲက ပန်းအိ သူ ကိုယ်နှင့်ရွယ်တူ၊ တန်းတူ၊ ဂုဏ်ရည်တူလို ပြန်လှန်ပြော နေတာလည်း မကောင်းပါ။

တကယ်ဆို သူကအလုပ်ရှင်။ ကိုယ်က အလုပ်သမား သူက ဟိုက်ဘော့စ်။ ကိုယ်ကဖွတ်ကြား။

မျက်ရည်စက်လက်ကို သူမြင်မှာစိုးလို့ ပန်းအိ ဝမ်းနည်း ပက်လက်နှင့် ခေါင်းငုံ့နေမိပါသည်။ ဆူချင်သလောက်ဆူပါ ခိုင်းချင်တာခိုင်းပါစေ။ သူမ အမြဲ ခေါင်းညိတ်လိုက်ပါမည်

အဲဒါ ‒ သူ့ကျေးဇူးတွေကို သတိရခြင်းနှင့် ဦးဖြိုးတင့်ကို ဆီ မပြန်လိုခြင်းတို့ကြောင့်ဖြစ်သည်။

''ဒါပဲ ... ဆင်ခြေမများနဲ့၊ အိမ်မှာ မာလီလုပ်၊ နောက် ကားမောင်းသင်ရမယ်၊ ကွန်ပျူတာလည်း သင်ရမယ်၊ ဆိုင်ခွဲက ဒီတစ်လမ်းကျော်မှာလည်းရှိတယ်၊ နေရာရွှေ့ပြီး ရမယ်''





''ဟုတ်ကဲ့''

မျက်ရည်ကျနေမိသည်မို့ အသံလေး နစ်ဝင်သွားရလျှင် တ်ထန် သူမ၏မျက်နှာကို ဆတ်ခနဲ ဆွဲမော့ကြည့်လိုက်သည်။

မိုလ်ကျလိုက်တာ။ သို့ပေမယ့် ပန်းအိ မျက်လွှာလေးပိတ် း ငြိမ်နေရသည်သာ။ ဦးဖြိုးတင့်ကြီးယူရမှာထက်တော့ ဘာမှ ဆိုးဘူး။

''မျက်ရည်လွယ်တာ မကြိုက်ဘူး။ နောက် ‒ အလကား းရင်း မျက်ရည်ကျရင် အရိုက်ခံရမယ်၊ မြန်မြန်လုပ်ပြီး လိုက်

ပန်းအိ မျက်နှာလေးကို ဖျတ်ခနဲ ပြန်ချပေးခဲ့ပြီး သူတိုက် ပြန်ဝင်သွားတော့မှ ပန်းအိ ကမန်းကတန်းနှင့် ကားကို လက် သတ်ရသည်။ တော်ကြာ ... ဘာတွေ ဆက်နိုင်းဦးမည်မသိ။

မြန်မြန်လုပ်ပြီး လိုက်ခဲ့ဆိုပေမယ့် ဘယ်ကိုလိုက်ရမှန်းမသိ ့ ပန်းအိ ကိုယ့်အခန်းထဲပြန်ဝင်ပြီး အဝတ်လဲရသည်။ အဝတ် ာက ရေစိုနေပြီမို့။

သူမတို့မှာ ဝတ်ကောင်းစားလှကတော့ သိပ်များများစား း မရှိပါ။ မနေ့ကမှ ဝယ်ထားသည့် ဝတ်စုံလေးများကျတော့ ည်း ပန်းအိ မဝတ်ရက်။ ဝတ်စုံလေးနှစ်စုံက လှလှပပ။ ပန်း ရောင်လေးနှင့် နီစိမ်းရောင်လေးက နုနွဲ့လှပလွန်းလို့ ဝတ်ပင် ဝတ်ရက်စရာ။

မြန်မာဝတ်စုံလေးတွေပေမယ့် ဖျင်က ပျော့အိပြီး အင်္ကျီ

လေးတွေကလည်း ရိုးရိုးယဉ်ယဉ်နှင့် ပုံဆန်းဆန်း။

သည်တော့ ရှာမှုပါလာသည့် အညှာစားလေးတွေပဲ

လိုက်သည်။ ပင်နီအင်္ကျီလေးနှင့် ယောထမီပေါ့။

အဝတ်လဲပြီး ထမင်းစားခန်းမှာကူလုပ်ဖို့ ဝင်လိုက်လျှ

ထွေးနုနှင့်စပယ်မှာ ပြင်ဆင်ပြီးလေပြီ။ ခါတိုင်းလို (၄)ယော

စာမလုပ်ရဘဲ တစ်ယောက်စာပဲ ပြင်ပေးရသဖြင့် မြန်တာလ

ဖြစ်ပေမည်။

စားပွဲပေါ်မှာ ကော်ဖီတစ်အိုးနှင့် ထမင်းကြော်။ ထ

ကြော်ကလည်းရှယ်။ ပဲပြုတ်၊ ဝက်အူချောင်းနှင့် ကြက်ဥကြေ

နောက် ပေါင်မုန့်။ ရှိသမျှ လုပ်ပေးထားကြသည်။

သည်စဉ် ... ထမင်းစားခန်းထဲသို့ ခက်ထန် ခပ်တ

တည်ကြီးဝင်လာခဲ့လျှင် ပန်းအိတို့ (၃)ယောက် မျက်လုံးချင်း

ကြသည်။

ဘယ်လိုကြီးလဲ။ ညတုန်းကတော့ စကားတွေ

သဘောတွေကောင်းနေလိုက်တာ ချောလို့။ ယာခုကျ သူမ

တော့သလို။ ယောက်ျားတွေများ အပြောင်းအလဲမြန်လိုက်

အေးလေ သူ့ကို မခန့်လေးစား ဆက်ဆံမှာစိုးလို့

ဘာပဲဖြစ်ဖြစ် ပန်းအိတို့ သူ့ကိုလေးစားပါသည်။ သူဘာ

ဘာဆိုတာ ဘယ်တော့မှ မမေ့ပါ။

သူက စားပွဲထိပ်မှာ ခပ်တည်တည်ဝင်ထိုင်ပြီး ဘာမှ

သေးခင် ပန်းအိတို့ကို တာဝန်စကားပြောလေ၏။





"သိတဲ့အတိုင်း မင်းတို့မှာ အန္တရာယ်ရှိနိုင်တဲ့အတွက်

ဝအရာရာ သတိနဲ့နေကြရမယ်၊ မင်းမဲ့တိုင်းပြည်မဟုတ်ပေ

ယ့် ရန်သူတွေက လက်ဦးသွားရင် ရှုံးမှာက မိန်းမသားတွေပဲ၊

ကြောင့် မင်းတို့ တစ်ယောက်ထဲ၊ နှစ်ယောက်ထဲ အပြင်မထွက်

ဘူး။ အမြဲသတိရှိရမယ်၊ အပြင်မှာ ထွက်အလုပ်မလုပ်စေချင်

တဲ့အတွက် ပန်းအိကို ဒီအိမ်ရဲ့ မာလီ၊ နောက် ဒရိုင်ဘာ ခန့်

ပေးလိုက်မယ်"

"ကောင်းတယ် ... ကောင်းတယ် ... ကျွန်မတို့ အပြင်

ထွက်ရတော့ဘူးပေါ့၊ အိမ်ထဲမှာ အတူတူအလုပ်လုပ်ကြ

မယ်"

ထွေးနုနှင့်စပယ် ဝမ်းသာသွားကြသည်။ သူမတို့ကတော့

အရင်လိုပဲ အိမ်သန့်ရှင်းရေးနှင့် ချက်ပြုတ်ရေးတာဝန်ခံတွေ

ပေါ့။

"လစာတွေလည်း တိုးပေးမယ် ... ထွေးနုနဲ့စပယ်ကို

တစ်လကို ၄-သောင်းစီပေးမယ်"

"ဝေး ... ဟေး ... ဟေး ... "

ဆယ်ကျော်သက်များပီပီ ဝမ်းသာအားရအော်လျှက် ခက်

ထန် ပြုံးချင်စိတ်ကို မနည်းထိန်းထားရ၏။ သူမယ်မင်းကြီးမက

တော့ မတုန်မလှုပ်။

"ပန်းအိကတော့ အလုပ်နှစ်လုပ်မို့ ၈-သောင်းရမယ်၊

မာလီအလုပ်က ၄-သောင်း။ ဒရိုင်ဘာအလုပ်က ၄-သောင်း။

ဒါပေမယ့် ဒရိုင်ဘာလည်း မလုပ်ရသေးပါဘူး။ ကားက အမော
သင်ရဦးမှာ၊ နင်တို့ကျေနပ်ရဲ့လား"

"အာ ... ကျေနပ်ပါတယ်၊ ကျွန်မတို့က သူလို မာ
လုပ်ဖို့လည်း ဝါသနာမပါဘူး။ ကားမောင်းလည်း မသင်ချ
ဘူး"

"သူကတော့ သိပ်ပြီးတိုးတက်ချင်တာ၊ ဒီအလုပ်တွေ
သူနဲ့ပဲ ကိုက်ပါတယ်"

"ဟုတ်ပြီ၊ ဘာပဲဖြစ်ဖြစ်၊ မင်းတို့ကို အန္တရာယ်ကင်း
ချင်တာ အဓိကပဲ၊ လောလောဆယ် ဘယ်မှငါမပါဘဲ မထွက်
ဘူး။ ညသည့်လာရင်လည်း မသိဘဲနဲ့ ဖွင့်မပေးရဘူး"

"မိန်းမဖြစ်ဖြစ်၊ ယောကျာ်းဖြစ်ဖြစ်လား"

"ဟုတ်တယ် ... ကြီးကြီး ငယ်ငယ် မသိဘဲ ဖွင့်မပေး
ဘူး။ နောက် ဖုန်းသတင်းနဲ့ မဟုတ်တာပေးပြီး ခေါ်ထုတ်သွား
တတ်တာမို့ သူများပြောတိုင်း မယုံရဘူး"

"ဘယ်လို"

"ဥပမာ ... ငါ ကားတိုက်လို့ စက်ရုံမှာ ဘာဖြစ်
ကုမ္ပဏီမှာ ဘာဖြစ်လို့ဆိုပြီး ၊ လာညာခေါ်ရင် မလိုက်ရဘူး
ဘာဖြစ်ဖြစ် ရမ်းမယုံနဲ့"

"ဟုတ်ကဲ့ ... ဒါပေမယ့် တကယ်ဖြစ်နေရင်ရော"

"ဟာ ... စိတ်မပူစမ်းပါနဲ့၊ တကယ်ဖြစ်လည်း ငါ
လှမ်းဆက်မယ်"





တွေးနေနှင့်စပယ်က ဘာမှတောဒကမတက်ပေမယ့် ပန်းအိ
ကတော့ ပါးစပ်လေးတပြင်ပြင်။

"ဘာလဲ ... ဟိုကောင်မလေး"

"ဟို ... တကယ်လို့ ဦးခက်ထန် တစ်ခုခုဖြစ်ပြီး သတိ
မေ့နေတယ်ဆိုရင်ရော ..."

"ဟ ... အဲဒါ ငါ့ကိစ္စ၊ ဆေးရုံကပဲလိမ့်မယ်၊ နင်တို့
မှုနဲ့၊ အဲ ... ဆေးရုံက လှမ်းဆက်တာ ဘာညာဆိုရင်တော့
ာလေး၊ ဟာ ... ဒီကောင်မလေးတွေ တောတောင်းစီး နမိတ်
ဒို့၊ နမာမရှိတွေ၊ ကဲ ... စားပြီးပြီ၊ ထသွားမယ်၊ ဟိုကောင်
မလေး နင့်မွေးနေ့အတွက် ဘာလိုချင်လဲ ... ပြော ..."

"ရှင် ..."

ပန်းအိ ခေတ္တကြောင်သွားသည်။ ဘယ်တုန်းက ငါ့မွေးနေ့
သဲ။

"မင်းပဲ မနေ့က ၁၈-နှစ်ပြည့်တယ်ဆို၊ ဘာယူမလဲ"

"ဪ ... နေပါစေရှင်၊ ကျွန်မတို့ တစ်သက်လုံး
ီလိုပဲ နေလာခဲ့ကြတာပါ၊ မွေးနေ့ရယ်လို့ အမှတ်မထားပါဘူး"

သူ ဘာမှမပြောတော့ဘဲ ကုမ္ပဏီသွားဖို့ လုပ်သည့်အခါ
န်းအိ သူ့နောက်လိုက်ပြီး ဖိနပ်ထုတ်ပေးရ၊ ကြိုးကူချည်ပေးရ
သည်။ ရောက်ကတည်းက လုပ်ပေးရသည့်အလုပ်များပါပေ။

နောက် ... ကားတံခါးဖွင့်ပေးရ၊ ပိတ်ပေးရသည်။ သူ
ာ ကားပေါ်တက်ပြီးမှ ပန်းအိကို မျက်မှောင်ကျုံ့ပြီး ...

"အိမ်တံခါး ခြံတံခါးတွေ ပိတ်ထား။ ငါ ပြန်လာရင် အိမ်မှာပဲ ရှိနေပါစေ"

"ဟုတ် ... "

သူကားထွက်သွားမှ တံခါးတွေပိတ်ပြီး ပန်းအိ ထမင်းစားခန်းထဲသို့ ခုန်ပေါက်ပြီး ဝင်ခဲ့သည်။ ထမင်းစားခန်းထဲမှာ သူစားပြီးကျန်သရွေ့ကို ဟိုနှစ်ယောက်စတင်စားနေကြပေပြီ

"ဟော့ ... ငါ့ဖို့ ချန်ကြဦး။ အစားပုတ်မတွေ ဒါကြောင့် လုံးကြီးပေါက်လှတွေဖြစ်နေတာ"

"နင့်လိုခါးသေးရင်ချီ ... ပဒုမ္မာနီတော့ မဖြစ်ချင်ပါဘူး ခုပဲကြည့် ဦးခက်ထန်က နင့်ကိုဖိဟောက်နေတာ"

"အဲဒါ ငါ့ကိုမုန်းလို့ပေါ့ ... "

"မုန်းလို့မဟုတ်လောက်ဘူး။ ချစ်လို့ဖြစ်ရမယ်"

"နင့်အတွေးက ခေါက်ထိုးကြီးပါလား"

"ဟုတ်တယ်လေ ... နင့်ကို ဂရုလည်းစိုက်တယ် ဖိလည်း ဟောက်တယ်ဆိုတာ သူ့ရင်ထဲမှာ မုန်တိုင်းမွှေနေလို့ပေါ့၊ ကဲ ... လာ စားကြမယ်၊ ခုမှ ဝဝစားရတော့မယ်"

"ကိုယ့်ပစ္စည်းမဟုတ်တိုင်း လိုမ့်စားမနေကြပါနဲ့ဟယ် ဒေါ်မမသီနိုင်သာရှိရင် ရင်ဘတ်ကြီး စည်တီးနေမှာ"

"အမယ် ... အိမ်ရှင်မ လက်သစ်ကြီးက ပြောရှာတယ် စားမှာစားစမ်းပါဟာ၊ ငါတို့က စားတာပဲ၊ သွန်တာမှ မဟုတ်တာ"





(၃)ယောက်သား ထမင်းကြော်စား။ ကော်ဖီသောက်နှင့် နက်စာအတွက် စိုပြည်နေကြလေတော့သည်။

* * *

နံနက်ဆယ်နာရီလောက်မှာ ခြံရှေ့သို့ အငှားကားတစ်စီး ထိုးဆိုက်လာခဲ့သည်။ ပန်းအိက မာလီပိပိ ခြံထဲမှာ ပန်းပင်လေးတွေ၊ မြက်ခင်းတွေကို လှပအောင် ပြုစုပေးနေစဉ်မို့ ထိုးဆိုက်လာသည့် ကားကို မမြင်လိုက်။

ခြံရှေ့မှ ကားဟွန်းသံကြောင့်သာ သူမ ခေါင်းမော့သွားရသည်။ သို့ပေမယ့် ...

"ညသည်လာရင်လည်း အရမ်းဖွင့်မပေးရဘူး" ဟုသည့် ဦးခက်ထန်၏ စကားကို သူမ ကြားယောင်မိလိုက်သဖြင့် နေရာမှာပင်ရပ်၊ မျှော်ကြည့်နေမိသည်။

အင်း ... ငါတို့သိတဲ့လူကတော့ ခပ်ရှားရှားပဲ။ ငါတို့မှာလည်း မိုးဆွေနဲ့အဖွဲ့ရဲ့ အန္တရာယ်ရယ်၊ ဒေါ်မမသီခိုင်တို့ကလည်း ငြိုးချင်ငြိုးမှာပဲ။

အန္တရာယ်တွေက အများကြီး။





သည့်စဉ် ခြံရှေ့မှကားက ပန်းအိကိုမြင်သွားပြီး လှမ်းအော်ခေါ်လေသည်။

"ဟော့ ... ကောင်မလေး၊ တံခါးလာဖွင့်လေ၊ ဒီမှာဧည့်သည်"

လာမယ့်ဘေးပြေးတွေ့၊ ပန်းအိ ခြံတံခါးသို့ သွားရ၏။ ပြီးမှ လူတွေကို သေသေချာချာ အကဲခတ်ရသည်။

ယောကျ်ားကြီး(၃)ယောက်။ ရုပ်တွေက ခပ်ကြမ်းကြမ်း။ သွင်းသိုးသိုးနှင့်။ အသက်လေးဆယ်ခန့်ရှိမည့် လူတစ်ယောက်က ထောင်ထောင်မောင်းမောင်းနှင့်။ အသားကညိုသည်။ ကျန်နှစ်ယောက်က အသက်သုံးဆယ်ကျော်။

"တံခါးဖွင့်စမ်း၊ အထဲမှာ ဘယ်သူတွေရှိလဲ"

"အိမ်ရှင်တွေ မရှိကြပါဘူးရှင်၊ တွေ့ချင်ရင် ညနေမှပြန်လာကြပါ"

"ဟ ... ရင့်လှချည်လား။ နင်ကဘယ်သူလဲ၊ ငါ ဘာကောင်လဲဆိုတာ သိသွားရင် နင်ဖျားသွားမယ်"

ပြောပုံက ခပ်ကြောကြော။ သူ ဘယ်သူလဲ။ ဦးခက်ထန်နဲ့ဖအေတော့ မဟုတ်လောက်။ ပန်းအိ စဉ်းစားနေစဉ် အိမ်ထဲမှသွေးနု ပြေးထွက်လာခဲ့သည်။

"ဘယ်သူတွေလဲဟေ၊ ဦးခက်ထန်က ဖွင့်မပေးရဘူးတဲ့နော်"

"အေးပါ ... ငါသိပါတယ်"

"ဒါဆို လာ ... "

ထွေးနု ပန်းအိကို ဆွဲခေါ်သွားရာ ခြံရှေ့မှ ကားပေါ်မှလူ မှာ ဆွေ့ဆွေ့ခုန် ကျန်ခဲ့လေသည်။

"ဟေ့ ... ဟေ့ ... "

တဟေ့ဟေ့နှင့် မျောက်ဝံကြီးလို ခုန်ကျန်ခဲ့သူအား သူမ တို့ လှည့်ပင်မကြည့်တော့ချေ။

● ● ●



ညနေ ၅-နာရီခန့်မှာ ဦးခက်ထန် ပြန်ရောက်လာခဲ့ပြီး ခြံရှေ့မှာ အထုပ်အပိုးတွေနှင့်။ သူ့အစ်ကို မြက်ထန်ကိုတွေ့လိုက် ရသည်။ သူ့ဘေးမှာလည်း အဖော်တစ်ယောက်နှင့်။

"ဟာ ... အစ်ကို"

"အေးကွာ ... မြင်တဲ့အတိုင်းပဲ၊ ဒါကြောင့် ထမင်းဆိပ် မလာချင်တာ၊ သူ့ဌေးအိမ်ဆိုတာ တယ်ကြီးကျယ်ပါလားကွာ"

သူ ... ဒေါသဖြစ်ဖြစ်နှင့် အိမ်ဖက်သို့ လှမ်းမျှော်ကြည့် လျှင် သူ့ကားသံကြောင့် အပြေးလေး ရောက်လာ၊ တံခါးကို ဒိုမှုနှင့်လှမ်းဖွင့်ပေးသည့် ပန်းအိကိုတွေ့လိုက်ရသည်။

"ဟော့ ... မင်းဘယ်လိုလုပ်တာလဲ၊ ဒါ ... ငါ့အစ်ကို ကွ၊ တောက် ... "

"ရှင် ... "

သူ့အစ်ကိုဆိုပါလား။ ပြဿနာကတော့ မိုးမီးလောင်တော့

မည်။ ပန်းအိ ... တုန်တုန်ရီရီနှင့် သူကိုမော့ကြည့်၊ ရှင်းပြမလို ပြင်လျှင် မြတ်ထန်ကလည်း ရှေပက်မဝင် တိုင်လေ၏။

"ငါတို့တွေကို ဦးခက်ထန်က ဖွင့်မပေးရဘူးဆိုပြီး မြို လှည့်ပြေးသွားကြတာ ... ငါတို့မှာ တစ်နေကုန် ခြံရှေ့မှာနေရ တယ်၊ ကဲလာမဆွဲတာ ကံကောင်း။ မင်းတို့ရန်ကုန်က ပူတာပဲ ကွာ၊ နေစမ်းပါဦး၊ ဒါ ... ဘယ်သူတွေလဲ၊ မင်း ... မိန်းမ ရနေပြီလား"

"ဟာ ... အစ်ကိုကလည်း မဟုတ်ပါဘူး၊ မရပါဘူး အဲဒါ ကျွန်တော့်အလုပ်သမားတွေပါ"

"ဟေ ... အလုပ်သမားတွေကလည်း မိန်းကလေးတွေ ပါလား၊ ဒါကြောင့် ငါ့ကောင် မိန်းမ မယူချင်တာကိုး၊ အဆ မိန်းမ ပေးစားတိုင်း ငြင်းနိုင်တာကိုး"

"ဟာ ... အစ်ကိုကလည်း သူတို့ကို အထဲကျမှ ပိတ်ရှု ပစ်လိုက်မယ်၊ ဟော့ကောင်မလေး တံခါးပိတ်ပြီး နောက်က လိုက်ခဲ့"

"ဟုတ် ... ဟုတ်ကဲ့"

ပန်းအိ သူခိုင်းသည့်အတိုင်း တံခါးပိတ်ပြီး နောက်မှ မျက်နှာငယ်လေးနှင့် လိုက်လာရ၏။ မြတ်ထန်နှင့်သူ့အဖော်က တော့ ပန်းအိကို မကြည့်သည့်အကြည့်နှင့်။

ထွေးနုနှင့်စပယ်မှာလည်း မီးဖိုဖက်မှ ချောင်းကြည့်ပြီး ပန်းအိအတွက် စိတ်မကောင်းဖြစ်နေကြပေမယ့် ငြိုသည့်ရော





နှင့်မို့ ညစာအပီ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နေရသည်။

"ပန်းအိ ... အစ်ကိုတို့အတွက် စားစရာ တစ်ခုခုသွားယူ ခဲ့၊ အစ်ကိုတို့ ဘာမှ မစားရသေးဘူး မဟုတ်လား"

"အေးလေကွာ၊ ငါတို့က သူဌေးတွေမှမဟုတ်ဘဲ၊ ပါလာ တဲ့ ပိုက်ဆံ အိတ်လေးကလည်း ရထားပေါ်မှာ ပါသွားသေးတယ်၊ တစ်နေကုန်ဘာမှမစားရဘူး"

ခက်ထန်မှာ အစ်ကိုဖြစ်သူကို ပြေရာပြေကြောင်းပြောရင်း ပန်းအိ ဒေါ်ပွနေမိသည်။ ဘယ်သူဘယ်ဝါဆိုတာလေးတော့ မေး ပါလား။

သူဆီ ဟုတ်၊ မဟုတ်အကြောင်းကြားပြီး တံခါးဖွင့်ပေး ပါလား။

ပန်းအိမှာလည်း ကိုယ့်အပြစ်နှင့်ကိုယ်မို့ စားစရာရှိသမျှ အမြန်ဆုံးလုပ်ပေးပြီး ငွေလင်ဗန်းလေးနှင့် အပြေးပြန်ယူထွက် လာရသည်။ လင်ဗန်းထဲမှာ ကော်ဖီတစ်အိုး၊ ကိတ်မုန့်နှစ်လုံး နှင့် ဆင်စွယ်ငှက်ပျောသီးတစ်ဖီး။

"ဟင် ... မင်း အရှဲ့တိုက်လာတာလား။ ငါ့အစ်ကိုတွေ ကို အရှက်ခွဲတာလား"

"နေ ... နေ ညီလေး ... ငါတို့ဆာနေပြီ"

ပန်းအိပေးသည့် လင်ဗန်းကို စားပွဲပေါ်တင်ပြီး ကိတ်မုန့် တစ်ယောက်တစ်လုံးစီ ကောက်ယူခါ လက်နှင့်ဖဲ့ရှဲ့စားနေကြ သည်မှာ တုန်တုန်ယင်ယင်။

ယာသသီးကြီးတွေမို့ တစ်နေကုန်အစာငတ်ခံထားရလျှင် တော်တော် ဆာနေကြပေတော့သည်။ ပန်းအိ ... တကယ်ပ စိတ်မကောင်းလှသဖြင့် မျက်ရည်များပင် လည်လာ၏။

ကော်ဖီကို ပန်းကန်တွေထဲသို့ ငှဲ့ထည့်ပေးသလို ငှက်ပျော သီးများကိုလည်း အခွံနွာပေးရှာသည်။

ဆိုဖာများရဲ့အောက်ခြေ ကြမ်းခင်းပေါ်မှနေပြီး လို တာကို ဒူးထောက်ပြီး လုပ်ကိုင်ပေးနေသည့် ပန်းအိကိုကြည့် မြတ်ထန်နှင့်သူ့အဖော်တို့ စိတ်ပြေသွားကြသည်။ ကောင်မလေး တွေ တကယ်မသိလို့နေမှာပါ။ ငါတို့ကို ပညာပြတာတော့ ဟုတ် မယ်မထင်ပါဘူး။

ပလုတ်ပလောင်းနှင့် စားလိုက်၊ သောက်လိုက်ကြရလျှင် သဘောကောင်းသည့်သူတွေပီပီ၊ သူတို့ကပင် ပန်းအိအတွ တောင်းပန်ပေးကြလေသည်။

"ငါတို့အပြစ်လည်းပါပါတယ်ကွာ၊ ငါက ငါဘယ်သူ တာပြောမပြသေးဘဲကိုး။ အကျိုးအကြောင်းမပြောဘဲ ညီအစ နဲ့ ဟောက်နေတာကိုးကွ၊ ဒီတော့ သူတို့လည်း ပြန်ပြေးကြ ပေါ့၊ ငါ့အပြစ်ပါကွာ၊ ငါ့အပြစ် ..."

ခက်ထန်ကလည်း ပန်းအိ မျက်နှာလေးငယ်ငယ်နှင့် ရှ သုတ်ပုဆိုး၊ မြွေစွယ်ကျိုးလို လုပ်ပေးနေတာကို မြင်လိုက်ရလျှ ဒေါသတွေ ပြေပြီး သနားပင် သနားမိတော့သည်။

"ဟုတ်လား ... ပန်းအိ ..."





"ဟုတ် ... ဟုတ်ကဲ့၊ ဒီဦးလေးက နာမည်မပြောဘဲ၊ ဘာကောင်ဆိုတာသိရင် နင်ဖျားသွားမယ်လို့ပဲ ပြောပါတယ်"

"ဟား ... ဟား ... ဟား ခုတော့နင်မဖျားဘဲ ငါ့အစ် ကို ပြားသွားတာပေါ့၊ အစာမစားရလို့လေ"

ညနေခန်းထဲမှာ ရယ်မောသံတွေ ညံသွားကြတော့မှ ပန်းအိ သည်း လင်ဗန်းပြန်သယ်ခါ မီးဖိုဖက်သို့ လစ်လာခဲ့ရတော့သည်။

"တော်ပါသေးရဲ့ ရာသီဥတုက ကြည်လင်သွားလို့၊ ငါတို့ လည်း ဖြစ်လိုက်ရင် အသည်းအသန်ပဲ"

ထွေးနုက ဆီးပြီးပြောလျှင် စပယ်နှင့်ပန်းအိတို့ ယခုမှ ယ်နိုင်ကြသည်။

"ဒါကြောင့် သူကပြောတာ၊ ငါဘာကောင်ဆိုတာသိရင် င်ဖျားသွားမယ် ... လို့"

"ကဲ ... ချက်ကြ၊ ညသည်ကြီးတွေက အစားကြမ်း သောက်ကြမ်းဟ၊ များများချက်"

"အေးပါ ... အိမ်ရှင်မ လက်သစ်ကြီးရယ် ... နင်သာ သူတို့ ကျေနပ်အောင် ပြုစုပေးပါ၊ ဒါမှ ဟိုက သဘောကျပြီး ခက်ထန်နဲ့ ပေးစားချင်အောင်"

"ကြည့်စမ်း ... ဒီစကားပြောစရာလား။ ငါတို့အဆင့်နဲ့ နဲ့မြေပါဟာ၊ မိန်းမသားမှာလည်း မာနရှိစမ်းပါ၊ ဆန်လည်း ဆန်မာန၊ ဖွဲလည်းဖွဲမာနပဲ၊ ငါတော့ ခေါင်းထဲမှာ လုံးဝမထည့် ဘူး"

''ကောင်းတယ် ... ကဲ ... သွား နင့် ... အဲ ... အဲ
လူကြီးတွေကိုသာလိုတာလုပ်ပေးပါ၊ ထမင်းချက်တာက ရတယ်
ငါတို့နိုင်တယ်''

''ပြီးရော ... သူတို့ကို လိုက်ပြီးလုပ်ပေးစရာမလိုပါဘူး
ဟာ၊ ဦးခက်ထန်နိုင်းတာပဲ''

စကားမှမဆုံးသေး။ ညှော်ခန်းမှ လှမ်းခေါ်သံကို သူမ
ကြားလိုက်ကြရသည်။

''ပန်းအိ ... ဒီမှာ အစ်ကိုတို့အတွက် အခန်းတစ်ခ
ပြင်ပေးလိုက်ပါ''

ပန်းအိ ဖက်ကလေးပုပြီး ညှော်ခန်းဘက်သို့ ထွက်လာ
ရသည်။

ဟုတ်တာပေါ့။ အိမ်မှာ လောလောဆယ် အိမ်ရှင်
မရှိသည်မို့ ခက်ထန်မှာ ပန်းအိကိုပဲ ခိုင်းနေရပေတော့သည်။

''အပေါ်ထပ် အရင် ဒေါ်မမသိုင်နေတဲ့အခန်းမှာ သွ
ပြင်ပေးလိုက်ပါ၊ ရော့ ... ဒီမှာသော့၊ အိပ်ရာပြင်ဖို့လိုတဲ့ပစ္စည်း
တွေ ဘီဒိုထဲမှာထုတ်''

''ဟုတ် ... ''

''ဩော် ... မနက်ဖြန် အမေနဲ့ ငါ့သတို့သမီးလော
ရောက်လာမယ်၊ အစ်ကိုတို့က ရှေ့ပြေးလာတာ၊ သူတို့အတွ
လည်း အခန်းပြင်ထားလိုက်၊ ကျော်ထက်နိုင်နေတဲ့အခန်း
ပြင်ထားလိုက်''





''ဟုတ် ... ''

ဒေါ်မမသိနိုင်တို့အဖွဲ့ ဆင်းသွားပြီး နောက်သပ်ဩဇာပေး
ရာလုပ်မည့်သူတွေ ရောက်လာကြတော့မှာပါလား။

အေးလေ ... ငါတို့က သူတို့အလုပ်သမားပဲ။
ထားရာနေ စေရာသွား ... ခိုင်းတာ လုပ်ပေးရမှာ
ပါ။

ရင်ထဲမှာ လှိုက်ခနဲဝမ်းနည်းလာမှုကြောင့် ပန်းအိ သူ့ရှေ့
ခေါင်းငုံ့ပြီး ထွက်လာမိတော့ ကြမ်းပြင်မှာ မျက်ရည်စက်လေး
မှင့် ကြွေကျကျန်ခဲ့လေသည်။

❦ ❦ ❦

မနက်စောစော ပန်းအိ ခြံထဲမှာ ရေဖျန်းနေစဉ် ခက်
အိမ်ပေါ်မှဆင်းပြီး သူမထံ လျှောက်သွားခဲ့သည်။ ဒီနေ့ အမေ
သူသဘောတူသည့် မိန်းကလေးပါမည်။ အမေ့တာဝန်က သူ
အိမ်ထောင်ချပေးဖို့ဖြစ်သည်။

တစ်ယောက်ခေါ်လာစဉ်က ဒေါ်မမသိန်း ပညာပြ
လိုက်သည်။

သူကလည်း မကြိုက်တာနှင့် အတော်ပါပဲ။

သည်တစ်ယောက်ကတော့ ဘယ်လိုလာမည်မသိ။
ရှေးတုန်းကလို မိဘပေးစားတာ ယူရမှာတော့ သူစိတ်ပျက်
အစ်ကိုမြတ်ထန်တုန်းက အမေပေးစားတာယူခဲ့ပေမယ့် သူ
ထက်မှာ မယူချင်။

တစ်သက်လုံး အတူပေါင်းသင်းနေထိုင်သွားရမည့်သူ
ချစ်ခြင်းမေတ္တာဆိုတာ အရေးမပါဘူးလား။

ရွှေကားစာပေ



ရုပ်၊ အပြောအဆို၊ အမူအရာက လူတို့ရဲ့ချစ်ခြင်းကို
၁၀ %လောက်ပဲဖြစ်ပေါ်စေပြီး ကျန်တဲ့ ၅၀%ကတော့ အမည်
ဖော်ပြလို့မရ။

မြင်မြင်ချင်းချစ်တာတို့၊ ကြာကြာနေလို့ သံယောဇဉ်တွယ်
သွားတာတို့၊ ရေစက်တို့ ဆိုတာဘာလဲ။

သူ ... ပန်းအိကို စွဲလမ်းမြတ်နိုးမိတာတော့အမှန်။ သို့
သော် ဖျတ်ဖျတ်လူးအောင် မဟုတ်သေး။ ဟတ်မထိသေးတာ
လား။ ရင်ထဲမှာ မြို့နေရသည့်အနာလား။

ဘာပဲဖြစ်ဖြစ် ကိုယ့်မိခင်စိတ်ချမ်းသာအောင် ပြုစုယုယ
ပြုပ်ကိုင်ပေးဖို့ သူမှာတာဝန်ရှိသည်မို့ အမေမရောက်မီ ခုမနက်
ထဲက အိမ်မှာစားသောက်စရာတွေ ဝယ်ယူဖြည့်တင်းရမည်။

ဒါကြောင့် ... ပန်းအိကို ဈေးဝယ်သွားဖို့ သူခေါ်ရမည်။
ုးလင်းခါစ အလင်းရောင်အောက်မှာ နှင်းဆီပန်းများနှင့်အပြိုင်
သစ်လှပနေသည့် ပန်းအိနန္ဒာကို သူငေးမိသည်။

အိမ်မှာရောက်လာတာ တစ်လလောက်ရှိပြီမို့ အသား
ရည်တွေ ဖြူဝင်းလတ်ဆတ်လာပြီး ဖွေးနုလှပနေသည့် ပန်းအိ
နွှာ။ မျက်နှာလှလှလေးမှာ မျက်တောင်နက်နက်ကော့ကော့
လေးနှင့် နှာတံလှလှလေးက စွဲမက်ဖွယ်။ နှုတ်ခမ်းလေး နုအိရဲ
ုနေပုံကလည်း နှင်းဆီဖူးလေးလို။

ကိုယ်လုံးလေးကရော။ ရှည်သွယ်သည့်အရပ်မှာ ပြည့်ပြည့်
ုံးဖြိုး။ မယ်စကြဝဠာပေါက်စလေးပေါ့။

ရွှေကားစာပေ

"ဟင် ... ဦးခက်ထန်၊ ကျွန်မကို ဘာနိုင်းမလို့လဲဟင်"

သူမလှည့်ကြည့်လျှင် ခက်ထန်ကို တွေ့လိုက်ရသဖြင့် ပန်းအိ ပျာပျာသလဲ မေးမိသည်။ သည်တော့မှ ခက်ထ အတွေးတွေ ရပ်သွား၏။

"ဒီနေ့အမေတို့လာမယ်၊ အိမ်မှာ စားသောက်စရာ ဝယ်ယူဖြည့်တင်းရဦးမယ်၊ အဲဒါ ... ပန်းအိနဲ့ လိုက်ခဲ့ရမယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ၊ ဦးခက်ထန် ဝယ်ချင်တဲ့ပစ္စည်း တွေကို စာရင်းအရင်ပြုစုမယ်လေ၊ ဒါမှ ဈေးရောက်ရင် တန်း ရအောင်"

"ဈေးထဲဆိုပေမယ့် စူပါမားကတ် တစ်ခုခုကိုသွား မှာ၊ တစ်ဆိုင်တည်းနဲ့ အစုံရတယ်လေ၊ ဈေးဝယ်ရတာမပင်ပန်း တော့ဘူးပေါ့၊ တွန်းလှည်းလေးတွန်းပြီး ကိုယ်လိုချင်တာ ဆွဲထည့်သွားရုံပဲ၊ ပြီးမှ အပေါက်ဝမှာရှင်း"

"ဟင် ... အဲဒီလိုဆိုင်မျိုးတွေက အရမ်းဈေးကြီးတာ လေ၊ သူဌေးကြီးတွေ၊ တကယ့် ဟိုက်ဘော့စ်ကြီးတွေဝယ် တာ၊ ရိုးရိုးဈေးမှာ တစ်သောင်းဖိုးလောက်ကို သူတို့ဆီမှာ ... သောင်း၊ သုံးသောင်းလောက်ကျမှာ"

"မင်းရောက်ဖူးလို့လား ... "

"ရောက်ဖူးတယ်၊ အပြင်ဈေးမှာ ငါးရာလောက်ရှိမယ့် ကော်ဖီတစ်ထုပ်ကို ပလတ်စတစ်ပါကင်ပိတ်ပြီး တစ်ထောင်ပါ လုပ်ထားတာ"





"ဘာပဲဖြစ်ဖြစ် တစ်နေရာတည်းနဲ့ အစုံရတယ်လေ၊ ဈေး ထဲလို ဟိုလျှောက်သွား၊ ဒီလျှောက်သွား မသွားရတော့ဘူးပေါ့"

တကယ်တော့ ခက်ထန် ... ပန်းအိကို စာမေးပွဲစစ်နေ ခြင်းသာပါ။ သူမ၏စိတ်ဓာတ်ကို သိချင်လို့ပါ။ ပန်းအိကတော့ ဒါကိုမသိရှာ။ သူမ၏စိတ်ရင်းအတိုင်း ပြောဆိုနေခဲ့လေသည်။

"ငွေတွေ နှမြောစရာပါရှင်၊ ဦးခက်ထန်လိုချင်တဲ့ပစ္စည်း စာရင်းသာပေးပါ၊ ကျွန်မ ... အများပြည်သူတွေဝယ်နေတဲ့ ဈေးကြီးတစ်ခုခုမှာပဲ စုံအောင်ဝယ်ပေးပါ့မယ်၊ သူဌေးဈေးတွေ မှာမဝယ်ပါနဲ့"

"ဟာ ... ငါလည်း သူဌေးပဲ၊ သုံးနိုင်တယ်လေ"

"ပိုက်ဆံ ငါးသောင်းလောက်ကုန်မယ့် ကိစ္စမှာ တစ်သိန်း ... ၁သိန်းမသုံးချင်ပါနဲ့ရှင်"

"ဘာဖြစ်လို့လဲ၊ ငါ့ပိုက်ဆံပဲတော့ရော ... မင်းသုံးရတာ ကျလို့"

"ဒါပေမယ့် ကျွန်မက နှမြောတတ်တယ်၊ ကုန်သင့်တာ ဟုတ်တဲ့ ... ကုန်သွားတဲ့ပိုက်ဆံကို ဖြုန်းတယ်လို့ပဲ ယူဆ တယ်၊ ပိုတဲ့ပိုက်ဆံထဲက လှူသင့်တဲ့သူကိုလှူ၊ မရှိတဲ့သူကိုပေး တာ ကုသိုလ်ရပါတယ်ရှင်"

"ကဲ ... ကဲ မယ်မင်းကြီးမသဘော၊ ကိုယ်ဈေးတစ်ခုခု ... ခေါ်ပို့ပေးမယ်၊ အဲ ... နီးတဲ့ဈေးပေါ့၊ သွားစို့ ... ငါနဲ့သွားမှာ ... တော့ လှလှပပလေးဝတ်ခဲ့"

"ဘာဆိုင်လို့လဲရှင်၊ ကျွန်မက အလုပ်သမားပဲ၊ ဦးခ
ထန် သားသားနားနားဖြစ်ရင် ပြီးတာပဲ မဟုတ်လား"

"ဆင်ခြေမများနဲ့ ဟိုနေ့က ဝယ်လာတဲ့ပန်းနုရောင်ဝ
ဝတ်ခဲ့"

"ဈေးဝယ်သွားတာပဲ၊ အလှူမင်္ဂလာဆောင်သွားတာ
မဟုတ်ဘဲနဲ့"

"အောင်မယ် ... မင်းအဝတ်များ မင်္ဂလာအလှူဝ
မှတ်နေသလား။ အဲဒါ ... ထသွား။ လာသွားဝတ်စုံခေါ်တယ
မှတ်ထား ... ကဲပါ လာ ... အဝတ်အစားလဲ၊ ကိုယ်တ
ပြုစုပေးမယ်"

ဆင်ခြေမတက်ရဲတော့ပြီမို့ ပန်းအိနန္ဒာ သူ့စကားအတ
ပန်းရောင်ဝတ်စုံလေးနှင့် ဈေးဝယ်ထွက်ရပါတော့မည်။



မနက် ၇-နာရီမှ စတင်ပြီးဈေးဝယ်ထွက်တာ ယခု ၉-
နာရီအထိ ဈေးဝယ်လို့ မပြီးသေး။

ဦးခက်ထန်က သူ့ငွေးပေမယ့် အောက်သက်ကြေသူမို့
အွဲခြင်းလည်း ကူဆွဲပါသည်။ သူမတို့ပုံစံက သူဌေးနှင့်အလုပ်
သမားပုံမပေါက်ဘဲ ဇနီးမောင်နှံလိုလို၊ ဘာလိုလို။

သစ်သီး။ အသားငါး။ ကုန်ခြောက်၊ မုန့်တွေ။ ဝယ်လိုက်
တာကလည်း ကြောက်ခမန်းလိလိ။

"အလှူလုပ်မှာကျနေတာပဲနော်"

"ကိုယ့်အမေ စိတ်မဆင်းရဲစေချင်ဘူးလေ၊ သူကိုဖွယ်ဖွယ်
ရာရာနဲ့ စားကောင်းသောက်ဖွယ်တွေ ကျွေးချင်တယ်၊ မင်းတို့
စိစဉ်လုပ်ကိုင်ပေးပေါ့၊ မင်းတို့လည်းစားပါ၊ ငါက ဒေါ်မမသိနိုင်
လို မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ... ကျွန်မတို့ အတတ်နိုင်ဆုံး ပြုစုလုပ်ကိုင်
ပေးပါ့မယ်ရှင်"

လိုအပ်သည်များကို ဝယ်ခြမ်းပြီး ကားဆီပို့ပြီးသည့်အခါ ခက်ထန်က သူမအတွက် အဝတ်အိတ်များကို ပေးခဲ့သည်။

"မင်းက ငါ့အတွက် သက်သာအောင် ဈေးဝယ်ပေးခဲ့တဲ့ အတွက် ဆုချတာပါ"

"ဟာ ... ကျွန်မလိုချင်လို့ပြောတာ မဟုတ်ပါဘူး ဟို"

"ငါသိပါတယ်ကွာ၊ မင်းရဲ့စေတနာကို အသိအမှတ်ပြုတဲ့ အနေနဲ့ပေးတာပါ၊ ပြီး ... မင်းပြောသလို မရှိတဲ့သူကိုပေးတာ လေ၊ ကုသိုလ်ရပါတယ်"

"ကျွန်မ တစ်ယောက်တည်းယူရမှာ လိပ်ပြာမလုံပါဘူး ရှင်"

"ငါကလည်း မင်းကိုပဲ စေတနာရှိတာခက်တယ်၊ ဟိုနှစ် ယောက်ကို မင်းလောက်စေတနာမရှိဘူး၊ ကဲပါလေ ... သူတို့ အတွက်လည်း တော်ရို လျော်ရို တစ်စုံစီဝယ်ပေးပါ့မယ်၊ ဟုတ် ပြီလား ... ကဲ ဒီမှာ ခဏစောင့်၊ ကားထဲမှာကျန်ခဲ့၊ မင်း အရမ်းပင်ပန်းနေပြီ"

"ဦးခက်ထန်က ပိုပြီးပင်ပန်းတယ်လေ ... ဟို ..."

"ရတယ် ... ငါက လူကြမ်း၊ သဘော်လိုက်ခဲ့တုန်းက ဒီထက်ပိုပင်ပန်းတယ်၊ မင်း ... နား ..."

အလုပ်ရှင်ပေးမယ့် သူမကိုညှာတာလွန်းပါသည်။

ပန်းအိကို ကားထဲမှာထားခဲ့ပြီး သူ ... ဈေးထဲသို့





တစ်ပတ်ပြန်ဝင်သွားပြန်သည်။

ပန်းအိ ... ကားထဲမှာ နားနေစဉ် ကားနားသို့လျှောက် လာသည့် ဒေါ်မမသီနိုင်ကြောင့် ရင်ထဲ ... ဒိန်းခနဲဖြစ်သွားရ သည်။

သူမမျက်နှာမှာ မနာလိုစိတ်တွေကအပြည့်။

"တယ်လဲကြီးပွားနေပါလား၊ ငါတို့ကိုအိမ်ပေါ်ကကော်ချ ပြီး ... ကုတ်ကပ်နေတဲ့ သူရဲကောင်းမ၊ မကြာဘူးနော်၊ နင်တို့ မြောင်းထဲရောက်ဖို့ မကြာတော့ဘူး"

ပန်းအိ ... မျက်လုံးအပြူးသားနှင့် ကြောက်လန့်နေရပေ မယ့် ခက်ထန်ပြန်လျှောက်လာသည်ကြောင့် ဒေါ်မမသီနိုင်၏ ဒေါသက ခက်ထန်ဘက်သို့ လှည့်သွား၏။

သို့သော် ဒေါသကိုမျိုသိပ်ပြီး အချိုသတ်ပူးကပ်ရန် ဒေါ်မမသီနိုင် စိတ်ကူးမိသွားသည်။

"ကိုထန် ... ဈေးဝယ်လာတာလား၊ ပင်ပန်းလိုက်တာ ကွယ်"

"ဟုတ်တယ် ... သူကမလည်မဝယ်ဆိုတော့ ကိုယ်တိုင် လိုက်ဝယ်နေရတယ်"

"အန်တီ့ကိုလိုတာခိုင်းပါကွယ်၊ ဈေးဝယ်ချင်လည်း ဖုန်း လှမ်းဆက်လိုက်ရောပေါ့၊ အန်တီမှာ ဘာအလုပ်မှရှိတာ မဟုတ် ဘဲကွယ်၊ ရှုပါလေးတောင် မင်းကိုသတိရလို့ ငိုနေသေးတယ်"

"ရပါတယ် အန်တီ ... ကိုယ့်အားကိုယ်ကိုးတာပဲ

ကောင်းပါတယ်၊ သူစိမ်းဆိုတာ တစ်သက်လုံးအားကိုးလို့ ဘယ်ဖြစ်မလဲ''

''အမလေး ... အမလေး။ ပြောရက်လိုက်တာကွယ်၊ အန်တီက ဒီလိုသဘောမထားပါဘူး။ ကိုထန်ကို ကိုယ့်မောင် ကိုယ့်သားလိုပဲ သဘောထားပါတယ်၊ ကိုထန့်ကို မဖြစ်သင့်တာ မဖြစ်အောင်၊ မကောင်းတဲ့မိန်းမတွေနဲ့ မငြိစွန်းရအောင် ... ''

''အပိုတွေ ပြောမနေပါနဲ့တော့ဗျာ၊ ကျွန်တော်လည်း ကလေးမဟုတ်ဘူး။ ဦးလေးမျက်နှာနဲ့ အန်တီ့ကို ဘာမှမပြော ချင်ပါဘူး။ ဒီနေ့ အမေလာမယ်၊ ကျွန်တော့်အတွက် သတို့သမီး လည်းပါလာမယ်၊ ဘာမှမပူနဲ့ ... ဟုတ်ပြီလား''

''အမလေး ... ဝမ်းသာလိုက်တာကွယ်၊ ဒါဆို မကောင်း တဲ့မိန်းမနဲ့တွေ့သွားမှာ မပူရတော့ဘူးပေါ့၊ မကြီးကိုပြောလိုက် ပါ၊ အန်တီလာပါဦးမယ်လို့၊ ကဲ ... သွားမယ်၊ အန်တီလည်း ဈေးဝယ်လာတာ၊ အိမ်သစ်ဆိုတော့ အကုန်ဝယ်နေရတာပဲလေ''

ဒေါ်မမသီနိုင် ထွက်သွားလေမှ ခက်ထန်ကားတံခါးဆွဲ ဖွင့်ဝင်ခါ တံခါးကို ဆောင့်ပိတ်မိ၏။ ပန်းအိခမျာ ... မျက်နှာ ငယ်လေးနှင့်။

ဆူးကြားကမှုးပါပဲ။ ဘယ်ဘဝက ဝဋ်ကြွေးပါလိမ့်နော်။ ဟိုလူကြောက်ရ၊ ဒီလူကြောက်ရနှင့်။

သို့သော် ... ဦးခက်ထန် သူမကိုဘာမှမပြောပါ။ ကားကို သာ ဂရုစိုက်ပြီး မောင်းနှင်လာခဲ့သည်။





ကားရပ်သွားလို့ ပန်းအိကြည့်လိုက်တော့မှ သပ်ရပ်သည့် စားသောက်ဆိုင်တစ်ခုဖြစ်နေခဲ့သည်။

''ဟင် ... ဦးခက်ထန် ဘာလုပ်မလို့လဲဟင်''

''တစ်ခုခုစားရအောင်၊ ဒီဆိုင်မှာအစုံရတယ်၊ တို့တွေ မနက်စာ မစားခဲ့ရဘူးလေ''

''ဪ ... ခုပဲ အိမ်ပြန်ရောက်တော့မှာကို ... ''

''ဘာလဲ ... ဗိုက်ဆာကုန်တယ်လို့ပြောဦးမှာလား။ မင်း သားနားက ငါဟာ ... သူဌေးဆိုတာလည်း သတိရ''

သူမ ဘာစကားမှမပြောတော့ဘဲ ပူအိုက်နေသည့် ရာသီ သဲသို့ ဆင်းလိုက်ရပါသည်။ သူနှင့်အတူ။

''ဘာစားမလဲ''

''ရှင် ... ''

''ဆောရီး ... ''

တစ်ခါမှ လူလို သူလို မစားဘူးခဲ့သည့် တောသူမလေး အား သူ ဘာမှမမေးတော့ဘဲ သင့်တော်ရာ မုန့်များနှင့်ကော်ဖီ နှစ်ခွက် မှာလိုက်သည်။

ဆိုင်က အအေးလွှတ်ထားသည်မို့ နေရတာ အေးမြမြ။ သူက ပန်းအိ နဖူးမှ ချွေးဥလေးများကို တစ်သျှူးနှင့်တို့ပေးတော့ သူမမှာ ရှက်လိုက်ရတာ။

ဘာမှလည်း မဆိုင်ဘဲနှင့်။ ဒီလူကြီးဟာ အနေအထိုင် မတတ်။

"ပန်းအိနန္ဒာ ..."

"ရှင် ..."

"ဘာပဲဖြစ်ဖြစ် ... ငါ့အမေကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့နော်"

"ရှင် ..."

သူ့စကားက ဘာကြီးလဲ။ ကိုယ်က သူ့အလုပ်သမား မဟုတ်ပါလား။ ဘူသေသေဆိုသေ ရှင်ဆိုရှင်ရမယ့်သူ။

"ဩော် ... ဒီလိုပါ ... အမေက သနားစရာကောင်းတယ်၊ သူ့ရွှေအမေဆိုပေမယ့် အနေမတတ်၊ အထိုင်မတတ်၊ အစားမတတ် ... ဆိုတော့"

"ဦးခက်ထန်ရဲ့အမေပဲ၊ သူက သခင်၊ ကျွန်မတို့က အလုပ်သမားပါ။ သူ ဘယ်လိုပဲနေနေ၊ ကျွန်မတို့ ဘာမှပြောစရာ မရှိပါဘူး"

"ဒေါ်မမသီနိုင်တုန်းကတော့ ကိုယ့်အမေကို ပညာပြလိုက်တာ ... အမေ့ခမျာ ကိုယ့်သားအိမ်တောင်ကိုယ်မလာရဲတော့တဲ့အဖြစ်၊ အမေက ဘဝတစ်လျှောက်လုံး ပင်ပန်းဆင်းရဲခဲ့တော့ ရုပ်ကအစကြြမ်းနေတယ်လေ၊ ဝတ်ပုံစားပုံကအစ အဆင်မပြေသေးတော့ မင်းတို့ဟားမှာစိုးလို့ ..."

"ဦးခက်ထန် ကျွန်မတို့ကို ဘာထင်နေလည်းမသိဘူး။ ကျွန်မတို့က ဦးခက်ထန်ရဲ့ အလုပ်သမားတွေပါ၊ ရှင်းရှင်းပြောရရင် ..."





"တော်ပါတော့ကွာ၊ ကိုယ်အစိုးရိမ်လွန်နေတယ်ပဲပြောပြော ဒီတစ်ခေါက် အမေ့ကို အဆင်မပြေမှာအရမ်းစိုးမိတယ်၊ အမေ့ကို မနည်းစည်းရုံးထားရတာ၊ ဒီတစ်ခေါက်လန့်သွားရင် အမေ ကိုယ့်ဆီဘယ်တော့မှ လာမှာမဟုတ်တော့ဘူး"

"ဟုတ်ကဲ့ပါ ... အစစအရာရာအဆင်ပြေအောင် ကျွန်မ ဘတ်စွမ်းသမျှ ကူညီပံ့ပိုးပါ့မယ်ရှင်"

"ယုံပါတယ်၊ မင်းကို ငါယုံတယ်၊ ဟိုနှစ်ယောက်လည်း ယုံပါတယ်လေ၊ အဲ ... နောက် ငါ့အတွက် သတို့သမီးလောင်း ပါလာဦးမယ်၊ အဲဒါလည်း အဆင်ပြေအောင် ဆက်ဆံပေးပါနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ၊ ဒါပဲမဟုတ်လား။ ကျွန်မပြန် ပါရစေတော့"

"ပြန်ရမှာပါ ... ဒါလေးတွေကုန်အောင် စားပါဦး။ ဩော် ... ဒါထက် မနေ့က မင်းမွေးနေ့အတွက် အမှတ်တရ ဒီမှာနားဆွဲလေး ဝယ်လာတယ်၊ လက်ဆောင်ဆိုတာထက် ဆု ပေးတာပေါ့ကွာ ..."

"ကျွန်မ အားနာပါတယ်၊ မယူပါရစေနဲ့၊ စိတ်ချပါ၊ ဦးခက်ထန်ရဲ့အမေနဲ့သတို့သမီးကို ကျွန်မ အကောင်းဆုံးပြုစုပံ့ပိုးသွားမှာပါ"

"ယုံပါတယ် ... အဲဒီအတွက် ကြိုတင်ဆုချတယ်ဆိုပါတော့"

"ကျွန်မ မယူပါရစေနဲ့၊ ကျွန်မ လိဝ်ပြာသန့်သန့်နဲ့အလုပ် ကိုဆောင်ရွက်ပါရစေ၊ တကယ်ဆို ကျွန်မ အဆင့်က ဘာမှ မဟုတ်ပါဘူး။ ထွေးနုတို့နဲ့ အတူတူပါ၊ ဘိန်းစားချင်းတစ်မူ ပိုပြီး မရှုပ်ပါရစေနဲ့"

ပန်းအိရင်ထဲမှာ ကြေကွဲဆိုနင့်လာမိတာ ဘာကြောင့်မယ် ပါ။ ဦးခက်ထန်၏ အပြောအဆို၊ အမူအရာတွေကြောင့်လား သူ့အမေအတွက် ဝမ်းနည်းမိတာလား။ သူသတို့သမီးပါလာမည့် အတွက် ခံစားနေရတာလား။

အိုလေ ... ငါ့အရွယ်ဟာ စိတ်ကစားရမည့်အရွယ် မဟုတ်တော့ဘူး။ လမင်းကို ရင်မှာပွေ့ပိုက်ချင်လို့ရမှာလား ပွေ့လည်း မပွေ့ချင်ပါဘူး။ ဦးခက်ထန်ကို သူမ ခင်မင်သံယော ဇဉ်ရှိတာပါ။ သူနှင့်ပတ်သက်သမျှ အကောင်းဆုံးလုပ်ပေးချင် တယ်။ ဒါပါပဲ။

သူချစ်တဲ့သူဆို ချစ်တယ်။ သူရန်သူဆို ကိုယ်ပါမုန်းတယ် သူ့အမေကြီးအတွက် သူရတက်မအေးသလို ကိုယ်လည်းခံစား ပါတယ်။

အစားအသောက်များကို အမြန်ဆုံးလက်စသတ်ပြီး ပန်း သူ့ရှေ့မှ ထွက်ခဲ့တော့ သူလည်းငွေချေပြီး လိုက်လာခဲ့သည် ပန်းအိနှင့်သူ နည်းနည်းအလှမ်းကွာနေစဉ် သူမ အနီးသို့ တစ်ယောက်ကပ်လာခဲ့သည်။

"လိုက်မလား ... ကိုယ်တို့အဖွဲ့က (၃)ယောက်၊





သောတယ်၊ ညှိကြည့်ရအောင်"

"ဘာ ..."

"ကျော်ထက်နိုင် ... ပြောလိုက်ပြီးသား။ ကိုယ့်မှာကား ပါတယ်၊ နေရာရှိတယ်"

ပန်းအိ ... ပါးစပ်အဟောင်းသားနှင့် ကြောင်နေရာမှ ...တ်ခနဲ သတိရ ဒေါသတွေ ထွက်လာပြီး ထိုလူကို ပါးလှမ်း ...ိုက်တော့ ထိုလူက သူမလက်ကောက်ဝတ်ကို ဖမ်းချုပ်ထားခဲ့ သည်။

ပတ်ဝန်းကျင်မှာ ရှော်ရှတ်သဲသဲ။ ထိုလူက သူမကို သူ့ ကားဆီသို့ ဆွဲခေါ်ဖို့ ကြိုးစားနေစဉ် အနားသို့ ခက်ထန်ရောက် ...လာပြီး ထိုလူကို တွန်းထုတ်လိုက်ခါ ကားထဲသို့ ပန်းအိကို ...ိုးထည့်လိုက်သည်။

ကားနားသို့ ထိုလူနှင့်အပေါင်းပါနှစ်ယောက် တိုးကပ်လာ ...ည့် ခက်ထန် ကားမောင်းထွက်ခဲ့လိုက်သည်။

စားသောက်ဆိုင်ရှေ့မှာမို့ ထိုလူတွေ ဆက်လက်မရမ်းကား ...တော့ပေမယ့် အခြေအနေက ရှုတ်ရှတ်သဲသဲ။

"တောက် ... ဒါဘာဖြစ်တာလဲ"

"ကျော်ထက်နိုင် လက်ချက်၊ ကျွန်မကို သွားပုတ်လေ ...ှင့်ပြောပြီး လက်ညှိုးထိုးပြလိုက်တာ၊ သူအဲဒီအနီးအနားမှာ ...ိုလိမ့်မယ်"

"တောက် ... တော်တော်အညှိုးကြီးပါလား။ မစားရတဲ့

အမဲ သဲနဲ့ပက်နေတော့တာပါပဲ၊ မင်းကိုအပြင်ခေါ်လာမိတာ မှ
တယ်''

''ဒီလောက်ကြီးလည်း မကြောက်ပါဘူး။ လူတွေကြာ
မှာပဲဟာ၊ နောက်တစ်ခါဆို ကျွန်မသွားလေရာ ဓါးဆောင်သွ
မယ်၊ အဲဒီလိုလူစားမျိုးတွေကို ဓါးနဲ့မွှေပစ်လိုက်ချင်တယ်''

ကားပေါ်မှာ ခက်ထန်က မျက်နှာကြီးစူပုတ်နေသ
ပန်းအိလည်း ဒေါသထွက်နေရပါသည်။

မပျက်စီးသေးတဲ့ မိန်းငယ်လေးများကို ဒီလိုပဲ ကျူးသွ
ဖျက်ဆီးကြမှာလား။ ကျော်ထက်ခိုင်ကို ပန်းအိမုန်းသည်။ မိ
တို့အဖွဲ့ကိုလည်း အစိမ်းလိုက်ဝါးစားချင်သည်။

အစစအရာရာ သတိထားနေဖို့ သူမ ဆုံးဖြတ်ချက်
သည်။ အိမ်ထဲမှာတောင် အန္တရာယ်ရှိမှာလား။ အပြင်ကို
ယောက်တည်းထွက်လို့တော့ မဖြစ်တော့။

ယခု ဦးခက်ထန်ပါတာတောင် အတင့်ရဲကြသေးသ
လေ။

နှစ်ယောက်သား စူစူပုတ်ပုတ်နှင့်ပင် အိမ်သို့ပြန်ရော
လာခဲ့ကြလေသည်။

• • •



ပန်းအိက အိမ်ကိုပြင်ဆင်ပြီး၊ ရောက်လာမည့်ဧည့်သည်
များအတွက်လည်း၊ အခန်းများ ပြင်ဆင်နေရသည်။

ထွေးနုနှင့်စပယ်မှာလည်း၊ နှစ်ယောက်သား တက်ညီလက်
ညီချက်ပြုတ်နေရသည်။ သို့ပေမယ့် သူတို့မျက်နှာတွေမှာ အပြုံး
ကိုယ်စီ။ ဘာကြောင့်ဆို ခက်ထန်က သူမတို့အတွက်လည်း
ဝတ်စုံတစ်စုံစီ ဝယ်ပေးသည်မဟုတ်ပါလား။

ရင်ထဲမှာ တဟီဟီနှင့်။

''ဒီလိုလာခြင်းကောင်းတဲ့ ဧည့်သည်မျိုးတော့ ခဏခဏ
လာစေချင်တယ်''

''အေးလေ ... ဘယ်လောက်ပဲအလုပ်များများ ...
ငါတို့ကို ဆူမယ့်၊ ပူမယ့်သူမရှိဘူး ... စိတ်အေးလက်အေး
အလုပ်လုပ်ရတယ်၊ စားလည်းစားရတယ်၊ အဝတ်တွေလည်း
ဝယ်ပေးတယ်၊ အဟေးဟေး ... ဦးခက်ထန် မိန်းမချော ချော
သဘောကောင်းကောင်းလေးရပါစေ''

"သူများနဲ့ရတာထက် ... ငါတို့ပန်းအိမ်နဲ့ဆို ပိုမကော
ဘူးလား"

"ကောင်းပေမယ့် မိုးနဲ့မြေပါဟာ၊ ပုံပြင်ထဲမှာသာ ရွှေ
သားနဲ့ဆင်းရဲသူမ ညားပေမယ့် အပြင်မှာမလွယ်ပါဘူး။ ငါလေ
ငါတို့ပန်းအိကို ကြားမညှပ်စေချင်ပါဘူး"

"ဘာလဲဟာ ... ဘာကြားညှပ်တာလဲ"

"ဩော် ... ယူလည်းမယူဘဲနဲ့ ဟိုလိုလို သည်လို
အပျော်တွဲသွားမှာ စိုးတာပါ"

"ဒီလိုတော့ မဖြစ်လောက်ပါဘူးလေ၊ ဦးခက်ထန်
တည်တည်ကြည်ကြည်ပါ"

"ကြောင်ကြီးတွေလည်း ကြွက်ကိုမတွေ့ခင်တော့ ရှ
ကြီးတစ်ခွဲသားနဲ့ပေါ့"

"တော် ... တော် သူများတွေကြားသွားမယ်၊ ချက်
ရှိချက် ..."

ထွေးနုနှင့်စပယ်ကို့ စကားတွေရပ်ပြီး အလှိုင်အ
ချက်ပြုတ်နေစဉ် ပန်းအိမှာလည်း တစ်အိမ်လုံးကို အနုစိတ်
ဆင်နေရပါလေသည်။

လောလောဆယ် အိမ်မှာ ဦးခက်ထန်တို့မရှိပါ။ မြို
နားမှာ လေယာဉ်နှင့်ရောက်လာမည့် မိခင်ကို လေဆိပ်သွာ
နေပါသည်။

နံနက် ၁၁-နာရီလောက်မှာ ရောက်လာမည် ...





ရောက်တာနှင့် အမောပြေ၊ အပန်းပြေ အအေးနှင့်မုန့်စီစဉ်ပေး
ပြီး ... ရေမိုးချိုးဖို့ ပြင်ဆင်ပေးရမည်။ နောက် ... နံနက်စာ
ကျွေးပေါ့။

ခက်ထန် ညွှန်ကြားထားသည့်အတိုင်း သူမ တာဝန်မ
ပျက်အောင် လုပ်ကိုင်ပေးရပါမည်။

"ဟော ..."

အောက်ထပ်မှ ကားသံ၊ လူသံတွေကြားသဖြင့် ပန်းအိ
အပေါ်ထပ်မှ ပြေးဆင်းခဲ့ရာ ဧည့်သည်များကို ကြိုဆို၊ ဧည့်ခံဖို့
လောက်ကြီးရပါသည်။

အသက်ခြောက်ဆယ်ကျော်ခန့် အဖွားကြီးက မျက်နှာမှာ
အရေးတိတ်တွေ၊ မှည့်မခြောက်တွေနှင့်။ ဝတ်ပုံစားပုံကလည်း ပုံ
ကျ၊ ပန်းမကျ။ အင်းလေ ... မြစ်ကြီးနားနဲ့ဝေးတဲ့ စီထန်ရွာ
ကိုး။

ကချင်ကပြားမို့ အသားကတော့ ဖြူသည်။ သဘော
ကောင်းနိုင်ပေမယ့် ယောက်ျားနှင့်ကွဲနေသူ၊ လောကဓံကြမ်းကြမ်း
နှင့် ရင်ဆိုင်ခဲ့ရသူမို့ ရုပ်ကခပ်တန်းတန်။

မိခင်ကြွမယ်။ ထိရောက်မှုမယ်ဆိုသည့် ရုပ်နှင့်။ ကောန္တ
ဒေါ်မသိနိုင်ပေးသည့် လက်ဆောင်အရ ပြောင်းလဲသွားခဲ့တာဖြစ်
သည်။

သတို့သမီးဆိုတာကိုတော့ မတွေ့ရ။ မပါတာလား။
နောက်နှင့်နေတာလားမသိ။

ဒေသထွက် လက်ဆောင်တွေကို သားနှစ်ယောက်
သယ်ပြီး ကားပေါ်မှ ဆင်းလာသည့်အခါ အိုးတိုးအန်းတန်
နေသည့် အဖွားကြီးကို ပန်းအိ တိုက်ထဲသို့ တွဲခေါ်လိုက်ပါသည်။

"ရတယ် ... ငါသွားနိုင်တယ် ... "

သူမကို တွန်းထုတ်ပြီး ခပ်တည်တည် ဝင်သွား၏။ ပန်း
မျက်နှာလေး ညှိုးကျရသည်။

ဒေါ်မမသီနိုင်ရဲ့ဒဏ်တွေ ငါခံရတော့မယ်ထင်တယ်။ ခ
ထန်အမေဟာ လူတွေကို မယုံကြည်တော့ပါ။

သူမ မျက်နှာငယ်ငယ်နှင့်ပင် သူတို့နောက်မှ လိုက်
ပြီး မီးဖိုထဲဝင်ခါ အအေးနှင့်မုန့်များ စီစဉ်ယူဆောင်ဖို့ ပြင်ရသည်

တွေးနက သူမအနီးသို့ ပြုံးစိစိနှင့်ကပ်လာ၏။

"ဘယ့်နှယ့်လဲ၊ ယောက္ခမကြီးက ကြည်ရဲ့လား"

"အတွဲတောင်မခံဘူး"

"ခစ် ... ခစ် ... ခစ် ဟိုက ဒေါင်းတီ၊ မောင်း
အဖွားကြီး ... နင်သွားတွဲတော့ ဘယ်ခံမလဲ၊ လွှတ်ထားလိုက်
စမ်းပါဟာ၊ အလိုက်သင့်လေးသာ ဆက်ဆံလိုက်"

"အေးလေ ... သူ့ခမျာလည်း ခဲမှန်ထားခံရတဲ့ စာသူ
ငယ်လေ၊ ဒေါ်မမသီနိုင်တုန်းက ဘယ်လိုတွေ ပညာပြခဲ့သလဲ
မသိတာ"

"နင် ... ခွင့်လွှတ်နိုင်ရင်ပြီးပါတယ်၊ ငါတို့က အနေသာ
ကြီး၊ မီးဖိုထဲမှာ ချက်ရုံပြုတ်ရုံပဲ၊ နင်သာ ညှိသည်တွေအနား





 လိုလေသေးမရှိ လုပ်ကိုင်ပေးရမှာ၊ နင့်အစား ကျော်ချမ်း
က်ပါဘိ"

သည်စဉ် ... ညှိခန်းဖက်မှ ဦးခက်ထန်၏အသံကို
မတို့ ကြားလိုက်ရသည်။

"ပန်းအိရေ ... "

သူဌေးပေမယ့် အောက်ခြေကလာသည့် သူဌေးမို့ သူများ
ဌေးတွေလို နှုတ်မနေ။ အိုက်တင်များမနေ။ အော်သင့်အော်
သည့်ခေါ်တာပဲ။

ပန်းအိ ... အအေးဗန်းကိုင်ခါး အပြင်သို့ အပြေးထွက်ခဲ့
ပါသည်။ နောက် ... သူတို့ညီအစ်ကိုနှင့်အမေသို့ အအေးတစ်
ခွက်နှင့်မုန့်များ တရိုတသေ ကမ်းပေးလိုက်သည်။

"တိုင်ဦး ... ပန်းအိ ... ဒါ ကိုယ့်အမေ ဒေါ်ခင်ငြိမ်းအိ၊
အမေ ... ဒါ သားရဲ့ ... အဲ ဘဏ္ဍာစိုးပေါ့၊ အိမ်တော်ထိန်း
ည်းဟုတ်တယ်၊ သူ့နာမည်က ပန်းအိနဲ့ဗျာ"

"ဘယ်လို ... ခက်ထန် ... ဘဏ္ဍာစိုးဆိုတာ ဘာလဲ
... မမသီနိုင်လိုလား ... ဟုတ်လား ... "

"မဟုတ်ပါဘူး အမေကလည်း၊ ကဲပါ ... အမေ စိတ်
ချမ်းသာရမှာပါ"

"ငါစိတ်ချမ်းသာရမယ်ဆိုရင် နင် ... ငါပေးစားတဲ့မိန်းမ
ကို ယူမှ စိတ်ချမ်းသာမှာပေါ့"

"အဲ ... အမေ့ ချွေးမလောင်းရော မပါဘူးလား၊ လမ်း

မှာမမေးဖြစ်ခဲ့ဘူး''

''သူက ရန်ကုန် တစ်ပတ်ကြိုသွားနိုင်တယ်၊ ဒါပေမယ့် ငါ ဒီရောက်မှ ရွှေ့လာမယ်တဲ့''

''ဒီမှာ သူ့အမျိုးတွေရှိလို့လား ... ''

''ရှိတယ်၊ သူ့အဒေါ်တွေရှိတယ်၊ သူ့မောင်နှမဝမ်းကွဲတွေ လည်း အများကြီးပဲ''

''သူကရော ဘာလူမျိုးလဲ၊ ဘာသာမတူရင်တော့ မ ဘူးနော် ... အမေ၊ ပြောထားပါပေရဲ့''

ဟိုတစ်ခါလည်း အမေခေါ်လာသည့် သတို့သမီးလော က ခရစ်ယာန်။ သူတို့က ဗုဒ္ဓဘာသာဝင် မဟုတ်ပါလား။

ဒေါ်ခင်ငြိမ်းအိ ငြိမ်သွားလျှင် ခက်ထန် မသက်သာတော့

''ဟင် ... အမေ၊ လူမျိုးက ကိုယ့်တိုင်းရင်းသားဖြစ်ရင် ပြီးရော၊ ချင်းဖြစ်ဖြစ်၊ ကချင်ဖြစ်ဖြစ် ဘာသာကပိုအရေးကြီး တယ်''

''နိုင် ... ဆင်ခြေများတာပါ၊ သူလည်း သူ့ဘာသာကိုး ကွယ်ပေါ့၊ နိုင်လည်း ကိုယ့်ဘာသာကိုယ် ကိုးကွယ်ပေါ့''

''မရဘူး အမေ ... အမေတို့ ကျွန်တော်တို့က ဘာသ တရားကိုင်းရှိုင်းတယ်လေ၊ မွေးလာတဲ့သားကို ရှင်ပြုချင်မှာပဲ ဘယ်ဘာသာကိုမှ သားမပုတ်ခတ်ချင်ပါဘူး။ ဒါပေမယ့် ကိုယ်နဲ့ ဘာသာတူတာကိုပဲ ရွေးချယ်မယ်လို့ သားဆုံးဖြတ်ထားတယ်''

ဒေါ်ခင်ငြိမ်းအိ ခေတ္တငြိမ်သွားပေမယ့် အလျှော့မပေးချေ





''ဟော့ ... ငါ့ကို နင်အကျပ်မကိုင်နဲ့၊ ဘာသာတူတာ ါရှာပေးမယ်၊ ငါ့မိတ်ဆွေတွေ ဒီရန်ကုန်မှာ အများကြီးပဲ၊ ငါ့ ိတ်ဆွေတွေရဲ့ သမီးတွေထဲမှာ ရှာပေးမယ်''

''ဩော် ... ဒုက္ခ၊ ဒုက္ခ ... အမေရှာပေးမှ ကျွန်တော် ိန်းမ ရရတော့မလိုဘဲ''

သားအမိနှစ်ယောက် စကားများနေကြစဉ် ပန်းအိမှာ ဆိုဖာပေါ်ပဲ ထိုင်ရတော့မလို၊ ကြမ်းပြင်မှာပဲ ထိုင်ရတော့မလို။

ဒေါ်မမသီနိုင် ရှိတုန်းကတော့ သူမတို့ ဘယ်မှာမှ မထိုင် ပါချေ။

မြတ်ထန်ကတော့ ပန်းအိကိုကြည့်ပြီး ...

''ဟော့ ... ထိုင်ချင်ထိုင်လေ၊ ထိုင်တော့မလို၊ ထတော့ လိုနဲ့''

''ဟုတ် ... ဟုတ်ကဲ့၊ ကျွန်မ ... မီးဖိုဘက်သွားကူ''

''ဟော့ ... နေဦး ... ''

ညီအစ်ကိုနှစ်ယောက် တစ်လှည့်စီအော်နေကြလျှင် ပန်းအိ င်တုန်၊ ပန်းတုန်ဖြစ်ရပါသည်။ ဒေါ်ခင်ငြိမ်းအိကလည်း တိုင်း င်းသူပီပီ ... စကားပြောတာ မနည်းကပ်ပါ။ ရိုးရိုးသားသားနှင့် ္င့်ပွင့်လင်းလင်း။ ကြမ်းသည်ပေါ့။

အစက ယဉ်ကျေးသယောင်ရှိသည့် ခက်ထန်ကလည်း အစ်ကို၊ အမေတွေနှင့်တွေ့တော့ ရေမြေလိုက်သွားသည်ထင့်။

သားအမိ(၃)ယောက် အပြိုင်အော်၊ အပြိုင်ပွင့်လင်းနေ

လိုက်ကြတာ။ ကြားထဲက ပန်းအိ ရင်တုန်လှပေပြီ။

"ခဏနေရင် ... ငါတို့ ထမင်းစားကြမယ်၊ ပြင်ထား"

"ဟုတ် ... "

"ပြီးရင် ... အမေ့ကို သူ့အခန်းလိုက်ပို့လိုက်၊ နားပါစေ ရေချိုးဖို့တွေ၊ ဘာတွေလည်း အဆင်သင့်လုပ်ထား"

"ဟုတ် ... "

"အဝတ်အစားတွေကအစ ငါဝယ်ပေးထားတယ်၊ ဘီရို ထဲမှာ အမေ့ကို အဆင်ပြေအောင် လုပ်ပေး"

"ဟုတ်ကဲ့ပါ ... "

"သွားတော့ ... "

ခေါင်းလေးညွှတ်ခါ ထွက်သွားသည့်ကောင်မလေးကို ဒေါ်ခင်ငြိမ်းအိ မျက်မှောင်ကျုံ့ကြည့်မိသည်။

သူဟာ ... ဘာလဲ။

အသွေးအမွေးက မညံ့။ ချောလည်းချော၊ ယဉ်လည်းယဉ် ကျေးသည်။ ငါ့သားရဲ့ ချစ်သူလား။

အို ... ငါပေးစားတာပဲ သင်းယူရမယ်။

"အမေ ... သွားကြစို့၊ ထမင်းစားကြရအောင်"

"ငါ့ကို ဖွန်းတွေ၊ ခက်ရင်းတွေနဲ့ မလုပ်နဲ့နော်"

ခက်ထန်ရယ်ပြီး မြတ်ထန် ပုခုံးတွန့်ပြသည်။

"အမေ ... ကြိုက်သလို သုံးဆောင်ပါ၊ ဒေါ်မမသီနိုင် မရှိတော့ပါဘူး။ ကဲ့ရဲ့မယ့်လူ မရှိပါဘူး"





သားအမိ(၃)ယောက် ထမင်းစားခန်းထဲသို့ ရောက်လာ တော့ ဖွယ်ဖွယ်ရာရာ ထမင်းစားပွဲကြီးကို ပန်းအိပြင်ဆင်ပြီး လေပြီ။

ဘာစကားတစ်ခွန်းမျှမပြောတဲ့ ကျိုးနွံသောအမူအရာနှင့် ပန်းအိ ခပ်လှမ်းလှမ်းမှာ ရပ်နေခဲ့သည်။ လိုရာ လုပ်ပေးဖို့ပေါ့။

ခက်ထန်က သူ့အမေပန်းကန်ထဲသို့ ဟင်းများခပ်ထည့် ပေးပြီး၊ သူ့အစ်ကို ပန်းကန်ထဲသို့လည်း ခပ်ထည့်ပေးသည်။ မြတ်ထန်၏ ညေ့်သည်မှာ ပြန်သွားပြီဖြစ်ရမည်။

ခက်ထန် သူ့ပန်းကန်ထဲကျ ဘာမှခပ်မထည့်ခေ။ ပန်းအိ သို့သာလှမ်းကြည့်လျှင် ... သူမ သူ့အနားသို့ကပ်လာပြီး ကောင်းနိုးရာရာဟင်း။ သူကြိုက်သည့်ဟင်းများကို ထည့်ပေးရပါ သည်။ အသံလေးတိုးတိုးနှင့် ရှင်းပြချက်ကိုလည်း ပေးရသည်။

"ဒါက ... ဘော့စ်ကြိုက်တဲ့ ပုဇွန်ထုပ်မီးဖုတ်ကို သံပုရာ ညည်ညှစ်ထားတာပါ၊ ဒါက ငါးကင်ပါ၊ ပင်လယ်ငါးမဟုတ်ပါဘူး မြစ်ငါးပါ၊ ဒါက ... ကညွတ်နဲ့ ကြက်အသည်းအမြစ်ကြော်ပါ"

"တော်ပြီ ... ဒါပဲစားဦးမယ်၊ ငါးကင်ကို မင်းအရိုးထွင် ပေး၊ အရိုးမပါစေနဲ့နော်"

"ဟုတ် ... "

သူ့အနားမှာရပ်ပြီး ရိုသေစွာ ပြုလုပ်ပေးနေရသည်မှာ ပန်းအိရဲ့ တိုးလာသည့်အလုပ်တစ်ခုပင်။

ဘာစတန့်လည်းတော့မသိ။ သူများအိပ်အလည်သွားပြီး

အိမ်ရှင်မက ယောက်ျားကို ပြုစုတာ၊ ကျွန်က သခင်ကို ပြုစုရတာ တွေမြင်လာလို့ပဲ ဖြစ်ရမည်။

"ငါ့သားက စိမ်ယူလာချည်လား။ ဒီလို နတ်သမီးလေးတွေနဲ့ ဒီလိုပြုစုပေးနေမှတော့ ငါ့သားဘယ်မိန်းမ ယူချင်ပါတော့မလဲ"

ဒေါ်ခင်ငြိမ်းအိက ပွင့်လင်းစွာပြောလျှင် မြတ်ထန်က လည်း ခေါင်းတညိတ်ညိတ်နှင့်။

"အမေ့သားက သူဌေးပဲလေ၊ ငွေရှိရင် သူတို့မြို့မှာ အာမဆို ဝယ်လို့ရတာပဲ"

"ဟေ ... ဒီလို မိန်းကလေးတွေကိုလည်း ဝယ်လို့ရလား။ ရရင် ... တစ်ယောက်လောက်ဝယ်ပေးစမ်းပါ၊ ငါ့အတွက် တိုးတိုးဖော်လိုချင်လို့"

"ဟာ ... အမေကလည်း။ ကဲပါ ... စားပါ၊ အားရပါးရ သာစား"

"အေး ... ဒီလိုဆို ငါလက်နဲ့ပဲ စားတော့မယ်"

ဒေါ်ခင်ငြိမ်းအိ လက်ဆေးပြီး ထမင်းနှင့်ဟင်းများကို အားပါးတရ စားလေတော့သည်။ သူမကို ဘယ်သူမှ ကဲ့ရဲ့မည့်သူမရှိပါ။ အားလုံးအတူတူနှင့် အနူနူတွေချည်းမို့။

ထမင်းစားပြီးသွားတော့ အချိုပွဲအဖြစ် သစ်သီးနှင့်မုန့်များကို ပန်းအိ စီစဉ်ပေးရသည်။

ချိုသာသော စကားတွေမဆိုတတ်ပေမယ့် နူးညံ့သည့်မျက်နှာလေးနှင့် ရိုကျိုးသည့်အမူအရာလေးများကြောင့် ပန်းအိ





ကို ဒေါ်ခင်ငြိမ်းအိ သဘောကျနေရသည်။

မမသီနိုင်နဲ့တော့ တစ်ခြားစီပဲ။

"ဘယ့်နှယ်လဲအမေ၊ ဒီအိမ်မှာ အမေ ... အိမ်ရှင်မကြီး လုပ်ပြီး စံမြန်းခဲ့ပါတော့၊ အပြီးနေပါတော့"

ခက်ထန် တောင်းပန်လျှင် ဒေါ်ခင်ငြိမ်းအိအသွင်က ပြုံးပြုံးပြာပြာ။

"ဟဲ့ ... ငါ့အိမ်မှ မဟုတ်ဘဲ နင့်အိမ်မှာ ငါအုပ်ချုပ်လို့ မဖြစ်ဘူးလေ၊ နင် မိန်းမရတော့မှာ၊ နင့်မိန်းမ အုပ်ချုပ်လိမ့်မယ် ပေါ့"

"အမေပြောတာ ဟုတ်တယ် ငါ့ညီရဲ့၊ မိန်းမကာမှ တကယ့် အိမ်ရှင်မ၊ အိမ်ကိုအုပ်ချုပ်မှာ၊ အမေ ဒီမှာနေလို့မဖြစ်ပါဘူးကွာ"

"ကဲ ... အမေနဲ့ အစ်ကိုက မိသားစုနဲ့မို့ အိမ်ပြန်တာ တားပေမယ့် အမေ့ကိုတော့ တားတယ်၊ အမေ ... ကျွန်တော်နဲ့နေ၊ အမေစိတ်ပူသလို ဒီအိမ်မှာ အုပ်ချုပ်မယ့်သူလည်း မရှိသေးဘူး"

ဒေါ်ခင်ငြိမ်းအိ ... ခေတ္တစဉ်းစားကြည့်နေပြီးမှ ...

"အေးလေ ... ဒါဆိုလည်း နင့်မိန်းမရတဲ့အထိ အမေ နေပေးမယ်၊ မိန်းမရမှပြန်မယ်၊ အဲ ... အဲဒီမိန်းမကလည်း ငါ ရှာပေးစားခဲ့မှာ ..."

သည့်တစ်ခါတော့ ခက်ထန်ငြိမ်သွားရသည်။ မလွယ်တဲ့ အမေပါလား။ သူ့အိမ်မှာ နေပါပြောလည်းမရ၊

"မိန်းမ ... ရလည်း နေပါ အမေရယ်၊ အမေ အသ
ကြီးပါပြီ၊ အစ်ကိုအိမ်မှာချည်း မနေပါနဲ့၊ မြေးတွေ သံယော
ကြီးသလို သားငယ်ကိုလည်း သံယောဇဉ်ကြီးပါဦး"

"မင်းက သူဌေးပါကွာ၊ အမေ ... ငါ့ကို စိတ်မ
ငါ့ဆီမှာနေတာ မတားပါနဲ့၊ သူ စိတ်ချမ်းသာသလိုနေပါ

"သူဌေးဖြစ်တာနဲ့ မအေ့မေတ္တာ မလိုတော့ဘူးလား။
မှာ တစ်ယောက်တည်း အထီးကျန်နေရတာပါ၊ အစ်ကိုမှာ
သားနဲ့မယားနဲ့၊ မိသားစုနဲ့ ... "

ညီအစ်ကိုနှစ်ယောက် စကားပြောရင်း အချို့ပွဲစားလို
သွားကြသည်။

"လာ ... အမေ ညည့်ခန်းမှာ ခဏနေမလား။
အတွက် အခန်းထဲကို သွားနားမလား"

"နင်တို့ဆီမှာ တယ်ပူတာပဲဟေ့ ... "

"အမေ့အခန်းထဲမှာ အဲကွန်းတပ်ထားပါတယ်"

"အခန်းတိုင်း မတပ်ဘူးလား"

"အခန်းတိုင်းနီးပါး တပ်ထားပါတယ်၊ ရေချိုးခန်း၊ ထ
စားခန်းတွေ၊ ဘာတွေတော့ မတပ်ဘူး။ အိပ်ခန်းတိုင်းလို
တပ်ပေးထားပါတယ်"

"အေး ... ဒါဆို ငါ့ကို အိပ်ခန်းပဲ ပို့ပေးတော့"

"ဟုတ်ကဲ့ ... အမေ၊ ကဲ ... ပန်းအိရေ၊ အမေ
လိုက်ပို့လိုက်ပါဦး။ အမေက ဆာတတ်တယ်၊ မုန့်လေးဘာ





လည်း ထည့်ထားပေးလိုက်"

"ဟုတ် ... လာပါရှင်"

ဘယ်လိုခေါ်ရမှန်းမသိလို့ ပန်းအိ အဒေါ်၊ အန်တီ ဘယ်လိုမှမခေါ်တော့ဘဲ၊ ဒေါ်ခင်ငြိမ်းအိကို ဦးဆောင်ခေါ်သွားလိုက်သည်။ ခက်ထန်ပြောသည့်အတိုင်း အဖွားကြီး တစွပ်စွပ်စားနိုင်ရန်အတွက် ဘီစကွတ်မုန့်ပုံးနှင့် ငှက်ပျောသီးပန်းကန်လည်း လက်ထဲမှာ ယူခဲ့၏။

အဒေါ် ... အန်တီ ဘယ်လိုခေါ်ရမှာပါလိမ့်။ ရိုးရိုးကြီးမို့ အရီးလို့ခေါ်ရမှာလား။ စိတ်ထဲ ဝေခွဲမရဖြစ်စွာနှင့်ပင် ပန်းအိ သူမနေရမည့်အခန်းသို့ ရောက်သွားလေ၏။

အခန်းက လှပခမ်းနားစွာပြင်ဆင်ပြီးသား။ အဲကွန်းလွှတ်ပေးထားသဖြင့် အေးလည်းအေးမြမြ။ နေ့လည်ဖြစ်နေပေမယ့် အပူငွေ့တွေ ပျောက်နေ၏။

ပိုက်ဆံချမ်းသာတဲ့လူတွေဟာ ရာသီဥတုကိုတောင် အံတုနိုင်စွမ်းကြတယ်။ ဒေါ်ခင်ငြိမ်းအိကို အခန်းထဲမှာထားခဲ့ပြီး လိုအပ်သလို ကူညီပေးပြီး ပန်းအိ အပြုံးနှင့်ဦးညွှတ် နှုတ်ဆက်လိုက်သည်။

"ကျွန်မကို ခွင့်ပြုပါဦး ဒေါ်ဒေါ် ... "

"အဲ ... နေဦး မင်းနာမည် ဘယ်သူ ... "

"ပန်းအိပါ"

"မင်းက ဘာလဲ"

"ရှင် ..."

အိမ်ကအလုပ်သမားကို ဘာလဲဆိုတော့ ပန်းအိ ဘာ
ရမှန်းမသိ။

တစ်ခုတော့ရှိသည်။ အလုပ်သမားဆိုပေမယ့် ပန်းအိက
ထွေးနုနှင့်စပယ်ထက် ရုပ်ရည်၊ အသွေးအမွေး ကွာခြား
တာတော့အမှန်။

"ကျွန်မ ဒီအိမ်က အလုပ်သမားပါ ဒေါ်ဒေါ်"

"ဒါပေမယ့် အလုပ်လုပ်တော့ ဟိုနှစ်ယောက်ကပဲ လုပ်
နေရပါလား။ မင်းကိုမြင်ရတာ အလုပြသက်သက်လိုပဲ"

ပြောရက်လိုက်တာ။ အေးလေ ... သူတို့လို ချက်ပြုတ်
ဖွပ်လျှော်၊ ကြမ်းတိုက်မနေရပေမယ့် ပန်းအိက လူမှုဆက်
ရေးအပါအဝင် ခေါင်းသုံးရသည့်အရာများကို လုပ်ရသည်မို့
စိတ်ပင်ပန်းပါသည်။

"ကျွန်မက ပန်းခြံရေဖျန်း၊ ကားရေဆေး၊ နောက်
ညှိသည်တွေလာရင် ညှိခံတာကအစ အားလုံးအဆင်
အောင် လုပ်ပေးရပါတယ်"

"ဪ – ဒါကြောင့် ဘဏ္ဍာစိုး၊ အိမ်တော်ထိန်းလို့
တာကိုး။ ကဲ ... ကဲ ရပါပြီ၊ အဲ ... ခုညနေပဲ ငါ့သားအတွက်
သတို့သမီးလောင်းလည်း ဒီအိမ်မှာလာတည်းမယ်၊ သူ့အတွက်
လည်း အခန်းတစ်ခန်းပြင်ပေး"

"ဟုတ် ... ဟုတ်ကဲ့ပါ ဒေါ်ဒေါ် ..."





ပန်းအိ စိတ်မောစွာနှင့် အခန်းထဲမှ ထွက်လာခဲ့ပြီး မီးဖို
ကသို့သွားဖို့ ခြေလှမ်းလိုက်လျှင် လှေကားအလယ်မှာ ခက်ထန်
နှင့်ဆုံလေ၏။

"အမေ အဆင်ပြေရဲ့လား"

"ဟုတ် ... ဒေါ်ဒေါ်က ရောက်လာမယ့် သတို့သမီး
အတွက် အခန်းပြင်ပေးပါတဲ့၊ ကျွန်မ ဘယ်အခန်းကို ပြင်ပေးရ
မလဲရှင်"

အိမ်မှာ ရှိသမျှ အိပ်ခန်း(၃)ခန်းလုံး သူတို့သားအမိတွေ
ပြီးသားမို့ ပန်းအိ – အပိန့်တောင်းခံရသည်။ ခက်ထန်အသွင်
စိတ်ရှုပ်ထွေးသလို။

"အမေကလည်း သိပ်ခက်တာပဲ ... ကဲ ... လာ
ပေါ်ထပ်က အခန်းပိုတစ်ခုကိုရှင်းမယ်၊ ငါပါကူလုပ်မယ်"

သူ ... ရှေ့မှလျှောက်သွားရာ ပန်းအိ နောက်မှလိုက်ရ
သည်။ ပန်းအိရင်ထဲ ဝမ်းနည်းကြေကွဲနေရတာ ဘာဖြစ်လို့မသိ။
ကတော့ တက်ကြွနေလိုက်တာ။ အခန်းထဲမှာခုတင်ရှိပြီးသား
လိုအပ်သည်များကို ပြင်ဆင်ခင်းကျင်းလိုက်လျှင် အခန်းက
ချင်စဖွယ်။

"ငါ့သတို့သမီးက ချောရဲ့လားမသိဘူး။ ကချင်မလား။
မ်မာမလား"

တစ်ယောက်တည်း ရေရွတ်နေသည့် သူ့ကိုထားခဲ့ပြီး
းအိ အောက်ထပ်သို့ပြန်ဆင်းလာခဲ့သည်။ ခင်းကျင်းပြီးသည့်

ခုတင်ပေါ်မှာ ခေတ္တလှဲရင်း မျက်စိမှိတ်ထားသည့် သူချက်ချ
သိမှာမဟုတ်။

ရင်ထဲမှ မကျေနပ်စိတ်ကို ဒီလိုနည်းနှင့်ပြခဲ့ရသည်
ပန်းအိ ကျေနပ်မိသည်။

ထမင်းစားရန် စောင့်နေသည့် ထွေးနုတို့နှင့်အ
နေ့လည်စာကို တစ်နာရီထိုးမှ စားလိုက်ကြရသည်။

❖ ❖ ❖



ညနေ ၅-နာရီခန့်မှာ အငှားကားတစ်စီးဆိုက်လာ၏။
ကားပေါ်မှဆင်းလာသူမှာ ခေတ်လွန်အပြင်အဆင်နှင့် မိန်းမ
တစ်ယောက်၊ ယောကျ်ားတစ်ယောက်။

အသက်အစိတ်လောက်ရှိမည့် မိန်းကလေးက ဘောင်းဘီ
အသားကပ်ပန်းရောင်နှင့်။ အင်္ကျီကလည်း ကိုယ်ကျပ်ခါးတို
င်းလေးပေါ်လု ပေါ်လုပေါ့။ ရှင်မီးအင်္ကျီလိုမျိုး။

ကိုယ်လုံးမို့က်မို့က်မှာ အတစ်လိုက်ပေါ်အောင် ဝတ်စား
ဆင်ယင်ထားပုံကြောင့် မီးဖိုဆောင်မှ ချောင်းကြည့်နေကြသည့်
န်းအိတို့(၃)ယောက်မှာ ပါးစပ်အဟောင်းသား။

"ဒါလား ‒ မြစ်ကြီးနားသူ၊ နိုင်ငံမှားရောက်လာသလား
ဒ့်၊ ဒေါ်ခင်ငြိမ်းအိက ရှာတတ်လှချည်လား"

"မြစ်ကြီးနားသူတော့ မဖြစ်လောက်ဘူး။ ဒီလောက်ခေတ်
ံ အဲ ... ခေတ်ဆန်ပြီး ရဲတင်းပွင့်လင်းလှတာ"

"ရုပ်ကလည်း တော်တော်ချောတယ်နော်၊ ဗိုလ်ဆန်တယ် နာတံပေါ်ပြီး အသားဖြူတယ်၊ ကျန်တာတွေကတော့ မိတ်ကပ် ကောင်းတာ"

"ငါတို့ပန်းအိက သဘာဝအလှ၊ ပြင်ဆင်ခြယ်သမှု အလှ ပြုလုပ်ချက်တွေ တစ်ခုမှမပါဘူး"

သည်စဉ် ညှိခန်းမှ ခက်ထန်လှမ်းခေါ်သဖြင့် ညှိသည် များကို ချောင်းကြည့်နေရာမှ ပန်းအိ ထွက်တွေ့ရသည်။

"ညှိသည်တွေအတွက် အအေးနဲ့မုန့်ယူခဲ့"

"ဟုတ် ..."

သူမပြန်ထွက်လာစဉ် ဆိုဖာမှာ ခြေချိတ်ထိုင်နေသည့် မမလှလှထံမှ ဝေဖန်သံ ထွက်လာလေ၏။

"ကိုကိုအိမ်ဖော်က လှလှချည်လား။ သဘာဝအလှ၊ ရွှ ပုန်းသီးလေးပဲ၊ ကျေနပ်တော့ ကျေနပ်ပဲ၊ ဒါကြောင့် ကိုကို ... ဘယ်သူ့ကိုမှ ခံတွင်းမလိုက်တော့တာဖြစ်မယ်"

"ဘာ ... မင်းစကားပြောတာ ဆင်ခြင်ပြော၊ ကိုယ့် ဝေဖန်ရင် မလွယ်ဘူးနော်"

"မျက်ခြယ်ကလည်း ဘာတွေလျှောက်ပြောနေတာ အဒေါ်သားက မလွယ်ဘူးလို့ပြောထားရဲ့နဲ့"

နောက်စကားသံတွေကို ပန်းအိ မကြားတော့ပါ။ စိတ် မကောင်းစွာနှင့်ပင် သူမ အအေးနှင့်မုန့်များပြင်ဆင်ပြီး ဧည့် ဗန်းလေးနှင့် ထွက်ခဲ့ရသည်။





အိမ်မှာ ညှိသည်တွေများပြီး စိတ်အနှောင့်အယှက်ဖြစ် ရောတွေများလွန်းသဖြင့် ပန်းအိ မျက်နှာလှလှလေးမှာ မလန်း နိုင်တော့ပါ။

ဝါ့ကို ဘယ်သူက ဘာများပြောဦးမလဲ။ ဘာတွေထင်ကြ ဦးမလဲ။ ငါလုပ်ပေးတာ သူ့ဘောမှကျရဲ့လားနှင့် တွေးတောမှုပင် နေရသည်။

ခက်ထန် _ ပန်းအိ မျက်နှာလေးကိုကြည့်ပြီး သူမရင်ထဲ ဘာတွေခံစားနေရသည်ဆိုတာ ခန့်မှန်းမိပါသည်။ အရေးထဲ သူကလည်း မျက်နှာသာမပေးဘဲ ဆူမိ၊ မာန်မိသည် မဟုတ်ပါ လား။

ဒူးလေးတုပ်ပြီး တစ်ယောက်ချင်းကို အအေးဖန်ခွက် တရို တသေပေးနေရသည့် ပန်းအိကိုကြည့်ပြီး သူ့ရင်ထဲနာလာသလို ခံစားရသည်။

ငါထားရာနေ၊ စေရာသွားရရှာတဲ့ ကောင်မလေး။ ငါ လုပ်တာတွေ များနေတယ်။

"ရပြီ ... ပန်းအိ ထားခဲ့တော့"

အအေးဗန်းကို စားပွဲပေါ်တင်ထားခိုင်းပြီး သူကလေးကို ထွက်သွားစေသည်။ ပြီးမှ သူက ညှိသည်များကို ...

"သုံးဆောင်ပါ ခင်ဗျာ ..."

ဟု ပြောလိုက်ပြီး ... သူလည်း တစ်ခွက်ယူသောက်၏။ အမေ့ကိုတော့ ပန်းအိကိုယ်တိုင်ပေးခဲ့ပြီးသား။ မြတ်ထန်

ကပဲ အိမ့်မျက်ခြယ်နှင့် သူမောင်ပီတာကို အအေးခွက်များလှ
ပေးလိုက်သည်။

အတုံးလိုက်၊ အတစ်လိုက်ပေါ်အောင် ဝတ်စားထားသ
အိမ့်မျက်ခြယ်ကို သူ လုံးဝမကြည့်။ လှတာကလည်း အ
အဆင်အခြယ်အသတွေနှင့်။ ဝတ်ပုံစားပုံ ဣန္ဒြေမရှိသူဟာ စိ
ဓာတ်နှင့် ကိုယ်ကျင့်တရားလည်း မှတ်ကျောက်တင်ခံနိုင်
မဟုတ်။

ဒေါ်ခင်ငြိမ်းအိကတော့ သူချွေးမလောင်းကို အမွှမ်း
နေလေသည်။

"မျက်ခြယ်က သိပ်တော်တာ သားရဲ့၊ ဆယ်တန်းတ
ဂုဏ်ထူး(၃)ဘာသာပါတယ်၊ ကိုယ့်ကျောင်းစရိတ်ကိုယ်ရှာပြီး
ရတယ်၊ အခု စက်ဘူမှာ အလုပ်လုပ်နေတာ (၃)နှစ်ရှိပြီ၊ ကျွ
တာရော၊ နိုင်ငံခြားဘာသာတွေရော အစုံတတ်တယ်၊ အ
အဲဒီလိုချက်ချာတဲ့၊ ခေတ်မီတဲ့ မိန်းကလေးမျိုးမှ ချွေးမတော်
တာ၊ ကမ္ဘာကြီးကို ရင်ဘောင်တန်းရုံတင်မကဘူး၊ ကမ္ဘာကြီ
ထမ်းထားနိုင်မယ့် မိန်းမ ..."

ဩော် _ ဒါကြောင့် ဒီလောက် ဝတ်ပုံစားပုံ၊ ပြင်ပုံ
ရဲတင်းပွင့်လင်းတာကိုးဟု ခက်ထန် မှတ်ချက်ချရသည်။

"ဒါနဲ့ ... သူ့ဇာတိက ..."

"သူ့ဇာတိက မြစ်ကြီးနားကပဲလေ၊ သူ့မိဘတွေက အ
မိတ်ဆွေတွေပေါ့"





"ဆင်းရဲလို့လား။ ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာရတယ်ဆို
တော့"

သည်အခါ ဝင်ပြောသူမှာ မြတ်ထန်။

"သူ့အဖေက နောက်မိန်းမ ယူသွားတယ်လေ၊ ကလေး
တွေကလည်း (၈)ယောက်တောင်ဆိုတော့ ကိုယ့်တက်လမ်းကိုယ့်
ဘာသာဖောက်ထွက်ရတာပေါ့၊ ခုတော့ မျက်ခြယ်ပြန်ထောက်လို့
သူ့အမေမှာ အိမ်နဲ့ခြံနဲ့ လှလှပပဖြစ်နေပါပြီ"

ဖောက်ထွက်တတ်တာ၊ ကိုယ့်အားကိုယ်ကိုးတာကို ကြိုက်
ပေမယ့် ... ခက်ထန်မကြိုက်တာ ဝတ်ပုံစားပုံပါပဲ။

စက်ဘူမှာ နေလာလို့ပေပဲလား။ အင်္ကျီက ကြိုးလက်တစ်
ပဲ။ ဘောင်းဘီကအသားကပ်။ အသားဖွေးဖွေးတွေ အကွင်း
လိုက်၊ အထင်းလိုက်ပေါ်နေတာကို အားလုံးမြင်နေရ၊ ကြည့်နေ
သည်။

ကိုယ်နှင့်သက်ဆိုင်မည့်သူအဖြစ် ဘယ်လိုမှစဉ်းစားမရ။
ခေတ်နောက်ကျသည်ပဲပြောပြော။ သူလည်း သဘော်လိုက်ခဲ့၊
နိုင်ငံတကာ လှည့်ခဲ့ပေမယ့် ကိုယ့်မိန်းမကို ဒီလိုဝတ်ပုံစားပုံမျိုး
နဲ့မြင်ကြည့်လို့မရ။

ဘိုးတော်ဘုရားခေတ်ကလို ဝတ်စုံမျိုးနှင့်မှ မဟုတ်ပါဘူး။
လုံလုံခြုံခြုံ လှလှပပ၊ ခေတ်မီရုံလေးပေါ့။ စကတ်တွေ၊ ဂါဝန်
တွေ၊ ဘောင်းဘီတွေဝတ်တာလည်း သူကြည့်လို့ရပါသည်။

ပန်းအိကိုတောင် ခေတ်နှင့်ဘောင်ဝင်အောင် စိတ်ထဲမှ

ပြင်ဆင်ပေးကြည့်ဖူးပါရဲ့။

ခုတော့ မျက်ခြယ်အသွင်က ပန်းပုရုပ်ကို အဝတ်ပါး
လေးဖုံးထားသည့်နှယ်။ သည်တစ်ချက်နှင့်ပင် မျက်ခြယ်ကို လုံး
မနှစ်သက်နိုင်။

အမေနှင့်မြတ်ထန်က မျက်ခြယ်ကို လိုမ့်ပြီးချီးကျူး။ မိုး
တွေဖွင့်နေလျှင် ခက်ထန် အားနာ ပါးနာခေါင်းညိတ်နေရပြီ
နောက် သူဘယ်လိုမှ သည်းမခံနိုင်တော့သဖြင့် ...

"ကဲ ... အမေတို့စကားပြောကြဦး။ ကျွန်တော်ပီ
အတွက် တစ်ခန်းထပ်ပြင်လိုက်ဦးမယ်၊ မျက်ခြယ် လွတ်လွ
လပ်လပ်နေနော်၊ ဘာမှအားမနာနဲ့၊ အမေ့မိတ်ဆွေဟာ ကို
မိတ်ဆွေပဲပေါ့"

"ဟဲ့ ... သား ကောင်မလေးတွေ နိုင်းလိုက်
ဘယ်အခန်းပြင်လိုက်ဆို ပြီးတာပဲ"

"မရဘူး အမေရဲ့ ... သူတို့က ဒီလောက်မျက်နှာ
ရဘူး၊ ဒေါ်မမသီနိုင်ရှိတုန်းကလို မဟုတ်ဘူး"

တကယ်က သူ ... မျက်ခြယ်ရှေ့မှ လစ်ထွက်ချင်တာ
မီးဖိုဘက်သို့ လာခဲ့တော့ ချက်ပြုတ်နေကြသည့် (၃)ယောက်
တွေ့ရသည်။

"ပန်းအိ ... နောက်တစ်ခန်းထပ်ပြင်ပေးပါဦး။ ယောက်
လောင်းပါလာတယ်"

"ဟုတ်ကဲ့"





ပန်းအိ ဘာမှပြင်းချက်မထုတ်နိုင်ပါ။ သူ့နောက်မှ လိုက်
သွားရသည်သာ။

"တောက် ... အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်
တော့မယ်ထင်တယ်"

"ရှင် ... "

"ဩော် ... မိန်းမတစ်ယောက်ကို အားနာလို့လက်ထပ်
ရတယ်ဆိုတာ ရာဇဝင်မရှိပါဘူးနော်၊ ငါ ... မျက်ခြယ်ကို
သဘောမကျဘူး။ ဝတ်ပုံစားပုံ ကလက်တယ်"

"သူက နိုင်ငံခြားမှာနေတဲ့သူပဲရှင်"

သူ့သဘောထားက ဘယ်လိုရှိမှန်းမသိ။ ကြားထဲက မား
တခံမဖြစ်လိုသဖြင့် သူနိုင်းသည့်အတိုင်း အခန်းပြင်ပေးနေလိုက်
သည်။

ခက်ထန်ထွက်သွားပေမယ့် ပန်းအိ ... အခန်းကို ဆက်
ပြင်နေရဆဲ ... အခန်းထဲသို့ ဝိတာ အထုပ်အပိုးနှင့်ဝင်လာခဲ့
သည်။

သူ့အသွင်ကလည်း ခပ်ရဲရဲ၊ လူတွေကတော့ ဖြူဖြူချော
ချော၊ ထောင်ထောင်မောင်းမောင်းတွေပါ။ သို့သော် ပန်းအိ
သူတို့ရုပ်တွေကို သဘောမကျ။ မိုက်တိမိုက်ကန်း။ ဂျစ်ကန်ကန်
ပုံစံတွေ။ ဘာမှထီမထင်ပေမယ့်ပုံတွေ။

"ပန်းအိဆိုတာ မင်းလား"

"ရှင် ... "

"ကိုယ်လည်း ရန်ကုန်မှာကျောင်းပြီးတာ၊ ကျော်ထက်နိုင်နဲ့ ဘော်ဒါတွေ ..."

"ရှင် ..."

ကျော်ထက်နိုင်ဆိုသဖြင့် ပန်းအိ လိပ်ပြာလွင့်မတတ် တုန်လှုပ်သွားရသည်။ မနက်ကတင် ကျော်ထက်နိုင်ပေးသည့် ဒုက္ခကိုခံစားပြီးပြီ မဟုတ်ပါလား။

ဘာတွေ ဘယ်လိုပြောထားပြီးပြီလဲ။

ပြင်လို့မပြီးသေးသည့်အခန်းကို ဒီအတိုင်းထားပြီး ပန်းအိ အခန်းပြင်သို့ ခပ်သုတ်သုတ် ပြေးထွက်မိတော့ နောက်မှ ပီတာ ရယ်သံ ခပ်တိုးတိုးကို သူမ ကြားလိုက်ရပါသည်။

ဘုရားရှင် ကယ်တော်မူပါ။ အိမ်ထဲကို မြွေတွေဝင်နေပါပြီ။

❦ ❦ ❦



ပန်းအိ ... တွေးနုနှင့်ပယ်ကို အကျိုးအကြောင်းပြောပြလိုက်သည့်အခါ သူမတို့နှစ်ယောက်လည်း တုန်လှုပ်ချောက်ချားသွားကြသည်။

"ဒုက္ခပါပဲဟယ်၊ ကျော်ထက်နိုင် ဒီလောက်ယုတ်မာမယ်လို့ ငါတို့ထင်မထားခဲ့ဘူး။ ငါတို့ ဘဝတွေ လုံခြုံမှုရှိပါဦးမလားဟာ"

"နင်တို့ထက် ငါကပိုပြီးဆိုးတာပေါ့၊ ငါ့တာဝန်က ညည့်သည်တွေကို ပြုစုစောင့်ရှောက်ရတာ"

"ငါတို့မှာ ဦးခက်ထန်ပဲ လူရင်းရှိတော့တယ်လေ၊ သူ အကြောင်းစုံသိနေမှ ငါတို့ကို အကာအကွယ်ပေးနိုင်မှာပေါ့"

"ငါတော့မထင်ပါဘူးဟာ၊ သူကအိမ်ကပ်တဲ့သူမှ မဟုတ်တာ၊ အိမ်ထဲမှာ ငါတို့ဘယ်ရှောင်ပြေးရမလဲ"

"နေ့ဘက်တော့ ဘာမှမဖြစ်လောက်ပါဘူး။ ညဘက်ကျ

တော့လည်း ငါတို့(၃)ယောက် တတွဲတွဲနေရင် လုံခြုံမှာပါ။ ဦးခက်ထန်ကိုတော့ ပီတာ့အကြောင်းပြောထား''

''ငါတို့ ဒုက္ခတွေလည်း မသေးဘူးနော်''

သည်လိုနှင့် ညစာအဆင်သင့်ဖြစ်သည့်အခါ ထမင်းစားခန်းသို့ အားလုံးဝင်လာကြသည်။ ယခုအခါ အိမ်မှာ အရှင်သခင် (၅)ယောက်။

ဘဲဥပုံ ဆုံလည်စားပွဲမှာ ၅–ယောက်သားနေရာ ယူလိုက်ကြသည်။ ပန်းအိက အားလုံး၏ထမင်းပန်းကန်များထဲသို့ ထမင်းထည့်ပေးရသည်။ ဟင်းကတော့ စိတ်ကြိုက်ထည့်စားကြမည်။

ည ၇–နာရီပေမယ့် မီးတွေ ထိန်ထိန်လင်းနေသဖြင့် ထမင်းစား စားပွဲနှင့်အခန်းက တကယ့်ညွှသည်တော်ကြီးများ၏ ညစာစားပွဲနှယ် ခမ်းနားလှပနေသည်။

စားပွဲပေါ်မှာ ပန်းကန်ပြားကြီးတွေနှင့် ငါးတစ်ကောင်လုံးပေါင်း။ ဘဲပေါင်းကလည်း အကောင်မပျက်။ ပန်းအိပါဝင်ပြီး လက်စွမ်းပြထားတာပါ။

အိမ့်မျက်ခြယ် ဝတ်ထားသည်ကိုလည်း ပန်းအိတို့(၃) ယောက် မျက်လုံးပြူးနေကြရသည်။

စကတ်က ပေါင်လည်။ အင်္ကျီက ကိုယ်ကျပ်ရင်ပြတ်ကြီးတောင်မပါ။ အနက်ရောင်တွေမို့ သူမ၏ဖြူဖွေးနေသည့် အသားစိုင်တွေ ရက်ရက်စက်စက်ပေါ်နေသည်မှာ ပန်းအိတို့ပင် မကြည့်ရဲစရာ။





ကော့ ... သူမ၏ရည်ရွယ်ချက်က ခက်ထန်ကို အာရုံပါးပါးနှင့်ဖြားယောင်းမလို့ ဖြစ်ရမည်။ သို့သော် ခုတ်ရာတခြား ရောတလွဲဖြစ်နေတာ သူမ မသိ။

ခက်ထန်ကတော့ ထိုသို့ပက်ပက်စက်စက် ဝတ်ပြလေ အထင်သေးပြီး နောက်ဆုတ်လေ။ ရွံရှာမိလေ။

ထမင်းစားပွဲမှာ ထုံးစံအတိုင်း ခက်ထန် သူများပန်းကန်တွေထဲသို့ အိမ်ရှင်ပီပီ လျှောက်ထည့်ပေးပြီးသည့်အခါ ပန်းအိကို သူ့အနားသို့ ခေါ်လိုက်သည်။

''ပန်းအိ ကိုယ့်အတွက် လုပ်ပေးပါဦး''

ယောက်ျားတွေရှေ့မှာပေမယ့် သခင်ကခိုင်းသည့်အခါ သူမ တုန်တုန်ယင်ယင်နှင့် လုပ်ပေးရသည်သာ။ ငါးပေါင်းကို ခွဲယူပြီးထည့်ပေး။ ဘဲပေါင်းကိုခွဲယူထည့်ပေး။ ကျန်သည့်ဟင်းများကိုလည်း သူ့အတွက် ထည့်သို ပြင်ဆင်ပေးရပါသည်။

သည်အခါ ပီတာ့မျက်နှာမှာ မဲ့ပြုံးနှင့်။ သူ့နားထဲမှာ ကျော်သက်နိုင်တို့မောင်နှမ၏ စကားတွေကို ကြားယောင်ဆဲ။

''ပန်းအိကို အထူးသတိထား။ သူတို့က ကိုယ့်ကိုယ်ကို ရောင်းပြီးမှ ငွေယူပြီး ပြဿနာရှာ၊ ထွက်ပြေးလာခဲ့တဲ့ မိန်းကလေးတွေ။ ဘာမှ မဆန်းဘူး''

''ပီတာ့အစ်မကို သတိပေးထား၊ ခက်ထန်က ပန်းအိဆိုဘဲ့ကောင်မလေးနဲ့ ငြိနေတာထင်တယ်၊ တော်ရုံနဲ့ သူ့ကိုဆွဲဆောင်နိုင်မှာ မဟုတ်ဘူး''

"ပန်းအိကို ခက်ထန်အနားကချွာထုတ်၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ဝိတာက ပန်းအိကို အပိုင်ကိုင်နိုင်မှ၊ မျက်ခြယ်ခက်ထန်ကိုရမယ်၊ ခက်ထန်က တကယ့် ဟိုက်ဘော့စ်၊ ကုမ္ပဏီကလည်း တော်တော်ကြီးကျယ်တယ်၊ တိုက်တွေ၊ ကားတွေကလည်း အများကြီး၊ အပိုင်သာကိုင်ထား"

"အစိက ... က ပန်းအိတို့အဖွဲ့ကို ချုပ်ထိန်းနိုင်ဖို့ပဲ ပန်းအိကို ပထုတ်လာခဲ့ရင်ပြီးတယ်"

နားထဲမှာ စကားတွေကြားနေဆဲမို့ ဝိတာပုခုံးတွန့်လိုက်သည်။

မှင်မှောင်းကတော့ အပြည့်ပါလား ပန်းအိရေ၊ မင်းကို ငါသဘောကျပါတယ်။

"ပန်းအိ ... တို့ကိုလည်း လာထည့်ပေးပါဦး"

ဝိတာ လှမ်းခေါ်လိုက်လျှင် ပန်းအိ ဆတ်ခနဲပင် တုန်သွားပြီး ခက်ထန်ကို အမှတ်မထင် လှမ်းကြည့်မိသည်။ သူ့အသွင်က သုန်သုန်မှုန်မှုန်။

"ဟို ... ပန်းအိ လက်သွားဆေးဦးမယ်"

အကြောင်းပြပြီး သူမ လစ်ထွက်သွားလိုက်တာ ပြန်ပေါ် မလာတော့ချေ။ ဝိတာ ... သိသိသာသာပင် ဟက်ခနဲ ရယ်လိုက်သည်။

"ပန်းအိက ချစ်ဖို့ကောင်းလိုက်တာ၊ ဒါပေမယ့် တစ်လက်ကိုင်ထင်တယ်"



ထမင်းစားပွဲက ခြောက်သွေ့စွာပင် ပြီးဆုံးသွားပြီး ထွေးနု အချို့ပွဲပြင်ပေးရသည်။

လိပ်ကလေး ပန်းအိကို မတွေ့ကြရတော့ပေ။

❦ ❦ ❦

ညဖက် ညေ့ခန်းထဲမှာ အားလုံးစုပြီး စကားပြောကြ တိမ္ပိုကြည့်ကြတာက ရင်းနှီးမှုယူတာ၊ ဆွေးနွေးကြတာဖြစ်သည်။ ဒေါ်ခင်ငြိမ်းအိက သည်အနေအထားကို အရယူထားသည်။

ပန်းအိက သူတို့အတွက် အစားအသောက်များကို စီစဉ် ပေးရပါသည်။

လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့်ဆတ်သားခြောက်ဖုတ် ငါးရံ့ခြောက်ဖုတ်။ နောက် ... ငါးသလောက်ဥကြော်။

ပန်းအိတို့(၃)ယောက်ကတော့ အခန်းထောင့်က စားပွဲရှည် ကြီးမှာ အဝတ်တွေ မီးပူတိုက်နေရပါသည်။

သူတို့ပြောဆိုနေကြသည်ကိုလည်း ကြားနေမိ၊ နားစွင့်မိ နေကြလျှက်သား။

မိန်းကလေးပီပီ။

"သား ... အမေ မင်္ဂလာပွဲကို ဘယ်တော့စီစဉ်ရမလဲ"





"နေပါဦးအမေ ... မလောပါနဲ့ဦး။ ကျွန်တော် ကြည့်ပါ ရစေဦး"

"ဘာကိုကြည့်မှာလဲ၊ မျက်ခြယ် ဒီလောက်မှုန်နေအောင် ကြက်သီးထအောင် ချောနေတဲ့ဟာ"

"အမေကလည်း သူ့ရှေ့မှာ တည့်တည့်ကြီးကို ပြောတာ ဲ၊ ကွယ်ရာကျမှ သားသဘောထားကို မေးပါလား"

"ငါတို့ကတော့ မဟုတ်ဘွင်းဘွင်း။ ဟုတ်ဘွင်းဘွင်းပဲ၊ ခင်းတို့မြေပြန့်သားတွေလို အဖုံးအကွယ်တွေနဲ့ မပြောချင်ဘူး"

"နေပါဦး အမေရာ ... လေ့လာပါရစေဦး"

"ဘာလဲ ... ရှေးတုန်းကလို အိမ်ရှင်မ ပီသတာ၊ ပီသတာတွေပါ ကြည့်မလို့လား၊ မျက်ခြယ်တို့က အလှပဲပြင် ာတတ်တယ်၊ ထမင်းချက်တာ ဝါသနာမပါဘူး။ ဒါပေမယ့် ဟင်းချက်ချားကိုလည်း ပြုစုတတ်ပါတယ်"

"အာ ... နေကြစမ်းပါဦးဗျာ၊ အမေလည်း မလောနဲ့၊ မျက်ခြယ်လည်း မလောနဲ့၊ အိမ်မှာ စိတ်ချမ်းချမ်းသာသာနေကြ ပါ၊ တစ်ပတ်လောက်ကြာရင် ကျွန်တော် အဖြေထုတ်ပေးမယ်"

ခက်ထန် ပြောလိုက်လျှင် သည်တစ်ခါ စိတ်ဆိုးသူက ပီတာ။ သူ့အသွင်က ရှုံ့ရှုံ့ရှားရှား။

"ဒီမှာကိုခက်ထန်၊ ခင်ဗျားစကားပြောတာ ရင့်လှချည် သား။ ကျုပ်အစ်မကပဲ ခင်ဗျားအိမ်မှာတစ်ပတ်နေပြီး ခင်ဗျား အကဲခတ်တာ လာခံနေရတယ်ပေါ့ ဟုတ်လား ... ခင်ဗျား

နမ မရှိတောင် မအေချင်းစာနာဗျာ''

မြတ်ထန်နှင့် ဒေါ်ခင်ငြိမ်းအိက အားတုံ့အားနာနှင့် မျ
ပျာသလဲဖြစ်သွားပြီး ခက်ထန်ကတော့ ခပ်အေးအေးပင်။

''ဒါတော့မတတ်နိုင်ဘူး ပီတာ၊ ဒါ ... အမေ့သဘော
လေ၊ မင်းတို့ဟာ အမေ့မိတ်ဆွေတွေ အမေက အလည်အပ
သဘောမျိုးနဲ့လာကြတယ်၊ ငါက အိမ်ရှင်တစ်ယောက်အနေ
ဧည့်ဝတ်ကျေတယ်၊ ဒါပဲလေ ... လက်ထပ်ဖို့ကတော့ နေ
တစ်ခန်းပဲ၊ ရင့်တာ မရင့်တာပါရအောင် ငါက ဘာတွေ
ကားနေလို့လဲ ... အိမ်ရှင်ရဲ့ဝတ္တရားအပြည့်နဲ့ ဧည့်သည်တွေ
တာဝန်ကျေတယ်၊ ကျေနွ အမေက မင်းတို့ကို အပိုင်ပြော
ပြီထင်တယ်၊ အမေ ဘယ်လောက်ပဲ သဘောတူတူ ငါ့ဆန္ဒ
ဘဲတော့မဖြစ်ဘူး။ မရဘူးလေ''

''သား ... ''

ဒေါ်ခင်ငြိမ်းအိမှာ သားကို ဘယ်လိုပြောရမှန်းမသိသ
ပီတာ့ကိုလည်း ဘယ်လိုဖျောင်းဖျရမှန်းမသိ။ ငါ ဘာများအ
တွေ လုပ်မိပါလိမ့်ဟု ပြန်စဉ်းစားကြည့်တော့လည်း မျက်ခြ
အမေကို ...

''ငါကတော့ မျက်ခြယ်ကို ငါ့သားနဲ့သဘောတူတယ်
ငါ့ သားကလည်း ကိုးခပ်များများ။ သူ့ဆီအလည်သွားကြမယ်
ငါ့သားသဘောကျရင် နင့်သမီးနဲ့ငါ့သား ပေးစားကြမယ်၊ ငါတို့
အမျိုးတော်ကြမယ်''





ဒီလိုပြောခဲ့တာပါ။ ဘာပဲဖြစ်ဖြစ် သားငယ်ဟာ နာမည်
နှင့်လိုက်အောင် ခက်ထန်တာမို့ သူ့အိမ်ထောင်ရေးကို သူ့ဆန္ဒ
ပါဘဲ ကိုယ့်သဘောအတိုင်း မလုပ်ရက်ပါ။

သားငယ် တစ်သက်လုံး စိတ်ဆင်းရဲရမှာကို လိုလားပါ
လေ။ ဒါကို ပီတာပါ လိုက်လာပြီး ဘာတွေမာကျောနေရတာတဲ့
သဲ။

''ပီတာ ... စိတ်ချမ်းချမ်းသာသာနဲ့နေပါ၊ ကိုခက်ထန်
ကို အားနာရအောင်မလုပ်နဲ့လေ၊ ငါတို့ကို သူ့ဧည့်ဝတ်ကျေနေ
တာပဲ၊ ငါကလည်း နွဲ့နေတာမှမဟုတ်တာ၊ ယောက်ျားတစ်
ယောက်ကို အတင်းယူရအောင်တော့ မဖြစ်သေးပါဘူး''

''ဆောရီး မျက်ခြယ်၊ ဒီစကားတွေ မပြောသင့်ပါဘူး။
အမေ ဆန္ဒစောလို့ ဖြစ်သွားရတာပါ၊ ကိုယ်တောင်းပန်ပါတယ်၊
မျက်ခြယ်တို့မောင်နှမတွေ စိတ်ချမ်းချမ်းသာသာနဲ့ နေကြပါ၊
ပြီး ... မျက်ခြယ်ကရော စက်ရုံကို အလုပ်ပြန်ရဦးမှာမဟုတ်
သား''

''အလုပ်က ပြန်လည်းရတယ်၊ မပြန်လည်း ရပါတယ်''

''ကောင်းပါပြီ ... ကဲ ဆွေးနွေးကြပါဦး။ ကိုယ့်ကို
နိုးသေးလို့ပါ၊ ပန်းအိ ... ငါ့ကို စာရင်းတွေ ကူစစ်ပေးပါဦး။
ကြည့်ခန်းမှာ ငါရှိမယ်၊ စားစရာတစ်ခုခုယူခဲ့''

''ဟုတ် ... ''

ပန်းအိမျာ ဆူကြားကဗူးလား။ ဘယ်သူတွေ ဘယ်လို

မကြည်၊ မကြည် ... သူမဟာ ခက်ထန်ရဲ့အလုပ်သမား ခက်ထန်နိုင်းတာလုပ်ရမှာပါပင်။

ကော်ဖီတစ်အိုးနှင့်မုန့်များကို လင်ဗန်းလေးနှင့်သယ်ပြီး ခက်ထန်နောက်သို့ လိုက်သွားရပါသည်။

သူမ နောက်ခိုင်းသည်နှင့် ညေခန်းမှာစကားတင်းတို့ ပေါ်လေ၏။

''ကိုခက်ထန်က မိန်းမ ဘယ်ယူချင်တော့မလဲ၊ ဒီလော ချောချောလေးကို အပိုင်ရထားတဲ့ဟာ''

ဝိတာ ဝေဖန်လျှင် မျက်ခြယ်ကလည်း ဖြည့်စွက်၏

''ကိုကျော်ထက်ခိုင်ပြောတယ်၊ ပန်းအိတို့က မျက် တက်ကလေးတွေတဲ့၊ ဘာမှမဆန်းတော့ ... ကိုခက်ထန် အပိုင်ပေါင်းထားမှာပေါ့''

မြတ်ထန်ကတော့ ဖေးဖေးမမ။

''ဒီလိုတော့ မဟုတ်ပါဘူး၊ ကောင်မလေးတွေက သိ ရိုးသားဖြူစင်ကြပါတယ်၊ ညီလေး ... ကိုယ့်ကိုအခြေအနေ ပြောပြထားပါတယ်၊ သူတို့ကို ညီလေးကကယ်ခဲ့သလိုမို့ ညီ ကို ကျေးဇူးရှင်အဖြစ် အရမ်းကျိုးနွံနေကြတာပါ''

မျက်ခြယ် ခပ်မဲ့မဲ့ရယ်လိုက်သည်။

''အစ်ကိုကြီးပါ ... ပန်းအိတို့ဖက်တော်သား ဖြစ် ထင်တယ်၊ ဒီကောင်မလေးတွေက မိန်းမလည်လေးတွေ မအူမလည်ရုပ်တွေနဲ့ လုပ်စားနေကြတာ၊ သတိသာထား''





ဝိတာကလည်း ဝင်ပြီး ဘေးတီးပြန်၏။

''ကျွန်တော့်ဆန္ဒကတော့ ဒီကောင်မလေးတွေ မရှိမှ မမနဲ့ ကိုခက်ထန်တို့ အဆင်ပြေကြမယ်ထင်တယ်''

တွေးနေနှင့်စပယ်မှာ စိတ်မချမ်းမသာနှင့်ပင် ကြားနေရ အလုပ်တွေကို လုပ်နေကြရပါသည်။

မြေနိမ့်ရာမှ လှံစိုက်တတ်ကြတာလည်း လူ့သဘောတစ်ခု ပါပင်။

ပန်းအိမှာလည်း စေ့ရှုံစေ့ထားသည့် စာကြည့်ခန်းထဲသို့ လင်ဗန်းလေးမခါ တွန်းဝင်သွားရသည်။ ခက်ထန်ထိုင်နေသည့် စားပွဲပေါ်သို့ လင်ဗန်းလေးချပေးလိုက်လျှင် သူက အမိန့်ပေး လိုက်သည်။

''တံခါးပိတ်ထားလိုက် ... ''

တံခါးပိတ်လိုက်ရသည်ပါပဲ။ တကယ်လို့များ အပြင်က သူ့အမေ၊ သူ့အစ်ကိုဝင်လာလျှင် ဘယ်လိုထင်မည်မသိ။

''လာ ... ထိုင်''

သူ့အမိန့်အတိုင်း ပန်းအိ သူ့ရှေ့ဆိုဖာဆက်တီမှာထိုင်ရ သည်။ စာရင်းတွက်မယ်ဆိုပြီး ဘာစာရွက်စာတမ်းမှလည်း သူ့ ရှေ့မှာမတွေ့ရချေ။

ခမ်းနားသော စာအုပ်ဗီဒိုကြီးများကို လှမ်းကြည့်လိုက် ခင်ထားသည့် စားပွဲနှင့်ဆိုဖာကိုကြည့်လိုက်၊ အခန်းထဲရှိ ပစ္စည်း ပစ္စယများကို ကြည့်လိုက်နှင့် ပန်းအိ ... ဆောက်တည်ရာ

မရသေး။

ငါ့ကိုဘာလုပ်ဖို့ ခေါ်တာပါလိမ့်။ သူ့အိမ်သားတွေမြင်ရင် အထင်လွဲမှာပဲ။ စိတ်ညစ်ပါတယ်။ သည်စဉ် ခက်ထန်က ဗူ ဘေးမှာ ချထားသည့် အိတ်ကို စားပွဲပေါ်သို့တင်လိုက်သည်။

"ငါ အရမ်းစိတ်ညစ်နေတယ် သိလား။ အမေလုပ်ပုံ ထွက်မပါက်ကို ပိတ်နေတာပဲ၊ ရော့ ... ဒီအဝတ်တွေဝတ်ပြီး ငါ့ရှေ့လာရပ်ပြ၊ စိတ်ပြေလက်ပျောက်ပေါ့၊ ငါက မင်းကိုဓာတ်ပုံ ရိုက်မယ်"

ဘာမှလည်းမဆိုင်။ သူစိတ်ညစ်တာနှင့် ပန်းအိကို မော် ဒယ်တွေလို အဝတ်တွေဝတ်ခိုင်းပြီး ဓာတ်ပုံရိုက်မတဲ့။ ပန်းအိ နေရာမှမရွေ့ဘဲ သူ့ကိုနားမလည်သလို ပြူးကြည့်နေတော့ ခက် ထန်ထပ်ပြီး တောင်းပန်လေသည်။

"သွားပါ ... ပန်းအိရယ်၊ ကိုယ် အရမ်းစိတ်ညစ်လို့ပါ ကိုယ့်ဝါသနာက ဓာတ်ပုံရိုက်တာလေ၊ ဒီတော့ ... အဲဒီအိတ်ထဲ က ဝတ်စုံတွေယူ ယူဝတ်ပြီး ... ကိုယ့်ရှေ့လာခဲ့ပါ၊ သွား၊ ဟို ဘီဒိုနောက်မှာ အဝတ်ဝင်လဲ၊ အိတ်တစ်အိတ်ကို တစ်စုံပဲ၊ အား လုံး ၅-စုံထဲပါ၊ အကုန်ဝတ်ရမှာနော်၊ ၅-စုံလုံးဝတ်ခဲ့ရမှာ၊ နား လည်ပြီလား။ အဲဒီလိုဝတ်ပြတဲ့အတွက်လည်း ဆုချမှာပါကွာ"

ပန်းအိ ... သူပေးသည့်အဝတ်အိတ်ကိုယူပြီး သူညွှန်ပြ သည့်အတိုင်း ဘီဒိုနောက်ဘက်သို့ သွားရသည်။ ဘီဒိုမှာ မှန်ပါ သည်မို့ မှန်ကြည့်လို့လည်းရပါသည်။ သူက ထိုဘီဒိုကို ကျော





င်းသည့်အနေအထား။

"ကြိုကြိုဖန်ဖန် ... ဘယ်လိုလူကြီးလဲ၊ ဘယ်လိုစိတ်ကူး လဲ"

ဘာပဲဖြစ်ဖြစ် သူခိုင်းသည့်အတိုင်း ပန်းအိ လုပ်ရပါမည်။ အိတ်ကိုဖွင့်ကြည့်လိုက်တော့ ဝတ်စုံ ၅-စုံကို တစ်အိတ်စီထည့် ထားတာတွေ့ရသည်။

ပထမဆုံး အိတ်တစ်အိတ်ကိုထုတ်ယူပြီး အဝတ်များကို ကြည့်လိုက်၏။

"ဟင် ... "

ဇာဂါဝန်လေး။ အထပ်ဖားဖားလေးနှင့် ဇာအဖြူအင်္ကျီက ဘလွှန်းလို့ ကိုင်ပဲမကြည့်ရဲစရာ။

"ဟာ ... မဝတ်ရဲပါဘူး ... "

ထိုအိတ်ကို လွှတ်ချလိုက်ပြီး နောက်တစ်အိတ်ထုတ်ရပြန် ၏။

"ဟင်း ... ခက်လိုက်တာ"

သည်တစ်ခါက ခြေသလုံးရှိမည့် ကွာတားဘောင်းဘီလေး နှင့် ရယ်ဒီမိတ်ဇာအင်္ကျီလှလှလေး။ အဝါရောင်။ ဝတ်စုံက လှ ပွန်းပေမယ့် ပန်းအိမှ ဒါမျိုးတွေ မဝတ်ဘူး။ မဝတ်ရဲတာ။

နောက်တစ်အိတ်ဖောက်ကြည့်ပြန်၏။

"ခုက္ခပါပဲ၊ ဦးခက်ထန် စိတ်မှကောင်းသေးရဲ့လား။ ငါ့ကို ဟော်ဒယ်ဂဲလ်များ မှတ်နေလားမသိဘူး"

သည့်တစ်ခါ ဝတ်စုံက ရင်ပြတ်ဂါဝန်အနက်လေ ... မဂ္ဂဇင်းစာအုပ်တွေ၊ ဂျာနယ်တွေထဲမှာ မော်ဒယ်ကောင်မလေး တွေ ဝတ်တာမြင်ဖူးသားပဲ။ ဝတ်စုံတွေ တစ်စုံပြီးတစ်စုံဖောက် ကြည့်ပြီး ပန်းအိမှာ ဝတ်ရဲဖို့ နေနေသာသာ ဖောချွေးတွေသာ ပြန်လာခဲ့လေသည်။

နောက်တစ်အိတ် ...

"ဘုရားရှင် ... ကယ်တော်မူပါ"

သူဟာက တစ်စုံထက်တစ်စုံ ပိုပိုဆိုးနေတာ ခက်သည် ပန်းအိ ဝတ်နေကျ မြန်မာဝတ်စုံတွေလည်းမဟုတ်။ သည့်တစ်စုံ ကတော့ ရှော့ပင်နှင့်ကိုယ်ကျပ်။ အပြာနုရောင်ဖြစ်ပြီး ဝတ်စုံထ တော့ အရမ်းလှပါသည်။

နောက်ဆုံးတစ်အိတ်ကို ပန်းအိ ဖောက်တောင်မဖောက် ရဲတော့။ သူဟာက တဖြည်းဖြည်း ပို ... ပိုဆိုးလာသည် မဟုတ်ပါလား။ နောက်မှ စိတ်ကိုတင်းပြီး နောက်ဆုံးအိတ်ကို ဖောက်ချလိုက်၏။

"အဲ ... "

ဂါဝန်လို တင်ဖုံးအကျီအဝါကျားလေးက ကြိုးလက်တစ် လုံးနှင့်။ နောက်အသားကပ်ဘောင်းဘီကလည်း အနက်။

ဝတ်စုံတွေကို ပုံချထားပြီး ပန်းအိ ထွက်မလာလျှင် ခက် ထန်ကိုယ်တိုင် သူမအနားသို့ ရောက်လာခဲ့သည်။

"ဘာဖြစ်နေတာလဲ ... ဝတ်လေ"





"ဒီ ... ဒီဝတ်စုံတွေ မမျက်ခြယ်ကို ပေးလိုက်ပါလား။ သူဝတ်နေကျ ပုံစံတွေ"

"အို ... သူ့ကို ဘာလို့ပေးရမှာလဲ၊ ပန်းအိနဲ့ဒီဝတ်စုံတွေ သဟဇာတဖြစ်ရဲ့လားလို့ ကိုယ်မြင်ချင်လို့ပါ၊ ဝတ်နော်၊ မဝတ် ရင် ကိုယ် ဆွဲဝတ်ပေးလိုက်မှာ"

"ဘာမှလည်း မဆိုင်ဘဲနဲ့"

"မဆိုင် ... ဆိုင် ... ဝတ်ဆိုဝတ် ဒါပဲ"

ခက်ထန် မျက်နှာထားတင်းတင်းနှင့် အမိန့်ပေးခဲ့ပြီး စား ပွဲမှာသွားထိုင်နေခဲ့လျှင် ပန်းအိ စိတ်ကိုတင်းပြီးဝတ်ဖို့ မြင်ရပါ လေတော့သည်။

ငါတော့ အရှုးမနဲ့တူတော့မှာပဲ။ ခေါင်းက ဆံပင်ရှည်က ည်း စည်းချထားလိုက်သေးတယ်။ ဝတ်စုံတွေက ဟော့ရှော့။ ါက ပုံတုံးကြီး။ သွားပြီ။

သနပ်ခါး လိမ်းမထားသည့်မျက်နှာ။ စည်းချထားသည့် ဆံပင်။ ကိုယ့်ရုပ်ကို မှန်ထဲကြည့်တော့ စိတ်ပျက်ဖွယ်။ ဝတ်ထား သည့် ပင်နီအဖြူရင်စေ့နှင့် ချည်လုံချည်လေးကိုကြည့်လိုက်ပြီးမှ ပန်းအိ အဖြူရောင် ဇာဂါဝန်ကို အရင်ဆုံးဝတ်လိုက်ရသည်။ သူကမှ လုံခြုံရသေးတယ်မဟုတ်ပါလား။

အရှည်က ခြေမျက်စိနားမှာဝဲနေပြီး အပေါ်ပိုင်းကတော့ ရင်ညွန့်တွေပေါ်လုလု။ လက်ဖောင်းကလည်း တော်တော်ဖောင်း သည်။ သတို့သမီး ဝတ်စုံကျနေတာပဲ။ သို့သော် သူမနှင့်ဖစ်ဖြစ်

နေတာတော့ အံ့ဩစရာ။

မှန်ရှေ့မှာ ကိုယ့်ရုပ်ကိုယ်ကြည့်ပြီး သူမအံ့ဩရုက်ရှိနေလျှင် ခက်ထန် သူ့အနားရောက်လာခဲ့သည်။

"ခေါင်းဖြီးပေးမယ်၊ မျက်နှာကိုရော ... ဒါလေးနည်းနည်းရိုက် ... နှုတ်ခမ်းနီဆိုး ..."

သူပေးသည့်အတိုင်း သူပြောသည့်အတိုင်း လုပ်ဆောင်ပြီးသည့်အခါ ပန်းအိ တော်တော်အဆင်ပြေသွားသည်။

"လာ ... ဓာတ်ပုံရိုက်ရမယ်"

ဆံပင်ကို သူကိုယ်တိုင်ဖြည်ချ၊ ဖြန့်ချပေးပြီး ခေါင်းဖြီးပေးရုံတင်မက နှုတ်ခမ်းနီပါ ဆိုးပေးနေသည့်အတွက် ပန်းအိ သူ့ကို အံ့ဩစွာ မော့ကြည့်မိသည်။ သူဟာ မာယာကြီးလား၊ အခြောက်ကြီးလား။

သူကတော့ ပန်းအိကို ဓာတ်ပုံရိုက်လို့ အဆင်ပြေမည့်နေရာသို့ခေါ်သွားကာ ဓာတ်ပုံတဖျတ်ဖျတ် ရိုက်နေလေသည်။

"ကဲ ... နောက်တစ်စုံသွားလဲ၊ မကြာနဲ့နော်၊ အရုပ်မင်းတွေဝေနေတာနဲ့ အချိန်တွေ တော်တော်ကုန်သွားပြီ။ ဝတ်သာဝတ်ခဲ့စမ်းပါ၊ ဘာမှရှက်မနေနဲ့ ... မင်းကကိုယ်လုံးသွယ်သွယ်လေးရယ်၊ မျက်ခြယ်လို မချိမဆန့်ကြီး မဟုတ်ဘူး ဘာဝတ်ဝတ် မရိုင်းဘူး"

ဘာတွေလျှောက်ပြောနေမှန်း မသိသည့် ခက်ထန်ရဲ့ ရှေ့မှာ ပန်းအိ မျက်နှာလေးက ပန်းသီးလို ရဲနေရ၏။ ငါ့ကိုများ





အရုပ်ကြီးမှတ်နေလား။ ခံစားချက်မရှိတဲ့ သူ့လိုမှတ်နေသလား မသိဘူး။

ပန်းအိ နောက်တစ်စုံဝတ်ရပြန်သည်။ သည်တစ်ခါ ဝတ်စုံအဝါလေးကို ဝတ်လိုက်သည်။ ကွာတားဘောင်းဘီလှလှလေးနှင့် ဇာအင်္ကျီလှလှလေး။

တာဝန်ထမ်းဆောင်နေပုံမျိုးနှင့် ခက်ထန်ရှေ့သွားရပ်ပြတော့ သူက နူးညံ့သည့် မျက်လုံးများနှင့် စူးစိုက်ကြည့်နေလိုက်ဘာ။ မျက်လုံးတွေက တလက်လက်တောက်မတတ်။ ဘယ်လိုမျက်လုံးကြီးလဲ။

ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်ပြီး ...

"ကဲ ... နောက်တစ်စုံသွားလဲ ... ၉-နာရီကျော်နေပြီ"

ပန်းအိ ... သည်တစ်ခါ ရင်ပြတ်ဂါဝန်အနက်လေးကို ဝတ်ရသည်။ မျက်ခြယ်လို အသားအရမ်းမဖြူပေမယ့် ပန်းအိ အသားက ဖြူစင်နုညက်ပြီး အဝါရောင်နှောသည့် အသား။ ရွှေအိုရောင်။

ကိုယ်လုံးကျတော့လည်း အတုံးလိုက်၊ အတစ်လိုက် အစ်ချစ်မထွက်။ ယဉ်ယဉ်ကျေးကျေးနှင့် ဖွံ့ထွားပုံက ပြည့်ပြည့်ဖြိုးဖြိုး။

ရင်ညွှန့်တစ်ခုလုံးပေါ်ပြီး ရွှေရင်တစ်အုံလုံး လုံးကြွနေသည် ဟုထင်ရအောင် ... သည်ဝတ်စုံက လက်စွမ်းပြနေလျှင် သည်တစ်ခါ ပန်းအိ အပြင်မထွက်ရဲတော့။ ဘီဒိုနားမှာပဲ ကုပ်ကပ်ပြီး ရင်ဘတ်ကို လက်ကလေးနှစ်ဖက်နှင့် ဖုံးထားမိသည်။

ဂါဝန်က ခြေသလုံးတွေတော့ ပေါ်နေသည်သာ။ ဒူးသာ သာလေးပဲရှိသည်။ အောက်ပိုင်းထက် အပေါ်ပိုင်းကို ပိုရှက်နေလို့ မလှုပ်ရဲဖြစ်နေစဉ် ခက်ထန် သူမအနားသို့ရောက်လာပြီး ပန်းအိ ကိုယ်လေးကို ဆွဲလှည့်လိုက်သည်။

''ဟာ ... ရွှေရောင်မင်းသမီးလေးပါလား ချစ်လိုက်တာ ကွာ''

မျက်လုံးကိုစုံမှိတ်ပြီး သူမျက်နှာပြုံးကျသွားကာ ပန်းအိကို ညင်ညင်သာသာလေး ဆွဲဖက်ထားလိုက်ရာ သူမ ကတုန်ကယင် နှင့် ရုန်းထွက်မိသည်။

''ဖယ်ပါ ဦးခက်ထန်ရယ် ... မနောက်ပါနဲ့''

''မနောက်ပါဘူးကွ ... ငါ မင်းကိုတကယ်ချစ်တာပါ အသက်ကငယ်၊ ဝတ်ပုံစားပုံက ကလန်ကလားပေမယ့် မင်းကို ငါချစ်တာပဲ၊ အခု ... ဆင်ပြင်ကြည့်လိုက်တာလေ၊ အဆင်ချေ ပါတယ်''

''ဦးခက်ထန် ... ပန်းအိကို အရှုးမလုပ်နဲ့၊ အိမ်ပေါ်မှာ သတို့သမီးလောင်းတစ်ယောက်လုံးရှိရဲ့နဲ့ ကျွန်မကတော့ ဦးခက် ထန်စိတ်ညစ်တယ်ဆိုလို့ သရုပ်ဆောင်ပေးနေတာပါ''

''ဟုတ်ပါတယ် ... မင်းကိုကျေးဇူးအရမ်းတင်ပါတယ် ကဲ ... လာ ... ဓာတ်ပုံရိုက်မယ်''

သူမကိုဆွဲခေါ်သွားပြီး ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်နေ စဉ် တံခါးကို တဒုန်းဒုန်းထုသံနှင့် ခေါ်သံများကြားလိုက်ရသည်။





''အမေ့အသံပဲ ဘာဖြစ်တယ်မသိဘူး။ နေဦး ... ပန်းအိ အဝတ်မလဲနဲ့ဦး''

''ဟင့်အင်း ... ကျွန်မ ရှက်တယ်၊ သူတို့မေးတော့ ဘယ်လိုဖြေရမလဲ''

''ထားလိုက်ပါကွာ ... ငါ့မှာအဖြေရှိပါတယ်၊ ထိုင်နေ''

ခက်ထန် အမေ့ကိုတံခါးဖွင့်ပေးလိုက်သည်။ အမေ့နောက် မှာ မျက်ခြယ်။ သူမ အသွင်က ခပ်လျှောင်လျှောင်။

ဟင်း ... ဒီမျက်လုံးမျိုးနဲ့ ငါ့ကိုတစ်သက်လုံးလာမကြော နဲ့။

''ဘာလဲ ... အမေ''

''အခန်းထဲမှာကြာနေလို့လေ၊ ခေတ်ကြီးက ယုံရတာ မဟုတ်ဘူး''

''ဟာ ... အမေကလည်း ဘာလဲ ... ပန်းအိ ကျွန်တော့်ကို မဟားဒရားလုပ်မှာ စိုးလို့လား''

''သိနိုင်ဘူးလေ ... နင်ကရိုးရိုးအအရယ်၊ မိန်းမ မာယာ ဆိုတာ ငယ်လည်းအစွယ်နဲ့ပဲ၊ အလို ... ဟိုမှာထိုင်နေတာ ဘယ်သူလဲ''

ပန်းအိ ... ဆိုဖာမှာ မလှုပ်ရဲလို့ ငြိမ်ငြိမ်လေးထိုင်နေ ဘာကို ဒေါ်ခင်ငြိမ်းအိနှင့်မျက်ခြယ်တို့ မြင်သွားကြပြီး အရမ်း ဘုန်လှုပ်သွားကြသည်။

နဂိုရှိလို့ နဂိုင်းထွက်တာလား။ စောစောပိုင်းကလို စုတ် ပြတ်မနေတော့တဲ့ ဝတ်ကောင်းစားလှနှင့် တကယ့်မင်းသမီးလေး

လို ချောလှနေတာမြင်လိုက်ရသဖြင့် သူမတို့ ထိတ်လန့်သွားရေ
သည်။

"ဒါ ... ဘာလုပ်နေကြတာလဲ၊ ဘယ်လိုဖြစ်နေကြတာ
လဲ"

"ကုမ္ပဏီအတွက် ကြော်ငြာအစမ်းရိုက်ကြည့်နေတာ၊ မင်း
သမီးငှားခက အရမ်းဈေးကြီးလို့"

"ငါ့သားနှယ် ... မျက်ခြယ်ရှိသားနဲ့များ၊ ဒီမိကအလုပ်
သမားကို သုံးရသလားကွယ်၊ မျက်ခြယ်ဘယ်လောက်လှသလဲ
ဘယ်လောက်စွဲဆောင်မှုရှိသလဲ၊ မင်းအလုပ်သမားက ပုံတုံးကြီး
ပါ"

"ဒါပေမယ့် ငယ်နုနေတော့ ဆွဲဆောင်မှုပိုရှိတာပေါ့၊ ပြီး
ရိုက်ပြီးတဲ့ ဓာတ်ပုံတွေ အမေနဲ့မျက်ခြယ်ကို ပြမယ်၊ ကဲ ...
ထွက် ... ထွက်ကြဦး၊ ကျွန်တော် ဓာတ်ပုံရိုက်လို့ မပြီးသေး
ဘူး"

ခက်ထန် အလုပ်ကိုအကြောင်းပြလိုက်လျှင် ဒေါ်ခင်ပြုံး
အိနှင့်မျက်ခြယ်တို့မှာ ထွက်ရမလို၊ ဝင်ရမလို။ ပီတာကယော
ခပ်တည်တည်ပင်။

"ကျွန်တော် ထိုင်ကြည့်မယ် လိုတာပြောပေးမယ်"

"မရဘူး ... ပန်းအိက အရမ်းရှက်တတ်တယ်၊ ငါတောင်
မနည်း၊ အာဏာသုံးပြီး ရိုက်နေရတာ၊ မင်းထိုင်ကြည့်နေရင်
လုံးဝ အလုပ်ဖြစ်မှာ မဟုတ်တော့ဘူး"

"အလုပ်ကတော့ ဖြစ်ပါတယ်၊ ဟုတ်တယ်နော် ပန်းအိ





ပန်းအိကို မျက်လုံးတစ်ဖက်မှိတ်ပြပြီး ပီတာကြည့်နေလျှင်
ပန်းအိ ... အုံ့အားသင့်နေသည်။ ခက်ထန် ... ကိုယ့်ဒေါသ
ကိုယ်မျိုသိပ်ရင်း အံ့သွားစေ့သံနှင့် ပန်းအိကို ပြောပစ်လိုက်သည်။

"သွား ... နောက်တစ်စုံလဲ၊ အခန်းတံခါးပိတ်လိုက်"

ကုလားမနိုင် ရခိုင်မဲ့။ သူလူတွေ မကောင်းတာနှင့်ကိုယ့်
ကိုလာမဲနေသည့် ဦးခက်ထန် ခိုင်းသည့်အတိုင်း ပန်းအိ အခန်း
တံခါးပိတ်ရသည်။

နောက် ... ရှော့ပင်နှင့်ကိုယ်ကျပ်အပြာနုရောင် ဝတ်စုံ
လေးကိုဝတ်ရသည်။ ရှော့ပင်က ပေါင်လည်အထိပဲရောက်ပြီး
အကျီက ကြိုးလက်တစ်လုံးလေးနှင့်။

ဘာသဘောနဲ့ ဒါတွေဝတ်နိုင်းပါလိမ့်။ ဒေါ်မျက်ခြယ်ဝတ်
ဘာကိုအားကျပြီး ငါ့ပါလိုက်ဝတ်ခိုင်းနေတာလား။ ဘုရားရေ
ဒါတွေသာ ငါ့ကိုအမြဲဝတ်ခိုင်းနေရင် ဒုက္ခပါပဲ။ ငါတော့ ရှက်တာ
နဲ့သေလိမ့်မယ်။

ဘီဒိုမှန်ရှေ့မှာ ပူထူပြီး ဒုက္ခရောက်နေရစဉ် ဦးခက်ထန်
ဘာဆွဲခေါ်သွားပြန်သည်။

သူ့ရုပ်ကလည်း သုန်သုန်မှုန်မှုန်။

"မိန်းမတစ်ယောက်ရဲ့ အရည်အချင်းက ဘာလဲ၊ ရုပ်ချော
ထက်မြက်ရုံနဲ့ပြီးရောလား။ လူရာဝင်ဖို့၊ ယဉ်ကျေးသိမ်မွေ့ဖို့၊
မိန်းမပီသဖို့တွေရော မလိုဘူးလား။ အဲဒီလို အရည်အချင်းတွေ
မင်းမှာရောအပြည့်ရှိလား"

"မရှိပါဘူးရှင်"

သူက တစ်ယောက်တည်း စကားပြောနေသလိုပေမယ့် ပန်းအိ ပြာပြာသလဲ ငြင်းချက်ထုတ်သည်။

ကိုယ့်ရင်ထဲမှာ သူကိုလက်ထပ်ဖို့ တစ်ခါမှ မတွေးဘူး ပါ။ သို့ပေမယ့် ရင်ထဲမှာ ဖြောင်းဆန်နေရတာတော့ အ အချာ။

သူဟာ ... မော်ဆရာကြီးပါပဲ။

လူကို ချစ်ခြင်း၊ မုန်းခြင်း၊ ဟိန်းဟောက်ခြင်းတွေနဲ့ ကုန်သုံးပြီး ရှုးသွပ်စေပါတယ်။

ပန်းအိ ... တစ်ကိုယ်လုံး တုန်ခိုက်နေပြီး တစ်ယော တည်း နာဖျားနေမိသည်။

"ဟော့ ... မင်း ဘာဖြစ်နေတာလဲ၊ ငါ့ကိုကြောက် တုန်နေတာလား။ ဒါ ... ငါ့ကိုစော်ကားတာပဲ"

"မဟုတ်ပါဘူးရှင်၊ ပန်းအိ ဘာဖြစ်နေတာလဲ မသိ ပါဘူး"

ခေါင်းလေးခါရမ်းပြီး ပန်းအိ ပျော့ညံ့နေမိလျှင် ခက်ထ အခြေအနေတွေကို သဘောပေါက်ပါသည်။ ကောင်မလေး အပေါ် ပြစ်မှားနေတာ၊ စိတ်ကစားနေတာ။ ကြွက်မလေး ကြီးကို ဘာမှတ်နေလဲ။

တုန်လှုပ်နေသည့် ပန်းအိကို ညင်သာစွာ ဖမ်းပွေ့လို ပြီး ခက်ထန် ဆိုဖာပေါ် ထိုင်လိုက်သည်။ သေသေချာချာ နွေးဦးမှုပါပဲ။

စကလည်း စချင်သေး။





"ပန်းအိ"

"ရှင် ..."

"မင်း ... ငါ့ကို ကြိတ်ကြိုက်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူးရှင်"

"ကြိုက်ရင်ကြိုက်တယ်ပြော၊ အားမနာနဲ့"

"အာ ..."

ပန်းအိ ရှက်ရှက်နှင့် ခက်ထန် ပွေ့ထားသည့်လက်ထဲမှ ုန်းထွက်သည်။ ချစ်သူတွေလည်း မဟုတ်ဘဲနှင့်။ ဘာလို့ ပွေ့ ိုက်၊ ဖက်လိုက် လုပ်ရတာလဲ။ မကြိုက်ပါဘူး။ သူဟာ ရှင်ဘုရင် ကြီးပဲဖြစ်ဖြစ်။

"ဓာတ်ပုံရိုက်တဲ့ကိစ္စပြီးရင် ကျွန်မသွားတော့မယ်"

"မပြီးသေးဘူး ... နောက်တစ်စုံ ဝတ်ရဦးမယ်၊ အခု လည်း မရိုက်ရသေးဘူး"

"ရိုက်လေ ... ကျွန်မ အရမ်းပင်ပန်းနေပြီ"

"နေစမ်းပါဦးကွာ ... မင်း ငါ့ကို ချစ်သလား ... ပြော"

"ဟင့်အင်း ... မချစ်ဘူး"

"မင်းမချစ်လည်း ငါချစ်တယ်၊ အမေ ပေးစားမယ့် ကြက်ခြယ်ရန်ကလည်းလွတ်အောင် မင်းနဲ့ငါ **အမြန်ဆုံး လက်ထပ်** ကြမယ်"

"**ကျွန်မ မယုံဘူး**"

"**လက်ထပ်မယ်ဆိုတာ မယုံဘူး၊ ဟုတ်လား။ ငါလို လူကြီး**

လူကောင်းတစ်ယောက်ရဲ့စကားကို ဘာလို့မယုံတာလဲ၊ ရဲ ယုံအောင် သက်သေပြမယ်''

ပန်းအိရဲ့ ကိုယ်လုံးလေးကို တင်းကျပ်စွာ ပွေ့ဖက်ယ လိုက်ပြီး ... သူမ၏မျက်နှာလေးအထက် သူ့နှာခေါင်းနှင့် ရှ ပစ်တော့မည်ပြင်လျှင် ဆင်ပြောင်ငါးစီးအားလောက် သန်စွမ သည့် ပန်းအိ ... ဆတ်ခနဲ ရုန်းထွက်လိုက်ပါသည်။

အုံ့အားသင့်နေသည့် သူ့ကိုကျောခိုင်းပြီး အခန်းတံခါးကို ဖွင့်ထွက်ခဲ့တော့ ညည်ခန်းထဲမှ အုပ်စုက မသက်သာသည့်မျက်လုံး များနှင့် ဝိုင်းကြည့်နေကြသည်။

''ဘာပုံကြီးလဲ''

ဝီတာ့ပါးစပ်မှ ထိုသို့ ထွက်သွားပေမယ့် မျက်လုံးများက ကျွတ်ကျတော့မတတ်။

ဘောင်းဘီတိုနှင့် ကြိုးလက်တစ်လုံးအင်္ကျီလေးနှင့် မဟုတ် ပါလား။

ပန်းအိ ... ကိုယ့်အခန်းထဲသို့ဝင်သွားပြီး အခန်းတံခါးကို သေသေချာချာ ပိတ်လိုက်ပါသည်။

ထွေးနှနှင့်စပယ်၏ ရှေ့မှာ ချုံးချုံးကျအောင် ငိုဖို ... သူမလည်း မတတ်နိုင်ခဲ့ပါချေ။

* * *



မနက် ပန်းအိ ခြံထဲမှာ ရေဖျန်းနေခိုက် ဝီတာ သူမအနီး ရောက်လာခဲ့သည်။ ယခုအချိန်မှာ သူမ ... မည်သူ့ကိုမျှ ကြောက်တော့။ အကြောက်တရားတွေများခဲ့လို့ အကြောက်ပြီး ားပြီ ထင်ပါသည်။

အိမ်ကြီးရှင်၊ ဂုဏ်မြင့်သူတွေဟာ အိမ်ဖော်မလေးတွေကို ည့်စားတတ်ကြတယ်။ ကစားတတ်ကြတယ်။ ညကပဲ ကြည့် ပြီး။

ပေါ်ပေါ်ရော်ရော်အဝတ်တွေ ဝတ်ခိုင်းပြီး ငါ့ကိုကစားတယ် ပေမယ့် ... ဦးခက်ထန်ဟာ ငါတို့ကိုကယ်တင်ပြီး အစစအရာ အဆင်ပြေအောင် ကူညီပေးခဲ့သူပါ။ သူကလွဲရင် ကျန်တဲ့ ယောက်ျားတွေတော့ ပြန်ချဲပစ်လိုက်မယ်။ သူကတော့ ငါ့ကို ယ်တော့မှ နစ်နာအောင်လုပ်မှာ မဟုတ်ပါဘူးလေ။

''တို့ ပန်းအိလေးလည်း အလုပ်တွေလုပ်ရလှချည်လား။ ယက်သာဘူးနော်''

ပန်းအိ ... ဝိတာကို ဘာမှပြန်မပြော။ ကိုယ့်အလုပ်
ကိုယ်ဆက်လုပ်နေလိုက်သည်။ သူ့ကိုလှည့်တောင်မကြည့်။

"ညဘက်လည်း အလုပ်လုပ်ရ၊ နေ့ဘက်လည်း အ
လုပ်ရ၊ ဘာအခွင့်အရေးမှ မရှိဘဲနဲ့ ဘာဖြစ်လို့ ဒီမှာကပ်
တာလဲ"

"ရှင် ... ဘာစကားပြောတာလဲ၊ ညှိုသည် ...
သည်လို ... "

"ဟ ... စကားပြောတာ ရင့်လှချည်လား၊
စင်ပေါ်က လှူထင်တယ်"

ဝိတာနှင့်ပြိုင်ပြီး စကားတွေများ၊ ရန်ဖြစ်မနေချင်သ
ပန်းအိ တစ်ဖက်မြက်ခင်းသို့သွားပြီး ရေဖျန်းနေလိုက်သည်
တာကလည်း နောက်မှလိုက်တာပါပဲ။ အပေါ်ထပ်မှ ခက်
လှမ်းကြည့်နေတာ မည်သူမျှ မြင်ပုံမရ။

ဝိတာ ... ပန်းအိကိုလိုက်ရစ်နေလေသည်။

"မင်းက ခက်ထန်ကျတော့ သေဆိုသေ၊ ရှင်ဆိုရှင်၊
တာ ဘယ်သူမှ လှူမထင်ဘူးလား။ မင်း ... ဘာဆိုတာ
ထက်နိုင် ပြောပြီးသား"

"ရှင့်ပထွေးကို ထည့်ထည့်ပြောမနေနဲ့၊ အလကား

"ဘာ ... မင်းစကားပြောတာ ရိုင်းလှချည်လား။
ကားလှချည်လား။ ကိုယ့်ကိုယ်ကို ဘာမှတ်နေလဲ၊ သူများအိ
အိမ်ဖော်မကများ၊"





"ရှင့်ကိုကျွန်မ လာပြီး မစော်ကားဘူး။ ရှင်သာ အရှက်
ကျွန်မကို လိုက်နှောင့်ယှက်နေတာ"

"တောက် ... လူပါးဝလိုက်တာ၊ ဝိတာကို ဘာမှတ်နေ
"

"ဘာမှ ... မမှတ်ဘူး။ ရှင် ... သွားတော့"

ပန်းအိ ... ကိုယ့်ကိုယ်ကို ရိုင်းမှန်းသိပါသည်။ အိမ်ရှင်
ညှိုသည်တွေကို ဒီလိုပြောရင် ဘာဖြစ်မလဲ။ စိတ်ဆိုးပြီး
လုပ်ဖြုတ်ပစ်လည်း အေးတာပဲ။

ဒီလောက် ဒုက္ခတွေများနေသည့်နောက် ... ရွာပြန်ပြီး
ဖော့ထန်းတဲမှာ မြူအိုး ကောက်တာပဲ ကောင်းပါဦးမည်။ အဲဒီ
လူဆင်းရဲပေမယ့် စိတ်တော့ လုံခြုံမှုရမည်။ ဦးဖြိုးတင့်ကြီး
က်မှလွတ်အောင် သူငယ်ချင်းအိမ်၊ အရီးအေးဘုံတို့အိမ် သွား
းအိပ်မည်။

သည်မှာ လူတွေကို အပျက်မဟုတ်ဘဲ ... အပျက်ကို
ဘောထားချင်နေကြတာ၊ အပြောခံနေရတာ၊ စိတ်ဆင်းရဲ
ယ်ဆင်းရဲဖြစ်နေရတာ ... သည်းမခံနိုင်တော့။

"ဟင် ... မင်း ... မင်းကများ ငါ့ကို ... တောက်"

ဝိတာ စိတ်အရမ်းဆိုးပြီး ပန်းအိကိုဆွဲလား၊ လွဲလားလုပ်
င် ပန်းအိကလည်း အနားမှာရှိသည့် သစ်သားချောင်းနှင့်
ာက်ရိုက်ထည့်လိုက်သည်။

"အား ... "

ထင်မထားသည့်မို့ ဝိတာ ... ချိုစောင်းကွဲသွား
ဒေါသတွေ ခြသေ့ကြီးလောက် ထွက်နေလျှင် ပန်းအိ ...
ပိုက်ကို လွှတ်ချခဲ့ပြီး အိမ်ဘက်သို့ ပြန်လှည့်ပြေးတော့သည်။

"ဘုတ် ... အင့် ..."

သူမ ကာစ်ႇ တစ်ယောက်နှင့် ဝင်တိုက်မိသည်ကြော
အလန့်တကြား ဟေ့ကြည့်ရာ ... ဦးခက်ထန် ဖြစ်နေ
သည်။ ပန်းအိ လိပ်ပြာလွင့်မတတ် ကြောက်ရွံ့တုန်လှုပ်
သည်။ သူယောက်ဖလောင်းကို ကိုယ်ရိုက်ပစ်ခဲ့မိပြီ မဟုတ်
လား။

ဝိဟာ့အော်သံကြောင့် အိမ်ပေါ်မှ ရှိသရွေ့လူများ
အပြေးဆင်းလာကြပေပြီ။ ပန်းအိ ... ရိုက်တုန်းက ရိုက်
ယခုမှ ဘယ်ပြေးရမှန်းမသိ ဖြစ်နေတော့သည်။

ဝိတာ့အနားသို့ မျက်ခြယ်နှင့်ဒေါ်ခင်ငြိမ်းအိ ပြေးသွား
ပြီး ပန်းအိ အနားမှာတော့ ခက်ထန်နှင့်မြတ်ထန်။

"ဘာဖြစ်တာလဲ ... ကောင်မက လူပါးဝလို့ ငါ့
ကို"

မျက်ခြယ် ဒေါသူပုန်တွေ ထပြီး ... ပန်းအိကို ရိုက်
ပြေးလာလျှင် ခက်ထန် ... ပန်းအိကို သူ့နောက်သို့ ပို့လိုက်
ပန်းအိရှေ့မှာ ခက်ထန်။

"ဩ ... ရှင်တို့က ဒီလိုကိုး။ ကျွန်မကိုခေါ်ပြီး အရှက်
ကြတာပေါ့လေ၊ ဒေါ်ဒေါ်ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့





အိမ်ဖော်မနဲ့တော့ပြိုင်ပြီး သူ့ကိုမလှုပါရ နဲ့"

ဒေါ်ခင်ငြိမ်းအိမှာ မျက်ခြယ်ကို ပြောရမှာသလဲ တောင်းပန်
ရသည်။

မြတ်ထန်လည်း သူတို့ ပသည့် ဆရာဝန်ကို အိမ်လှမ်း
ပင့်ရသည်။

"မျက်ခြယ်ရေယ် ... အဒေါ်ရှင်းပြပါရစေ၊ သားက လူ
ဘန်းစားမခွဲဆက်ဆံတော့ ကောင်မလေးတွေ ကန်းတက်နေတာ
ပါ၊ အိမ်ဖော်နဲ့ ဖြစ်လောက်အောင်တော့ သားမမိုက်ပါဘူး"

"ဒါပေမယ့် ကိုခက်ထန်ကောင်မက အားကိုးရှိလို့ ဝိတာ့
ကို ရိုက်ရဲတာပေါ့၊ သူ ကိုခက်ထန်ကို ဘယ်လောက်ပိုင်နေသလဲ
မှ မသိတာ၊ ကျွန်မတို့မောင်နှမကို ပြန်ခွင့်ပြုပါတော့"

ဒေါ်ခင်ငြိမ်းအိမှာသာ တစ်ယောက်တည်း ... တတွတ်
တွတ်နှင့် တောင်းပန်နေရသည်။ ခက်ထန်နှင့်ပန်းအိကတော့
ဘာမှကို ရှင်းပြမနေချေ။

ဝိတာနှင့်မျက်ခြယ်မှာလည်း အခံရခက်ကာ ဆွေ့ဆွေ့ခုန်
တော့မတတ်။

"ငါ့မောင်က ဘာလုပ်လို့ နင်က ရိုက်ရတာလဲ၊ ငါတို့ကို
ဘာအောက်မေ့နေလဲ၊ သတ္တိရှိလို့ တစ်ယောက်တည်းနိုင်ငံခြား
ထွက်အလုပ်လုပ်နေတာ၊ ဒီကျမှ အကျောမခံနိုင်ဘူး"

မျက်ခြယ် စိန်ခေါ်နေသလို ဝိတာကလည်း သူ့အပြစ်မရှိ
ကြောင်း ထုချေ၏။

''ကျွန်တော်က စောစောနီးတာနဲ့ ခြံထဲလျှောက်ကြည့်ရင်း သူရေလောင်းတဲ့အနား စကားသွားပြောမိတာပါ''

''ဘာစကားပြောလို့ ရိုက်ပစ်ရတာလဲ၊ ရည်စားစကား သွားပြောလို့လား''

''ကြိုကြိုဖန်ဖန် ကိုမြတ်ထန်ရယ် ... ကျွန်တော်က ကျော်ထက်ခိုင်နဲ့သိတယ်လို့ ပြောရုံလေးနဲ့ရိုက်တာ''

ပန်းအိ ... ငြိမ်မနေနိုင်တော့ပါ။ ဘယ်သူတွေ ဘယ်လို ထင်ထင် ကျိုးလန့်စာ စားနေရသည့်ဘဝကြီးကိုလည်း မုန်းကျော် လှပါပြီ။ သူမ ... တဒင်္ဂရှူးသွပ်သွားသည်မို့ ဆင်ခြင်တုံတရား တွေလည်း မေ့ကုန်၏။

သူမ အော်ဟစ်ငိုယိုရင်း ရန်တွေ့ပစ်လိုက်သည်။

''သူက ကျော်ထက်ခိုင်ပြောလို့ မင်းဘာဆိုတာသိပြီးသား ဆိုပြီး ... အပျက်တစ်ယောက်လိုမျိုးလာပြီး စော်စော်ကားကား တွေပြောခဲ့တယ်၊ ဦးခက်ထန် ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မကို ပြန်ခွင့်ပြုပါတော့၊ ဒီ ... မြို့ပြကလူတွေရဲ့ မစာမနာစိတ်တွေ အနိုင်ကျင့်ချင်တဲ့စိတ်တွေ၊ စော်ကားဖျက်ဆီးချင်တဲ့စိတ်တွေကို ကျွန်မ ရွံမုန်းလှပါပြီ၊ ကျွန်မဘာသာ တောပြန်ပြီး ထန်းလျက် ချက်မယ်၊ မြူအိုးကောက်မယ်၊ ဆင်းရဲစမ်းပါစေ၊ ဘယ်လောက်ပဲ ဆင်းရဲ ... ဆင်းရဲ ကျွန်မ ... ထနောင်းရိပ်၊ ထန်းရိပ် အမေ့ရဲ့အရိပ်မှာ သီချင်းတွေအော်ဆိုရင်း ဘဝကို ကြမ်းတမ်း လွတ်လပ်စွာပဲ ဖြတ်သန်းတော့မယ်၊ ကျွန်မ ဦးခက်ထန်ရဲ့ကျေးဇူး





တွေကို မမေ့ပါဘူး။ ဒါပေမယ့် ကျွန်မကို ခွင့်လွှတ်လိုက်ပါတော့''

ပန်းအိ ... ချာခနဲ နောက်လှည့်ပြီး သူ့အခန်းလေးဆီ ပြန်ပြေးသွားတော့ သူတို့အားလုံး ရပ်ကြည့်ကျန်နေခဲ့ရသည်။

ဝိတာ ဘာပြောလိုက်သည်။ သူမ ဘာတွေခံစားနေရသည် ဆိုတာ အားလုံးသိသွားပြီမို့ သူတို့ ပန်းအိကို အပြစ်မတင်နိုင် တော့ချေ။

ခက်ထန် ... သူတို့အားလုံးကိုထားခဲ့ပြီး ဧည့်ခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ တစ်ခုသော ဆိုဖာပေါ်မှာ သူ့အသွင်က ခြေပစ်၊ လက်ပစ်။ သူ ဘာမှမပြောချင်တော့။

ပန်းအိလေး ... တော်တော်နာကျည်းနေသည်ပဲ။ အေး လေ ဖြူစင်ရိုးသားတဲ့ သိုးကလေးကိုမှ ဘဝရဲ့ ရိုက်ချက်က ကြမ်းတမ်းစုတ်ပြတ်လိုက်တာ။

မိုးခွေနှင့် ကျော်ထက်ခိုင်ရဲ့ ရိုက်ချက်ကြောင့် ထိတ်လန့် တုန်လှုပ်နေရသည့် ကောင်မလေး။ ဒါဟာ အကာအကွယ်မရှိ လို့ ဖြစ်ရတာပဲ။ အကာအကွယ်ကောင်းကောင်းရှိလျှင် ဘယ်သူ ကစော်ကားရဲမှာလဲ။

ဝိတာ၊ မျက်ခြယ်နှင့်ဒေါ်ခင်ငြိမ်းအိပါ အိမ်ထဲသို့ဝင်လာ ပြီး ဧည့်ခန်းထဲတွင် ဘာစကားမျှမဆိုဘဲ ခပ်ငူငူထိုင်နေဖြစ်ကြ သည်။

သည်အထဲ မျက်ခြယ်၏မျက်ဝန်းများကတော့ မကျေမနပ် မှုများနှင့် စိမ်းဖန့်လျှက်။ အိမ်ဖော်လောက်တောင် သူမတို့က ပါဝါမရှိတော့ဘူးလား။

သည်စဉ် … ပန်းအိ သူမလာစဉ်ကအတိုင်း အကျီအနက်ကွက်ရင်စေ့၊ လုံချည်က ချည်ထည်ပန်းရောင်လေးနှင့် အိတ်သေးသေးလေးဆွဲ၍ ထွက်လာခဲ့လျှင် ထွေးနုနှင့်စပယ်လည်း နောက်မှ အထုပ်လေးတွေဆွဲပြီး တန်းစီလိုက်လာခဲ့လေသည်။

ခက်ထန် ဘာစကားမှမဆိုတော့ဘဲ သူတို့ကို ငေးကြည့်နေလျှင် (၃)ယောက်သား ခက်ထန်၏ ရှေ့မှာ ကျ…ချုံလေးတွေ ထိုင်ပြီး ကန်တော့ကြလေသည်။

သူမတို့၏မျက်ဝန်းမှာ မျက်ရည်တွေနှင့် ပန်းအိကတော့ အားလုံးထဲက … ကျဖြစ်သည်။ သူမ၏မျက်ရည်တွေက တာ… …နယ်။

ထွေးနုက (၃)ယောက်လုံး၏ကိုယ်စား ကျေးဇူးတင်စကား ပြောခဲ့သည်။

"ကျွန်မတို့ကို ကျဉ်းထဲ…ပ်ဆဲကနေ ဆွဲထုတ်ကယ်တင်ခဲ့တဲ့အတွက် ဦးခက်ထန်ရဲ့ ကျေးဇူးကို အတိုင်းအဆမရှိ ရင်ထဲမှာ မှတ်သားထားပါတယ်၊ ဒါပေမယ့် ကမ္ဘာကြီးက ကျဉ်းတော့ အဲဒီအရိပ်ကနေ ကျွန်မတို့ မလွတ်နိုင်ကြဘူး။ အခု … ကျွန်မတို့ အဲဒီအရိပ်ကလွတ်အောင် ရွာပြန်ကြတော့မယ်"

"ပြသ…ကြ… တစ်ယောက်တည်းပဲ၊ မင်းတို့နှစ်ယောက်က ဘာ…ဖြစ်လို့ လိုက်ပြန်ရတာလဲ"

ခြတ်ထန် မေးလိုက်လျှင် ထွေးနုနှင့်စပယ်က အေးအေးစွာပင် ဖြေခဲ့သ…။

"ကျွန်မတို့ (၃)ယောက်က တစ်နယ်ထဲသားတွေပါ၊ ခုကွ





ကို အတူမျှဝေခံစားခဲ့ကြပြီးပြီမို့ ညီအစ်မတွေလို အေးအတူပူအမျှနေကြမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"အခုလို … တစ်ပြိုင်တည်း(၃)ယောက်လုံး အလုပ်ထွက်သွားတော့ အိမ်ရှင်တွေ ကသိကအောက်ဖြစ်မှာ မစိုးရိမ်ဘူးလား။ မင်းတို့ပဲ ငါ့သားကို ကျေးဇူးတင်တယ်ဆို"

"ဦးခက်ထန်က သူဌေးပါ အဒေါ်၊ ကျွန်မတို့မရှိလည်း သူ့မှာငွေရှိတယ်၊ အဆက်အသွယ်တွေရှိပါတယ်၊ ထမင်းဟင်းကိုပေါ်တယ်မှာ သွားစားနိုင်သလို၊ အလုပ်သမားဆိုလည်း လိုသလောက်ချက်ချင်းရနိုင်ပါတယ်၊ ကဲ … အားလုံး…ဲ ခွင့်ပြုပါဦးရှင်၊ ကျွန်မတို့မှာ ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်ပါလို့ တောင်းပန်ခဲ့ပါတယ်"

(၃)ယောက်လုံး အထုပ်လေးတွေကိုယ်စီနှင့် အိမ်ထဲမှ တန်းစီပြီး ထွက်ခွာနေကြလျှင် မျက်ခြယ်နှင့်ဗိုတာမှလွဲပြီး ခက်ထန်တို့ (၃)ယောက်လုံး ခံစားနေကြရပါသည်။

တောသူမလေး (၃)ယောက်။ ဘ…ဝက မပြောင်နိုင်ဖြူလိုက်တာ။ အဖြစ်မှန်တွေလည်း သ…တို့သိပြီးသ…ါ၊

ဆိုဖာပေါ်မှာ ပုံပျက်ပန်းပျက်…ထိုင်…နေ…ည့် ခက်ထန် နေရာမှ ဆတ်ခနဲ ရပ်လိုက်ပြီး စားပွဲပေါ်တင်…ား…သည့် ကားသော့ကိုလှမ်းယူလိုက်သည်။

"ဘယ်လဲ … သား"

"သူတို့ကို လိုက်ပို့မလို့၊ သူ…တို့ဘေးကင်း။ ရန်ကင်းနဲ့ ရွာပြန်ရောက်ဖို့ ကျွန်တော့်မှာ တာဝန်ရှိသလို ခံယူ…ားတယ်"

"အို ... သား ရွာထိအောင် လိုက်ပို့မှာ ဟုတ်လား"

"ဟုတ်တယ် ... အစ်ကိုမြတ်ထန်အမေနဲ့ ညီ့သည်တွေကို ဂရုစိုက်လိုက်ပါ၊ စားရေး သောက်ရေးလည်း ဝယ်ခြမ်းကျွေးလိုက်ပါ"

ခက်ထန် ... မည်သူ့ကိုမျှ အရေးမစိုက်အား။ မျက်ခြယ်သည် သူ့အတွက် ဘယ်လောက်မှ အရေးမပါ။

ကားနှင့်နောက်မှ လိုက်သွားသောအခါ ခက်ထန် ပန်းအိတို့အုပ်စုကို လမ်းမှာတွေ့လိုက်ရသည်။ သူ့ကားကို သူမတို့အနားမှာ ကပ်ရပ်လိုက်ပါ၏။

"တက် ... ငါ လိုက်ပို့ပေးမယ်"

"ရပါတယ် ... ကျွန်မတို့ ကိုယ့်ဘာသာပြန်ကြမယ်"

"တက်ဆိုတက် ..."

ခက်ထန် အော်ပစ်လိုက်မှ ကောင်မလေး(၃)ယောက် ကားပေါ်ရောက်လာကြသည်။ ခက်ထန် ကားမောင်းထွက်လိုက်သည်။ ကောင်မလေး(၃)ယောက်လုံး မျက်နှာတွေ ပျက်နေကြလျှက်။

ယခုမှ မိုးလင်းခါစမို့ သူတို့အားလုံး ဘာမှမစားမသောက်ကြရသေးပါ။ ခက်ထန် ... ခေါင်းတွေပူထူနေအောင် စဉ်းစားလာမိသည်။ ငါ ... ဘာဆက်လုပ်ရမှာလဲ။ ကောင်မလေး(၃)ယောက်ကို ပြန်လွှတ်မှာလား။ ငါ ... ပန်းအိကို ခွဲနိုင်သလား။

မျက်ခြယ်ကိုတော့ သူလုံးဝ လက်မထပ်နိုင်။ အမေ့ကိုလည်း အားမနာနိုင်ပါ။ ခြေရာချင်းတူလို့ ပြန်တိုင်းတာမဟုတ်ပေမယ့် အမေရော၊ သူပါ လူရွေးမှားမှာကို စိုးရိမ်မိပါသည်။





မျက်ခြယ်ကိုရွေးမိလို့ကတော့ သူ့ဘဝတစ်သက်တာလုံး မျောထွက်သွားလိမ့်မည်။

သူ့ဦးနှောက်တွေ ပူထူနေသည်မို့ လောလောဆယ် ဘာတွေဆုံးဖြတ်ရမှန်းမသိ။ လောလောဆယ် အစားတစ်ခုခုစားလိုက်တာပဲ ကောင်းမည်။ သူ မြင်နေရသည့် သပ်သပ်ရပ်ရပ်ရှိသည့် စားသောက်ဆိုင်ရှေ့မှာ ကားရပ်လိုက်သည်။

"တစ်ခုခုစားကြရအောင် ..."

"အဝေးပြေးဂိတ်ကျ စားမယ်လေ၊ ကျွန်မတို့ လိုင်းကားမမီဘဲ ဒီမှာ သောင်တင်နေဦးမယ်"

"ငါ ... ရွာအထိ လိုက်ပို့မယ် မပူနဲ့"

"တကယ်လား ... ဒါဆိုလည်း ကောင်းတာပေါ့လေ"

(၄)ယောက်သား ဆိုင်ထဲသို့ဝင်လိုက်ကြပြီး စားပွဲတစ်ခုမှာ ထိုင်လိုက်ကြသည်။ နောက် ... ကိုယ်စားချင်ရာကိုမှာကြတော့ ပန်းအိတို့ (၃)ယောက်က မုန့်ဟင်းခါး။ ခက်ထန်ကတော့ ကော်ဖီနှင့်ပဲပလာတာ။

စားသောက်ပြီးကြတော့ ဆိုင်ထဲမှမထွက်သေးဘဲ ခက်ထန် သူမတို့၏ သဘောထားကို မေးမြန်းကြည့်လိုက်သည်။

"မင်းတို့ ရန်ကုန်ကိုလာတဲ့ ရည်ရွယ်ချက်က ဘာလဲ"

"အလုပ်လုပ်ပြီး ငွေစုမလို့ပေါ့၊ တစ်သက်လုံးတော့ သူများရပ်ရွာမှာ အလုပ်မလုပ်ပါဘူး၊ ငွေစုမိရင် ရွာပြန်ပြီး နွားဝယ်၊ ကိုင်းဝယ် မိဘတွေနဲ့ လုပ်ကိုင်စားကြမယ်ပေါ့"

"ဒါဖြင့် ဘာဖြစ်လို့ အခုပြန်ချင်ကြတာလဲ"

သည့်တစ်ခါ စပယ်က စိတ်မကောင်းစွာဝင်ဖြေသည်။

"ဦးခက်ထန်အိမ်မှာနေရတာ အဆင်ပြေပါတယ်၊ ဒါပေမယ့် ပန်းအိခမျာ ရုပ်ကချောတော့ အခက်အခဲတွေပိုပြီးဖြစ်နေရရှာတယ်၊ ကျွန်မတို့က သွေးသောက်ညီအစ်မတွေဆိုတော့ ဆင်းရဲအတူ၊ ချမ်းသာအတူပဲ"

"ကောင်းပြီ ... ဒါကို ငါအဆင်ပြေတဲ့ အလုပ်တစ်ခုရှာပေးမယ်ဆိုရင် မင်းတို့(၃)ယောက် မပြန်တော့ဘူးမလား"

(၃)ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် တိုင်ပင်သလို ကြည့်ကြသည်။ ပြီးမှ ပြိုင်တူလိုလိုဖြေကြသည်။

"ဟုတ်ကဲ့"

"ကဲ ... ဒါဆို လောလောဆယ် ငါ့မှာမရောင်းရသေးတဲ့ တိုက်ခန်းတစ်ခန်းရှိသေးတယ်၊ အဲဒီတိုက်ခန်းက မြေညီထပ်လည်းဖြစ်တယ်၊ ဈေးနီး၊ ကျောင်းနီးတဲ့ လမ်းမှာမို့ ဆိုင်တစ်ခုခုဖွင့်လို့ရတယ်၊ မင်းတို့ မုန့်လုပ်... မုန့်ဆိုင်ဖွင့်မလား။ စတိုးဆိုင်... ဖွင့်လည်းရတယ်"

(၃)ယောက်သား မယုံနိုင်သလို အကြည့်များဖြင့် ခက်ထန်ကို အံ့သြတကြီး ကြည့်နေပါကြသည်။ ခက်ထန် သူမတို့ကို မျက်မှောင်ကျုံ့ကြည့်လိုက်၏။

"ဘာလဲ ... ဘာကြည့်ကြတာလဲ"

"မယုံနိုင်စရာကြီးမို့ပါ၊ ဦးခက်ထန် ကျွန်မတို့အပေါ် ဘာလို့ ဒီလောက်ကောင်းတာလဲ၊ အဖြေက ဘာလဲ"

"အဖြေက ငါ ပန်းအိကို သံယောဇဉ်ရှိလို့ပဲ၊ မင်းတို့နှစ်





ယောက်ကိုလည်း စေတနာရှိပါတယ်၊ ငါ့တိုက်ခန်းမှာ မင်းတို့နေ၊ ငါ ... မုန့်နဲ့ရောင်းကောင်းမယ့်ပစ္စည်းလေးတွေ တင်ပေးမယ်၊ စတိုးဆိုင်မျိုးပေါ့"

"ကျွန်မတို့ နားမလည်ဘူး။ ကျွန်မတို့ ဘာလုပ်ရမှာလဲ"

"လစာသဘောမျိုး ယူချင်လည်းယူ၊ တကယ်ကျ ငါက မင်းတို့ကို ကြီးပွားအောင်ပံ့ပိုးပေးချင်ပါ... ကစ်လတစ်ခါ ရတဲ့ အမြတ်ကို (၃)ယောက်ခွဲယူစေချင်တာ၊ ငါက အရင်းအနှီးထောင်ပေးမယ်၊ အမြတ်ကို တစ်လတစ်ခါရှင်း"

"ဦးခက်ထန်ပြောတာလည်း ကောင်းပါတယ်၊ ကျွန်မတို့က လစာသဘောမျိုးကိုကြိုက်တယ်၊ တာဝန်အေးတာပေါ့နော်"

ထွေးနုနှင့်စပယ်က လစာသဘောမျိုးယူချင်ပြီး ပန်းအိကတော့ ဘာမှကို ဝင်မဆွေးနွေးချေ။ မျက်ရည်နီးဝဲသော မျက်ဝန်းများဖြင့်သာ အဝေးသို့ ငေးနေခဲ့သည်။

"ပန်းအိ သဘောရော ... ပြောလေ"

"ဦးခက်ထန် ကျွန်မတို့အတွက် ...ပေးတာမို့ ... ...ဆုံးလုပ်ပါ့မယ်"

"ဒါကိုပြောတာမဟုတ်ပါဘူး၊ မင်းရော လစာကြိုက်လား။ ...လတစ်ခါ အမြတ်ကို ခွဲယူမလား"

"ထွေးနုနဲ့စပယ်ရဲ့ သဘောထားကို ကျွန်မလိုက်နာပါ့မယ်"

"ပြီးရော ... မိန်းကလေး(၃)ယောက်တည်းရော နေရဲ့...လား"

"နေရဲပါတယ် ... ကျွန်မတို့ (၃)ယောက်လုံးပျော်ရှင်ဖွယောင်း မာရင်သံချောင်းပဲ၊ အထူးသဖြင့် မိုးခွေ၊ ကျော်ထက်နိုင်နဲ့ပီတာတို့လိုမျိုး ယောကျ်ားတွေအတွက် ကျွန်မတို့အနားမှာ သံတုတ်တွေဆောင်ထားမယ်" .

"ကောင်းတယ် ... ဒါပေမယ့် နေရာတကာ အကဲမဆတ်နဲ့ ကိုယ်ကချေးရောင်းမှာ၊ ကိုယ့်ရဲ့ကာယက္ကမ္ဗေကို မထိပါးသရွေ့သည်းခံ ... "

"သိပါတယ် ... ကိုယ်ကိုစော်ကား မော်ကားလာမှ တီးပစ်လိုက်မှာပါ"

"ကဲ ... ဒါဆိုလည်း သွားကြစို့၊ ဒီနေ့ပဲ အစီအစဉ်တွေဆောင်ရွက်ကြရအောင်၊ ဆိုင်ဖွင့်မှာဆိုတော့ လိုအပ်တာတွေ ဝယ်ကြရအောင်"

"အိုကေ ... "

(၄)ယောက်သား ကားပေါ်သို့ပြန်တက်ကြပြီး ခက်ထန်ရှိသည့်တိုက်ခန်းသို့ လိုက်ပါသွားကြသည်။ လှည်းတန်းမှာရှိပြီး ကျောင်းနီး၊ ဈေးနီးသည့် နေရာလေးမို့ နေရာကောင်းလေးပါပေ။

တိုက်ခန်းထဲမှာ ပရိဘောဂတွေ၊ ဘာတွေတော့ မရှိသေး။

"ကဲ ... မင်းတို့က သန့်ရှင်းရေးလုပ်ထား၊ ငါ့အလုပ်သမားတွေနဲ့လိုအပ်တာ ဝယ်လာခဲ့မယ်၊ နောက် ... ဆိုင်ဖွင့်ဖို့အတွက် ဆိုင်ကြီးတစ်ခုနဲ့ဆက်သွယ်ပြီး လာပို့နိုင်းလိုက်မယ် မနက်စာအတွက် ခေါက်ဆွဲကြော်ဝယ်လာခဲ့မယ်၊ ညစာကျမှချက်စား"





"ဟုတ်ကဲ့"

(၃)ယောက်သား တိုက်ခန်းသန့်ရှင်းရေး လုပ်ကြသည်။ ...ိုက်ခန်းက ကျယ်တော့ အကျယ်သား။ အိပ်ခန်း(၂)ခန်း။ ညေ့ခန်း။ ဘုရားခန်း။ မီးဖိုခန်းတွေပါသည်။ နောက် ... တိုက်ခန်း ...ျက်နှာစာမှာ ဆိုင်ဖွင့်လို့ရမည်။

နှစ်နာရီမျှကြာလျှင် ကားကြီးနှစ်စီးနှင့် ပရိဘောဂများ ...ရောက်လာခဲ့ရာ ပန်းအိတို့(၃)ယောက်မှာ အံ့အံ့သြသြ။ ဦးခက် ...ထန် ရက်ရောလှချည်လား။ ငါတို့တော့ ကြွေးတွေ ပိနေတော့ ...မှာပဲ။

ညေ့ခန်းမှာ ဆက်တီ၊ အိပ်ခန်းများအတွက် ခုတင်များ။ ...ဆိုင်ထွက်ဖို့အတွက် ရှိုးကေ့စ်များအပြင် တီဗွီ၊ အီးဗီဒီနှင့် ချက် ...ပြုတ်စားသောက်ရန် ဂတ်(စ)မီးဖိုနှစ်လုံး။ အိုး၊ ခွက်၊ ပန်းကန်များ ...ပါ စုံနေအောင် ဝယ်လာခဲ့ရာ တွေးနေနှင့်စပယ်မှာ နားမလည် ...နိုင်ဖြစ်နေ၏။

ပန်းအိလည်း မတွေးတတ်ပါ။ ဘာသဘောတွေလဲ။ သို့ ...သော် ဦးခက်ထန်ကို သူမ ဘယ်တော့မှ မကောင်းမြင်ကြည့်လို့ ...မရပါ။

ပြုံးတိပြုံးကြောင်လေးတွေနှင့် ကြည့်နေသည့် ပန်းအိတို့ ...(၃)ယောက်ကို ခက်ထန် မဖြေရှင်းအား။

ပစ္စည်းများကိုသာ နေရာချနေလေ၏။ ၁၀–နာရီထိုး ...လောက်ရှိလျှင် အားလုံးပြီးစီးသွားလေ၏။ ဦးခက်ထန်သာ ရှိ ...နေတော့ပြီး သူ့အလုပ်သမားများမှာ ပြန်သွားကြလေပြီ။

"ဆာပြီကွာ ... လာ ... ပန်းအိတို့ နှစ်ယောက် ခေါက်ဆွဲကြော်တို့ ဘာတို့သွားဝယ်ရအောင်၊ ကားမယူတော့ဘူး။ လမ်းလျှောက်သွားလိုက်မယ်"

"အို ... ဦးခက်ထန် အရမ်းပင်ပန်းနေပြီ၊ ကျွန်မတို့သွားဝယ်လိုက်မယ်"

ထွေးနုဇော်စကားကို ငြင်းပယ်ပြီး ခက်ထန် ပန်းအိလက်ကိုဆွဲခါ ဈေးဘက်သို့ ထွက်ခဲ့သည်။ လမ်းမကြီးက လူသိပ်မရှုပ်ပေမယ့် ကားတွေကတော့ ခပ်ရှုပ်ရှုပ်။

သူ ... ပန်းအိ ပုခုံးလေးကိုဖက်ခါ လမ်းလျှောက်လာခဲ့သည်။

ခက်ထန်အသွင်က ဘောင်းဘီရေနံရောင်နှင့် စပို့ရှပ်ရွှေကလက်ရောင်။ လူငယ်စတိုင် ပေါ့ပေါ့ပါးပါး။

ပန်းအိကတော့ ချည်ထည် ပိတ်ကပ်ရောင်အစင်းဝတ်စုံလေးနှင့် ချစ်စဖွယ်။

သူမကို ငုံ့တကြည့်ကြည့်နှင့် စကားတွေပြောလာခဲ့စဉ်ကားတစ်စီး သူမတို့အနားသို့ အတင်းတိုးတိုက်လာခဲ့ရာ ...

"အား ... "

ခက်ထန် ပန်းအိကို တွန်းပစ်လိုက်ပြီး သူလည်းခုန်ရှောင်လိုက်ရာ မျက်လုံးထဲ မှောင်အတိကျသွားပြီး ပလက်ဖောင်းပေါ်သို့ လဲကျသွားတော့သည်။

* * *



ခက်ထန် သတိရတော့ ဆေးရုံရောက်နေပြီး ... သူ့အနားပန်းအိတို့(၃)ယောက်နှင့် ဒေါ်ခင်ငြိမ်းအိတို့ အုပ်စုကို တွေ့ရသည်။

"ပန်းအိ ... ပန်းအိ ဘာမှမဖြစ်ဘူးနော်"

"ဟုတ်ကဲ့ ... ဦးခက်ထန် တွန်းလိုက်လို့ ဘာမှမဖြစ်ပါ"

"ကိုယ်ရော ဘာဖြစ်သွားလဲ ... အား ... ခြေထောက်လေးလိုက်တာကွာ၊ တိုက်တဲ့ကားရော မိလား"

"မိတယ် ... ကျော်ထက်နိုင်ရဲ့ကားလေ၊ အခု သူ့ကိုဖမ်းထားတယ်"

"အား ... ခေါင်းထဲက မူးလိုက်တာ၊ ငါ့ခေါင်းကွဲသွားလားဟင်"

ပန်းအိမျှာ ဦးခက်ထန် လက်ကိုဆွဲထားသဖြင့် အနားမှ

မဆွာရပါချေ။' ဒေါ်ခင်ငြိမ်းအိနှင့် မြတ်ထန်ကို အားနာ၊ မျက်နှ
ပူပေမယ့် သူမမှာ လူနာရှင်ဖြစ်နေရတော့သည်။

သူ သတိလစ်နေတုန်းက ငိုလိုက်ရတာ။ ယခုထိ အ
မှာ မျက်ရည်မခမ်းသေး။ မျက်နှာလှလှဝင်းဝင်းလေးမှာ ငိုထ
သဖြင့် ပန်းရောင်သန်းကာ သနားစဖွယ်။ ခက်ထန် ... သိ
သည်။ သူ့အတွက် သူမ ဘယ်လောက်ခံစားနေရသည်ဆိုတ

"ခေါင်းတော့မကွဲပါဘူးရှင်၊ ခြေထောက်တော့ ...

ပန်းအိ အသံလေးနစ်သွားလျှင် မြတ်ထန် ပြာပြာသ
ရှင်းချက်ထုတ်၏။

"ခြေထောက်က တစ်ဖက်ကြေသွားတယ်၊ ကားကြိ
တာ၊ ဒူးကဖြတ်ရမယ်ထင်တယ်ဗျ"

"အို ... "

မျက်ခြယ်ထံမှ အလန့်တကြားသံထွက်လာပြီး မျက်
နှာတွေ ပျက်သွားခဲ့သည်။ ပန်းအိကတော့ မျက်ရည်တွေ ထ
သွင်စီးကျရင်း ခက်ထန်၏လက်ကို သူမပါးမှာကပ်ထားပြီး အ
ပေးခဲ့သည်။

"ဦးခက်ထန် ... အားမငယ်ပါနဲ့ရှင်၊ ဦးခက်ထန် ခြ
ယူပြီးလည်း ပန်းအိလိုက်ပြီး ပြုစုပေးပါ့မယ်"

"မင်းကတစ်သက်လုံး လုပ်ပေးနိုင်မှာမို့လား။ ခြ
ထောက်သာဖြတ်ရရင် ငါ _ ကိုယ့်ကိုယ်ကို သတ်သေပ
မယ်"

[illegible]



"အို ... သားကလည်း အမေတို့လည်းရှိတာပဲ၊ အမေ
ဝီထန်ကို မပြန်တော့ဘူး။ ငါ့သားအနားမှာနေပေးမယ်၊ တောက်
ကျော်ထက်နိုင်ရယ် _ လုပ်ရက်ပါပေ့၊ ငါ့သားမှာ ဘာအပြစ်တွေ
ရှိလို့လဲ"

ဒေါ်ခင်ငြိမ်းအိမှာလည်း သားကိုတဖွဖွ ဖြောင်းဖျလျှက်။

မျက်ခြယ်နှင့်ပီတာမှာတော့ တစ်ယောက်မျက်နှာတစ်
ယောက် ကြည့်နေကြလေသည်။ အတန်ကြာလျှင် ...

"ဒေါ်ဒေါ် ... ကိုခက်ထန်အတွက် မျက်ခြယ်လည်
စိတ်မကောင်းပါဘူး။ ဒါပေမယ့် ... မျက်ခြယ် စက်ဘူကို ပြလာ
တော့မယ်၊ အလုပ်က ခွင့်တစ်ပတ်ပဲ ယူလာခဲ့တာလေ" ညည်မို့

"ကျွန်တော်လည်း မမနဲ့ လိုက်သွားမယ်၊ ဟိုမှာအ
လုပ်မယ် ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး ... " နရပါ

မျက်ခြယ်တို့ မောင်နှမ ပြန်သွားကြလျှင် ခါတိုင်ဒေါ်ခင်
ဒေါ်ခင်ငြိမ်းအိ အသည်းတုန်မကျန်ခဲ့ချေ။ မြတ်ထန်ကတော့
တွန့်ကျန်ခဲ့သည်။ နှင့်

"ညီရေ ... မင်းကားတိုက်၊ ခြေကျိုးမှာနဲ့ မျက်ခြယ်နဲ့
လက်ထပ်ပွဲပျက်ပြီ"

"ကောင်းပါတယ် ... အစ်ကိုရာ၊ ကျွန်တော်ကလည်း
သူ့ကို လုံးဝမယူချင်ပါဘူး၊ ခြေကျိုးမှာပဲ ခပ်ကောင်းကောင်း"

ခက်ထန်အသွင်က ကားတိုက်ခံရတာကို မျက်နှာမပျက်
သည့်အပြင် ဝမ်းသာနေသည့်ရုပ်နှင့်။

[illegible]

"ကဲ – သူတို့နှစ်ယောက်မရှိတော့တဲ့အတွက် ပန်းအိတို့(၃)ယောက် အိမ်မှာပြန်နေကြပါဦး။ ငါနေကောင်းမှ တစ်မျိုး စဉ်ကြတာပေါ့"

ဆေးရုံတက်တုန်း လူလည်းလိုသည်မို့ ပန်းအိတို့(၃)ယောက် တိုက်ခန်းကို ပြန်ပိတ်ခဲ့ပြီး ခက်ထန်အိမ်သို့ ပြန်လာကြရသည်။

❖ ❖ ❖

ဆေးရုံမှာ ၅–ရက်နေပြီး … ခက်ထန်အိမ်သို့ ပြန်လာခဲ့သည်။ ခြေထောက်က ဖြတ်မပစ်ရ၊ အရိုးအက်သွားသည်မို့ ဆေးပတ်တီးစီးပြီး အိမ်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီအလုပ်တွေကို ဖုန်းနှင့်ပဲ သူအလုပ်လုပ်နေရပါသည်။ ယခုအခါ မြတ်ထန်လည်း ပြန်သွားခဲ့ပြီး အိမ်မှာ ဒေါ်ခင်ငြိမ်းအိပဲ ကျန်တော့သည်။

ကျော်ထက်နိုင် အမှုကိုလည်း ခက်ထန် ခံဝန်ချက်နှင့် ပြန်လွှတ်ပေးလိုက်ပါသည်။

နောက်နောင် – ခက်ထန်ကိုရော ပန်းအိတို့(၃)ယောက်ကိုပါ လုံးဝအနှောင့်အယှက်မပေးတော့ပါဟု ခံဝန်ကတိကို ဘုရားသူကြီးများ ရှေ့မှောက်မှာ လက်မှတ်ထိုးထားခဲ့သည်။

နောင် ပြဿနာပေါ်လျှင် ယခုပြစ်မှုပါ ပေါင်းပြီး ကျခံရမည်မို့ ကျော်ထက်နိုင် နောင်ကြဉ်သွားပေပြီ။ ဒေါ်မမသီနိုင်လည်း ဘောင်းပန်လိုက်ရတာ … မာနတွေ ဦးကျိုးသွားပေပြီ။

ဘာပဲဖြစ်ဖြစ် ... အန္တရာယ်ကင်း။ ဘေးရှင်းသွားရတာ အမြတ်။ မိုးခွေလည်း လှုပ်ရဲတော့မှာမဟုတ်။

ယခုတော့ ခက်ထန် အဆင်ပြေနေရသည်။ ခြေထောက်က ခေါ်းပတ်တီး စီးထားရပေမယ့် သည်ခြေထောက်ကိုရင်းပြီး အမြတ်တွေ အများကြီးထွက်သည် မဟုတ်ပါလား။

မျက်ခြယ်လည်း ခြေထောက်ဖြတ်ရမယ်ထင်ပြီး သူ့ကိုပစ်ပြေးခဲ့လေပြီ။ တစ်တောရှင်းတာပေါ့။ နောက် ... ဒေါ်မမသီနိုင်နှင့် ကျော်ထက်နိုင်၏ အန္တရာယ်လည်း ငြိမ်းသွားပေပြီ။

လောလောဆယ် ခြေထောက်ကြောင့် အိပ်ခန်းထဲမှာနေလိုက်၊ ဗိုးချဲနှင့် အိပ်ပေါ်လျှောက်သွားသည့်အခါသွား။ ဖြေထဲဆင်းသည့်အခါ ဆင်းနှင့်သူ ... အနားယူနေသမျှ သူ့ရဲ့နှာစ်က ပန်းအိနန္ဒာ။

သူ့ကျန်းမာရေးက ခြေထောက်မလှုပ်နိုင်တာကလွဲလို့ ကျန်တာအကောင်းမို့ တကယ့်နှာစ်တွေကို မခေါ်ပါ။ သူ ... ချည်ခြင်းတပ်တာလည်း ပန်းအိပဲ မဟုတ်ပါလား။

လူတွေရဲ့ပင်ကိုစိတ်သဘောထားကို အရေးကြုံမှ သိရသတဲ့။ မိတ်ဆွေကုလား။ မိတ်ဆွေစစ်လား။ ဟန်ဆောင်ချစ်လားဆိုတာ အရေးကြုံမှ သိရတာတဲ့။

ယခု ... သူ ပန်းအိလေးကို အနားမှာထားပြီး အတတ်နိုင်ဆုံး စမ်းသပ်ချက်တွေ ပြုလုပ်နေပါပြီ။

ပန်းအိရေ ... ကမ္ဘာပေါ်မှာ စိတ်အကြောင်ဆုံး လူကြီး





ကို မင်းဘယ်လောက်သည်းခံနိုင်မလဲ။ မင်းရဲ့ချစ်ခြင်းမေတ္တာကို ငါစမ်းသပ်မယ်။

ငါ့ရဲ့ချစ်ခြင်းမေတ္တာကို နှင်းအိပ်ဖို့အတွက် မင်းမှာ အမြဲတလို စစ်မှန်တဲ့ ချစ်ခြင်းရှိရမယ်။ လူတွေဟာ တစ်ယောက်ကို တစ်ယောက် တကယ်ချစ်ရင် တကယ်အနစ်နာခံနိုင်ကြတယ်။ မင်း ... ငါ့ရဲ့စမ်းသပ်မှုကို ခံနိုင်ပါ့မလား။

ပန်းအိ တာဝန်က မနက်စောစော ခြံထဲမှာ ရေဖျန်းပြီးသည်နှင့် အဝတ်လဲခါ ... တံခါးစေ့ထားသည့် ခက်ထန်၏ အခန်းသို့ သွားရသည်။

အိပ်ရာပေါ်မှာ အသင့်ထိုင်ပြီး စောင့်နေသည့် ခက်ထန်ကို ဝှီးချဲပေါ်တွဲတင်ရ၏။ ပြောတော့သာ လွယ်ပါသည်။

တကျွတ်ကျွတ် စုတ်သပ်ရင်း ရှုံ့မဲ့နေသည့် သူ့ကိုညင်သာစွာ အဆင်ပြေအောင် တွဲတင်ပေးရသည့်အခါ သူမ၏ မုန်းကို အားပြုထားသည့် သူ့အား၊ ခါးမှဘက်ထိန်းပေးရတာ ပန်းအိအတွက် အခက်ဆုံးပါပဲ။

မိုးလင်းလို့ သနပ်ခါးရေကျဲလေးနှင့်ရှင်းသန့်နေသည့် သူမ၏ ကိုယ်လေး သူ့ရင်ခွင်ထဲရောက်ပြီးမှ သူ ... ဝှီးချဲပေါ်သို့ မသက်မသာရောက်ရမြဲ။

တစ်ခါ ... တစ်ခါ နှစ်ယောက်လုံး ကြမ်းပေါ်ပြိုကျလိုက်ရ၊ ပန်းအိမှာ သူ့ခြေထောက် ထပ်မံထိခိုက်မှာစိုးလို့ စိုးရိမ်တကြီး





နှင့် အနာခံရစမြဲ။ သူ့ကိုယ်လုံးကြီး သူမအပေါ်ပိသည့်အခါ တကာယ့်ကို မသက်မသာ။

သည်ကြားထဲ ... သူက ဆူလိုက်၊ မာန်လိုက်သေး။

"မင်းလုပ်လိုက်ရင် စေတနာကို မပါဘူး။ ငါ အရမ်းနာသွားပြီ၊ မင်းနဲ့ဆို ဒီခြေထောက်က သက်သာလာမှာကို မဟုတ်ဘူး"

ပန်းအိမှာ မျက်လွှာလေးချ၊ မျက်ရည်ဝဲခဲ့ရစမြဲ။

ယခုလည်း သူ ... ဝှီးချဲပေါ်ရောက်မှ ရေချိုးခန်းသို့ တွန်းပို့ရသည်။ လူကသာ မရပ်နိုင်။ မလှုပ်နိုင်သည်။ သန့်တာကလည်း အလွန်။

"ငါ ရေချိုးမယ် ... မင်းပြင်ဆင်ပေး ... "

"ဟို ... အိုက်ရင် ရေပတ်တိုက်ပေးမယ်လေ၊ ဆေးရုံပေါ်မှာဆို ခြေကျိုးတဲ့လူတွေ ရေမချိုးရပါဘူး"

"မရှည်နဲ့၊ ငါ့ခြေထောက်က ကျိုးတာမဟုတ်ဘူး။ အက်ရုံအက်တာ၊ ခြေထောက်ကို ရေမထိရင် ပြီးတာပဲ၊ ငါ ရေကန်ထဲဝင်စိမ်မယ်၊ ဆေးစည်းထားတဲ့ခြေထောက်ကို မင်းကမြှောက်ကိုင်ထား ... "

"အာ ... "

"မအာနဲ့ ... ဒါ အမိန့်ပဲ၊ ငါ့ခြေထောက်ကို ရေမစိုအောင် ပလတ်စတစ်ပတ်ထားပေး။ ပြီးရင် ... ငါရေဝင်စိမ်မယ်၊ လာ အင်္ကျီတွေ ချွတ်ပေး ... "

သူက ဗူးဆို ဖရုံမသီးတတ်သူမို့ ပန်းအိ သက်ပြင်းချပြီး

သူ့ကိုညဝတ်အင်္ကျီ ချွတ်ပေးရသည်။ စိုပြည်ဝင်းဖန့်သော ကိုယ်လုံးက ဘွားခနဲပေါ်လာလျှင် ပန်းအိ မျက်နှာလေး ရဲသွားရသည်။

အောက်ပိုင်းက ဒူးကျဘောင်းဘီကြီးနှင့်။

သူမ သွားတိုက်ဆေးညှစ်ပြီး သွားပွတ်တံ ကမ်းပေးလိုက်ရာ ... သူက မျက်နှာအရင်သစ်သည်။

ပြီးမှ ... ရေစိမ်ရန် ကြွေကန်ထဲသို့ သူမကို တွဲထည့်နိုင်းလေသည်။

"အား ... ဖြည်းဖြည်းလေ စ်ပါကွ"

ငိုးချပေါ်မှ တွဲထူရတော့ သူက သူမ၏ပုခုံးကို အားပြုဖက်ထားရသည်။ ပန်းအိ ... သူ့ခါးကို ဖက်ထူရတော့ တုန်တုန်ယင်ယင်။ သူမှာ အင်္ကျီမရှိတော့သည်ပို့ အသားချင်းထိရတာ မတတ်လိုက်ခံရသလို။

ဆင်ကြီးရယ် ... ဆိတ်ကလေးတော့ ကျိုးစားခံရတာနဲ့ သေတော့မယ်။

"စေတနာမရှိရင်လည်း ပြောကွာ ... ဒီမှာ သေတော့မယ်"

တုန်တုန်ယင်ယင်နှင့်ပင် သူ့ကိုကန်ထဲသို့ တွဲထည့်ပေးပြီး သူမ ခြေထောက်ကို ကိုင်ထားရပါသည်။

"ဟေ့ ... ဟေ့ ငါ့ကိုချောင်းမကြည့်နဲ့ဦး။ ဘောင်းဘီက အပွကြီး"

နဂိုက အရှက်နှင့်ရဲနေသည့် ပန်းအိမှာ ဘာရောင်ထပ်ပြောင်းသွားသည်ပင် မသိတော့။ တော်တော်ဆိုးတဲ့ ဦးခက်ထန်





ရယ်။ သူ့စကားချည်းပဲ။

"ဟေ့ ... ငါ့ကို ကျိုးလေးဘာလေး လာတွန်းပေးဦးလေ၊ ပြောမှသိတာ လူမဟုတ်ဘူးကွ"

ရှိုးရှိုးနိုင်းလည်းရသားနှင့်။ မာန်ရ ဆူရတာ သူ့အကျင့်လားမသိ။ ခြေထောက်ကို ကန်ဘောင်ပေါ်တင်ခဲ့ပြီး သူမ ... သူ့ကို ကျိုးတွန်းပေးရပြန်သည်။

ပန်းအိခမျာ ရင်တွေ တုန်ရ၊ ခုန်ရလွန်းလို့ ကိုယ့်ရင်ခုန်သံကို သူကြားမှာပင် စိုးရသည်။ လူကို တော်တော်နှိပ်စက်တဲ့ ဦးခက်ထန်ရယ်။

ရေချိုးပြီးတော့လည်း ကြည့်ဦး။ ကလေးကို လက်နှစ်ဖက်ကိုဆွဲထူပေးရသည်။ ခြေထောက်မထိအောင် ဖေးရ ညှာရသည်မို့ သူမနှင့်သူဟာ ပူးပူးကပ်ကပ်။ ထွေးထွေးယှက်ယှက်။

တစ်ခါဆို ... ရေစိုနေသည့် သူ့မျက်နှာနှင့်တောင် ကိုယ့် မျက်နှာကို ထိသွားသေးရဲ့။

"ကဲ ... မင်း အပြင်ခဏထွက်"

"ဟို ... လဲသွားမှာစိုးလို့"

"ရတယ် ... ငါ့ဘာသာ ဘောင်းဘီရေစိုချွတ်မယ်၊ စောင်ပတ်မယ်၊ ဘာလဲ ... မင်းက လဲပေးချင်လို့လား"

"အာ ... မဟုတ်ပါဘူး။ ဦးခက်ထန် လဲမှာစိုးလို့ပါ"

"ရတယ် ... သွား ... "

ငိုးချပေါ်မှာ ဘောင်းဘီရေစိုနှင့် ထိုင်နေသည့်သူ့ကို ထားခဲ့ရပြီး ... ပန်းအိ စိတ်မချ လက်မချနှင့်ပင် အပြင်သို့ထွက်ခဲ့ရ

သည်။ သူ့အခန်းထဲမှာ သူ့အတွက် အဝတ်တစ်စုံထုတ်ပေးထား ပြီး နားကစွင့်လျှက်။

"အား ... ဒုန်း ... "

"ဦးခက်ထန် ... "

ရေချိုးခန်းထဲမှ အော်သံ၊ လဲသံကြားလိုက်ရလျှင်၊ ပန်းအိ ဘာမှမစဉ်းစားအားတော့။ တံခါးကိုတွန်းဖွင့်ပြီး အပြေးဝင်သွား မိသည်။

"ဦးခက်ထန်"

ဇိုးချဲဘေးမှာ ဖရိုဖရဲလဲကျနေသည့် သူ့ကိုပြေးမွေ့ထူပြီး ပန်းအိ မျက်ရည်တွေကျနေမိသည်။ သူဟာ ဘုရင်ကြီးမို့ အပြစ် လည်းမတင်ရဲပါ။

"ဘယ်နာသွားလဲဟင် ... "

"အား ... ခြေထောက်၊ ခြေထောက် ... နာတယ်၊ ဆရာဝန်ဆီ ဖုန်းဆက်ပေးပါ"

"ဟုတ် _ ဟုတ်ကဲ့ _ အိပ်ခန်းထဲက စောင့်မယ်နော်"

သူ့ကို ညင်သာစွာ တွဲတင်ပြီး ... ပန်းအိ ရေချိုးခန်းမှ ထုတ်ရသည်။ နာကျင်ရှုံ့မဲ့နေသည့်သူ့ကို ပန်းအိ သနားလိုက် တာ ... ကိုယ့်နှလုံးသားတွေ ကြေမွတော့မတတ်။

နောက် ... အိပ်ခန်းထဲရောက်တော့ သူ့ကိုခုတင်ပေါ် တွဲချပေးပြီး ကိုယ်ရေသုတ်၊ အဝတ်လဲပေးရသည်။ သူကတော့ ရှုံ့မဲ့ညည်းတွားလျှက်။

"ဆရာဝန်ဆီ ဖုန်းသွားဆက်ကွာ၊ အမေ့လည်း ခေါ်ပေး





ာလည်းဆာတယ်"

ကလေးဆိုးကြီးလို မျိုးစုံအောင် ပူဆာနေသည့် သူ့အား န်းအိ စိတ်ရှည်စွာ ချော့မြှောမိပါသည်။

"ဆက်ပေးမယ်နော်၊ အမေ့ကိုလည်း ခေါ်ခဲ့မယ်၊ စား ရောလည်း ယူခဲ့ပါ့မယ်၊ ဟို ... ဦးခက်ထန် ဘောင်းဘီလဲဖို့"

"ဒူးကျကြီး မဝတ်ချင်ပါဘူး ... ဒူးပေါ်၊ ပေါင်ပေါ်နဲ့"

"ခြေထောက်ပတ်တီးနဲ့ဆိုတော့ အဲဒါကပဲ အဆင်ပြေ ယ်လေ၊ ကျွန်မ ... ဝတ်ပေးရမလား"

"ဝတ်ပေး ... "

အကျီဝတ်ပေးပြီးသွားသည့် သူ့ကို ဘောင်းဘီဝတ်ပေးရ ာ ပန်းအိ လက်တွန့်ပါသည်။ မျက်နှာသုတ်စောင်ပတ်ထားပြီး ုတင်ပေါ် ခြေဆင်းထိုင်နေသည့် သူ့ကို ပန်းအိ ဘယ်လိုဝတ်ပေး ရမှာလဲ။

"ဟို ... ဟို ... "

"ဟိုမနေနဲ့၊ ဒီ ... ဒူးအထိပဲ ဝတ်ပေး။ ကျွန်တာ ငါ့ ာသာ ဆက်ဝတ်မယ်၊ ပြီးရင် ... မင်းကို ငါခိုင်းထားတာ တွေ ဆက်လုပ်"

တော်ပါသေးရဲ့။ ခေါင်းလေး တဆတ်ဆတ်ညိတ်ပြီး န်းအိ သူ့ကို ဘောင်းဘီဝတ်ပေးရပါသည်။ ဒူးကျ ဘောင်းဘီ ွကြီးမို့ ... သူ့ခြေထောက်တွေကိုကိုင်ခါ ဝတ်ပေးရတာ ွယ်ပါသည်။ ဒူးရောက်တော့ ပန်းအိ သူ့ကိုမော့ကြည့်သည်။ ူ့ရုပ် ရှုသိုးသိုးနှင့်။

"ရှေးတုန်းက ပေါင်တိုကြီးကိုယူတဲ့ မိဖုရားလောက်တော့ ဒီခေတ်ထဲမှာ ဘယ်မိန်းမမှ စိတ်ရှည်မှာ၊ အနာခံမှာမဟုတ်ဘူး အရုပ်ကြည့်လေ ... ခြေထောက်ဖြတ်ရမယ်ဆိုတာနဲ့ တစ်ယောက်ပြေးပြီ၊ မင်းရော ဘယ်တော့ပြေးမှာလဲ"

"ရှင် ... "

"ငါ့ခြေထောက်က ပိုးဝင်ပြီး ဖြတ်ရမယ်ဆိုရင် ပြေးမှာမဟုတ်လား"

ပန်းအိ ဘာမှပြန်မပြောတော့ဘဲ သူကိုထားခဲ့ကာ သူမှိုင်းတာတွေ လျှောက်လုပ်နေလိုက်သည်။ ဆရာဝန်ဆီ မုန့်ဆောက်သူ့အမေကိုခေါ်၊ နောက် ... သူစားဖို့ ကော်ဖီနှင့်မုန့်တွေကို ငွေလင်ဗန်းနှင့် ပြင်ဆင်ယူလာခဲ့သည်။

ဦးခက်ထန်ဟာ ခြေထောက်မကောင်းခါမှ ဆိုးလိုက်တာ။ အလကားနေရင်း လူကိုရန်ပဲလုပ်နေသည်။ ပန်းအိ သက်ပြင်းချ ပါသည်။ ငါ့ကို မလိုလားလို့များလား။

သူမ ... သူ့အခန်းထဲဝင်သွားတော့ ဒေါ်ခင်ငြိမ်းအိတို့ အနားမှာတွေ့ရသည်။ သူက မအေကိုလည်း ဂျိကျနေတာပါလား ကလေးဆိုးကြီးလို။

"ကျွန်တော့်အနားမှာ ဘယ်သူမှမနေချင်ကြဘူး။ ခြေထောက် မလှုပ်ရလို့ တစ်ကိုယ်လုံး ဗြောင်းညာကိုက်ခဲနေလည်း နှိပ်ပေးမယ့်သူ မရှိဘူး။ ဒီခြေထောက်ကြီးပိုးဝင်ပြီး ဖြတ်ပစ်လိုက်ရမှအေးမယ်"

"အို ... သားရယ်၊ ဘာတွေလျှောက်ပြောနေတာလဲကွယ်





မပြောကောင်း မဆိုကောင်း ... "

"အမေလည်း ကျွန်တော့်အနားမှာ အမြဲမနေနိုင်ပါဘူး။ ဟုတ်တယ်မလား ... ပြန်ချင်နေပြီ မဟုတ်လား"

"သားကိုထားခဲ့ပြီး ငါမပြန်ပါဘူးကွယ်၊ မင်းမှာ မိန်းမရှိရင်တော့ တစ်မျိုးပေ့ါ"

"ခြေကျိုးတော့မယ့်ကောင်ကို ဘယ်မိန်းမက ယူမလဲဗျ"

"ငါ့သားက သူဌေးပဲ၊ ယူမယ့်သူတွေရှိမှာပါ၊ ဆင်းဆင်းရဲရဲထဲက ရှာယူပေ့ါ ... ဥပမာ ပန်းအိလို ... "

"အမေ ... မိန်းမဆိုပြီးရော ဘယ်တော့မှမယူဘူး၊ ကျွန်တော်ကလည်း ချစ်မှယူမှာ ... "

သူတို့သားအမိ ပန်းအိဝင်သွားတော့ စကားရပ်သွားကြသည်။ နှစ်ယောက်လုံး ရုပ်တွေက တင်းတင်းမာမာ။ ပန်းအိ ခေါင်းလေးငုံ့ပြီး ... ကော်ဖီနှင့်မုန့်ဗန်းကို ထိုင်နေသည့် သူ့အပေါ်သို့ တင်လိုက်သည်။

"အား ... ပူလိုက်တာ၊ မင်းလုပ်လိုက်ရင် အရမ်းပဲ"

သူမ ... ကော်ဖီဗန်းလေးကို ကပျာကယာ စားပွဲပေါ်သို့ ချပေးရသည်။ ဒီလောက်လည်း မပူပါဘဲ။ အေးလေ ... သူက သူဌေးဆိုတော့ အသားတွေ နုဖတ်နေမှာပေ့ါ။

ဒေါ်ခင်ငြိမ်းအိကတော့ စောစောက စကားတွေအတွက် ရှက်နေပုံလို့လား။ သူ့သားဂျိကျတာကို မခံနိုင်လို့လားမသိ။ ခေါင်းလည်းလည်းနှင့် အခန်းထဲမှ လစ်သွားလေ၏။

ပန်းအိတစ်ယောက်တည်း ခေါင်းငုံ့ခံနေရလေသည်။

ခက်ထန်က ကော်ဖီနှင့်မုန့်ကို လှည့်တောင်မကြည့်ဘဲ အိပ်ရာပေါ် ပြန်လှဲကာ တစ်ဖက်သို့ လှည့်နေလျှင် ပန်းအိ ဝမ်းနည်းရပါသည်။

ပန်းအိကို မကျေနပ်ရင် ရိုက်ပါ ဦးခက်ထန်ရယ်။ ခုလို မစားဘဲ၊ မသောက်ဘဲ မနေပါနဲ့နော်။

မပြောရဲသည်မို့ ပန်းအိ ... ရင်ထဲမှ ငိုညည်းနေမိသည်။ ယခုအခါ သူဟာ ... ပန်းအိကို မကြည့်လင်တော့ပါ။ အမြဲ အပြစ်တွေ မြင်နေတော့သဖြင့် သူမ ... လှုပ်ပင် မလှုပ်ရဲတော့။

သည်စဉ် ... ဆရာဝန်ရောက်လာပြီး ဆွေးနွေးကာဆေးအိတ် ကိုင်လာခဲ့သည်။ ဆရာဝန်နှင့် ခက်ထန်ဟာ သိကျွမ်းကြပါသည်။

"ဟေး ... ကိုခက်ထန်၊ နေရထိုင်ရတာ အဆင်ပြေရဲ့ လား"

"ဘယ်ပြေမလဲ ဆရာရယ် ... အသစ်အမြစ်တွေ နာ နေတော့ ဘာမှလည်း ကိုင်လို့မရ၊ စားချင်စိတ်ကို မရှိတော့ဘူး"

"ဟင် ... မင်းက အစားအသောက်ကျွေးတာ ခံ့မစား ဘူးလား။ သူက အကြောတွေပါ လောလောဆည် မသန်ဘူး လေ"

"ကျွန်မ မသိလို့ပါရှင် ... "

"ကျွေးလိုက် ... ကျွေးလိုက်၊ ဗိုက်ထဲမှာအစာမရှိရင် ဆေးဒဏ်မခံနိုင်ဘူး။ ဘာဖြစ်တာလဲ ... အခု ... "

"ရေချိုးရင်းနဲ့ လဲသွားလို့ပါ ဒေါက်တာ"

"ဟုတ်ပြီ ... ကော်ဖီ အရင်သောက်၊ မုန့်အရင်စား



ခက်ထန်၊ ပြီးမှ ... ခြေထောက်ကြည့်ပေးမယ်"

ပန်းအိ ... လူမမာကို ပြုစုသည်ဟု သဘောထားပြီး သူ့ကို ကော်ဖီနှင့်မုန့် ညင်သာစွာ တိုက်ကျွေးခဲ့၏။ ပြီးမှ ... ဆရာဝန်က ...

"ကဲ ... ပန်းအိ အပြင်ခဏထွက်ပေး။ ဆရာ ခြေထောက် ကြည့်ပေးမလို့"

"ကျွန်မ ... ကူ"

"ရတယ် ... သူက သူ့အနာ လူမမြင်စေချင်ဘူး။ မင်း အပြင်ထွက်ပါ"

ပန်းအိ ... အပြင်ထွက်လာခဲ့ရသည်။ ရင်ထဲမှာ ဝမ်းနည်း ပိတ်က တားဆီးမရ။ ဦးခက်ထန်ဟာ ငါ့ကို သူစိမ်းတစ်ယောက် သို့ကို သဘောထားတော့တာပဲနော်။

နာရီဝက်လောက်ကြာမှ ဆရာဝန်အောက်သို့ ပြန်ဆင်း လာခဲ့ပြီး ညှော်ခန်းမှာ မှိုင်နေသည့် ပန်းအိထံ လျှောက်လာခဲ့၏။

"လူနာက ခြေထောက်အခြေအနေမကောင်းဘူး။ ပိုးဝင် နိုင်တယ်၊ ဖြတ်ပစ်ချင်ပစ်ရမယ်"

"ရှင် ... "

ပန်းအိမှာ ချက်ချင်းပင် ငိုချမိတော့မတတ်။

"ဖြစ်နိုင်တာကို ပြောတာပါ၊ သူ ... အရမ်းစိတ်ထဲမှာ ခံစားနေရတယ်၊ သူ့ကိုချွဲချွဲနွဲ့နွဲ့ ဆက်ဆံလိုက်ပါ မပန်း အိ၊ သူ့ကိုနားလည်ပေးလိုက်ပါများ၊ သူစိတ်ချမ်းသာပါစေ"

"ဒီ ... ကျွန်မ မသိလို့ပါရှင်၊ ကျွန်မ သူ့ကိုစိတ်ချမ်း

သာအောင်ထားပါ့မယ်၊ ဟို ... ပိုးမဝင်အောင် ဆေးကုလို့မ
ဘူးလားရှင်''

''မရဘူး ... နောက် ၁၀-ရက်ကြာရင် ပတ်တီးဖြေရမယ်
အဲဒီကျမှ ဘာဆက်လုပ်ရမလဲဆိုတာ သိမယ်၊ ဒီကြားထဲ သ
ခြေထောက်ကို အထိအခိုက်မဖြစ်ပါစေနဲ့''

''ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ''

''တစ်ယောက်တည်းပစ်မထားပါနဲ့၊ တစ်ယောက်ထဲ လ
နေရင် ခြေထောက်က ပိုဆိုးသွားလိမ့်မယ်၊ သောက်ရမယ့်ဆေ
တွေပေးခဲ့တယ်၊ ဂရုစိုက်ပါ''

ဆရာဝန်ပြောသည့်အတိုင်း အစွမ်းကုန်ပြုစုစောင့်ရှောက်
ပန်းအိ ဆုံးဖြတ်လိုက်သည်။

သူ ... ငါ့ကို ဘယ်လိုပဲအပြစ်မြင်မြင် ၁၀-ရက်ပြည့်လို့
ပတ်တီးဖြည်တဲ့အခါ သူ့ခြေထောက် နဂိုအတိုင်း ကောင်း
ငါ ထွက်သွားမယ်။

ခြေထောက်ဖြတ်ရမယ်ဆိုရင်တော့ ငါဆက်လက်ပြုစုပေး
မယ်။ သူ့အလိုရှိတဲ့အထိပေါ့။

● ● ●



ဆယ်ရက်ပြည့်လို့ ပတ်တီးဖြေတဲ့နေ့မှာ ပန်းအိ အိမ်မှာပဲ
ကျန်ခဲ့ရပါသည်။

ဒေါ်ခင်ငြိမ်းအိနှင့်ခက်ထန်၊ နောက် ... သူ့ကုမ္ပဏီမှ
မနေရှာနှင့် ဒရိုင်ဘာတို့ လိုက်သွားကြသည်။

၁၀-ရက်လုံး သူ့ဆိုးသမျှ၊ ဂျီကျသမျှ မညည်းမညူ လုပ်
ကိုင်ပေးခဲ့ရသည့် ပန်းအိမှာလည်း သူ့ကိုစွဲလမ်းမြတ်နိုးလွန်းလို့
သလုမတတ်။

သူမသိအောင် ရင်ထဲဖြောင်းဆန်နေခဲ့ရသမျှ သည်နေ့
တော့ အဆုံးသတ်ရတော့မည် ထင်ပါရဲ့လေ။

သူလို ဂရိတ်ကြီးဟာ ငါ့လိုအညာတြ တောသူမလေးကို
ဘယ်စဉ်းစားပါ့မလဲ။ ဒီတော့ ငါဒီက ထွက်ခွာသွားတာ
ကောင်းဆုံးပါပဲ။

မဖြစ်နိုင်တာကို မျှော်လင့်နေမယ့်အစား ရှာပြန်တာပဲ

ကောင်းပါတယ်။

ပန်းအိ ... သည်ဆယ်ရက်အတွင်း သူ့ကိုပြုစုရင်း လက်ပွန်းတတီးဖြစ်ခဲ့ရ၊ တွေးယှက်ခဲ့ရသည်များကို မျက်ဝန်းထဲမှာ ပြန်မြင်ယောင်မိပြန်သည်။

သူ့ကို ထူရ၊ ပွေ့ရ၊ ဆေးတိုက်ရ၊ အစားခွံ့ပေးရ၊ ရေချိုး ပေးရ၊ အဝတ်လဲပေးရနှင့်။ သူနှင့်သူမဟာ တကယ့်ဇနီးမောင် တွေလို ရင်းနှီးခဲ့ရသည်။

သူ့ကို တွဲထူရင်း အိပ်ရာပေါ်လဲကျလိုက်၊ သူ့ရင်ခွင်ထဲမှာ အပူးလိုက်၊ အထွေးလိုက်။

မနေ့ညကလည်း ကြည့်ပါဦး။

ည ၉နာရီမှာ တစ်ခါဆေးတိုက်ရမည်မို့ ပန်းအိ သူ့အခန်း ဆီဝင်သွားသည့်အခါ ဘာတွေစိတ်ဆိုးနေမှန်းမသိသည့် ခက်ထန် အိပ်ရာပေါ်မှာ တစ်ဖက်သို့ လှည့်နေခဲ့၏။ ပန်းအိမှာ ဘာဆက် လုပ်ရမှန်းမသိ။ နောက်မှစိတ်တင်းပြီး ...

"ဦးခက်ထန် ... ဆေးသောက်ရဦးမယ်"

"မသောက်တော့ဘူး။ သေပါစေ ... "

တစ်နေ့၊ တစ်နေ့ ဘာတွေအလိုမကျမှန်းမသိ။ အင်း သူ့ရောဂါအတွက် စိတ်ညစ်လို့ဖြစ်ပါလိမ့်မယ်။

ပန်းအိ ... ဆေးနှင့်ရေကို အသင့်လုပ်ထားပြီး ဦးခက် ထန်ကို တောင်းပန်လိုက်သည်။

"ဆေးတော့ သောက်ပါရှင်၊ မကျေနပ်ရင် ပန်းအိ





ရိုက်ပါနော်၊ ပန်းအိ ... ထုပေးမယ်နော်"

သူ့ကိုဆွဲထူတော့ သူက လက်မခံသဖြင့် ပန်းအိ သူ့ဘေး သို့ ပစ်ကျသွားခဲ့သည်။ ရုက်ရွံ့တုန်လှုပ်စွာနှင့် သူမ ကြိုးထတော့ သူက ပန်းအိကို တင်းကျပ်စွာ ဖက်ထားခဲ့သည်။ နှုတ်မှဘာ မပြော။ ဦးခက်ထန်ဟာ ဒီလိုချည်းပါပဲ။

သူဖက်သမျှ၊ ပွေ့သမျှ ဘယ်တော့မှ ရှင်းချက်မထုတ်။ အိမ်ကအလုပ်သမားမို့ အနိုင်ကျင့်သည့်ပုံစံ။ ပန်းအိ ရင်ပွင့် မတတ် ကြေကွဲရပါသည်။

ပန်းအိဟာ တောသူ၊ အညတြပေမယ့် အပေါစား မဟုတ် ရပါဘူးရှင်။ ဦးခက်ထန်မှာ လိုအပ်မယ်ထင်လို့ သည်းခံပြီး နေ ပေးခဲ့တာပါ။

၁၀–ရက်ပြည့်ရင်တော့ ကျွန်မရဲ့ဝန်ကြေးတွေ ကုန်ဆုံး သွားမယ်လို့ ထင်ပါတယ်။

သူမ ... ရုန်းပေမယ့် သူ့ရင်ခွင်ထဲမှာ ပန်းအိ မလှုပ်သာ။ ပန်းအိကို တင်းကျပ်စွာ ဖက်ထားရင်းမှ သူ့အနမ်းတွေ ကျရောက် လာသည့်အခါ ...

"ကျွန်မ ... ဦးခက်ထန်ကို ဆေးတိုက်ရအောင်လာတာ ပါ"

"ထားစမ်းပါကွာ ... "

"ဆေးသောက်ပါဦးရှင်"

"ကဲ ... နားညည်းတယ်ကွာ ... ပေး၊ သောက်မယ်"

ပန်းအိ ... သူရင်ခွင်မှ ရုန်းထပြီး ဆေးတိုက်သည်။ ဆေးသောက်ပြီးသည်နှင့် သူမ ... လှစ်ခနဲ ပြန်ထွက်ပြေးခဲ့ပြီး သည်နေ့ သူပတ်တီးသွားဖြေသည်အထိ သူမနှင့်မတွေ့ရတော့ပါ။

သူမကို ကေသရာဇာခြင်္သေ့ကြီး စိတ်ဆိုးသွားပြီ ထင်ပါသည်။

ဒီပုံစံမျိုးတော့ မချစ်ချင်ပါဘူးရှင်။

ပန်းအိဟာ မြန်မာမိန်းကလေးတစ်ယောက်မို့ ရှင်ဘုရင်ကို မရချင်နေပါစေ။ သာမန် လယ်သမားတစ်ယောက်ရဲ့ အငှမယား သီပဲ ဖြစ်ချင်ပါတယ်။

အပျော်မယား မဖြစ်ချင်ဘူး။ လစ်မီးတူကဲသား မဖြစ်ချင် ပါဘူး။

မျက်ရည်များနှင့် ပန်းအိ ကိုယ့်ပစ္စည်းလေးများကို သိမ်း နေမိသည်မှာ သူပြန်လာလို့ ကောင်းသွားပြီဆိုလျှင် ပြည်တော် ပြန်မလို့ဖြစ်ပါသည်။

❦ ❦ ❦



ညနေကျမှ ဦးခက်ထန်၏ကား ခြံထဲသို့ပြန်ဝင်လာလျှင် ွေးနုနှင့်စံပယ်လည်း ကားနားသို့ ပြေးကပ်သွားခဲ့သည်။ ပန်းအိ ကတော့ ပန်းရုံလေးနားမှာ ကိုယ့်အိတ်ကလေးချခါ စောင့်နေခဲ့ သည်။ သူမ ... ထွေးနုနှင့်စပယ်ကို မှာပြီးသား။

"နင်တို့ ဒီအိမ်မှာဆက်နေ၊ နင်တို့နဲ့ ဦးခက်ထန်က အဆင်ပြေပါတယ်၊ ဘာပြဿနာမှ မရှိဘူး။ ငါပြန်တာနဲ့ လိုက် ပြန်ကြပါနဲ့ဟာ၊ သူ ... ခြေထောက်ကောင်း မကောင်းတော့ ငါ့ကိုလာပြောပြဦး ... "

ကားပေါ်မှ အဝတ်မြူကြီးနှင့် အောက်ပိုင်းပတ်လျက် ခက် ထန်ကိုပွေ့ယူချလာကြလျှင် စပယ်တို့နှစ်ယောက် မျက်စိမျက် နှာပျက်သွားကြသည်။

"ခြေထောက်က မကောင်းဘူးလား ဒေါ်ဒေါ်"

"အေးကွယ် ... သွား ... သွား အပေါ်မှာ ပြင်ပေးကြ ဦး ... ပန်းအိရော"

သူမတို့နှစ်ယောက် ဘာမှပြန်မပြောနိုင်ဖြစ်နေကြစဉ် ခက်ထန် ပန်းအိကို အထုပ်ကလေးရှေ့ချလျှက်လှမ်းမြင်လိုက်၏။

"ပန်းအိ ... ဘယ်သွားမလို့လဲ"

"သူ ... သူ ရွာပြန်မလို့ပါ ... "

ခက်ထန် ဘာမှမပြောဘဲ မျက်နှာ ချာခနဲ လှည့်သွားပြီး အပေါ်ထပ်သို့သာ ပို့နိုင်းလေသည်။

စပယ်နှင့်ထွေးနုလည်း ပန်းအိကို ပြေးပြောကြသည်။

"ပန်းအိ ... ဦးခက်ထန် ခြေထောက်က မကောင်းဘူးတဲ့၊ ဘာတွေဖြစ်လာဦးမယ်မသိဘူး။ ဖြတ်ရမယ်ထင်တယ်"

"ဟင်"

ပန်းအိ ရင်ထဲဆို့နင့်သွားပြီး မျက်ရည်တွေတွေကျလာကာ အိမ်ပေါ်သို့ပြန်တက်ပြေးသွားလျှင် ထွေးနုနှင့်စပယ်မှာ သူမ၏ အထုပ်အပိုးလေးတွေကို အခန်းထဲသို့ ပြန်ယူကြသည်။

ဦးခက်ထန်၏အခန်းထဲမှာ လူတွေအများကြီးရှိပြီး ဝိုင်းဝန်းအားပေးနေကြသံကိုကြားရလျှင် ပန်းအိငိုပြီး ပြေးဝင်သွားမိသည်။

"ဦးခက်ထန်"

ခက်ထန် သူမကို လှမ်းမကြည့်ပါ။ ခုတင်ပေါ်မှာ ပက်လက်အနေအထားနှင့် မျက်နှာကျက်ကိုသာ ကြည့်နေခဲ့သည်။ သူ့အသွင်က မျှော်လင့်ချက်မဲ့သူ၏ အနေအထား။

"ဒေါ်ဒေါ် ... ဦးခက်ထန် ခြေထောက် ... "

ဒေါ်ခင်ငြိမ်းအိ မျက်နှာမကောင်းစွာနှင့် အခန်းပြင်ဘက် ထွက်သွားသလို ကျန်လူများလည်း အားလုံးထွက်သွားကြလျှင်





ပန်းအိတစ်ယောက်တည်း ကျန်ခဲ့၏။

"ဦးခက်ထန် ... "

သူမကို လှည့်မကြည့်ဘဲ ကြေကွဲဆို့နင့်သံနှင့်။

"သွားပါ ... မင်း ငါ့ကိုထားခဲ့ပြီး ပြေးမလို့မဟုတ်လား။ ခြေပြတ် ခုက္ခိတကြီးကို စိတ်မရှည်တော့ဘူး မဟုတ်လား"

"ဟင့်အင်း ... ဟင့်အင်း ... ပန်းအိ မပြေးပါဘူး။ မပြေးပါဘူးရှင်၊ ဦးခက်ထန် ကောင်းသွားမယ်ဆိုရင်သာ ရွာပြန်မှာပါ။ အခုလို ... ခုက္ခိဖြစ်မယ်ဆိုရင် ပန်းအိ သူ့အနားမှာ တစ်သက်လုံး ပြုစုသွားမှာပါရှင် ... "

ခက်ထန်၏ ရင်ဘတ်ပေါ်မှာ ခေါင်းလေးတင်ပြီး သူမလူး လိမ့်ငိုကြွေးနေလျှင် ခက်ထန် ဖြည်းညင်းစွာခေါင်းကို ရမ်းခါခဲ့ သည်။

"ငါမယုံဘူး ... ငါ့ကို ထားခဲ့ပြီး ... ပြေးမှာ"

ခက်ထန်အသံက အက်ကွဲဆို့နင့်နေလျှင် ပန်းအိ မရှက်နိုင်တော့ပါ။ ဒီက ရင်ထဲရှိတာ သူသိပါစေ။

"ဦးခက်ထန်နှင့်မလွှတ်သမျှ ပန်းအိ ဘယ်တော့မှ မပြေးပါဘူးရှင်၊ ဦးခက်ထန်ရဲ့မိန်းမနဲ့ ကလေးတွေ ကြည်ဖြူနေသမျှ ပန်းအိမပြေးပါဘူး"

"ငါ့မှာ ဘယ်ကမိန်းမနဲ့ကလေးတွေ ရှိလာမှာလဲ"

"နောက်ကျရှိလာမှာပေါ့ ... "

"မင်းကရော ယောကျ်ားမယူဘူးတဲ့လား။ မင်းရင်ထဲမှာ ချစ်တဲ့သူမရှိဘူးတဲ့လား"

ပန်းအိ၏ ခေါင်းလေးကို သူကမွတ်သပ်ပေးနေပြီး လက်တစ်ဖက်က သူမ၏ကိုယ်လေးကို ယုယစွာ ပွေ့ထားခဲ့သည်။

"ပန်းအိ ... ဦးခက်ထန်ကို ထားခဲ့ပြီး ဘယ်တော့မှ ယောက်ျားမယူပါဘူးရှင်"

"ပြောလေ ... မင်းရင်ထဲမှာ ချစ်နေတဲ့သူလေး ဘာလေး မရှိဘူးလား"

ပန်းအိ ဝန်မခံရဲပါ။ မျက်ရည်တွေသာ စီးကျနေမိသည်။

ကျွန်မကို ဘာဖြစ်လို့ ဖက်ထားတာလဲ၊ ဘာဖြစ်လို့ ကြင်နာချင်ယောင်ဆောင်ရတာလဲ။ ဘာအဓိပ္ပာယ်တွေလဲရှင်ရယ်။

ပန်းအိ ... ဘာမှပြန်မဖြေပါ။ သူ့ရင်ဘတ်တွေရှိုက်ကုန်ပြီမို့ သူမ ... ခေါင်းလေးမတ်ချင်တော့လည်း သူက ဆွဲဖက်ထားခဲ့သည်သာ။

"ပြောလေ ... စကားမပြောတတ်ဘူးလား။ ဒါဖြင့် ချစ်တဲ့သူမရှိရင် မုန်းတဲ့သူတော့ ရှိမှာပေါ့ ... ဟုတ်လား"

"ဟင့်အင်း ..."

ဒါတော့ သူမ လျင်မြန်စွာ ခေါင်းခါပြလိုက်သည်။ ဆင်ကြီးရယ် ... မကျီစားပါနဲ့တော့နော်။

"မင်းမှာ ချစ်တဲ့သူ၊ မုန်းတဲ့သူတွေ မရှိပေမယ့် ငါ့မှာတော့ ချစ်တဲ့သူရှိတယ်၊ ဘယ်သူလဲ ... သိလား"

ပန်းအိ မဖြေရဲပါ။ သူဘယ်သူ့ကိုချစ်နေတယ်ဆိုတာ ဘယ်သူက သိမှာလဲ။ သူမတော့ မဖြစ်နိုင်ပါ။ သူဟာ ပန်းအိကို တစ်ခါမှ မျက်နှာသာမပေးခဲ့။ အော်လိုက်၊ ဟစ်လိုက်၊ ဆူ





လိုက်၊ မာန်လိုက်နှင့်။ ခြသေ့်ကြီးကမှ သူ့ထက်သဘောကောင်းဦးမည်။ ယခုလို ဖက်တာ၊ ပွေ့တာ၊ နမ်းတာကိုတော့ ပန်းအိ အဓိပ္ပာယ်မဖော်တတ်၊ ချစ်လို့ ဟုတ်ချင်မှဟုတ်မှာ။

ပန်းအိ ငြိမ်နေလျှင် ခက်ထန် သူမကို သူ့ရင်ခွင်ထက်သို့ ဆွဲပွေ့ယူလိုက်သည်။ ခြေထောက်သာမကောင်းသည်။ လက်ကတော့ အကောင်း။

"ထွေးနု ..."

"ရှင် ..."

ပန်းအိ အလန့်တကြားဖြစ်သွားလျှင်သူကဆွဲဖိချုပ်ထား၏။

"ထွေးနုနဲ့ စပယ်ရဲ့သူငယ်ချင်းလေး ... ပန်းအိပေါ့ကွယ်။ ကိုကို့အချစ်ဆုံးလေ။ အသည်းထဲ၊ အူထဲကလီစာထဲက အရမ်းချစ်တဲ့ကောင်မလေးပေါ့ ..."

"ရှင် ..."

"ဘာလဲ ... မယုံဘူးလား။ ဒီလောက်တောင် အ,ရလား ကွာ၊ ဒီလောက် ကိုကို ... မင်းကိုဖက်နေ၊ နမ်းနေတာကို ဘယ်လိုများထင်လို့လဲဟင်၊ အသားယူတာလို့များထင်နေသလား"

"ပန်းအိကို ... ဒီလောက်မာန်ဟောက်နေတဲ့ ဥစ္စာ"

"အဲဒါ ... ပညာစမ်းနေတာကွ၊ သိရဲ့လား ... တာမေးပွဲ စစ်နေတာ၊ ဒုက္ခတကြီးကို စိတ်ရှည်ရဲ့လားလို့"

"ကိုကို ... ဒုက္ခတကြီးကို တစ်သက်လုံး စိတ်ရှည်မှာလားဟင်"

သနားစဖွယ် ခက်ထန်မေးလျှင် ပန်းအိ မျက်ရည်အဝဲသား နှင့် သူ့ရင်ဘတ်ကြီးကို ဖက်ပြီး အားပေးမိသည်။

"စိတ်ရှည်မှာပေါ့၊ ပြုစုမှာပေါ့၊ ကိုကိုရယ် ... ပန်းအိ ကိုကိုကို အရမ်းသနား၊ အရမ်းချစ်တာပဲဟာ"

"ဟေး ... ငါကွ ... "

ပြောပြီး ခက်ထန် ခုတင်ပေါ်မှခုန်ထလိုက်လျှင် ပန်းအိ မျက်လုံးပြူးသွားရပါသည်။

"ကိုကို ... ခြေထောက် ... ခြေထောက်"

"ကောင်းသွားပြီ ... ကောင်မလေး တစ်ယောက်အကျီး ဆိုရှောင်ပြေးသွားမှာလားလို့ ဟန်ဆောင်ကြည့်တာ"

"ဟင် ... ကြည့်စမ်း၊ ကြည့်စမ်း ... သူများမျက်ရည် တွေ လျော်ပေး ... ပြန်လျော်ပေး ... "

ပန်းအိ ဝမ်းသာလွန်းသဖြင့် မျက်ရည်တွေကျလာရင်း သူ့ရင်ဘတ်ကြီးကို ထုလေလျှင် ...

"လျော်မယ် ... လျော်ပေးမယ်၊ တစ်သက်လုံးလျော်မယ်"

ဆိုပြီး ... ဦးခက်ထန် သူမကို ပွေ့ချီပြီး အခန်းတံခါး ပြေးပိတ်လိုက်လေရာ ... အပြင်မှ ဒေါ်ခင်ငြိမ်းအိနှင့် ဖေဖေ စပယ်တို့ ပြုံးပြုံးကြီးနှင့် အတင်းတွန်းဝင်လာကြလေသည်။

ပြီးပါပြီ